သမိုင်းလေ့လာရေး

# ရှိုင်သစ်

## စာစောင်(၃)




ကရင်အမျိုးသားသမိုင်းသုတေသနအဖွဲ့

ကိုလ်ဘာ သဲ့ ဆိုးမွံ ဒီး ဖိ ★ ဃု။ ဃုၣ်ဘွဲဝ်★
နံၤသီ
မုၢ်ထံ
15 FEB 1995

# မာတိကာ

95/085

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| (၁) | နိုင်ငံသစ်အာဘော် --- | ၁ |
| (၂) | ဒေါက်တာစံစီဖိုး --- | ၃ |
| (၃) | My Participation with Sir San C.Po's ----- | ၇ |
| (၄) | ကရင်အမျိုးသားစာပေနှင့် အမျိုးသားရေးပြဿနာ--- | ၁၁ |
| (၅) | ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းရေးငြိမ်းချမ်းရေးကြိုးပမ်းမှု-- | ၂၆ |
| (၆) | အရိမတ္တေရနှင့် ရွှေစာအုပ် ---- | ၃၁ |
| (၇) | မန်းဘဇံနှင့် ကရင့်တော်လှန်ရေး --- | ၅၂ |

နိုင်ငံသစ်စာစောင်သို့ ကရင့်သမိုင်းပါတ်သက်သော ဆောင်းပါးများ၊ စာတမ်းများ၊ ဓါတ်ပုံများပေးပို့နိုင်ပါသည်။

အယ်ဒီတာ
သမိုင်းသုတေသနစာစောင်

INDEPENDENT KAREN HISTORICAL
RESEARCH ASSOCIATION.
NO.533, INTRAKEERE ROAD,
MAE SOT, TAK.63310.
Telephone- 055 532304, 055 542161,
055 544356, 055 533095

## သမိုင်းပြုစုရေးသားရာတွင်မည်သို့သောစေတနာထားသင့်ပါသနည်း။ ?

လွတ်လပ်သော ကရင်သမိုင်းသုတေသနအသင်း၏အခြေခံမူဝါဒနှင့် လုပ်ငန်းစဉ်များကို "နိုင်ငံသစ်" သမိုင်းသုတေသနစာစောင်အမှတ်(၁)တွင်ရေးသား ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုဖေါ်ပြချက်တွင်၊ကရင်သမိုင်းသုတေသန အသင်းသည်၊ ကရင်အမျိုးသားဆိုင်ရာသုတေသနလုပ်ငန်းရပ်များကိုဆောင်ရွက်ရာတွင်၊ ကရင်လူ့အဖွဲ့အစည်း၏ ပကတိ အခြေအနေမှန်ကို လွတ်လပ်စွာပြုစုရေးသားတင်ပြ သွားမည်ဖြစ်ပါသည်။ သို့သော်သမိုင်းဆိုင်ရာ လွတ်လပ်သောဝေါဟာရအဓိပ္ပါယ်နှင့်အသင်း၏ဆောင်ရွက်ချက်များကို စာဖတ်သူပရိတ်သတ်အချို့က သံသယရှိနေကြပါသည်။ အကြောင်းမူကား နိုင်ငံသစ်သုတေသနစာစောင်အမှတ်(၂)ကို "အာဇာနည်နေ့"အထူးထုတ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ ဤစာစောင်တွင် အသားပေးတင်ပြထားသော အကြောင်းအရာများမှာ ကရင်လက်နက်ကိုင် လှုပ်ရှားမှုတွင်၊ အမျိုးသားများအတွက်ဘဝနှင့်အသက်ကိုပေး၍ဆောင်ရွက်ခဲ့ကြသော ကရင်အမျိုးသားခေါင်းဆောင်အချို့၏ အတ္ထုပ္ပတ္တိများကိုဖေါ်ပြ၍ အာဇာနည်နေ့၏ အဓိပ္ပါယ်ကိုဖေါ်ညွှန်းပေးခဲ့ပါသည်။ ထိုအမှတ် (၂) နိုင်ငံသစ်သုတေသန စာစောင်ကိုအခြေခံပြီး "လွတ်လပ်သောကရင်သမိုင်းသုတေသနအသင်း"သည်၊ ဘက်မလိုက်သော မူလသဘောထားမှ တိမ်းစောင်းပြီဟုဝေဘန်တင်ပြလာကြသည်။

ဝေဘန်တင်ပြလာသူကို အပြစ်မဆိုသာပါ။ မိမိတို့သုတေသနအသင်းအနေဖြင့်၊ ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ၊ (၃၁) ရက်နေ့နောက်ပိုင်းအာဏာရ(ဖ၊ဆ၊ပ၊လ)အစိုးရနှင့်ပူးပေါင်းပြီး နိုင်ငံရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြသော ကရင်ခေါင်းဆောင်များနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကိုတင်ပြရန် လိုအပ်နေပါသည်။

၁၉၄၉ခုနှစ်၊ ဇန္နဝါရီလ၊ (၃၁) ရက်နေ့တွင်**(K.N.U)**.မှဦးဆောင်ပြီး၊ (ဖ၊ဆ၊ပ၊လ)အစိုးရကို လက်နက်စွဲကိုင်တိုက်ခိုက်ရာ မှ ပြည်တွင်းစစ် မီးကြီးစတင် တောက်လောင် ခဲ့ရလေသည်။ ကရင်အမျိုးသားညီလာခံနှင့်**(K.N.U)**၏ လက်နက်ကိုင်လမ်းစဉ်ကိုဆန့်ကျင်ပြီး**(K.Y.O)**ခေါ်၊ကရင်လူငယ်အစည်းအရုံးဝင်ခေါင်းဆောင်များသည်၊အာဏာရ(ဖ၊ဆ၊ပ၊လ)အစိုးရနှင့် ပူးပေါင်းပြီး၊ မြန်မာပြည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ ကြလေသည်။ ဤသို့ဖြင့် ၁၉၄၉ ခုနှစ် နောက်ပိုင်း အမျိုးသား ခေါင်းဆောင်များအတွင်း၊ နိုင်ငံရေးအားဖြင့် လက်နက်ကိုင် လမ်းစဉ် နှင့် လက်နက်ကိုင်လမ်းစဉ်ကို ဆန့်ကျင်သည့် ခေါင်းဆောင်မှုနှစ်ရပ် ထင်ထင်ရှားရှား ပေါ်ထွက်လာပြီး၊ ထိုခေါင်းဆောင်မှု နှစ်ရပ်ပေါ်အခြေခံ၍၊ ကရင် လူ့ အဖွဲ့အစည်းသည်လည်းပြောင်းလဲမှုမျိုးစုံဖြင့်တွေ့ကြုံခဲ့ကြရလေသည်။ ထိုသို့လက်နက်ကိုင်တော်လှန်ရေးအပြင်လက်နက်ကိုင်ဆန့်ကျင်ရေးကရင်အမျိုးသားခေါင်းဆောင်များနှင့် အမျိုးသားရေးလှုပ်ရှားမှုမှတ်တမ်းများကို အခါသင့်လျှင် ဖေါ်ပြမည်ဖြစ်ပါသည်။

အချို့သောစာဖတ်ပရိတ်သတ်များကလည်း တဖန်၊ "လွတ်လပ်"သည်ဆိုရာတွင်၊ဘာကိုဆိုလိုပါသနည်း?။ သမိုင်းဆိုသည်မှာ"လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကိစ္စရပ်ဖြစ်ပါသလား။" စသည့် မေးခွန်းများကို မေးလာကြပါသည်။

မြန်မာ့သမိုင်းကိုအင်းဝ ခေတ်၌စတင်ရေးသားခဲ့ရာ နန်းရင်ပြင်၌ ရေး၍ "မှန်နန်းရာဇဝင်"ဟုခေါ်တွင်ခဲ့သည်။ ထိုရှေးရေးသမိုင်းများသည် မြေရှင်ပဒေသရာဇ်လူ့အဖွဲ့အစည်းတွင် အုပ်ချုပ်သူမင်းဧကရာဇ်တို့နှင့် သူတို့၏အသိုင်းအဝိုင်းများအတွင်းမှ ဖြစ်ပျက်ရေးရာများကိုသာမှတ်တမ်းပြုစုကြရာ ဆက်လက်ပြီးယခု ချက်မှောက်ခေတ်အထိ သမိုင်းကိုရေးသားရာ၌ အုပ်ချုပ်သူများနှင့် သာသက်ဆိုင်ပြီး၊အုပ်ချုပ်သူများကသာ စီမံဆောင်ရွက်ရသော၊ အစဉ်အလာသည်၊ မြန်မာလူ့အဖွဲ့အစည်းဟောင်းမှ ယနေ့ထက်တိုင်ဆက်လက်တည်တံ့လျက်ရှိပါသည်။ ထို့ကြောင့် သမိုင်းဆိုသည်မှာ "လွတ်လပ်စွာ"ရေးသားနိုင်သောအခွင့်အရေးကို၊ သံသယရှိကြသည်မှာ သဘာဝ ကျလှပါသည်။

(ဖ၊ဆ၊ပ၊လ)နှင့်(န၊ဝ၊တ)ခေတ်တွင်သမိုင်းအစောင်စောင်ကိုရေးသားပြုစုခဲ့ကြသည်။ထိုသမိုင်းများမှာ လူမျိုးစု

သမိုင်း၊ပြည်တွင်းစစ်သမိုင်း၊တပ်မတော်သမိုင်း၊စာပေသမိုင်း၊ ယဉ်ကျေးမှုသမိုင်းဟူ၍အသီးသီးရှိရာ၊ "သမိုင်း အားလုံးနီးပါးကို အုပ်ချုပ်သူများကသာ" တည်းဖြတ်ထုတ်ဝေခဲ့သည်။သမိုင်းအချို့သည် တပ်မတော်က နိုင်ငံတော် အာဏာကို သိမ်းယူပြီး၊နိုင်ငံတော်၏ ကာယ်တင်ရှင်သူရဲကောင်းများဖြစ်လာပြီး(ဖ၊ဆ၊ပ၊လ) သည်ပြည်တွင်းစစ်၏တရားခံအဖြစ်၎င်း လူမျိုးစုအသီးသီးမှာ ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒနှင့် ဉပဒေဘောင်မဲ့ သောင်းကျန်းသူ၊ပြည်ထောင်စုကြီးအား ဖြိုခွဲမည့် ခွဲထွက်ရေးသမားများ အဖြစ်မှတ်တမ်းပြုထားသည့်သမိုင်းတို့သာဖြစ်နေလေသည်။ထိုသမိုင်းများသည် ဝါဒရေးရာပေါ်တွင် အခြေခံထားသဖြင့်၊ဝါဒရေးရာကွဲပြားသူတို့အဖို့ လက်ခံနိုင်စရာအကြောင်းရှိမည်မဟုတ်ပေ။ ဤသည်ကားစစ်အာဏာရှင်စံနစ်က၊ ဖန်တီးရေးသားထားသောသမိုင်းဖြစ်၍စစ်အာဏာရှင်စံနစ်တည်တံ့နေသ၍ လက်ခံဖတ်ရှုနေရဦးမည်သာဖြစ်သည်။ ထို့ကြောင့် သမိုင်းဟူသည် ဝါဒရေးရာမှကင်းလွတ်ပြီး လွတ်လပ်စွာ ဆောင်ရွက်သင့်သောကိစ္စတခုဖြစ်သင့်လှပေသည်။

သမိုင်းကို ရေးသားရာတွင်၊ ရေးသားသူတို့၏ ရှုမြင်ချက်နှင့် စေတနာ အမျိုးမျိုးရှိနိုင်ပါသည်။ "ပုဂံရာဇဝင်ဒုတ်ထမ်းပြောရသော" ရှေးစကား တခုလည်း တည်မြဲခဲ့ပါသည်။ ဖြစ်စဉ်တခုတည်းကိုရှုမြင်ချက်ခြားနားပြီးအငြင်းပွါးရသည့်သဘောရှိသည်။ ထို့ကြောင့်သမိုင်းဟူသည်ရေးသားသူ၏ရှုမြင်ချက်နှင့် စေတနာ မပါသောသမိုင်း ရှိနိုင်ပါသလား?။ပညာရှင်အချို့က "ဘက်မလိုက်သော သမိုင်းဟူ၍မရှိ" ဟုဆိုကြသည်။ သမိုင်းရေးသားသူများသည်မိမိ၏အမြင်နှင့် စေတနာကိုအရင်းခံပြီး ရေးသားတတ်ကြသည်။ ရေးသားသူ၏ထင်မြင်ချက်နှင့် စေတနာမပါသောသမိုင်းတစ်စောင်သည်၊အချက်အလက်စုံလင်သော်လည်းဆားမပါသော "ဟင်း" ကဲ့သို့ပေါ့ပျက်ပျက်ဖြစ်သည်ဟုပင်သနိုင်းဒသနရှိသည်။ ထို့ကြောင့်သမိုင်းဟူသည် အချက် အလက်စုံလင်သော သမိုင်းတစ်စောင်ထက်ပို၍အဓိပ္ပါယ်ရှိသည်မှာငြင်းဆိုစရာအကြောင်းမရှိပါ။ ဤသို့ဆိုလျှင် သမိုင်းကို မည်သူတွေက ရေး၍၊ မည်သည့် စေတနာမျိုးဖြင့် ရေးသားရမည်ဆိုသော ပြဿနာတရပ်ကား၊သမိုင်းသုတေသန လောကတွင် အလေးအနက်ထား၍ဆုံးဖြတ်ရမည့်ကိစ္စတရပ်ဖြစ်နေ၍ သမိုင်းပြုစုသူ၏ စေတနာနှင့်သာသက်ဆိုင်မည်ဟုယူဆသည်။ သမိုင်းကိုအစဉ်အဆက်အားဖြင့် အာဏာပိုင်များအုပ်ချုပ်သူများကသာ စေတနာအမျိုးမျိုးထား၍ ရေးသားခဲ့ကြသည်။မြန်မာနိုင်ငံ စစ်အာဏာရှင်များ၏ စေတနာသည် 'ပြည်တွင်းစစ်ကို ပိုမိုနက်ရှိုင်းစေပြီး' ၎င်းတို့ ၏ အရှိန် အဝါကိုပိုမို၍မြင့်မားလိုသော စေတနာတစ်ရပ်သည်ထင်ရှားလှသည်။ ဤနည်းဖြင့်သူ့ကို ဆန့်ကျင်တိုက်ခိုက်သူများအား စိုးရွံ့စေလိုသည်။ နိုင်ငံတကာ အမြင်တွင်၊ စစ်တပ်၏တရားမျှတမှု၊မှန်ကန်မှုတို့ကို သက်သေထူလိုသည်။ ဤသည်မှာ စစ်အာဏာရှင်တို့၏ စေတနာမှန်ပင် ဖြစ်သည်။ စစ်အာဏာရှင်မတိုင်မီကလည်း၊ မဟာလူမျိုးကြီးဝါဒကို အခြေခံသောသမိုင်းများကိုသာရေးသားလာခဲ့ကြသည်။ ထို့ကြောင့် သမိုင်းကို မည်သည့်စေတနာဖြင့် ရေးသင့်သည်ဆိုသည်ကား ရေးသားသူ၏ စေတနာနှင့်သာသက်ဆိုင်ပါသည်။

လွတ်လပ်သော ကရင့်သမိုင်းသုတေသနအသင်းသည် ကရင်သမိုင်းကိုရေးသားပြုစုရာတွင် မှားယွင်းသောစေတနာများကိုရှောင်ရှားပြီး၊ ဝါဒရေးနှင့် နိုင်ငံရေးရာဘက်လိုက်သောအမြင်များမှ လွတ်ကင်းစွာ ရေးသားဆောင်ရွက်မည်ဖြစ်ပါသည်။ကျွန်ုပ်တို့၏လွတ်လပ်ခြင်းသည်ကရင်အမျိုးသားအပေါင်း၏ အနာဂါတ်အကျိုးစီးပွါးကို တည်ဆောက်ပေးမည့် အခြေခံအကြောင်းတရားများ ပါဝင်သော သမိုင်းဖြစ်ရပ်မှန်များကို၊ ရှာဖွေစုဆောင်းပြုစု သွားမည်ဖြစ်သည်။

လွတ်လပ်သော ကရင်သမိုင်းသုတေသန အသင်းသည်၊ ကရင်အမျိုးသား လူ့အဖွဲ့အစည်း၏ အမျိုးသားဆောင်ရွက်ချက် အရပ်ရပ်နှင့် ကောင်းခြင်း၊ဆိုးခြင်းအသီးသီးကိုမှတ်တမ်းတင်ပေးခြင်းဖြင့်၊အနာဂါတ်မျိုးဆက်များအတွက်၊ သမိုင်း အထောက် အထား နှင့် သင်္ခန်းစာ အရပ်ရပ်တို့ဖြင့် ပြည့်စုံသော၊ သမိုင်းအမွေတစ်ရပ်ကို ပေးအပ်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘိုးဘွားများသည် ထိုကိစ္စကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့၍ သမိုင်းအမွေ မဲ့ခဲ့ရသည်။ ဤအချက်ကို ဖြည့်စွက်ရန်ရည်ရွယ်ပါသည်။ဤသည်မှာအသင်း၏ စေတနာပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့ ရေးသားမည့်သမိုင်းကို ကရင်ပြည်သူ တစ်ရပ်လုံးသို့ အကြိမ်ကြိမ်တင်ပြပြီး ပြည်သူ တစ်ရပ်လုံးက တာဝန်ယူသော သမိုင်းတစ်စောင် အဖြစ်သို့ ရောက်အောင် ဆောင် ရွက်သွားမည် ဖြစ်ပါသည်။ အသင်း၏ ဆောင်ရွက်ချက်များ အောင်မြင်ရေး အတွက်၊ အမျိုးသားထု တစ်ရပ်လုံးက အလေးထား ကူညီ ကြပါရန်၊ ပန်ကြားအပ်ပါသည်။

အယ်ဒီတာ

# ဒေါက်တာစံစီဖိုး

## ငြိမ်းချမ်းရေးကိုမြတ်နိုးသူ

(မောင်ဝင်းကြယ်)



ဆာစံစီဖိုး(၁၈၇၀–၁၉၄၆)

ဒေါက်တာ–ဆာ စံစီဖိုး–သည် အတိတ်နှင့် ပစ္စုပ္ပန်ကို ပေါင်းကူးပေးသော ကရင် အမျိုးသား ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည့်အပြင် ဖက်ဆစ်တော်လှန်ရေး ကာလ အတွင်း ကရင် ဗမာ ချစ်ကြည်ရေးကို တည်ဆောက်ပေး သည့် ခေါင်းဆောင်ကြီး တစ်ဦးလည်း ဖြစ်သည်။ အမွေဆက်ခံ ခေါင်းဆောင်တစ်ဦးအနေနှင့် ဒေါက်တာ–တီးသံပြာ ထူထောင်ခဲ့သော "ဒေါကလု" ကရင်အမျိုးသား အစည်းအရုံးကြီးတွင် ဥက္ကဋ္ဌ တာဝန်ကိုဆက်လက်ယူ ဆောင်ခဲ့လေသည်။

ကျွန်တော် ကရင် အမျိုးသား အစည်းအရုံးသို့ရောက်ရှိလာသောအခါ ခေါင်းဆောင်ကြီး ဒေါက်တာ တီးသံပြာသည်၎င်း ခေါင်းဆောင်ကြီးဒေါက်တာ ဆာ စံစီဖိုး သည် ၎င်း မရှိကြတော့ပြီ။ သူတို့၏ ရုပ်ပုံကားချပ်များကို ကြည့်၍ သူတို့၏ မြင့်မြတ်သော အမျိုးသားရေး ကျိုးပမ်း အားထုတ်မှုများကိုသာ ကျွန်တော် အောက်မေ့ရတော့သည်။

ဓါတ်ပုံ ကားချပ်ထဲ မှ ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေသော ဒေါက်တာ–စံစီဖိုး သည် ခေါင်းဆောင်ကြီး ဒေါက်တာ–တီးသံပြာ ထက်စာသော် မျက်နှာမှာ အနည်းငယ်ပြည့်ဖြိုး၍ဝန်းဝိုင်းသယောင်ရှိနေပြီးကာ ဒေါက်တာ–တီးသံပြာက နှုတ်ခမ်းမွေး ဆို၍ ရေးရေးမျှ မထားသော်လည်း ဒေါက်တာ စံစီဖိုး ကတော့ အချိုးအစား ကျနစွာဖြင့် လှပသော နှုတ်ခမ်းမွေးကို ထားရှိလေသည်။ ကျယ်ကား ပြည့်ဖြိုးသော နဖူး ပြင် ဝိုင်းစက်သယောင်ရှိ မျက်နှာပုံသွင် စွင့်ကားနေသော နှုတ်ခမ်းမွေးဖြင့် ကရင် အမျိုးသား ခေါင်းဆောင် ကြီး တစ်ဦး ဟူသော ဝိသေသကို အပြည့်အဝပင် ဆောင်ယူထားလေသည်။

ဒေါက်တာ–စံစီဖိုးသည်ခေါင်း

ဆောင်ကြီး ဒေါက်တာ-တီးသံပြာကဲ့သို့ပင် ကံတူအကျိုးပေး ညီသူဖြစ်၏။ ပုသိမ်နယ်သားတစ်ဦး ဖြစ်သည့်အပြင် မိဘများမှာလည်း တောသူ တောင်သား ဆင်းရဲသား တွေဖြစ်၏ ။ ပုသိမ်မြို့ရှိ အမေရိကန်နှစ်ခြင်း သာသနာပြုအဖွဲ့၏ ကျေးဇူးကြောင့် အမေရိကန်သို့သွား၍ ပညာတတ်မြောက်ခဲ့ခြင်းဖြစ်၏။

## ( စောစံဖိုး၏ပညာရေး )

ဒေါက်တာ စံစီဖိုးအားငယ်စဉ်က"စံဖိုး"ဟု ချစ်စနိုးဖြင့် ခေါ်ကြသည်။ ဒေါက်တာ-တီးသံပြာငယ်စဉ်က စတင်ပညာ သင်ခဲ့သည့်"ကိုးဆူ အကယ်ဒမီ" ကျောင်း ဝန်းကျင်သည် ယခုအခါ"ကိုးဆူရွာ"ကြီးအဖြစ် ဖွံ့ဖြိုး တိုးတက်နေပြီဖြစ်၏။ယင်းကိုးဆူရွာကြီးတွင် ဒေါက်တာ စံစီဖိုးအား မွေးဖွားလာခဲ့လေသည်။ ဒေါက်တာ-စံစီဖိုးနှင့် ပတ်သက်၍"မြန်မာ့စွယ်စုံကျမ်း"ကြီးတွင် အောက်ပါအတိုင်း တခမ်းတနား ရေးသား ဖော်ပြထား လေသည်။

"ဆာစံစီဖိုး (၁၈၇၀- ၁၉၄၆) သည်၊ ကရင် အမျိုးသား တို့၏ ခေါင်းဆောင်ကြီးဖြစ်သည်။ ခရစ်(၁၈၇၀)ပြည့်နှစ် အောက်တိုဘာ (၄)ရက် နေ့တွင် ပုသိမ်မြို့မြောက်ဖက် (၅)မိုင်ခန့်ဝေးသော "ကိုးဆူ"ရွာ၌ အဘတိုက်သူကြီး "ဦးအောင်ညို" အမိ "နော် ပဂေး၀" တို့မှ ဖွါးမြင်သည်။ ငယ်နာမည်မှာ စံဖိုး ဖြစ်သည်။

စံဖိုး ငယ်စဉ်က ပုသိမ်မြို့ စကော ကရင် ကျောင်း တွင် ပညာသင်ကြားခဲ့၏။ ဤသို့ ပညာသင် ကြားစဉ် (၅)မိုင်ခရီးကို နေ့စဉ် ခြေလျင်လျှောက်၍ ကျောင်းတက်ခဲ့ရသည်။ ကျောင်းနေစဉ် ကျောင်းအုပ်ကြီးဖြစ်သူ ခရစ်ယာန်သာသနာပြု ဆရာ အမေရိကန် အမျိုးသား"ဒေါက်တာချားလ်နီးကော"သည် စံဖိုးအား အထူး သဘောကျ ပြီး လျှင် ကူညီ စောင့်ရှောက် လိုသော ဆန္ဒဖြင့် အမေရိကန်ပြည်ထောင်စုသို့ခေါ်ဆောင်သွားလေသည်။ ထိုအခါ စံဖိုးသည် အသက် (၁၄) နှစ်အရွယ် မျှသာ ရှိသေးသည်။ အမေရိကန် ပြည်ထောင်စု သို့ ရောက်ရှိ သောအခါ ဒေါက်တာ- နီးကော်လ်သည် မိမိ၏အဒေါ် တော်စပ်သူ ညီအစ်မ နှစ်ဦး တို့ထံတွင် စံဖိုးကိုအပ်နှံထား၏ စံဖိုးသည် ထို ညီအစ်မနှစ်ဦးတို့ပိုင်ဆိုင်သော ယာခင်း တွင် နေထိုင်ရသည်။ ထိုသို့နေထိုင်ရင်း အထက်တန်းကျောင်းတစ်ကျောင်းတွင် ပညာသင်ခွင့်ရရှိလေသည်။ စံဖိုးသည် ယာရှင် အပျိုကြီး ညီအစ်မ များနှင့် အတူ နေထိုင်ရသည့်အလျောက် ယင်းတို့အား နွားနို့ညှစ်ပေးခြင်း နွားနို့ဝယ်သူများထံ မြင်းလှည်းဖြင့် နွားနို့ပို့ပေးခြင်း ဟူသောအမှုတို့ဖြင့် အကူအညီပေးခဲ့သည်။

ထို့နောက် စံဖိုးသည်၊ "ကိုလ်ဂိတ်"မြို့ရှိ ဆေး ကောလိပ်တွင် ဆေးပညာကိုစတင်သင်ယူသည်။ ထိုမှတဖန် နယူးယောက် တက္ကသိုလ်တွင် အပါအဝင်ဖြစ်သော "အယ်လ်ဗနီး"ဆေးတက္ကသိုလ်ကျောင်း၌ ဆရာဝန် အတတ်ကို ဆက်လက်သင်ကြား၏။ ထိုကျောင်းမှပင် ဆေးပညာ ပါရဂူဘွဲ့ကို ရရှိခဲ့လေသည်။ ဤကဲ့သို့ ပညာသင်ကြားနေစဉ် စံဖိုးသည် မစ္စစ် ကရွမ်ဗီးလ် (ခေါ်) အမေရိကန် အမျိုးသမီး တစ်ဦးနှင့် ခင်မင်ရင်နှီးခဲ့ရာ ထိုအမျိုးသမီးသည် မိခင်အရင်းကဲ့သို့ စံဖိုးကို စောင့်ရှောက် ပြုစုခဲ့သည်။ ထိုကျေးဇူးတရားကို ထောက်ထား၍ စံဖိုးသည် မစ္စစ် ကရွမ်ဗီးလ်၏ ဆန္ဒကို လိုက်လျော၍ သူ၏အမည်ကို 'စံကရွမ်ဗီလ်ဖိုး'ဟု ပြောင်းလိုက်သည်။ နောင်သောအခါ စံဖိုးသည်အမည်အတိုကောက်အားဖြင့် 'စံစီဖိုး'ဟု တွင် လေသည်။ ထိုအခါတွင် စံဖိုးသည် အမေရိကန် နိုင်ငံသားအဖြစ် ခံယူခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ဒေါက်တာ-စံစီဖိုး သည် မြန်မာ ပြည်သို့ ပြန်လာသည်။ ၁၈၉၅ ခုနှစ်၌ ကရင် အမျိုးသား ဦးလူနီ၏ သမီး 'အေမီလူနီ'နှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ ဒေါက်တာ-စံစီဖိုးနှင့် ဇနီးတို့၌ သား သမီး(၇)ဦး ထွန်းကားခဲ့ရာ (၇)ယောက်စလုံးမှာ ဆွေမျိုး ညာတိ မိတ်သင်္ဂဟ အပေါင်းအသင်းတို့ အလယ်တွင် ထင်ရှားသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သားကြီး ဩရဿ မှာ ဒေါက်တာ-ကလဲရင့် ကရွမ်ဗီးလ် ဖိုး" ဖြစ်သည်။ ၁၉၅၂ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ ကျန်းမာရေးဌာန လက်ထောက် ညွှန်ကြားရေးဝန် အဖြစ်ဖြင့် တာဝန် ဝတ္တရားများကို ထမ်းရွက်နေစဉ် ကုလသမဂ္ဂ၏ ကျန်းမာရေးအဖွဲ့ ကွန်ဖရင့်သို့ တက်ရောက်ရာဝယ် လမ်းခရီးတွင် လေယဉ်ပျံ ပျက်ကျ၍ အနိစ္စ ရောက်ရှာသည်။

ဒုတိယ-သားမှာ ပဌမ ကမ္ဘာစစ် နှင့် ဒုတိယ ကမ္ဘာစစ် နှစ်ရပ်စလုံးတွင် ဗြိတိသျှစစ်တပ်နှင့် မြန်မာစစ်တပ်တို့၌ အမှုထမ်းခဲ့၏။ဒုတိယ ဗိုလ်မှူးကြီး ရာထူးနှင့် အငြိမ်းစားယူခဲ့သော"ကိုလ်ယွန်နယ် ဇန်ဒါ ဗီယာ ဖိုး " ဖြစ်သည်။ တတိယ-မှာ သူနာပြု ဆရာမကြီး "ဝင်နီကရွမ်ကိုလ်ဖိုး"ဖြစ်သည်။ ဝန်နီသည် ဖခင်ကြီး နာမကျန်းနေရှိစဉ်က အနားတွင် တစ်ဖဝါး မခွါဘဲ ပြုစုနေခဲ့သော သမီးဖြစ်သည်။ စတုတ္ထ-သားဖြစ်သူမှာ ဇစ်တာစံစီဖိုး"ဖြစ်သည်။ (၁၉၅၂-၅၅) ခုနှစ် အတွင်းတွင် ပုသိမ် တောင်ပိုင်း (ကရင် မဲဆန္ဒနယ်) မှ ရွေးကောက်တင်မြောက်ခြင်း ခံရသော လွှတ်တော် အမတ် ဖြစ်လေသည်။ပဥ္စမမှာ ၁၉၅၃-၅၄ ခုနှစ်တွင် ကရင်ပြည်နယ် ဝန်ကြီး အဖြစ်ဆောင်ရွက်ခဲ့သော " မစ္စစ်ဘမောင်ချိန်"ယ်နာမည် ( ကလယ်ရီ ဖယ်အိုင်ရင်းဖိုး ) ခေါ် အမျိုးသမီး ဖြစ်သည်။

ဆဋ္ဌမသားမှာ ရဲအဖွဲ့ဝင်ဟောင်း“စတန်လေဗန်ဟူဆင်ဖိုး” ဖြစ်သည်။ သတ္တမသား အထွေးဆုံးမှာ ဒုတိယဗိုလ်မှူးကြီး “အို ဒဗလျူဖိုး”ဖြစ်သည်။ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှတို့ဆုတ်ခွါစဥ်ဂျပန်နှင့် တိုက်ပွဲဖြစ်ရာ ထိုတိုက်ပွဲ၌ ‘အိုဒဗယူဖိုး’မျက်စေ့ဝဲဘက်၌ ဒဏ်ရာရ၍ မျက်လုံးတစ်ဘက်ကွယ်ခဲ့ရသည်။ တိုက်ပွဲများ၌ စွမ်းရည်သတ္တိရှိမှုကြောင့် တိုက်ပွဲအစီရင်ခံစာတို့တွင် သူ၏အမည်ကို ဖေါ်ပြခြင်းခံရသည်။

“ဦးစွာ၌ စံစီဖိုးသည် အစိုးရအမှုထမ်းအဖြစ်ဖြင့် ဆရာဝန်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ပုသိမ်မြို့၌ (၅) နှစ်မျှ ကျောက်ဆည်မြို့၌(၁)နှစ်မျှ မြောင်းမြမြို့၌(၄)လမျှခရိုင်ဆရာဝန်အဖြစ်ဖြင့် အစိုးရအမှုကိုထမ်းရွက်၏။ (၁၉၀၂)ခုနှစ်တွင် အစိုးရ အလုပ်မှ နုတ်ထွက် လိုက်လေသည်။ထို့နောက်ပုသိမ်မြို့တွင် ကိုယ်ပိုင်ဆေးတိုက်ဖွင့်လှစ်၍ ဆေးကုသရင်း ပုသိမ်မြို့မြူနီစပါယ် အဖွဲ့ဝင် လူကြီးအဖြစ်ဖြင့်(၈)နှစ်ခန့်မျှ ပြည်သူ့တာဝန်ကိုထမ်းဆောင်ခဲ့လေသည်။ ဤသို့ထမ်းဆောင်ခဲ့ရာမှတဆင့် မြန်မာပြည်၏ အရေးတို့တွင် ကရင် အမျိုးသား တို့ဘက်မှ ရှေ့ဆောင်ဦးစီးပြု၍ ဆောင်ရွက်ရန် ကရင်အမျိုးသားတို့ ကတောင်းပန်လာသောကြောင့် ဒေါက်တာ စံစီဖိုး သည် မြန်မာနိုင်ငံရေး၌ပါဝင်ဆောင် ရွက်ရန်အလို့ငှာ အမေရိကန် နိုင်ငံသား အဖြစ်ကို စွန့်လွှတ်၍ ဗြိတိသျှလက်အောက်ခံနိုင်ငံသားအဖြစ်ကို ခံယူခဲ့လေသည်။ ထို့နောက် ၁၉၁၇ ခုနှစ် မှသည် (၁၉၂၃)ခုနှစ် အထိ မြန်မာပြည် ဥပဒေပြုကောင်စီ၌ မင်းတိုင်ပင်အမတ် အဖြစ်ဖြင့် ဆောင်ရွက် ခဲ့လေသည်။

(၁၉၁၂) ခုနှစ်တွင် ဗြိတိသျှ အစိုးရသည် မြန်မာပြည့်အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲပေးရန်အတွက် “ဗိုတ်ကော်မီတီ”ခေါ်သော စုံစမ်းရေး ကော် မီ ရှင်တစ်ရပ်ကိုဖွဲ့စည်းခဲ့ရာ ထို ကော် မီ ရှင်တွင် ဒေါက်တာ စံစီဖိုး သည် အဖွဲ့ဝင်တစ်ဦးဖြစ်လာလေသည်။(၁၉၂၃) ခုနှစ်တွင် အုပ်ချုပ်ရေးပြောင်းလဲလာသည်။ ၁၉၂၃ခုနှစ်တွင် အုပ်ချုပ်ရေး ပြောင်းလဲလာသည့်နောက် ဒေါက်တာ–စံ စီ ဖိုး သည် ရောဝတီတိုင်းအတွက် ဥပဒေပြုလွှတ်တော် အမတ် တစ်ဦး အဖြစ်ဖြင့် အစိုးရက အမည်တင်သွင်းရွေးကောက်ခြင်းကိုခံရလေသည်။

ဒေါက်တာ စံ စီ ဖိုး သည် ပဌမကမ္ဘာ စစ်ကြီး အတွင်း၌ လူမှုဝန်ထမ်းလုပ်ငန်းနှင့် စစ်သားစုဆောင်းရေးလုပ်ငန်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ သဖြင့် မြန်မာပြည်ရှိ ဗြိတိသျှအစိုးရ၏ ဂုဏ်ပြုခြင်းကို ခံခဲ့ရ၏။ (၁၉၂၄) ခုနှစ်တွင် ဗြိတိသျှ အစိုးရသည် ဒေါက်တာ စံ စီ ဖိုး အား( **C. B. E** )ဘွဲ့ဖြင့် ချီးမြှင့် ခဲ့လေသည်။

“၁၉၂၅ ခုနှစ်၌ ဒေါက်တာ–စံ စီ ဖိုး သည်‘ဒေါကလု’ခေါ် ကရင်အမျိုးသား ဥက္ကဋ္ဌ ဖြစ်လာ လေသည်။ ထို့နောက် ကရင် အမျိုးသားတို့၏ အရေးများတွင်အစဉ်တစိုက်ဦးစီးခေါင်းဆောင်ပြု ၍ လွှတ်တော်တွင် ဆောင်ရွက်လာခဲ့ရာ“ကရင် အမျိုးသား ခေါင်းဆောင်ကြီး”ဟူ၍အသိအမှတ်ပြုလာကြသည်။ ၁၉၂၈ခုနှစ်ခန့်တွင် ဒေါက်တာ–စံ စီ ဖိုး သည် “မြန်မာပြည်နှင့် ကရင်များ” ဟူသော စာအုပ်တစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့သည်။ယင်းစာအုပ်တွင် ဒေါက်တာ–စံစီဖိုးသည် ကရင်အမျိုးသား တို့၏ ရှေးဟောင်း ရာဇဝင်စိတ်နေသဘောထား အယူဝါဒ အတွေးအခေါ် တို့ကို ပြဆိုပြီး နောက် ကရင်အမျိုးသားတို့၏“နိုင်ငံရေးလိုအင်ဆန္ဒတို့ကို”ရေးသား ထားခဲ့လေသည်။”

“ဤကဲ့သို့ခေါင်းဆောင်အနေဖြင့် ထင်ရှား ကျော်ကြားလာသည့် အတွင်း (၁၉၃၄) ခုနှစ်တွင် ဗြိတိသျှ အစိုးရတို့ကတဖန် ဒေါက်တာ–စံ စီ ဖိုး အား “ဆာဘွဲ့”ဖြင့် သူကောင်းပြုလေသည်။ (၁၉၃၇)ခုနှစ်၌ မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထွက်လိုက်ပြီးသည့်နောက် မြန်မာပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ အထက် နှင့် အောက် လွှတ်တော် နှစ်ရပ် ဖွဲ့စည်း လာရသည် တွင် ဆာ စံ စီ ဖိုး သည် အထက်လွှတ်တော်အမတ် ဖြစ်လာလေသည်။ ”

“ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဆာစံစီဖိုးသည် “ဒေါကလူ” အသင်းကြီးအစား ကရင် အမျိုးသား ဗဟိုအဖွဲ့(**K.C.O**) ကိုတည်ထောင်စေ၏။ မိမိကိုယ်တိုင် အကြံပေးနာယက အဖြစ် ဖြင့်ဆောင်ရွက်ခဲ့သည်။ စစ်ကြီးပြီးသောခါဆာစံစီဖိုးသည်၊ကောင်းစွာမကျမ်းမမါဖြစ်လာ၍ (၁၉၄၆)ခုနှစ် ဇွန်လ(၇)ရက် နေ့တွင် ပုသိမ်မြို့၌ ကွယ်လွန်လေသည်၊

## (နောက်ဆုံးကြိုးပမ်းမှု)

ခေါင်းဆောင်ကြီး ဒေါက်တာ စံ စီ ဖိုး အနေ နှင့် တိုင်းပြည်နှင့် အမျိုးသားများအတွက် နောက်ဆုံးအကြိုးပြုချက်ကတော့ ဂျပန်ခေတ် ကရင်–ဗမာ ချစ်ကြည်ရေး တည်ဆောက်မှုပင်ဖြစ် ၏။

မြန်မာပြည်သို့ ဂျပန်များ ဝင်ရောက်စ ကာလတွင် အမြင်မကျယ်သူအချို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် လူမျိုးရေး ပဋိပက္ခ ဖြစ်ခဲ့ရသည်။ ထိုမှတဆက်တည်း ပုသိမ်မြို့ “ဘဲဂယက်” ရွာအနီးတွင်ဂျပန်စစ်ဗိုလ်“ကီမာတား” အသတ် ခံခဲ့ရသည်။ဤပြဿနာမှာ မီးခိုးကြွက်လျှောက်ပြဿနာဖြစ်နေသည်။ “ဘဲဂယက်”မှာ စောဘဦးကြီး တို့ ရွာဖြစ်သည်။ ယင်းပြဿနာ အတွက် ရန်ကုန်မြို့ရှိကရင်–ဗမာခေါင်းဆောင်များကလုံးဝမနှစ်မြို့သလို ပုသိမ်ပြန်ရောက်နေသော စံစီဖိုးအတွက် စိုးရိမ်ပူပန်မိသည်။

# ငြိမ်းချမ်းရေးကိုမြတ်နိုးသူ

သို့သော် ကရင်ဗမာချစ်ကြည်ရေးကို အမြန်ဆုံးတည်ဆောက်ရန် ရန်ကုန်ရှိ ခေါင်းဆောင် များက လိုလားလျက်ရှိနေ၏။တနေ့တွင်ကျရောက်လာမည့် ဂျပန်တော်လှန်ရေးအတွက် ကရင်-ဗမာ နားလည်မှုမရှိပါက အခက်အခဲတွေ့နိုင်ကြောင်း ဗမာ ခေါင်းဆောင်များက သဘောပေါက်ထားကြ၏။ သို့ဖြင့်နိုင်ငံရေးဘက်မှ သခင်သန်းထွန်း ဦးနုတို့သည်၎င်း တပ်မတော်အနေနှင့် ဗိုလ်ချုပ် အောင်ဆန်း နှင့် စစ်ခေါင်းဆောင်များသည်၎င်း ကရင် ဗမာချစ်ကြည်ရေးလုပ်ငန်းကို အားထုတ်ကြိုးပမ်းခဲ့ကြ၏။

ဒေါက်တာ-စံစီဖိုး၊ မန်းဘခင် ဒေါက်တာ-ဖိုးဒီလုံး ၊ ဒေါက်တာ-ဒွေး မန်းရွှေထွန်းကြာ ၊ စောဘဦးကြီး၊အစရှိသော ကရင် အမျိုးသား ခေါင်းဆောင်များကို ရန်ကုန်သို့ ဖိတ်ကြား၍ ဗမာခေါင်းဆောင်များအနေနှင့် ကရင်-ဗမာချစ်ကြည်ရေးကို တည်ဆောက်ခဲ့ကြ၏။ ထိုအချိန်တွင် ဒေါကလု'ခေါ်သည့်ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်များမှာ စစ်ဘေးစစ်ဒဏ်ကြောင့် အနယ်နယ် အရပ်ရပ်သို့ ရောက်ရှိ နေကြ၏။ သို့ဖြစ်၍ အဖွဲ့အစည်းကို အကြောင်းမပြုနိုင်တော့ဘဲ အစဉ်အလာနှင့် ပုဂ္ဂိုလ်အနေအထား ကိုသာကြည့်၍ ဖိတ်ကြား ဆောင်ရွက်ကြရ၏။

ထိုစဉ်က သခင်နု(ဦးနု)ခေါင်းဆောင်သော ကရင်-ဗမာ ချစ်ကြည်ရေး အဖွဲ့သည် မြစ်ဝ ကျွန်းပေါ် ဒေသပုသိမ်မြို့သို့ သွားရောက်ကာ ခေါင်းဆောင်ကြီး ဒေါက် တာ-စံ စီ ဖိုး ၏ "ကိုးဆူရွာ"တွင် ချစ်ကြည်ရေး တရားပွဲကို ကျင်းပ ခဲ့လေသည်။

နောင်သောအခါတွင် ဦးနုက ဂျပန်တော်လှန်ရေးတွက် ကရင်-ဗမာ ချစ်ကြည်ရေး မှာ 'မည်မျှ အရေးကြီးသည်ကို'သူ၏ 'ငါးနှစ်ရာသီဗမာပြည်' စာအုပ်တွင် အောက်ပါ အတိုင်း ရေးသားခဲ့လေသည်။

ကရင်ဗမာချစ်ကြည်ရေးသည် ဂျပန်တော်လှန်ရေးကာလတွင် အဓိကလုပ်ငန်းဖြစ်သည်။ထိုကိစ္စအတွက် ဗိုလ်ချုပ်အောင်ဆန်း နှင့် သခင် သန်းထွန်းတို့လည်း အထူးကြိုးစား လျက်ရှိကြသည်။

မည်သို့ပင်ဖြစ်စေ ဒေါက်တာစံ စီ ဖိုး အနေနှင့်ထိုအချိန်တွင်အသက်အရွယ်အားဖြင့် (၇၀)အတွင်းချည်းနင်းနေပြီဖြစ်၍ ကရင်-ဗမာ ချစ်ကြည်ရေးကို ၎င်း ဆောင်ရွက်ရာတွင် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ချေ၊ သို့ဖြစ်၍ စစ်အတွင်း ရပ်ဆိုင်းသွားသော 'ဒေါကလု'အစည်းအရုံးနေရာတွင်(K.C.O) ဗဟို ကရင်အစည်းအရုံးကြီးကို ဖွဲ့စည်းထူထောင် သောအခါ ဒေါက်တာ-စံ စီဖိုး အနေ နှင့် "နာယက"နေရာ မှ သာနေ၍ ထိမ်းကျောင်း ပေးရတော့သည်။

ခေါင်းဆောင်ကြီး ဒေါက်တာတီးသံ ပြာနှင့် ဒေါက်တာ စံစီဖိုး တို့သည် တူညီချက်များစွာရှိသည့် အနက်က ပဓါနကျသောတူညီချက်တခုမှာ ဘဝကို အောက်ခြေမှ စခဲ့ရသော်လည်း ပညာတတ်ဘဝတွင် နိုင်ငံခြား၌ မပျော်မွေ့ ဘဝဟောင်းကို မမေ့ မြန်မာပြည်ကို ချစ်ခင်၍ အမျိုးသားများကိုထောက်ပံ့လိုသည့် စေတနာမှာ အလွန်ပင် ကြီးမားကြပေသည်။

သို့ဖြင့်ခေါင်းဆောင်ကြီးဒေါက်တာ-စံစီ ဖိုး သည်၊ အခြေအနေအရ ရယူခဲ့ရသော အမေရိကန် ပြည်သားဘဝကို စွန့်လွှတ်၍ ကရင့် ဘဝတွင် မြန်မာနိုင်ငံသား တစ်ယောက်အနေနှင့် တိုင်းပြည်အကျိုး မျိုးသားအကျိုးကို သည်ပိုးထမ်းဆောင်ခဲ့လေသည်။

(မောင်စင်ကြယ်)

# MY PARTICIPATION WITH SIR SAN PO'S ENDEAVOUR FOR KAREN'S WELFARE DURING THE JAPANESE OCCUPATION OF BURMA.

As a young man,I remenber Sir San C.Po as an able Karen leader who was also duly recognized as such by the British authorities as well as the Karen people during the British rule in Burma.I may quote a remark by a prominent foreigner from the west When I happened to ask him as to whether he knows the name of Sir San C. Po,he said,"There is no person who knows the Karen nation and does not Know Sir San C.Po".According to my indelible impressions, I remember that he was the Karen leader who made the government to permit teaching the Karen language ane literature in schools and colleages and also the establishment of a gazetted holidayon the **Karen New Year Day**. Our Karen National Flag and Our Karen National Anthemwas also established by our leaders headed by Sir San C.Po Among the few person who were Elighted in Burma in those day, Sir San C.Po. stood as a prominent Karen Knight honoured by the British Crown.

My first contact or relationship with family of Sir San C.Po was with his youngest son Orville Po Orville was my best friend. Now,I wish to narrate as a flash-back about some episodes with which I was involved in Sir San C. Po's work for the Karen people during the communal strife between Burmese and Karen in the begining of the Japanese regime. The invading Japanese Army were then busy in mopping up operations against the stragglers of the retreating British Army .The B I. A .headed by Aung San were persecuting the Karen. They commited atrocities against the Karens in such forms as robbery, rape and murder. They informed the Jap. commanding officers that Karen are pro-British and spies. The Japs conseqently supported the B.I.A. and summoned Karen Leaders from Tharawaddy, Henzada, Toungoo, and Moulmein districts. I remenber that I was the handy man who had to send the deputies to and from the meeting places. Saw Ba Oo Gyi was representing Tharawaddy, While Kyadoe was a deputy for Henzada. Dr.Po. Tilone was representing, Toungoo and as I learned later, Moulein had no representative .Why I was driving Dr .Po. Tilon to the office of the meeting centre, on the way we talked to one another.Then, all of a sudden Dr.Po Tilone asked me where I come from. He said, he noticed that I had and Easten Karen accent I promptly told him that I came from Moulmein side. I was so surprised when he said that I would do well to be the deputy for Moulmein.Then and there he nominated me as Moulmein's representative and consequently I had to attend the meeting that day as a Karen deputy.

I did all the job of sending off all the Karen Leaders who left for the disstricts that they had represented . On the next day, Sir San C. Po arrived, and again I was the only person assigned to accompany him in an automobile. It was when Bassein Karen leaders were summoned that Sir San C.Po came to Rangoon. He lodged with Dr Ba Than Chain who was then residing at Bauk Taw a suburban area in Rangoon. This place was where I met him as I had to help driving the motor vehicle that conveyed him to place in Ran-

goon.Sir San C Po requested me to drive him one of his old Japanese friends Dr.Kimura who was none other than an army colonel in the Japanese Imperial Army. He wanted to contact Dr.Kimura in conection with the clash between the Burmese B. I. A. soldiers and the Karen People. He want to tell the top Japanese Officials about the Karen case. We met Colonel Kimura told Sir San C. Po that he will take up this case and he wanted us to come again after a couple of days. He said he will study the matter in hand with a tendency to help But, when we came back to him again after a couple of days he told Sir San C. Po that he was sorry it was beyond his power to settle or take up this matter. He said that this type of issue could be dealt with only by their Military Police **(KIMPETAI)**. The kimpetai Chief was so fearful that among even their Japanese officers, he was know as **'The Lion'**. He said that he could never approach the **Kimpe Tai** unless he was first summoned.

We went home, but I noticed that Sir San C.Po was not a wee dishertend. That night I overheard him taking to Dr.Ba Than Chain about his past life, especially about the oaths he made pertaining to his Nation's welfare. He told Dr. Ba Than Chain that as a boy, his parents were requested by a missionary couple to take him to the U.S.A. to educate him. His parents agreed and he was taken to America. He was a brilliant student and in the course of tim passed his **M.D**.and became a doctor. At that time and American young lady admired him, but the matrimony was forbidden by the elders. The elders told him that his duty was to go back to his native land and serve God. Before he came back to Burma, Sir San C.Po continued, he had to make 3 vows in front of his elders. He had sworn his first oath to do God's work as a true Christian, secondly he must serve the people as a good doctor. He must go at once upon any call that sick people make regardless of race and religion.He sweared that he will not differentiate poor or rich people in all such matters. Thirdly he will serve his people educationally and in the affairs of health and that not only Karens, he also vowed to serve any one in Burma as Burma is his native land. That is why, he said, he will go to the Japanese Kimpetai Chief at any cost to serve his Karen people even he must lay down his very life. The question he then asked Dr. Ba Than Chain was," who will send me there?" To this Dr Ba Than Chain refered to me in reply, he told Sir San C. Po that I was not his chaffeur but he could ask me to take the task. Dr. Ba Than Chain told him that his wife asked me to stay with him in his Bauk Taw residence as he had no company. I therefore whole heartedly agreed to Sir San C. Po's proposal as I was young, very strong and love my Karen people like Sir San C.Po.So, on the next morning, Sir San and I went straight to the Chief Kimpetai s Office in Rangoon. As reached there I surveyed the place and found that the whole length and breadth of the building was barricaded with barded wire. The place was the police Law Courts near the customs office. Then I espied and opening which was a sand - bagged gate in a perfect straight line with the part Commissioner's office building . I made a very carefull estimate as to whether my car would get in squarely the barricades and the opennings. I was also aware at a glance that there was a peril of Japanese soldiers with shining fixed bayonets guarding the place whith the sole entrance . Than I looked back over my shoulders and asked Sir San C. Po, "Would you dare to go in?" Sir San C. Po then laughingly responed by saying to me." You are just robbing the same question from my mouth!" meaning, that he had wanted to ask me if I would dare to crash head-on through the barricade of bayonets . The fact that dominated the situation was that those Japanese guards would never allow us to go in , and that we needed to take a drastic action by crashing into the compound. That was why I

asked the question to Sir San C. Po the final answer he gave was," I permit you to do whatever you think right, young man!" At this Juncture, I backed up my car and began to gain some distance from the Port Commissioner's office because our target was a straight beeline from the Port Commissioner's Office as I have mentioned before. So I stepped onthe lever to a terrific speed and crashed head on through the opening into the compound. The Japanese guards run for their lives. Some of the guards ran side-way while two of them ran right infront of our car. This prompted me to use my brakes for fear of running them down. As soon as the car stopped, four Japanese came to me and pinned me in the neck with their bayonets two on each side of car. Then, one of their officers came near the door on one side and drew his sword. But, without any known reason the soldierswith the bayonets did not give way for him to cut off my neck. This happened in the same way at both time he attempted to come to me via different doors. To tell you the truth, I was not in the least frigh-tened through these unusual outcomes. And in a tone of anger I told them that I was only a chaffeur, and they should ask questions to the big master at the back, gesturing to Sir San C. Po, who sat very serene and calm at the car's back seat. Having heard my voice, that some Japanese officer again drew his Sumrai sword threatening to cut off my head which the bayonet blockades did not allow him to do. Only after some minutes that he turned to Sir San C.Po. Sir San C., fumbled for something in his coat pockets, pulled out a card and gave it to that officer. The officer took the card and turned it from side to side, scrutinizing it with a vague look showing that he was utterly illiterate. To this, I laughed quietly, as I came to realize that Japanese officer would be far from understanding the English with which I spoke to him a few moments back. That Japanese officer stillhandle the card asif he did not know that to do with it. I impatiently commanded him to take that card to his superiors in the main office by making strong gestures. After some hesitation, he took the card to the main building and had now in turn talked to the guard who stood there and gave him the card. The guard has now gone to the big big master. After some mo-ments I heard sound of foot-steps that came running down the stairs of the building. When I looked up I saw two persons at the foot of the stairs: one was Ba Theh Gyi and the other a Jap. On reporting this to Sir San, he asked me to make sure if it was really Ba Theh Gyi. I asked whether Sir San was aquainted with Ba Theh Gyi. He answered," why, he's my grandson." Sir San went on to say that if he's really Ba Theh Gyi, it must surelly be God's Divine Intervention. Ba Theh Gyi heartily welcomed us and escorted us and our car to the office building. Entrance reaching the door, the Japanese guard very politely opened the car's door for Sir San, and as Sir San Stepped out, he was urhered in to the office by Ba Theh Gyi. It was nearly half an hour when Sir San, Ba Theh Gyi and the Kimpeitai Chief reappeared. Then a Jap. Guard came running to me and told me to follow their car that is leaving the vicinity in afew minutes. Them we followed the car to a place called golden Valley. The place was the chief's residence. Parking the car near the house, I saw, Sir San, Ba Theh Gyiand the Japanese Kimpetai Chief sitting round a table. As the car was parked near to the sitting room, I overheard the Japanese asking Sir San the reasons of his visit. Sir San told him that it was the **Karen Affairs** with the comm-unal problems caused by the B. I. A. Burmese. And the Kimpetain Chief allowed Sir San to spoke up three topics for the affairs of the Karens. Sir San promptly thanked him for this. At this moment I no longer heard what they said.

A short while later, I stepped out from my car and drawing closer I could see that Sir San had already made his

three points for his Karen People. The Japanese sat stooping over his table, took out his handkerchief and wiped what seemed to be his tears. Then I heard distinctly what he told Sir San. He said that when he went to the United States to study in one American University, he read one journal and had come across the name and biography of Sir San. As Sir San. was and Asiatic who made good in his studies as a medical student in the U.S. and as Knighthood has been conferrd to him, he had wanted to see Sir San since those days. He sad that now he is profoundly happy that he has now met him in person. He said that only a person of Sir San's stature would be able to speak on the three points in such an effective manner. Now he said he has come to know the truth and he was so remorseful for the Karens and felt deeply ashamed for what his nation has done. He offered to send a company of soldiers to guard Sir San on his return to Bassein to be safe from the communal strife. However Sir San Politely declined his offer. Sir San was asked us to how many people he had as his companians. He told the Japanese Chief that he had only one companion and that god was the one

This was the episode when Sir San set aright that the B.I.A. had created against the Karens as Hitler did to the Jews in Germany. The Karens survived that reign of terror through the coordination with heroic events mentioned herein above.

As a Karen, I am truly proud tobe a part of this historical event which will gloriously go down in the cannals of **KAREN HISTORY**.

*By K who is unknown.*

## Peace Mission For Communal Strife.

### Karen Central Organization.

**1. Dr. San C. Po.**
**2. Mahn Ba Khin.**
**3. Mahn Tun Kyar.**
**4. Saya Tha Tho.**
**5. Mahn Pu Ta Lok.**
**6. Saw Ba Oo Gyi.**
**7. Dr. Saw Hla Tun.**
**8. Saw Ba Maung.**
**9. Saw Par K.**

## Dr. Ba Maw's Government.

**1. General Aung San.**
**2. Tha Khin Than Tun.**
**3. Tha Khin Nu.**
**4. Pao U Hla Pe.**

# ကရင်အမျိုးသားစာပေနှင့်အမျိုးသားရေးပြဿနာ

## စာပေရေးသားမှုစံနစ်

ကရင်အမျိုးသား စာပေလှုပ်ရှားမှုသည် ကရင့်လူ့အဖွဲ့အစည်းတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်သာသနာပြု လမ်းကြောင်းကြီးနှစ်ခုအပေါ်အခြေခံပြီး ပေါ်ပေါက်ခဲ့သည်။ ထိုသာသနာပြု လမ်းကြောင်းကြီးနှစ်ခု အပေါ်တွင်အခြေခံသည့် **ကရင်စာပေလှုပ်ရှားမှု၌ ကရင် စာပေရေးသားသောနည်းစံနစ်မှာ (၉)မျိုးထက် မနဲပင်ရှိခဲ့သည်။ ထိုစာရေးသားနည်း(၉)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။**

(၁) ဗုဒ္ဓ ဘာသာ အရှေ့ပိုး ကရင်စာ၊
(၂) ဦးနန္ဒမာလာ ပြုစုသော ကရင်စာ၊
(၃) မြိုင်သာယာဆရာတော်ပြုစုသော၊ ဗုဒ္ဓဘာသာ စကော ကရင်စာ၊
(၄) ဒူးဂကန်းဖြင့် ရေးသားထားသော၊ လိပ်ဆန်ဇေ့ ခေါ် ကြက်ယက်စာ၊
(၅) ဦးဘထွန်းတင် စီစဉ်ပြုပြင် ထားသော စကော ကရင်စာ၊
(၆) နှစ်ခြင်းဘာသာ စကောကရင်စာ၊
(၇) နှစ်ခြင်း ဘာသာ ပိုး ကရင်စာ၊
(၈) ဗရင်ဂျီဘာသာဝင် သံတောင် မြောက်ပိုင်း ကရင်စာ၊
(၉) ဗရင်ဂျီ ဘာသာဝင် ဖါပွန်နယ် စကော ကရင်စာ၊

အထက်ပါ စာရေးသားနည်း (၉)မျိုးသည် မွန် မြန်မာ အက္ခရာ ကို မှီ၍ ပေါင်းစပ်ထားသော စာရေးသားနည်း (၅)မျိုးနှင့် ရောမ ဒူးဂကန်းဖြင့် ရေးသားသော စာရေးနည်း(၄) မျိုးကိုဖြစ်ပေသည်။ ၎င်းကရင်မျိုးနွယ်စု၊ ပအိုဝ်း လူမျိုးစုတွင်လည်း ပအိုဝ်း စာရှိပေသည်။

## ဗုဒ္ဓဘာသာအရှေ့ပိုးကရင်စာ

အရှေ့ ပိုးကရင်စာပေ အက္ခရာ စံနစ်ကို မည်သည့်နှစ်တွင် စတင် တီထွင် ရေးသားခဲ့ကြောင်း တိတိကျကျ မသိရှိရပါ ။ တီထွင်ခဲ့သောပုဂ္ဂိုလ်များ အားလည်း မသိရှိရပါ။ ယင်း ပေစာ အက္ခရာ စံနစ်မှာ သံလွင်မြစ်ကမ်းမုတ္တမ ပင်လယ်ကွေ့ရှိ အရှေ့ ပိုးကရင် လောကတွင် ပြန့်ပွါးသည်။ ယင်း အက္ခရာဖြင့်ရေးသားထားသောစာပေ ကျမ်းဂန် ပေါင်းများသည်ကော်သူးလေ ပြည်နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် အမြောက် အများ ရှိလေသည်။ သင်ပုန်းကြီး နှင့် ကျောင်းသုံး စာအုပ်များလည်းထွက်ပေါ်နေ လေသည်။

ဗုဒ္ဓ ဘာသာဝင်အရှေ့ "ပိုး" ပိုးကရင် "ပေစာ" တွင် မူလ တီထွင်စဉ်က ဗျည်း (၃၇) လုံးနှင့် သရ(၁၄) လုံး အက္ခရာများ ပါဝင်သည်။ ပထမ အက္ခရာ (၃၅)လုံးမှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည ၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ ဝ၊ အ၊ ဿ) မွန် အက္ခရာအတိုင်း ရေးထုံးမပျက်ရေးဆွဲ၍ အသံထွက်အနည်း ငယ် ပြောင်းကာ သုံးစွဲထားသော် လည်း အသံမပြည့်စုံ၍ ဟ -ပ ထိုးနှင့် ဃ -ပ လို၊ ( ဃု၊ ပု ) ဗျည်းနှစ်ထပ်ဆင် အက္ခရာနှစ်လုံးကို တီထွင်ဖြည့်စွက်၍ အသုံးပြုထားသောကြောင့် ဗျည်း အက္ခရာ စုစုပေါင်း (၃၇) လုံး ရှိလေ သည်။

သရ အက္ခရာ (၁၄) လုံး အနက် (၁၂) လုံးကို မွန် သရများ အတိုင်း ---- —၊ —ါ၊ —ိ၊ —ီ၊ —ု၊ —ူ၊ ေ—၊ —ဲ၊ ေ—ါ၊ —၊ —ံ၊ —း

ရေးရိုးမပျက် အသံထွက်မပြောင်း ဘဲ သုံးထားပြီး သရ အက္ခရာသစ်နှစ်လုံး ( အို ၊ အို ) တို့ကို တီထွင် ဖြည့်စွက် သုံးစွဲ ထားသည်။

၁၉၆၅ ခုနှစ် တွင် တီထွင်သောကရင်စာပေ ဖေါ်ထုတ်ရေးကော်မီတီ (ဘားအံ) ကမူလပေစာသင်ပုန်းကြီးကို ပြုပြင်၍ ဖလုံ လိုက်ခေါင်ထိုက် **"ဖုံလိက်ခဝ်းထါ"** ကရင် အမျိုး သားသင်ပုန်းကြီးကို ပဌမအကြိမ် ထုတ်ဝေဖြန့်ချီသည်။ ကရင်သင်ပုန်း ကြီးမူသစ်တွင် မဗျည်းကိုဖြုတ်လိုက်သဖြင့်ဗျည်း (၃၆)လုံးနှင့် သရ (၁၄)လုံး သာ ပါဝင်သည်။ ဗျည်းအက္ခရာများ နှင့် မွန်ရေးထုံး င ရ ဆွဲ "ၚ"ကို ဖြုတ်၍ မြန်မာရေးနည်း အတိုင်း"င"ကိုသာ ရေးပြီး 'ဇ'ယပင့်(ဇျ) ကိုလည်းပြင် ဆင်ကာ မြန်မာရေးထုံး အတိုင်း'စ'ယပင့်(စျ ) သို့ ပြောင်းလဲအသုံးပြု ခဲ့သည်။ အက္ခရာစဉ်တွင်'အ'အက္ခရာ ကို ရှေ့မှရေးပြီး'ပ'နှင့်'ဗ'၏ကြားအသံ'ဝ'ဗျည်း အက္ခရာကို ရေးသည်။

## ဦးနန္ဒမာလာပြုစုသောကရင်စာ၊

ကော့ကရိတ်မြို့ မင်္ဂလာ ဇေယျ ကျောင်းမှ ဘုန်းတော်ကြီး ဦးနန္ဒမာလာသည် မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်၊ ခရာဇ်နှစ် ၁၉၃၁ ခုနှစ်တွင် ကျုံ ဒိုးရွာ မွေ့သုခကျောင်းတိုက်၌သီတင်းသုံးတော်မူစဉ် **ထီးဖိုးဂိန် ကျောင်းဒကာကြီး ဦးမင်းအောင်** လျှောက်ထားတောင်းပန်သဖြင့် မွန်-မြန်မာ ဗျည်း သရ များနှင့် **ဥရောပတိုက်သားများ၏ သရများကိုမှီး၍ ဗုဒ္ဓ ဘာသာ ကရင် သင်ပုန်းကြီး တစောင်ကို ရေးသားခဲ့သည်။** ယင်းဗုဒ္ဓဘာသာ ကရင် သင်ပုန်းကြီးတွင် ဗျည်း အက္ခရာ (၃၈)လုံး

နှင့် သရ အက္ခရာ (၂၁) လုံး ပါဝင်ပြီး ဗျည်း (၃၈)လုံးတွင် မွန်-မြန်မာ ဗျည်း အက္ခရာ (၃၄)လုံး။ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ၊ ဍ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ ဟ၊ ဠ၊ အ၊ ဝ၊) ကို ရေးထုံးမပျက် အသံဟောင်းအ တိုင်းထား၍ ရေးထုံးလည်းမတူ အသံလည်း ကွဲသော ဗျည်းသစ် (၄)လုံး (ဝ၊ ဟ့၊ ဇ၊ ဃ ) ကို ဖြည့်စွက်ထားသည်။

သရအက္ခရာ (၂၁) လုံးအနက် မွန်-မြန်မာအက္ခရာ အသံထွက်အတိုင်းထွက်ပြီး ရေးထုံးလည်းကွဲ သော သရ (၁၄)လုံး ([illegible]) နှင့် အသံလည်းကွဲ ရေးထုံးလည်း ကွဲသော သရ (၇) လုံး ([illegible]) ကို သုံးစွဲထားသည်။

ယင်းအက္ခရာ စံနစ်သင်ပုန်းကြီးကို မည်သည့် ခုနှစ်က ပဌမအကြိမ် ပုံနှိပ်သည်ကို မသိရှိရသော်လည်း မြန်မာသက္ကရာဇ်၁၃၀၃ ခုနှစ်၊ သီတင်းကျွတ် လ ၊ ခရာဇ် နှစ် ၁၉၄၂ ခုနှစ်၊ စက်တဘာလ (၂၀)ရက်နေ့တွင် မောင်တင်ဆန်း ပုံနှိပ်တိုက် မော်လမြိုင်မြို့တွင် ကော့ကရိတ်မြို့နယ်၊ အလယ်ရွာ မြေပိုင်ရှင် **ကျောင်းအမကြီး ဒေါ်စုနှင့် မြေးမြစ် တစုတို့ လှူဒါန်းသဖြင့် ဒုတိယအကြိမ်အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ခဲ့သည်။**

ယင်း အက္ခရာ များဖြင့် မင်္ဂလသုတ် ဘုရား တရား သံဃာ ဂုဏ်တော် သံပေါက်များကို ရေးသား ပုံနှိပ် ထုတ်ဝေခဲ့သည်။ **ယင်း အက္ခရာ စံနစ်ကို ကော့ကရိတ်နှင့် ကျုံဒိုးမြို့နယ်ရှိ ဗုဒ္ဓဘာသာ စကော ကရင် များ**




ပဌမဆုံးကရင်ဘာသာဖြင့်ထုပ်ဝေသော"မောနင်းစတား"သတင်းစာ

သည် စစ်ကြိုခေတ်က သုံးစွဲခဲ့ကြသည်။

## <u>ဒူးဂဏန်းဘာသာဖြင့် ရေးသားသော၊ လိပ်ဆန်ဇော့ ခေါ် ကြက်ယက်စာ၊</u>

ပိုး ကရင် လဲကယ် ဘာသာဝင်တို့ တည်ထွင် ခဲ့သော စာပေဖြစ်သည်။ လဲကယ် ဘာသာဝင်တို့သည် ဘုရား တရား ကိုကိုးကွယ်ကြပြီး သံဃာ ကိုမူ ကိုးကွယ်ခြင်း မပြုကြပေ။ **ယင်းတို့၏ ဘုရားမှာ အရိမေတ္တယျ ဘုရားလောင်း ဖြစ်ပြီး အရိယာဘုရား ဟုခေါ်သည်။** "လိပ်ဆန်ဇော့" ခေါ်ကြက်ယက်စာဖြင့် ရေးသားထား သည့် လဲကယ်ကျမ်းစာ ပေါင်း (၂၆) ကျမ်း ရှိပေသည်။ ယင်း ကျမ်း များကို တရားတော်အဖြစ် ကိုးကွယ်ကြသည် ရုပ်တု၊ ရုပ်ပွါး၊ စွယ်တော်၊ ဓါတ်တော် များနှင့် ပုထိုးတော်များကို ကိုးကွယ်ခြင်း မပြုကြပေ။ လဲ**ကယ်ဘာသာဝင် တို့၏ဌာနချုပ်တည်နေရာမှာ ကော်သူးလေ ပြည်နယ်၊** ဘားအံခရိုင်၊ **ဘား အံမြို့နယ်၊ နှစ်ခြားရွာ** ဖြစ်လေသည်။

လဲကယ် ဘာသာ 'လိပ်ဆန် ဇော့သင်ပုန်းကြီး ကို' ဘားအံခရိုင် ဘားအံမြို့နယ် နှစ်ခြား ကျေးရွာနေ ဦးမောင်ယိုင် ဆိုသူ ပုဂ္ဂိုလ်ကြီးက မြန်မာသက္ကရာဇ် ၁၂၀၇ ခုနှစ်၊ ခရာဇ် နှစ် ၁၈၄၆ခုနှစ်တွင် ဘားအံမြို့နယ် ဖွဲကပင်တောင်ခြေရှိ အထက်ရေဟံ ခွန်ကျောင်းတွင် သွားရောက် ပြုစုခဲ့သည်။ မြန်မာ သက္ကရာဇ် ၁၂၂၂ ခုနှစ် ခရစ်နှစ် ၁၈၆၁ခုနှစ်တွင် နှစ်ခြား ကျေးရွာ၌ လဲကယ် ဘာသာဝင် ခေါင်းဆောင်"ဖိမိုက်ကာလီ"က လဲကယ်ဘာသာဝင်တို့၏ ကျမ်းဦးအစ "ပါရက်ရိန်"ကျမ်းကို လဲကယ်ဘာသာ "လိပ်ဆန်ဇော့"စာပေဖြင့် ပုရပိုက်ပေါ်တွင် ပဌမဦး ဆုံးအကြိမ်စတင်ရေးသား ပြုစုခဲ့သည်။

ယင်းသင်ပုန်းကြီးကို မြန်မာပြည်လုံးဆိုင်ရာ နှစ်ခြင်းခရစ်ယာန် အစည်းအဝေးကြီး၏ အတွင်းရေးမှူးချုပ် "ပိုး"ကရင်အမျိုးသား **ဆရာ စဝေး** က မွမ်းမံပြုပြင်၍ **လဲကယ် ပိုး ကရင် သင်ပုန်းကြီး အမည်ဖြင့် ၁၉၅၈ ခုနှစ်တွင် ပိုး ကရင်ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည်။** ၁၉၆၃-၆၄ခုနှစ်တွင် ကော်သူးလေ ဦးစီးအဖွဲ့ ယဉ်ကျေးမှုဌာနမှ ငွေကြေးထောက်ပံ့၍ ဘားအံခရိုင် ဒုံရင်းတိုက်နယ်ကော့လုံးစိန်ရွာနေ**ဆရာစိန်ရွှေ**က မွမ်းမံရေးသားပြုစုကာ **"ကရင်စာ"** အမည်ဖြင့် ပုံနှိပ်ထုတ်ဝေသည်။

လဲကယ် စာပေတွင် ဗျည်း

# ကရင်လူမျိုးတို့၏ စာပေရေးသားမှုဆိုင်ရာနည်းစံနစ်များ

ဗုဒ္ဓဘာသာ အရှေ့ (ပိုး) ကရင် တို့၏ ပေစာသင်ပုန်းကြီး
ဗျည်း (၃၇) လုံး ပုံစံ

| အက္ခရာပုံစံ | က | ခ | ဂ | ဃ | င |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ဂ | ဃ | င |
| | စ | ဆ | ဇ | ဈ | ည |
| | ကျ | ချ | ဂျ | ဃျ | ည |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | တ | ထ | ဒ | ဓ | န |
| | တ | ထ | ဒ | ဓ | န |
| | ပ | ဖ | ဗ | ဘ | မ |
| | ပ | ဖ | ဗ | ဘ | မ |
| | ယ | ရ | လ | ဝ | သ |
| | ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | ⊙ | အ | ၯ |
| | ဟ | ဠ | ပု–ဗ ကြားသံ | အ | မယ် |
| | ဟ္ဒ | ဃှ | | | |
| | ဟ်(ဖ်) | ဉ်(ဟ်) | | | |

သရ (၁၄)လုံး ပုံစံ



ဦးနန္ဒမာလာစီရင်ရေးသော ဗုဒ္ဓဘာသာ ကရင်သင်ပုန်းကြီး
ဗျည်း (၃၈) လုံး ပုံစံ

| အက္ခရာပုံစံ | က | ခ | ဂ | ဃ | င |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ဂ | ဃ | င |
| | စ | ဆ | ဇ | ဈ | ည |
| | စ | ဆ | ဇ | ဈ | ည |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | တ | ထ | ဒ | ဓ | န |
| | တ | ထ | ဒ | ဓ | န |
| | ပ | ဖ | ဗ | ဘ | မ |
| | ပ | ဖ | ဗ | ဘ | မ |
| | ယ | ရ | လ | ဝ | သ |
| | ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | ⊙ | ၛ |
| | ဟ | ဠ | အ | ပု–ဗ ကြားသံ | |
| | ဟ္ဒ | ၡ | ဃ | | |
| | | | | | |

အက္ခရာဟောင်းနှင့် အသံတူ အက္ခရာကွဲ
သရ (၁၄) လုံး ပုံစံ



အသံလည်းကွဲ အက္ခရာလည်းကွဲ
သရ (၇) လုံး ပုံစံ



ဗုဒ္ဓဘာသာဝင်အရှေ့ ရှ(ပိုး) ကရင်တို့၏ ပြုပြင်စီစစ်ထားသော
ပေစာသင်ပုန်းကြီး ဗျည်း (၃၆) လုံးပုံစံ

| အက္ခရာပုံစံ | က | ခ | ဂ | ဃ | င |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ဂ | ဃ | င |
| | စ | ဆ | ဇ | ဈ | ည |
| | ကျ | ချ | ဂျ | ဃျ | ည |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | တ | ထ | ဒ | ဓ | န |
| | တ | ထ | ဒ | ဓ | န |
| | ပ | ဖ | ဗ | ဘ | မ |
| | ပ | ဖ | ဗ | ဘ | မ |
| | ယ | ရ | လ | ဝ | သ |
| | ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | ⊙ | ဟ္ဒ |
| | ဟ | ဠ | အ | ပု–ဗ ကြားသံ | ဟ်(ဖ်) |
| | ဃှ | | | | |
| | ဉ်(ဟ်) | | | | |

သရ (၁၄) လုံးပုံစံ

| အက္ခရာပုံစံ | အ | အာ | ဣ | ဤ | ဥ | ဦ | ဧ |
|---|---|---|---|---|---|---|---|
| မြန်မာအသံထွက် | အ | အာ | အိ | အီ | အု | အူ | အေ |
| | အဲ | ဩ | ဪ | အုံ | အို | အံ | အး |
| | အဲ | အော | အော် | အယ်(အော်) | အွ(အို) | အံ | အား |

(၂၅)လုံးနှင့် သရအက္ခရာ (၁၂)လုံးပါ ရှိသည်။ ဗျည်း သရ တို့ကို စိတ်လျှင် ဗျည်း အက္ခရာ (၁၈)လုံးမှာ ကမ္ဘည်းကျောက်စာ ဒူးဂဏန်း ရေးဖတ်နည်းအတိုင်း "အစ်ကိုကား က ( >=က ) ဒွေးကို ခထည့် ( l =ခ)၊ င ကားကြိန် ( / = င )၊ စယ= စယူ ( ᴎ= စ )၊ ဆ မှ ပဋ္ဌ ( 7=ဆ )၊ သောကို 'ည' တည်း ( ∠ = ည )၊ သတ္တ 'တ' ယူ ( ꓘ= တ )၊ အဌ်မှုကား 'ထ' ( ∧ = ထ ) နောကို 'န' တ( L =န )၊ အစ် ကို နှစ် ဖေါ် 'ပ' လျှင် ခေါ်လော့ ( Ʒ =ပ )၊ ဒွေးသောနှစ်ခု 'ဖ' ကိုရှုလော့( // = ဖ ) သုံးခု နှစ်ပါး 'မ' လျှင်ထား ( ≺ =မ )၊ 'ယ' ကားဇလ နှစ်ဖေါ်ပြလျှက်( ≤ = ယ )၊ ပဥ္စနှစ်ဖေါ် 'ရ' ဟုခေါ် ( ʑ = ရ ) နှစ်ဆင့်သောမှု 'လ' လျှင်ယူ( ɛ =လ ) သတ္တနှစ်ပါး 'ဝ' ကိုထား ( ɑ = ဝ )၊ ယှစ်ကား 'သ' ကို နှစ်ထပ်ဆို ( ꭓ = သ )၊ 'အ' ကား ကြက်ခြေ( X = အ ) ဟု အသီးသီးသုံးစွဲထား ပေသည်။

ဗျည်း ဇလုံးမှာ ကဗျည်းကျောက်စာ၊ ဒူးဂဏန်းစာ ရေးနည်းအတိုင်းရေး၍ ( ꞔ )ကို အသံထွက်ရာတွင် ခ်(ဟ်) ဟု ထွက်သည်။ မြန်မာ ဗျည်း နှစ်ထပ်ဆင့် 'ရှ' ကို ရေးထုံး အနည်းပြောင်း၍ မူလ အသံထွက် အတိုင်း ဗျည်းအက္ခရာ တလုံး ၊ မွန်အက္ခရာ ( ⊙ ) ကို ရေးထုံးမပျက် မူလ အသံထွက်မပြောင်းဘဲ သုံးစွဲထားသည်။ မြန်မာအက္ခရာအောက်ချိုက် ( ခ )ကိုမူလ အသံထွက်အတိုင်း ရေးထုံး အနည်းငယ် ပြောင်းထားသော ( ခ ) ဗျည်း အက္ခရာများ စုစုပေါင်း (၂၂) လုံးနှင့် လဲကယ်ဘာသာဝင်တို့၏ ကိုယ်ပိုင်တည်ထွင်ထားသော အထိမ်းအမှတ်နှင့် ဗျည်းအက္ခရာ ( ⌣ ၊ ∩ ၊ ⋈ ၊ ) သုံးလုံး ၊ စုစုပေါင်း (၂၅)လုံးဖြစ်လေသည်။

သရ (၁၂) လုံးအနက် သရအက္ခရာ (၅)လုံးမှ ကမ္ဘည်းကျောက်စာကို ဒူးဂဏန်းရေးနည်း ဖတ်နည်းအတိုင်း လုံးကြီး နှစ်တင်( ⌐ =ိ )၊ သုံး လျှင် ဆန်ခတ် ( -z= ီ )၊ တချောင်းငင်မှု လေးလျှင်အမြဲ အောက်က ဆွဲလော့ ( ꭓ = ု )၊ အကွဲနှစ်ချောင်း ၊ ငင်ပြောင်းယှောင်းမှု ဝါးဆွဲမှု၍ ( ʓ = ူ )၊ ခြောက်မှု သဝေ ( ေ- = ေ ) အတိုင်း သုံးစွဲထားသည်။လဲကယ်ဘာသာဝင်တို့၏"လိပ်ဆန်ဇေ့"စာရေး နည်းဟု ဆိုရသည်ထက် ယင်းသင်ပုန်းကြီးသည် ကမ္ဘည်းကျောက်စာ ဒူးဂဏန်းစာရေးနည်းဖတ်နည်းသာ ဖြစ်မည်ဟု အချို့က ဆယူကြသည်။

## ဘထွန်းတင် စီစဉ်ပြုပြင်ထားသောစကောကာရင်စာ၊

ဒေါက်တာ ဂျိုနသန်ဝိတ်သည် ၁၈၃၂ ခုနှစ်က တီထွင်ရေးသားသော စကောကရင် သင်ပုန်းကြီးပေါ်တွင်မှီး၍ စကောကရင် သင်ပုန်းကြီး အမည်ဖြင့် စကော ကရင် သင်ပုန်းကြီး မူသစ်တရပ်ကို ဘီလူးကျွန်း အပိုင်ကာမနင်းရွာနေ ဆရာထွန်းမြ စီစဉ်ရေးသား၍ ကရင်ရေးရာ ပညာရေးအရာရှိချုပ်ဟောင်းဘထွန်းတင် စီစဉ်ပြုပြင်ကာ အမှတ် ၅၁၅/၉ ၊ အောက် ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့နေ၊ နော်ဖိုးမှင်က ၁၉၅၁ ခုနှစ်တွင် ရိုက်နှိပ်ခဲ့သည့် စကောကရင် သင်ပုန်းကြီးသည် ဗျည်းသစ် 'ဇ' တလုံးတိုးလာ သဖြင့် ဗျည်းပေါင်း (၂၆)လုံးဖြစ်လာသည်။

က = K၊ ခ = Kk၊ ဂ =G၊ ဃ = X ၊ င = Ng ၊ စ = S ၊ ဆ = Ss ၊ ရှ = Sh ၊ ည = Ny ၊ တ = T၊ ထ= Tt ၊ ဒ = D ၊ န = N ၊ ပ = P ၊ ဖ = Pp ၊ ဘ = B ၊ မ = M ၊ ယ = Y ၊ ရ = R ၊ လ = L ၊ ဝ = W ၊ သ = Th၊ ဟ = H ၊ အ =A၊ ဗ = V ၊ ဇ = Z၊ ဗျည်း (၂၆) လုံးတို့ဖြစ်၏။

သရ (၉) လုံးမှာ ါ = a ၊ ိ = i၊ ါ် = er ၊ ု = u ၊ ူ = uu ၊ ေ = e ၊ ဲ = ei ၊ ို =o ၊ ိုး = ou ၊ တို့ဖြစ်သည်။

ဦးဘထွန်းတင် ၏ကရင်သင်ပုန်းကြီးမှ ရောမ အက္ခရာ ဗျည်း သရများသို့ ပြောင်းလဲတည်ထွင်ရခြင်း ၏ ရည်ရွယ်ချက်မှာ ကရင် စာပေ ကို အင်္ဂလိပ် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်နိုင်ရန်နှင့် ယိုးဒယားပြည် ဘက်ရှိ ကရင်များပါ အသုံး ပြုနိုင်ရန် ဖြစ်သည်ဟု ဆိုကြသည်။ ထိုစကောကရင်သင်ပုန်းကြီးကို မြန်မာနိုင်ငံ ပညာရေး ဌာနမှ စာအမှတ်–၄၀၇၉–၁၆ Sx 5 , ၊ ရက်စွဲ၊ ၁၂၊ ၁၁၊ ၅၁ အရ ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရေးကော်မီတီအတွင်းရေးမှူး ဗိုလ်မှူး ဘရှင် လက်မှတ်ဖြင့် ကျောင်းသုံးစာအုပ် အဖြစ် လက်ခံအတည်ပြု ခဲ့သည်။ သို့သော် လူသုံးနည်း၍ မအောင်မြင်ခဲ့ပေ။

## နှစ်ခြင်းစကောကာရင် သင်ပုန်းကြီး

၁၈၃၂ခုနှစ်တွင် အမေရိကန် နှစ်ခြင်း သာသနာပြု ဒေါက်တာ ဂျိုနသန်ဝိတ် သည်၊ စကော ကရင် ဘာသာ ဖြင့် ခရစ်ယာန် ကျမ်းစာများကို ရေးသားဖြန့်ချိနိုင်ရန် မြန်မာအက္ခရာများကို မှီး၍ စကော ကရင် စာရေးသားသည့် နည်းစံနစ်ကို တီထွင်ခဲ့ပေသည်။ ဒေါက်တာဂျိုနသန်ဝိတ် တီထွင်ခဲ့သော နှစ်ခြင်း စကော ကရင် သင်ပုန်း ကြီးတွင် **ဗျည်း (၂၅)လုံးနှင့် သရ (၉) လုံး** ပါ ဝင်ပေသည်။ ဗျည်း (၂၅) လုံးမှာ မူလ အသံထွက်အတိုင်း သုံးစွဲထားသည်။

၎င်းတို့မှာ က ၊ ခ ၊ င ၊ စ ၊ ဆ ၊ ည ၊ တ ၊ ထ ၊ ဒ ၊ န ၊ ပ ၊ ဖ ၊ ဘ ၊ မ ၊ ယ ၊ ရ ၊ လ ၊ ဝ ၊ သ ၊ ဟ ၊ အ ၊ တို့အပြင် ရေးထုံးမပျက် အသံထွက် ပြောင်း၍ သုံးထားသော

# ကရင်လူမျိုးတို့၏စာပေရေးသားမှုဆိုင်ရာနည်းစံနစ်များ

လဲကယ်ပိုးကရင်သင်ပုန်းကြီးလိပ်ဆန်ဝေ့စာပေ
ဗျည်း (၂၅)လုံး ပုံစံ



သရ (၁၂) လုံး ပုံစံ



ဒေါက်တာဂျိုနသန်ဝိတ်ထီထွင်သောရှိ(ပိုး)ကရင်သင်ပုန်းကြီး
ဗျည်း(၂၆)လုံးပုံစံ



သရ(၁၀) လုံးပုံစံ



စောဘထွန်းတင် စီစဉ်ရေးသားသောစဝ့ော်(စကော)ကရင်
ရောမအက္ခရာသင်ပုန်းကြီး ဗျည်း (၂၆) လုံး ပုံစံ

| အက္ခရာ ပုံစံ | K | Kk | G | X | Ng |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ခ်(ဟ်) | ဟ်(အ်) | င |
| | S | Ss | Sh | Ny | T |
| | စ | ဆ | ရှ | ဉ | တ |
| | Tt | D | N | P | Pp |
| | ထ | ဒ | န | ပ | ဖ |
| | B | M | Y | R | L |
| | ဘ | မ | ယ | ရ | လ |
| | W | Th | H | A | V |
| | ဝ | သ | ဟ | အ | အွာ |
| | Z | | | | |
| | ဇ | | | | |

သရ (၉) လုံး

| အက္ခရာ ပုံစံ | a | i | er | u | uu | e | ei | o | ou |
|---|---|---|---|---|---|---|---|---|---|
| မြန်မာအသံထွက် | အား | အီး | [illegible] | [illegible] | အူး | အေး | အဲ | အိုး | အော် |

၁၈၄၄ခုနှစ်တွင် ဒေါက်တာ ဘရေတန် တီထွင်သော
ရှိ (ပိုး) ကရင် သင်ပုန်းကြီး
ဗျည်း (၂၆) လုံးပုံစံ



သရ (၁၀) လုံးပုံစံ





နိုင်ငံသစ်

( ဂ ၊ ဃ ) မြန်မာ အက္ခရာနှစ်လုံး၊ ရေးထုံးမ ပျက် အသံထွက် ပြောင်း၍ ဗျည်း အက္ခရာ အဖြစ် ယူထားသော မြန်မာ သရ ( ေ )တလုံးရေးထုံးမပျက် မူလ အသံထွက် အတိုင်း ရေးထားသော မြန်မာဗျည်း နှစ်ထပ်ဆင့် (ၡ)တလုံးဟူ၍ ဗျည်း အက္ခရာပေါင်း (၂၅) လုံး ဖြစ်သည်။

သရ( ၉ )လုံးမှာ —ါ ၊ —ံ ၊ —ဲ ၊ —ု ၊ —ူ ၊ —ွ ၊ — ၊ —ိ ၊ —ီ ၊ တို့ဖြစ်သည်။

## နှစ်ခြင်းပိုးကရင်သင်ပုန်းကြီး

ဒေါက်တာ ဂျိုနသန်ဝိတ် သည် စကောကရင် သင်ပုန်းကြီး ကို တီထွင် ပြီးနောက် ပိုး ကရင် သင်ပုန်းကြီးကိုဗျည်း(၂၆)လုံးနှင့်သရ အက္ခရာ (၁၀)လုံးတို့ဖြင့် တီထွင်ပေးခဲ့သည်။ မြန်မာဗျည်း(၁၀)လုံး (ခ ၊ င ၊ စ ၊ ဇ ၊ ဓ ၊ ပ ၊ ဖ ၊ မ ၊ ရ ၊ ဝ) ရေးထုံး နှင့် မူလအသံထွက်အတိုင်း သုံးထား ပြီး ( ဂ ၊ ဃ ၊ ဒ) ဗျည်း ( ၃ ) လုံးကို ရေးထုံးမပျက် အသံထွက် ပြောင်း၍ ၎င်း မြန်မာ ဗျည်း"သ"ကို ထက်ပိုင်းဖြတ် ( ၁ )ကို 'သ'အသံယူ၍ ၎င်း မြန်မာ သင်္ကေတ "ရှစ်" ကို ( ၈) အသံထွက် တလုံး ၊ ခေါ်မ၊ ရောမ ၊ မကွဲပြားသော ဗျည်း ( ၁၁ )လုံး(ᥛ , I , , ɓ , ꩻ , ၎ , ꩰ , ၜ , ၓ , , ꩡ , ꩢ , ၯ ,) စုစုပေါင်း ဗျည်း (၂၆) လုံးဖြစ်သည်။

သရ (၁၀)လုံးမှာ( ꩧ ၊ ꩨ ၊ ꩩ ၊ ꩪ ၊ ꩫ ၊ ꩬ ၊ ꩭ ၊ ꩮ ၊ ꩯ ၊ ꩲ )တို့ဖြစ်သည်။ ထိုသင်ပုန်းကြီးမှာ ရေးရာ ၊ ဖတ်ရာ ၊ မှတ်ရာတွင် မလွယ်ကူသဖြင့် ဒေါက်တာ ဘရေတန်က ပြန်လည် ပြုစု ရေးသားခဲ့သည်။

## နှစ်ခြင်းဘာသာ 'ပိုး' တရင်စာ

ဒေါက်တာ ဂျိုနသန်ဝိတ် ၏ တီထွင်မှုကို မနှစ်မြိုက် သောကြောင့် ၁၉၈၂ ခုနှစ်တွင် ဒေါက်တာဘရေတန် က၊ မြန်မာဗျည်း အက္ခရာများပေါ်တွင်'လုံးဝ'မှီး၍ ပိုးကရင်သင်ပုန်းကြီး မူသစ်တခုကို ပြန်လည်ပြုစု ရေးသား ခဲ့သည်။

ဒေါက်တာ ဘရေတန် ပြုစုသော ပိုးကရင် သင်ပုန်းကြီးတွင်ဗျည်း (၂၆ ) လုံးနှင့် သရ (၁၀) လုံး ပါဝင်သည်။ ဗျည်း (၂၆)လုံးအနက် မြန်မာဗျည်း( က ၊ ခ ၊ ဂ ၊ င ၊ စ ၊ ဆ ၊ ဇ ၊ တ ၊ ထ ၊ ဒ ၊ န ၊ ပ ၊ ဖ ၊ ဘ ၊ မ ၊ ယ ၊ ရ ၊ လ ၊ ဝ ၊ ဟ ၊ အ ၊ ) (၂၁) လုံးကို **ရေးထုံးမပျက် အသံထွက် အနည်းငယ် ပြောင်းထားသည်။ မြန်မာ ဗျည်း 'နှစ်ထပ်ဆင့်' ( ၡ ၊ ၦ ) နှစ်လုံး မြန်မာ ဗျည်း'သ'ကိုထက်ပိုင်းဖြတ် (၁)ရေးပြီး မူလ အသံထွက် အတိုင်း တလုံး ( ၑ )** အရေးမှတ်ကို မူလရေး ထုံးမပျက် အသံထွက်ပြောင်း၍တလုံး၊ မြန်မာသရ **( ေ )** ကို ဗျည်းအဖြစ် ပြောင်းလဲသုံးစွဲထားသော အက္ခရာတလုံး၊ ဗျည်း အက္ခရာ စုစုပေါင်း (၂၆)လုံးဖြစ်သည်။

သရ (၁၀) လုံး အနက် ဒေါက်တာဂျိုနသန်ဝိတ် တည်ထွင်ခဲ့သော သရ အက္ခရာ( **b, j**)ကို ချန်လှပ်၍ ကျန်သရတလုံးကို ထုတ်ပါယ်ကာ အက္ခရာသစ် ရှစ်လုံးကို အစားထိုးသုံးစွဲခဲ့ သည်။ ထိုအက္ခရာ (ဂ ) လုံးမှာ၊ ( ၊ —ါ ၊ —ံ ၊ —့ ၊ —ဲ ၊ ၊ —ု ၊ —ူ ၊ —ိ ၊ —ီ ၊ )တို့ဖြစ်သည်။

ဒေါက်တာ ဘရေတန် ရေးသားသော ပိုးကရင် သင်ပုန်းကြီး မူသစ်၌ ပဌမတွင် 'ည' မပါဝင်ခဲ့ချေ။ "ည"အသံထွက်ကို ရေးသည့် အခါ နငယ်ကို ယပင့်လက်ဆွဲ၍ ( နျ )ကို အသုံးပြုသည်။ နောက်ပိုင်းတွင်' ည 'ကို မူလရေးထုံးနှင့် အသံထွက်ပေါင်းထည့်ပြီး အသုံးပြုလာဖြင့် ဗျည်း (၂၇) လုံးဖြစ်လာသည်။ ဤသို့ဖြင့် လက်ရှိအသုံးပြုသော ပိုးကရင်သင် ပုန်းကြီးစာကို ရရှိသည်။

## ဗရင်ဂျီစကောကရင် သင်ပုန်းကြီး

ဖါပွန်နယ် ဗရင်ဂျီဘာသာဝင် စကောကရင်များနှင့် ယိုးဒယားပြည်ဘက်ရှိ ကရင်များအတွက် ရည် ရွယ်၍ 'စိန့်သရီဘာကကိသရစ် 'မူလတန်းကျောင်းဖါပွန်မှ ပြင်သစ်လူမျိုး အက်ဒဝတ်ကဲမင်း နှင့် ဗရင်ဂျီ ဘာသာဝင် စကောကရင် အမျိုးသားဆရာကျော်စိန်တို့က ရောမအက္ခရာများကို အသုံးပြု၍ စကောကရင် သင်ပုန်းကြီး တစောင်ကို တီထွင်ရေးသား ပြုစုခဲ့သည်ဟုဆိုသည်။ ယိုးဒယား နိုင်ငံဘန်ကောက်မြို့ကြက်ရီရင်ဟော်တယ်ရိပ်သာရှိ 'အဆမ်းရှင်း' ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍အယ်စ်ဂိုချီးရီစန်ဆိုသူက ၁၉၅၄ ခုနှစ် စက်တင်ဘာလ (၁၂) ရက်နေ့တွင် ပဌမအကြိမ် တာဝန်ခံထုတ်ဝေလေသည်။ ယင်းသင်ပုန်းကြီးတွင် **ဗျည်း အက္ခရာ(၂၀)လုံးနှင့်သရ အက္ခရာ (၉) လုံးပါဝင်သည်။**

**ဗျည်း များမှာ( b , c , d , f , g , h , j , k , ,l . m , p , q , r , s , t , v , w , x , y , z,) တို့ဖြစ်ပြီး သရများမှာ ( a , e , i , o , u , ai , au, ei , oo , ) တို့ဖြစ်ကြသည်။**

ယင်း အက္ခရာဖြင့် ပဌမတန်းမှ မူလတန်းအထိ ကျောင်းသုံးစာအုပ် အဖြစ် ရိုက်နှိပ် ထုတ်ဝေ၍ ၁၉၅၄ခုနှစ်မှ အစပြုပြီးလျှင် ဖါပွန်မြို့ စိန့်သရီဆာမူလတန်း ကျောင်း တွင် သင်ကြား ပို့ချသည်။ ယင်း အက္ခရာ စံနစ်ဖြင့် စာပေသင်ကြားမှုမှာ အောင်မြင်မှု မရရှိသဖြင့် ဒုတိယတန်း အထိသာသင်

# ကရင်လူမျိုးတို့၏စာပေရေးသားမှုဆိုင်ရာနည်းစံနစ်များ

ယနေ့သုံး ရှိ(ပိုး)ကရင် သင်ပုန်းကြီး
ဗျည်း (၂၇)လုံး ပုံးစံ

| အက္ခရာ ပုံစံ | က | ခ | ဂ | ဃ | င |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ဂ်(ဟ်) | ဟ်(အ်) | င |
| | စ | ဆ | ၡ | ည | ၡ |
| | စ | ဆ | ၡ | ည | ၡ |
| | တ | ထ | ဒ | န | ပ |
| | တ | ထ | တ–ဒ ကြား သံ | န | ပ |
| | ဖ | ဘ | မ | ယ | ရ |
| | ဖ | ဗ–ဘ ကြား သံ | မ | ယ | ရ |
| | လ | ဝ | သ | ဟ | အ |
| | လ | ဝ | သ | ဟ | အ |
| | ၦ | ၯ | | | |
| | ယ(ဟ်) | ဂါ | | | |

သရ (၁၀)လုံး ပုံစံ

| အက္ခရာ ပုံစံ | ါ | ံ | ့ | ဲ | ၢ | ၣ် | ု | ူ | ိ | ီ |
|---|---|---|---|---|---|---|---|---|---|---|
| မြန်မာအသံထွက် | အား | အီ | အေ | အဲ | အို (အော) | အံ | အု | အူ | အို | အေါ် |

ဖာပွန်နယ် ဗရင်ဂျီ ဘုန်းတော်ကြီး ကဲလ်မင်း တီထွင်သော
စဝှည် (စကောဒီသံ)ကရင် ဓမအက္ခရာ ၂၀ လုံးပုံစံ

| | | | | |
|---|---|---|---|---|
| b | c | d | f | g |
| h | k | l | m | n |
| p | q | r | s | t |
| v | w | x | y | z |

သရ (၉)လုံးပုံစံ

| | | | | |
|---|---|---|---|---|
| a | e | i | o | u |
| ai | au | ei | oo | |

၁၈၃၂ခုနှစ် ဒေါက်တာ ဂျုံနသန်ဝတ် စီစဉ်သော
စဝှ်(စကော်)ကရင် သင်ပုန်းကြီး
ဗျည်း ၂၅လုံး ပုံစံ

| အက္ခရာ ပုံစံ | က | ခ | ဂ | ဃ | င |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ဂ်(ဟ်) | ဟ်(အ်) | င |
| | စ | ဆ | ၡ | ည | တ |
| | စ | ဆ | ၡ | ည | တ |
| | ထ | ဒ | န | ပ | ဖ |
| | ထ | တ–ဒ ကြား သံ | န | ပ | ဖ |
| | ဘ | မ | ယ | ရ | လ |
| | ဘ | မ | ယ | ရ | လ |
| | ဝ | သ | ဟ | အ | ၦ |
| | ဝ | သ | ဟ | အ | ယှာ–ဟျာ ကြား သံ |

သရ (၉)လုံး ပုံစံ

| အက္ခရာ ပုံစံ | ါ | ံ | ့ | ၢ | ၢ | ဲ | ၣ် | ိ | ီ |
|---|---|---|---|---|---|---|---|---|---|
| မြန်မာအသံထွက် | အား | အီး | အဲ(ပ) ကြားသံ | အူး | အုး ကြားသံ | အေ | အဲ | အို | အော |

မွန်သင်ပုန်းကြီး

| အက္ခရာ ပုံစံ | က | ခ | ဂ | ဃ | ၚ |
|---|---|---|---|---|---|
| မြန်မာအသံထွက် | က | ခ | ဂယ် | ခယ် | ငယ် |
| | စ | ဆ | ဇ | ဈ | ည |
| | ကျ | ချ | ချယ် | ချယ် | ညယ် |
| | ဍ | ဋ | ဍ | ဎ | ဏ |
| | ဍ | ဋ | ဍယ် | ထယ် | ဏ |
| | တ | ထ | ဒ | ဓ | န |
| | တ | ထ | ဒယ် | ထယ် | နယ် |
| | ပ | ဖ | ဗ | ဘ | မ |
| | ပ | ဖ | ဗယ် | ပယ် | မယ် |
| | ယ | ရ | လ | ဝ | သ |
| | ယယ် | ရယ် | လယ် | ဝယ် | ၐ |
| | ဟ | ဠ | ၀ | အ | ၛ |
| | ဟ | ဠ | ဗ | အ | ဗယ် |

သရ (၁၂)လုံး ပုံစံ

| အက္ခရာ ပုံစံ | အ | အာ | ဣ | ဣ | ဥ | ဥ |
|---|---|---|---|---|---|---|
| မြန်မာအသံထွက် | အ | အာ | အိ | အီ | အု | အူ |
| | ဧ | အဲ | ဩ | အံ | အး | အား |
| | ဒေ | အဲ | ဒေါ | ဒေါ် | အုံ | အား |

ကြား ပေးနိုင်ခဲ့ သည်။

## လီဆောဝ့်ပုံပြင်

ကရင်လူမျိုးတို့၏ စာပေရေးသားမှုသည် ခရစ်ယန်နှင့် ဗုဒ္ဓသာသနာအခြေခံပေါ်တွင် တီထွင်အသုံးပြုခဲ့သော်လည်း ထိုသာသနာ နှစ်ရပ်စလုံးက အသုံးပြုသော နည်းစံနစ်တို့ထက် ပိုမိုရှေးကျသော စာရေးသားသည့် နည်းစံနစ်များလည်း ရှိသေးသည်ဟု အချို့က ယုံကြည်နေကြဆဲဖြစ်သည်။ ထိုရှေးအကျဆုံးသော စာပေမှာကြက်ယက်စာ သို့မ ဟုတ် "လိပ်ဆန်ဇော့" ဖြစ်သည်ဟု ဆိုကြသည်။ (လဲကယ် ☐ ကက်ယက်စာမဟုတ်ပါ)။ သို့သော် ထိုရှေး အကျ ဆုံးသော စာကား မည်သည့် ခေတ်က စတင်ခဲ့သည်ဂိ မည်သူမျှ ဖော်ပြနိုင်စွမ်းမရှိ သေးချေ။ ကရင်စာပေရေး သားမှုနှင့်ပါတ်သက်၍ ဒဏ္ဍာရီဆန်သော ပုံပြင်များကို၊ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့၊ ယနေ့ထက်တိုင် တနေရာတမျိုးစီ ပြောနေကြဆဲဖြစ်သည်။ ပုံပြင်တခုမှာ ရှေးအခါက ကရင်နှင့် မျက်နှာဖြူလူမျိုးတို့မှာ ညီအကိုတော်စပ်ကြ၍ ကရင်မှာ အကိုကြီးဖြစ်ပြီး မျက်နှာဖြူမှာ ညီငယ်ဖြစ်သည်ဟုဆိုသည်။ အခြားသော မောင်နှမများလည်းရှိသေးသည်။ ကရင်အကိုကြီးသည် အလုပ်ကို အလွန်ကြိုးစားပြီး၊ မိုးလင်းမိုးချုပ်အထိ တောင်ယာထဲ၌ အချိန်ကုန် အလုပ်ကြိုးပမ်း၍သာနေသည်။ တနေ့တွင်ဘခင်သည် မိမိခရီးမထွက်မီ သားသမီးများအား တွေ့ဆုံရန် စုဝေးစေလေသည်။ ရပ်ဝေးမှ ညီအကိုများ အစုံအညီလာကြသည်။ အကိုကြီးကရင်မှာ အလုပ်ကိုသာကြိုးပမ်းနေ၍ ဖခင်ထံသို့ အချိန်မီလာရန် ပျက်ကွက်နေလေသည်။ ဘခင်သည်နှစ်ကြိမ်မျှ လူလွှတ်၍ခေါ်သော်လည်း အကိုကြီးသည် အလုပ်ကို လက်စသိမ်းရန် ကြိုးပမ်းနေမြဲဖြစ်သည်။ ဖခင်မှာစိတ်မရှည်တော့သဖြင့် အကိုကြီးအား မစောင့်တော့ဘဲ၊သားများအား ဩဝါဒပေး၍ အလွန်အရေးတကြီးသိမ်းစည်း ထားသော၊ အမွေပစ္စည်းများကို ဝေငှလေသည်။ ထိုဝေငှသော ပစ္စည်းများနက်၊ အကိုကြီးအား ရွှေစာအုပ်၊ ညီငယ်မျက်နှာဖြူအား ငွေစာအုပ်၊ကျန်သားရေစာအုပ်ကိုအခြားညီ တဦး အားအသီးသီး အမွေပေးခဲ့သည်။ ညီငယ်မျက်နှာဖြူသည် အကိုကြီး ရောက်မလာနိုင်၍ အကိုကြီး၏ ရွှေ စာအုပ်ကို မိမိ တာဝန်ယူ သွားရောက်ပေးမည်ဟု ဂတိပြုပြီး ထွက်ခဲ့လေသည်။ ညီငယ် မျက်နှာဖြူ သည် စင်စစ်အကိုကြီး၏ ရွှေစာအုပ်ကို မြင်ကတည်းက 'အလွန်'တတ်မက် နေသည်ဟုဆို၏။ထို့ကြောင့်လမ်း၌ လာစဉ် အကြံတစ်ခုပေါ်ပြီး အကိုကြီးအား ပေးရမည့် ရွှေစာအုပ်အစား ငွေစာအုပ်ကိုပေးရန် ဆုံးဖြတ်လိုက်သည်။ ညီငယ်မျက်နှာဖြူသည် အကိုကြီး၏ တောင်ယာသို့ရောက်လျှင် အကိုကြီးမှာစကား ပြောရန် အချိန်လောက်ကိုပင် မပေးနိုင်လောက်အောင် မအားမလပ်ဖြစ်နေပြန်သည်။ ထိုအခါညီငယ်က ဖခင်ပေးလိုက်သော ရွှေစာအုပ်ကို ငွေစာအုပ်နှင့် လဲလှယ်ပြီး သစ်ငုတ်အိုပေါ်တွင်ထားခဲ့ကာ ထွက်ခဲ့လေသည်။ အကိုကြီးသည်အလုပ်ကိုလက်စသိမ်းပြီးမှညီငယ် ထားခဲ့သော စာအုပ်ကို သတိရပြီးသွားကြည့်ရာ၊ အောက်သို့ကျပြီး ကြက်များ ယက်ထားသဖြင့် စုတ်ပြဲ ပြန့်ကြဲလျက် ရှိနေတော့သည်ဟုဋ္ဌင်း။ ညီငယ်မျက်နှာဖြူသည် အကိုကြီးပိုင်ဆိုင်သော ရွှေ စာအုပ်ကိုအကိုကြီးမလာရောက်နိုင်သဖြင့် သိမ်းစည်းယူဆောင်သွားပြီး အကိုကြီးအား တနေ့နေ့တွင် ပေးမည်ဟူ၍ဋ္ဌင်း။ အသီးသီး ပြောဆိုကြသည်။ ထိုအချက်ကို ယုံကြည်သော ဘာသာဂိုဏ်းများ ယနေ့ထက်တိုင်တည် ရှိနေသည်။ အကိုကြီးသည် ကြက်များ ယက်၍ ပြန့်ကြဲနေသော စာရွက်များကို ပြန်လည်ကောက်ယူပြီးမှ "စာပေ ရရှိခဲ့ခြင်းဖြစ်သည်" အတွက် "ကြက်ယက်စာ" ဖြစ်လာပြီး၊ ထိုစာသည် အလွန်ရှေးကျသော စာ ဖြစ်ခဲ့သည်ဟုပြောစမှတ်ပြုကြသည်။ ထိုအချက်ကို အကြောင်းပြုပြီး ရှေးအခါက စကောကရင်တို့တွင် "ခလိဘိုးနှင့် လီဆောဝ့်" ရေးနည်းရှိပြီး ပိုးကရင်တွင်"လိပ်ဆန်ဇော့" စာရေးနည်းရှိသည်ဟု အဆိုပြုချက်များရှိပေသည်။ သို့သော် သုတေသီများ ယနေ့တိုင်ရှာဖွေ၍ မတွေ့ရှိရသေးချေ။ သုတေသနပြုရန် လိုအပ်နေပါသေးသည်။

ကရင် စာပေသည် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်သာသနာပြု လမ်းကြောင်းနှစ်ခုပေါ်တွင် အခြေပြု၍၊ ပေါ်ပေါက်လာရာ၊ မည်သည့်သာ သနာပြုလမ်းကြောင်းကြီးက ဦးစွာစတင်ဖော်ထုတ်ခဲ့ခြင်းနှင့် ပါတ်သက်၍ သုတေသန ပြုရန် အထူးလိုအပ် ပြန်သည်။ ခရစ်ယာန်သာသနာပြု ဆရာကြီးအိုပ်(ချ်)အိုင်မာရှယ်က သူ၏"မြန်မာပြည်၏ ကရင်လူမျိုးများ" စာအုပ်နှင့်"မြန်မာနိုင်ငံ၏ ကရင် များ" စာအုပ်တွင်၊ ကရင်များ၌ ရှေးအခါကစာပေမရှိခဲ့ဟူ၍ဋ္ဌင်း၊ အနောက်နိုင်ငံများနှင့် ပဌမဦးစွာ ဆက်သွယ်ခဲ့သည့် အချိန်တွင်၊ ကရင် များ၌ စာပေ အရေး အသားမရှိခဲ့ ဟူ၍ဋ္ဌင်း ဖော်ပြထားလေသည်။

ဒေါနယ် မက္ကာင်ဖီစမီတန် ကလည်း သူ၏ "မြန်မာပြည်၏ သစ္စာ ရှိကရင်များစာအုပ်"တွင်ဋ္ဌင်းအေအာရ်မက္ကမဟွန်း၏"ရွှေကျွန်းစွယ်၏ ကရင်များ"စာအုပ်တွင်ဋ္ဌင်းကရင်အမျိုးသားတို့တွင် ဒေါက်တာ ဂျိုနသန်ဝိတ်၊ စကော ကရင်အက္ခရာကိုမတီထွင်မီစာရေးသားသည့် နည်းစံနစ်မရှိခဲ့ကြောင်း ရေးသားတင်ပြခဲ့ကြလေသည်။ ဒေါက်တာ ဂျိုနသန်ဝိတ်သည်၊ ကရင်စာကို စတင်တီထွင်ရေးသားခဲ့သော ခုနှစ်မှာ ၁၈၃၂ ခုနှစ်ပင်ဖြစ်သည်။

ထိုအချက်နှင့် ပါတ်သက်၍ ဗုဒ္ဓဘာသာ သာသနာပြု ရဟန်းများ ကပြင်းဆိုခဲ့လေသည်။ ခရစ်သက္ကရာဇ် ၁၉၂၆ ခုနှစ် ရက်စွဲ ဖြင့်၊ ဘားအံ မြို့ တောရ ကျောင်းတိုက် ဆရာတော် “နဲ့ဒိအ္ဘာ” ရဟန်းဘွဲ့ ဦးပရမ ရေးသားပြုစုသော“သလာပိုသူသလောင်ကာ”( သွာပတ် သုတလင်္ကာ ကျမ်း) ပေမူတွင် ကျုံဒိုး အနီး “ဂျိုင်း” ရွာ ကျောင်းတိုက်တွင် သီတင်းသုံး နေတော်မူသော“ဖူးတာမိတ်”ဘုန်းတော်ကြီးသည် မြန်မာ သက္ကရာဇ် ၁၁၁၁ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၇၅၀ ပြည့်နှစ်တွင် ပိုး ကရင် စာပေရေးသားသည့် ပညာရပ်ကို မွန် အက္ခရာများ အား မှီး၍ ဗျည်း အက္ခရာသစ်များဖြင့် ပြင်ဆင်ဖြည့်စွက်ကာရေးသားပြုစုခဲ့သည်။ ဟုဆို၏ ယင်း အက္ခရာ စံနစ်ဖြင့်“ဗိန္ဓုကော်” ကျမ်းကြီးနှင့်၊ “မုလာမူလီ” ကျမ်းများကို လည်းရေးသား ပြုစုခဲ့သည်ဟုလည်း ပါရှိခဲ့သည်။

ဗုဒ္ဓ ဘာသာ သာသနာပြု ရဟန်းများ အဆိုပြုခဲ့သော ကရင်စာပေ ရေးသားနည်းကို ဂျိုင်းဘုန်းတော်ကြီး “ဖူးတာမိုက်” သာသနာပြုသည့်ခေတ် **A.D** ၁၇၅၀ ခုနှစ်ကို ဖေါ်ပြထားပါသည်။ ၁၉၆၄ ခုနှစ် တွင် ထုတ်ဝေခဲ့သော “နိဗ္ဗာန်တရားစာနှင့် စည်းလုံးညီညွတ်စွာဖေါ်ထုတ်ထားသော ကရင်ရှေ့ဟောင်းစာ” ဟူသော ပုံနှိပ်စာအုပ်တွင်“ဖူးတာမိုက်”၏ သာသနာပြုလုပ်ငန်းနှင့် ဆက်စပ်ပြီး၊ ကရင်စာပေရေးသားသည့်နည်းစံနစ်ကိုသထုံဘုရင်၊မနူဟာမင်းကြီးခေတ်သို့ပင် ညွှန်ပြထားလေသည်။

ထိုရေးသားချက်တွင်၊ ယ နေ့ ဗုဒ္ဓဘာသာဝင် ပိုးကရင်တို့၌၊ ပေစာ ခေါ် စာရေးသားခြင်း နည်းစံနစ် ရှိခဲ့သည်။ ယင်းစာရေးသားသည့် နည်းစံနစ်ကို၊ သထုံ ဘုရင် မနူဟာမင်းကြီး လက်ထက်တွင် အမှုထမ်းလျက် ရှိသော ပိုးကရင် အမတ်ကြီး “ဖူးဒိုက်ကော်”ကတီထွင်ခဲ့သည်။ **A.D.**၁၀၅၁ ခုနှစ်၊ သထုံပြည်ကို ပုဂံပြည် အနော်ရထာမင်း ကသွား ရောက်တိုက်ခိုက်ပြီး “ပိဋကတ်သုံးပုံ” ကို ယူဆောင်ခဲ့ရာတွင်“ဖူးဒိုက်ကော်” သည်၊ လူ (၂၀) ကျော်မျှ ထမ်းယူရသော ပေ ပုရပိုဒ်များကို တိတ်တဆိတ် ယူဆောင်ပြီး “ထောင်ဝ” ခေါ် မုတ္တမ အောက်ပိုင်း ထိုင်းနယ်စပ်သို့ ထွက်ပြေးလွတ်မြောက်ခဲ့လေသည်။ “ဖူးဒိုက်ကော်” ယူဆောင်လာသော ကရင်ပုရပိုဒ်များသည် ဗုဒ္ဓဘာသာကျမ်းများ၊ ကရင် ယဉ်ကျေးမှုများနှင့် သက်ဆိုင်သောစာပေများဖြစ်သည်ဟု ယူဆရသည်။ အဆိုပါပေစာ၊ ပေမူများ ကားပျက်စီးသွားသည် ဟု သိရသည်။

## ဗုဒ္ဓဘာသာနှင့်ဖူးတာမိုက်

“ဖူးတာမိုက်”နှင့် ပတ်သက်ပြီး ရေးသား ထားသည်မှာ “ဖူးတာမိုက်” သည် ငယ်စဉ်က“ဇာသပြင်” ကျေးရွာ၊“သိကပိုင်”ကျောင်းတွင် ရှင်သာမဏေ ဝတ်ခဲ့သည်။ သက်တော် (၂၀)တွင် ရဟန်း ပြုခွင့်တောင်းရာမရသဖြင့် အင်းဝ သို့ခြေလျှင် လျှောက်ကာ ဘုရင်ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်း တွင်သွားပြီး၊ရဟန်းပြုခွင့်ကို လျှောက်ထားသည်။ ပိဋကတ်သုံးပုံကို **အာဂုဏ်ဆောင်** နိုင်သည့် ထက်မြက်သော ဖူးတာမိုက်ကိုအင်းဝဘုရင် မိဘုရားတစ်ပါးက ရဟန်းဒကာခံသဖြင့် ရဟန်းပြုခွင့် ရခဲ့လေသည်။ နှစ် အနည်းငယ်မျှ စာပေကျမ်းဂန်များကို လေ့လာခဲ့ပြီး၊ ကျောင်းထိုင် ဆရာတော်အား သာသနာပြုခွင့် တောင်းခံလေသည်။ ခွင့်ပြုချက်ရသဖြင့် အင်းဝ မှ ပြန်ကြွလာပြီး ဘားအံခရိုင် ဒုံရင်းနယ်တွင် ကျောင်းဆောက်၍ သာသနာပြုနေလေသည်။ ပတ်ဝန်းကျင်မှ ကရင်ပြည်သူများ ဝမ်းမြောက် ဝမ်းသာဖြစ်ကြလေသည်။ထိုအချိန်မှစ၍ကရင်များ သာမဏေဝတ်ကြသည်ဟုဆို၏။ ထိုသတင်းကို ဟွန်းသ ရောချောင်း နံဘေးမှ ဆွေမျိုးများကြားသိကြပြီး စုဝေးကာ“ဖူးတာမိုက်”အား ဇာတိဒေသတွင်ပြန်လည် သာသနာပြုရန်သွားရောက်ပင့်ဆောင် ကြလေသည်။ဒုံရင်းဒကာများကလည်း ရှင်သာမဏေများ ဗုဒ္ဓစာပေများကိုတတ်မြောက်ပြီးမှ ကြွရောက်ပါရန်တောင်းပန်ကြသည်။ ဆွေမျိုးများမှာ စိတ်မကောင်းစွာဖြင့် ပြန်သွားကြရလေသည်။ သို့ရာတွင်စိတ်မလျှော့ကြဘဲ၊ တနေ့တွင်“ဖူးတာမိုက်” အား တိတ်တဆိတ် သွားရောက်ပင့်ဆောင်ခဲ့လေသည်။ ညတွင်းချင်း ဆင်ဖြင့်အပြေးနှင်ခဲ့သည်။ ဒုံရင်းဒကာများကလည်း ညတွင်းချင်းသိ၍ လိုက်ရာ “ဂျိုင်း”ချောင်းနံဘေးတွင်မှီလာသည်။ ဒုံရင်းဒကာများနှင့် ဆွေမျိုးများအငြင်းအခုန် ဖြစ်ကြသည်။ “ဖူးတာမိုက်” သည် နှစ်ဘက်ဒကာများကိုသနားပြီး နှစ်ဘက်ဒေသနှင့်ဗဟိုကျမည့်၊“ဂျိုင်း” ချောင်းနံဘေးတွင်ကျောင်းဆောက်ပြီး သာသနာပြုရန် ဆုံးဖြတ်ခဲ့ လေသည်။ ထိုကျောင်းဆောက်သော ခုနှစ် မှာ ကောဇာသက္ကရာဇ် ၁၁၁၁ခုနှစ်၊ ခရစ်နှစ် ၁၇၅၀ ခုနှစ် ဖြစ်လေသည်။

အထက်ပါ တင်ပြချက်အရ ကရင်များ ရဟန်းပြုခွင့်ရခြင်းနှင့် သာသနာပြုခွင့် ရလာခြင်းသည် ၁၇၅၀ ခုနှစ်၊ “ဖူးတာမိုက်”မှစတင်ခဲ့လေသည်ဟုအဆိုရှိ၏။ ယင်းသို့သာသနာပြုခွင့်ရလာခြင်းသည်လည်း ကရင် စာပေရေးသားသည့်နည်းစံနစ်များပေါ်ပေါက်လာရန် မူလ အရင်းခံ အကြောင်းတရပ်ဖြစ်သည်ဟုယူဆစရာရှိလေသည်။ “ဖူးတာမိုက်”သည်ပေစာနှစ်စောင်ကို ရေးသားခဲ့သည်ဟု ဖေါ်ပြခဲ့လေသည်။ သို့ရာတွင်ထိုပေစာနှစ်စောင်ကိုမူကား ယနေ့တိုင်ရှာဖွေ၍ မရတော့ချေ။ သို့သော် ဘားအံ၊ လှိုင်းဘွဲ့၊ ကျုံဒိုး၊ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး

ကျောင်းများတွင် ဆရာတော်၏ အကျွ ရာစံနစ် ဖြင့်ရေးသားထားသော ပေမူ များ၊ လောကီ လောကုတ္တရာ ကျမ်းဂန် စာပေများရှိလေသည်။ အချို့စာပေ ကျမ်းဂန်များတွင် မွန် ပေါရာဏ စကား များပါရှိနေသဖြင့်၊ ယနေ့ မျက်မှောက် ပိုးကရင်၊ စာတတ်ပုဂ္ဂိုလ်ကြီး များပင် ကောင်းစွာ မဖတ်တတ်တော့ပေ။

"ဖူးတာမိုက်" ခေတ် မတိုင်မီ ခေတ်ကာလ ပေစာများမှာမှာ ၁၇၅၃ ခုနှစ် အလောင်းဘုရား လက်ထက် အောက်မြန်မာနိုင်ငံ၊ မွန် နိုင်ငံကို တိုက်ခိုက်ဖြိုဖျက်ခြင်းဖြင့် မွန် နှင့်ကရင် များပြေးလွှားခဲ့ရသော ကာလဖြစ်သ ဖြင့်၎င်း၊ အလောင်းဘုရားမှ စ၍ သား တော် ဆင်ဖြူရှင် လက်ထက် ဇင်းမယ် နှင့် အယုဒ္ဓယမြို့ကိုစစ်ချီတက်တိုက် ခိုက်ရာတွင် ၎င်းဒေသများမှ ကရင် လူထု၊မွန်လူထုများကို ဖမ်းဆီးလုယက် အမွေပြု ခေတ်ကာလကြီး ဖြစ်သဖြင့်၊ ၎င်း စာပေများကို ထိန်းသိမ်း စောင့် ရှောက်နိုင်ရန် အခက်အခဲများစွာ ရှိ မည့် ကာလ ဖြစ် လေသည်။

## ပဌမဆုံးပိုးကရင်ပေမူများ

ပိုးကရင်စာပေဖြင့်ရေးသားခဲ့ ပြီး ပထမဆုံး ထုတ်ဖော်နိုင်သော ပေ မူမှာ မြန်မာ သက္ကရာဇ်၁၂၃၂ ခုနှစ် ခ ရစ်သက္ကရာဇ် ၁၈၇၁ခုနှစ်တွင်၊ ဦးစိန္တာ ကဝိ၊ နံ့ာစန္ဒာ၊ နံ့ာပညာ တို့ရေးသား သော(သွိုင်ယာန်း) လက္ခဏာ၊ ရာမ လက္ခဏာ ဖါတ်တော် ဖြစ်သည်။ ထို ကျမ်း၏ သက်တမ်းသည် နှစ်ပေါင်း (၁၂၀)မျှသာ ရှိပေသည် ကရင်ဗုဒ္ဓဘာ သာဝင်တို့သည်၊ စာပေရေးသားခြင်း အတတ်ပညာကို တတ်မြောက်ပြီး နောက် အဦးအစအနေဖြင့်၊ ရာမလက္ခ ဏာကျမ်းကိုရေးသားမည်မဟုတ်ဟု သု တေသီအချို့က ယူဆသည်။ တတ် မြောက်သူတို့မှာ ဘုန်းတော်ကြီးများ သာဖြစ်သဖြင့် မိမိတို့တတ်မြောက် ထားသောနည်းပညာဖြင့်အဦး အစအ နေဖြင့် ရဟန်းများနှင့် ပတ်သက်သော ဗုဒ္ဓကျမ်းဂန်များကို ရေးသားမည်ဖြစ် ပေသည်။ ထို့ကြောင့် ၁၈၇၁ ခုနှစ်တွင် ပြုစုသောရာမလက္ခဏာကျမ်းများထက် ပို၍ ရှေးကျသောကျမ်းများ မုချရှိမည် ဟု မှန်းဆနိုင်စရာ ရှိလေသည်။ ထို့အ ပြင် ပိုးကရင်ဘုန်းတော်ကြီးများ သည်၊ ဟောင်းနွမ်းနေသော ပေမူများမှာ ပျက် စီးလာသဖြင့်တဆင့် ပြန်လည်ကူးယူ ရာတွင်မူလကျမ်းပြုဆရာ၏ အမည်၊ ကျမ်းပြုသည့်ခုနှစ် သက္ကရာဇ်များကို ဖော်ပြလေ့မရှိဘဲကူး ယူသူ၏အမည်ကို သာပေမူသစ်တွင် ဖော်ပြကြလေသည်။ ထို့ကြောင့်မူလကျမ်းပြုသူ၏ အမည် နှင့် ကျမ်းစတင်ပြုစုသည့် ခုနှစ် သက္က ရာဇ်အမှန်ကို သိ ရှိနိုင်ခြင်း မရှိကြပေ။

## မွန်နှင့်ကရင်စာပေ ဆက်သွယ်မှု

မွန် လူမျိုးများသည် စာရေး သားခြင်း အတတ်ပညာကို၊ ဘီစီ ၆ ရာစု လောက်ကတည်းက ရရှိနေပြီး ဖြစ်သည်ဟု သုတေသီများက ယူဆ ကြသည်။ ထို့ကြောင့် မွန် လူမျိုးတို့ နှင့် အတူထိတွေ့ပေါင်းသင်း ဆက်ဆံ ခဲ့သော၊ ပိုးကရင်များသည် ဗုဒ္ဓဘာ သာအယူဝါဒနှင့်တကွ စာပေအရေးအ သားနည်းစံနစ်များကို ရရှိမည်မှာမုချ ဖြစ်ပါသည်။ ကရင်တို့၏ စာပေရေး သားသော နည်းစံနစ်တွင်၊ မွန် ဗျည်း သရ၊ နှင့် တူညီသည်ကို သတိပြုနိုင် ပါသည်။ ကရင်များ၏သီချင်း၊ ဖါတ်၊ နိပါတ်၊ သ မိုင်းကြောင်း၊ တေး၊ လင်္ကာ၊ ကဗျာများတွင်လည်း၊ မွန်ပေါရာဏ စကားများကို အသုံးပြုကြောင်းတွေ့ရှိ ရသည်။ စာပေတီထွင်သော ရဟန်း များသည်၊ ဗုဒ္ဓဘာသာစာပေများကို လည်း မွန်ဘာသာဖြင့် လေ့လာခဲ့ ရဟန်းတူသည်။ နောက်မှကရင်ပြည်သူ များအတွက်သာသနာပြုရာတွင်ကျယ် ကျယ်ပြန့်ပြန့်ပင်ရင်းစကားဖြင့် နား လည်စေလိုသော စေတနာဖြင့် ကရင် စာပေကို တီထွင်အသုံးပြုလာသော အဆင့်သို့ ရောက်ခဲ့ရသည်သာဖြစ် သည်ဟု သုတေသီအချို့ကယူဆကြ သည်။ ကရင် စာပေနှင့်ပတ်သက်ပြီး (၁၀၊ ၁၂၊ ၆၉) ရက် မန်းစာဆိုတော် နေ့တွင် ကရင် ရှေးဟောင်း စာပေနှင့် ယဉ်ကျေးမှုကော်မီတီမှတင်သွင်းသော ကရင်စာဆို မန်းနဲစပိုလ်၏ အထုပတ္တိ စာတမ်းတွင် ကရင်စာပေ အရေးအ သားကို မွန် နှင့် တပြိုင်တည်း သို့မ ဟုတ် မရှေးမနှောင်းကာလ ခရစ်နှစ် ၇၀၀ လောက်တွင် ထမြောက်ခဲ့ပြီဟု ခန့်မှန်းရကြောင်း တင်ပြထားလေ သည်။ ဤခန့်မှန်းချက်အရဆိုလျှင် ကရင် စာပေ ပေါ်ပေါက်လာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀၀ ကျော်ပြီဟု ယူဆနိုင် ပါသည်။

မန္တလေးမြို့ တောင်ပြင်ထီး လင်းတိုက်က ဦးဝဇီရဗုဒ္ဓိက ကိုယ်စား ပြုပြီး ရှေးဟောင်းကရင်စာပေနှင့် ယဉ် ကျေးမှုဖော်ထုတ်ရေး ဗဟိုကော်မီတီ၏ (၁၀၊ ၁၂၊ ၆၉ ) စာတမ်းတွင်အောက် ပါအတိုင်း ရေးသားထားပါသည်။

"အထက် ကျော်ကာရီက သထုံနှင့် မုတ္တမတို့ဟာ သဘော်ာဆိပ် မြို့များဖြစ်ခဲ့ကြပါတယ်။ အဲဒီဒေသမှာ မွန် များနဲ့ကရင်များဟာဒွေးရောယှက် တင်နေခဲ့ကြပါတယ်။အိန္ဒိယကုန်သည် တွေဟာ(၇)ရာစုနှစ် မတိုင်မီကတည်း က သထုံနှင့် မုတ္တမကို အကူးအသန်း ရှိကြပြီး အဲဒီအချိန် လောက်တုန်းက ဘဲ အိန္ဒိယ ကုန်သည်များ ယူဆောင် လာခဲ့ကြတဲ့ ပလ္လဝအက္ခရာ အရေးအ သားကို မွန်နှင့် ကရင်တို့က မိမိတို့ရဲ့ အသံထွက်အတိုင်းပေါ်လွင်အောင်ရေ သားနိုင်တဲ့ စာရေးသားနည်းကို ရှာ ကြတယ်လို့ ဆိုရပါမယ်။

ပလ္လဝ အက္ခရာဆိုတာ အိန္ဒိ

ယပြည်ရဲ့ ရေးအကျဆုံး ဗြဟ္မီအက္ခရာကိုဒေသအလိုက် မူကွဲတွေပွါးယူကြတဲ့ အခါမှာ ရက္ခ မင်းဆက်ရောက်တော့ ရက္ခအက္ခရာ၊ ကဒမ္ဗမင်းဆက်ရောက်တော့ ကဒမ္ဗအက္ခရာ၊ ပလ္လဝမင်းဆက်ရောက်တော့ ပလ္လဝ အက္ခရာရယ်လို့ မူလ ဗြဟ္မီ အက္ခရာက ရေးသားပုံပြောင်း ပြောင်းပြီး ဆင်းသက်လာတဲ့ အက္ခရာ ပါဘဲ။

ယနေ့ဗမာပြည်မှာသုံးနေတဲ့ အက္ခရာအရင်းအမြစ်ဟာပလ္လဝအက္ခရာဘဲပေါ့။ ဒီအက္ခရာဟာ အိန္ဒိယကုန်သည်များကတဆင့် မြန်မာပြည်ထဲဝင်ရောက်ခဲ့ပါတယ်။"

ဆက်လက်ပြီး စာတမ်းက ဖေါ်ပြခဲ့သည်မှာ အက္ခရာ သမိုင်းနှင့် ပတ်သက်ပြီးရှာဖွေခဲ့သောအထောက်အထားအရ ရခိုင်ဘက်တွင် အက္ခရာနှင့် သလ္လဝကျောက်စာဝင်ရောက်လာသည်မှာ ခရစ်နှစ် ၄၀၀ ထက်မစော၊ ၆၀၀ ထက်နောက်မကျဘဲရောက်လာသည်ဟု သုတေသီများက ယူဆထားကြသည်။ သရေခေတ္တရာခေတ်တွင်ပျူများက ကဒမ္ဗအက္ခရာကိုသုံးပြီးသထုံနှင့် မုတ္တမဘက်မှ မွန်များက ပလ္လဝအက္ခရာကို ခရစ်နှစ်၇၀၀လောက်တွင် စတင်အသုံးပြုခဲ့သည်ဟု ယူဆကြသည်။ မွန်နှင့် အတူရှိသောကရင်များသည်လည်း ထိုခေတ်လောက်တွင်ကရင်စာကို ပလ္လဝ အက္ခရာ အသံထွက်အတိုင်း ပွါးပြီး သုံးခဲ့သည်ဟု ယူဆကြောင်း တင်ပြခဲ့ လေသည်။ မြန်မာစာပေကို ပေါ်လွင်စေခဲ့သော ကျောက်စာမှတ်တမ်းကို ဖေါ်ပြရာတွင် ...

(၁) အနိရုဒ္ဓ (အနော်ရထာ)မင်း ခရစ်နှစ် ၁၀၄၇–၇၇ မှာဘုရင်မှတ်တမ်းကို သက္ကဋ္ဌပါဠိစာဖြင့် မှတ်တမ်းတင်သည်။

(၂) ကျန်စစ်သား (ထီးလှိုင်ရှင်)မင်း ခရစ်သက္ကရာဇ် ၁၀၄၄ – ၁၁၁၃ မှာ မွန်ဘာသာဖြင့် မှတ်တမ်းတင်ပါသည်။

(၃) အလောင်းစည်သူ (၁) ခရစ်နှစ် ၁၁၁၃– ၆၃ မှာ ပါဠိနှင့် မှတ်တမ်းတင်ခဲ့သည်။

(၄) ရာဇကုမ္မာ (ကျန်စစ်သား) မင်း ခရစ်နှစ် ၁၁၁၃ မှာ ပါဠိ၊ မွန်၊ ပျူ၊ မြန်မာ၊ (၄) မျိုးပါအုံ့ မြစေတီ ကျောက်စာကို ရေးထိုးခဲ့သည်။

(၅) နရပတိစည်သူသည် ခရစ် သက္ကရာဇ် ၁၁၇၄– ၁၂၁၉မှာ မြန်မာဘာသာနှင့် မှတ်တမ်းတင်ခဲ့သည်။

အထက်ပါ အထောက် အထားများအရ ပလ္လဝ အက္ခရာကို မွန်နှင့် တပြိုင်နက် သို့မဟုတ် မရှေး မနှောင်းတွင်ပင် အသုံးပြုခဲ့သော ကရင်စာသည်၊ ခရစ်နှစ် ၇၀၀ လောက်တွင် တတ်မြောက်သည်ဟု ခန့်မှန်းရပြီးနှစ်ပေါင်း(၁၀၀၀)ကျော်ပြီဟုယူဆရသည်။ မွန်– ကရင်စာသည် ဆက်နွယ်နေပြီး ရှေးခေတ် ပါဠိစာသည်လည်း မြန်မာစာ၊ ကရင်စာ၊ မွန်စာတို့သည် ကွင်းဆက်များ ဖြစ်ကြသည်။ မူလ ဗြဟ္မီအက္ခရာ၏ ဩဇာသည် သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ လာဝ၊ ကမ္ဘောဒီးယားတို့အထိပြန့်နှံ့ခဲ့လေသည်။ မွန်– မြန်မာ ပလ္လဝ အက္ခရာကို အသုံးပြုပြီးချိန်တွင် ကရင်များသည်လည်း မိမိတို့ဘာသာစကား အသံထွက်နှင့် ၎င်းအက္ခရာ ကို ပြုပြင်ပြီး စာပေရေးသားနည်း အတတ်ပညာရပ်ကို တတ်မြောက် နေမည်ဖြစ်သည်။ မွန်–ကရင်စာတတ်မြောက်ချိန်သည် ခရစ်နှစ် (၇) ရာစုလောက်တွင်ဖြစ်ပြီး မြန်မာ တို့က (၁၁) ရာစုလောက်တွင်မှ ထို သလ္လဝ အက္ခရာနှင့်ပင် မြန်မာစာကို ကောင်းကောင်းကြီး ရေးသားအသုံး ပြုသည်ကိုတွေ့ရကြောင်း အထက်ဖေါ်ပြသည့် ကျောက်စာအရသိနိုင်သည်။

အထက်ပါ စာတမ်းအရဆိုလျှင်ဗုဒ္ဓဘာသာကရင် စာပေရေး သားသည့်နည်းစံနစ်သည် သထုံ မနူဟာ ခေတ် ဖူးဒိုက်ကော်ထက် ပင်ရှေးကျပြန်သည်။ သို့သော် ထင်ထင်ရှားရှား ဖေါ်ထုတ်နိုင်ခဲ့သောကာလမှာ ကရင်ဘုန်းတော်ကြီးများက၊ ကရင် ပြည်သူများအတွင်း ဗုဒ္ဓဘာသာ ဒေသနာတော်ပြန့်ပွါးရေးကို ထင်ထင်ရှားရှား စတင် ဆောင်ရွက်နိုင်ခဲ့သော ကာလဖြစ်လေသည်။ (၁၈)ရာစုမတိုင် မီ ကတည်းကပင် ဖြစ်ပေါ်သည်ဟုခန့် မှန်းရသည်။ထင်ထင်ရှားရှားတွေ့ခဲ့ရသည်မှာ ၁၇၅၀ခုနှစ်ဖူးတာမိုက်ခေတ်နှောင်းပိုင်းမှစတင်ခဲ့ပါသည်။ သို့သော် ဖူးတာမိုက်သာသနာပြုခဲ့သော ကာလ မတိုင်မီနှင့် သာသနာပြုကာလသည်၊ ပြင်းထန်သော နိုင်ငံရေး ပဋိပက္ခနှင့် မငြိမ်မသက်မှုတို့ကြောင့် ကရင် စာပေ လှုပ်ရှားမှု ပျောက်ကွယ်ခြင်း သို့မဟုတ် အရှိန်အဟုန် နှေးကွေးခြင်း များရှိခဲ့ရလေသည်။

ဤသို့ဖြင့် မျက်မှောက် ကရင်အမျိုးသား စာပေသည်၊ ကရင်လူ့အဖွဲ့အစည်းအတွင်း ဗုဒ္ဓ ဘာသာနှင့် ခရစ်ယာန်သာသနာ ပြန့်ပွါးရေးအပေါ် မူလအခြေခံလာရာ၊ ဗုဒ္ဓ သာသနာပြုလမ်းကြောင်းတွင် ရှေးမဆွကတည်းက ပေါ်ပေါက်နေသည်ဖြစ်သည်။ မွန် – မြန်မာ၊ စာပေများထက် နောက်မကျသော်လည်း ဖေါ်ထုတ်နိုင်သောကာလသည် ခေတ်အလွန်နောက်ကျခဲ့သည်။ ကရင်မျိုးနွယ်စုတခုဖြစ်သော ပအိုဝ်းခေါ် တောင်သူများ၏စာပေသည် "ပျူ" ခေတ်ကတည်းက တည်ရှိခဲ့သည်ဟု သုတေသီအချို့က တင်ပြခဲ့လေသည်။ သို့သော် ထင်ထင်ရှားရှား တင်ပြနိုင်သော သုတေသနစာတမ်းတစောင်လိုအပ်နေပါသည်။

## ကရင်တမျိုးသားစာပေ လှုပ်ရှားမှု

ရှေးပဝေဏာသီကာလမှ စ၍ ကရင်စာပေကို ခေတ်များသတ်မှတ်ပြီး ပိုင်းခြားရန် အလွန် ခဲယဉ်းမည်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ကရင်

လူ့အဖွဲ့အစည်းအတွင်းတွင် စာရေးသားသောနည်းစံနစ်များမှာအလွန်ကွဲပြားသည့် အခြေခံပေါ်တွင် ပေါ်ပေါက်လာရသောကြောင့် ဗုဒ္ဓနှင့် ခရစ်ယာန်သာသနာ နှစ်ရပ်သည်လည်း ခေတ်ကာလအားဖြင့်တူညီမှုမရှိခဲ့ပေ။

ဗုဒ္ဓဘာသာ ပိုးကရင်စာပေသည် ခရစ်ယာန်ဘာသာ ပိုး စကောစာပေထက် နှစ်ပေါင်းများစွာစောသည်ကို ခန့်မှန်းနိုင်သည်။ သို့သော်ဗုဒ္ဓဘာသာ ပိုးကရင် စာပေကို ပေစာအဖြစ်သော်၎င်း ဖေါ်ထုတ်နိုင်သည်မှာ ခရစ်ယာန်သာသနာ ပိုးကရင် စာပေထက် နောက်ကျနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာပိုးကရင်စာပေနှင့် ခရစ်ယာန်ဘာသာ ပိုး စကောစာပေလှုပ်ရှားမှုကို ခေတ်ကာလအားဖြင့်ခွဲခြား ဖေါ်ပြသင့်သည်ဟု ယူဆသည်။

## ဗုဒ္ဓဘာသာပိုးကရင်စာပေ

၁၇၉၄ ခုနှစ်ခန့်က ရှိုင်း အရပ်တွင် ကျောင်းတည်သတင်းသုံးနေသော ဘုန်းတော်ကြီး ဦးနန္ဒမာလာ (ဖူးတာမိတ်)သည်၊ ဗိန္ဓုကောဝ်နှင့် မူလာမူလီကျမ်းနှစ်စောင်ကို ရေးခဲ့သည်ဟု အဆိုရှိသော်လည်း ထိုကျမ်း နှစ်စောင်ကိုယခုထက်တိုင်ရှာမတွေ့သေးဟု သုတေသီအချို့က ရေးသားကြသည်။ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်၌ အထက်ဗမာနိုင်ငံစာဆိုတော်နေ့တွင် ဦးဝဇီရဗုဒ္ဓိက တင်သွင်းသော ဦးလာဘကဝိ ခေါ်"နဲ့စဗိုလ်" အတ္တုပတ္တိတွင် ပေပေါ်၌ ရေးသားထားသော ရှေးဟောင်းကရင် စာပေကျမ်းပေါင်း (၁၂၀)ကို ကျမ်းပြုသူနှင့် ကျမ်းပြုပြီးခုနှစ်များကို တိကျစွာ တင်ပြထားရာ ထိုကျမ်းအမည်စာရင်းတွင် ဦးနန္ဒမာလာ(ဖူးတာမိတ်) ရေးသားထားသော ကပ္ပဗိန္ဓုကျမ်းကိုကျမ်းပြီး နှစ် ၁၁၆၉ ခုနှစ် အေဒီ ၁၈၀၇ ခုနှစ်ဟု ဖေါ်ပြထားလေသည်။ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာ ပိုးကရင်စာပေ အားထို့ထက်စောစွာ တည်ထွင်အသုံးပြုခဲ့ခြင်းကိုမူ သုတေသီအားလုံးကတညီတညွတ်တည်း လက်ခံထားကြလေသည်။

ပိုးကရင်စာရေးနည်းစံနစ်ဖြင့် ရေးသားထားသော "လိဘိမ္ဗာ"ကျမ်းကို ၁၈၅၁ ခုနှစ် (သက္ကရာဇ်၁၂၁၃) တွင် အထက်ရေတံခွန်ကျောင်း၌ မွန်ဘာသာမှ ကရင် ဘာသာသို့ပြန်ဆိုသည်။ သို့သော် ကျမ်းပြုသူ၏ အမည်ကို ဖေါ်ပြထားခြင်းမရှိပါ။ ထိုကျမ်းမှာ လင်္ကာ မပြေပြစ်သဖြင့် တဂုံမနော်ကျောင်း ဘုန်းတော်ကြီး ဦးသီဟတေဇ၊ လူအမည် ဦးနဲ့ဒုံးက ၁၉၀၇ ခုနှစ် ဇွန်လ (၂၁)ရက်နေ့စွဲဖြင့် ပြန်လည်ပြုပြင်ရေးသားထားသည်။ ဤကျမ်းကိုပြုစုသူမှာ"ဦးယောင်း"ဖြစ်သည်ဟု ဦးဘုန်းမြင့်၏ သုတေသနစာစောင်"ဗုဒ္ဓဘာသာ ပိုးကရင်စာပေသမိုင်း"တွင် ဖေါ်ပြထားသည်။ "ဦးယောင်း" ပြုစုသော ကျမ်းများမှာ"လိဘိမ္ဗာ" အပြင်
(၁) ဏိင်းစးခဲမှာ လာဒေဝီ ( ဇင်းမယ်ဝဏ္ဏာသ၊ အရိန္ဒမဝတ္ထု)ဖြစ်သည်။ ထိုကျမ်းကို မူရင်း–မွန်ကျမ်းမှဘာသာပြန်ဆိုလာသည်။ ၁၈၆၈ ခုနှစ် ဇန္နဝါရီလ ၂၁ရက်တွင်ကျမ်းပြီး၏။
(၂) လိက်တင်သံင် ဆိုးမစာ ၁၈၅၉ ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် ကျမ်းပြီးသည်။ မူလမွန်ဘာသာမှ ကရင်ဘာသာသို့ ပြန်ဆိုသည်ဟု သုတေသနစာတမ်းတွင် တင်ပြထားသည်။

ရှေးဟောင်း ကရင်စာပေနှင့် ယဉ်ကျေးမှု ဖေါ်ထုတ်ရေး ဗဟိုကော်မီတီ၏စာတမ်းတွင်မူ"လိက်စ်ဘိမ္ဗာ"ကို ဦးယောင်း ပြုစုသည်ဟုဖေါ်ပြမထားပါ။

ဦးယောင်းသည် ၁၈၅၀ခုနှစ် ဖွဲ့ကပင်တောင်ပေါ် အထက်ရေတံခွန် ဘုန်းတော်ကြီး ကျောင်းကို တည်ထောင်သူဖြစ်သည်။ ဒုံရင်းနယ်တွင်ပဌမဦးဆုံးသော ကရင် ဘုန်းတော်ကြီး ကျောင်းဖြစ်ပြီးသူ၏ ရဟန်းဘွဲ့မှာ"ဦးဒီပ"ဖြစ်သည်။ ကရင်စာပေကျမ်းကြီး (၅)ကျမ်းကိုလည်း ပြုစုခဲ့သည်။

ဦးစိန္တာကဝိ (ဖူးကျိုက်စာသန့်)သည် အိန်ထဲလေသာဘုန်းကြီးအဖြစ်ဖြင့် ကြော်ကြားသည်။ ကျမ်းပေါင်း (၁၀) ကျမ်းကို ပြုစုခဲ့သည်။ ကျမ်း (၅) စောင်ကို အခြားပုဂ္ဂိုလ်များနှင့်တွဲဖက်၍ပြုစုခဲ့သည်။၎င်းပြုစုခဲ့သောကျမ်းများမှာ (၁)ကိုဆာန်အွာ၊ (၂)ကာလုဒါ၊ (၃)မူလာမူလီ၊ (၄)ရိဟုလာ၊ (၅)လိက်မဒ္ဒီပဝ်၊ (၆)လိက်သဂီမာ၊ (၇)သိင် နာဲမိက်၊ (၈) သိင်ရေင်ချေမိက်သီဒါ၊ (၉) သိန္ဒိကလောင်၊ (၁၀) ဟာဖောင်လိမိင် တို့ဖြစ်သည်။ အခြား ပုဂ္ဂိုလ်များနှင့် တွဲဖက်ပြုစုသော ကျမ်း (၅) စောင်မှာ၊ အမှတ်– (၅)၊ (၆)၊ (၇)၊ (၈)၊ (၁၀)တို့ဖြစ်သည်။

ဦးစန္ဒာဝါရ (ဖူးကျိုက်စါဖေါ်)သည် အထက်ရေတံခွန်ကျောင်းဘုန်းတော်ကြီး အဖြစ်၎င်း တဂုံပနော် ဘုန်းတော်ကြီး အဖြစ်၎င်း ထင်ရှားသည်။ ဦးစန္ဒာဝါရသည် ကရင် ကျမ်းများကို ရေးသားရာတွင်၎င်း ဘာသာပြန်ဆိုရာတွင်၎င်း တခါတရံ ဘွဲ့အမည်ကိုမဖေါ်ပြဘဲ အထက် ရေတံခွန်ကျောင်းမှ ဦးပဉ္ဇင်း၊ ကော့နန်းသာမှဆရာလေး၊ စသည်ဖြင့် အမည်ကိုမထင်မရှား ဖေါ်ပြတတ်သည်။ ကျမ်းပေါင်း(၂၂)စောင်ကို ပြုစုခဲ့သည်။ ပြုစုသော ကျမ်းများမှာ၊ (၁) တိတာလီ၊ (၂) ကျာ်ထင်နိဗ္ဗာန်၊ (၃) စစ်ထုလာ၊ (၄) စန္ဒကုမ္ဗာ၊ (၅) ဆိုလာဝန်၊ (၆) ချဆီယျူ၊ (၇)တြိသံင်သာ၊ (၈) တေမိ၊ (၉) နာရဒ၊ (၁၀) ပါရမီ၊ (၁၁) ဘူရိဒတ်၊ (၁၂) ဘိမ္ဗာကလိုဝ်ချော်၊ (၁၃) မှာဇနက်၊ (၁၄) မူရခ၊ (၁၅) လိက်မဒ္ဒီပဝ်၊ (၁၆) ဝိဓူရ၊ (၁၇) ဝိသံင်တဝ်၊ (၁၈) ဝဏ္ဏကုမ္ဗာ၊ (၁၉) သိင်ရေင်၊ (၂၀) သိင်ချေမိက်သီဒါ၊ (၂၁) သုဝဏ္ဏသင်၊ (၂၂) သုဝဏ္ဏသံင်၊ တို့ဖြစ်သည်။

ဆရာတော် ဦးဇာဂရ မှာ ကော့အန်ဇာတိဖြစ်သည်။ ကျမ်းပေါင်း (၄၀) ကျော်ကိုပြုစုခဲ့သည်။

(၁) ဝိသာခါ၊ (၂) မေ့မစကြဿ၊ (၃) မဂ်လသုတ်၊ (၄) ဝိနည်းငယ်လေးစောင်၊ (၅) လောကနီတိ၊ (၆) ကရင်ရာဇဝင်၊ (၇) ပံပွလိဘဒ္ဒပိလာနိ၊ (၈) ဒူဝေစေတီတော်၊ (၉) ဥဒေါန၊ (၁၀) ဒေဝဒတ်နှင့် အဇာတသတ်၊ (၁၁) အဂီုလိမာလ၊ (၁၂) စာလပဏ္ဏ၊ (၁၃)အနာထပိဏ်၊ (၁၄) ဥပဂုတ္တဆာဝါ၊ (၁၅) ကောသလဘိပ်မက်၊ (၁၆) မန္တရိယ သူကြွယ်၊ တို့ဖြစ်သည်။

နဲပညာ၊ ဦးစိန္တာကဝိ၏ တပြည့်ရင်းဖြစ်သည်။ ၁၈၄၁ခုနှစ်မှစတင်ပြီး စာပေတာဝန်ကိုထမ်းဆောင်ခဲ့လေသည်။ ရာမလက္ခဏာ၊ ရဟန်းဆုံးမစာ၊ မူလဆုံးမစာ၊ မူလဆုံးမစာ အဘိဓမ္မာ၊ နေမိကုမ္မာကျမ်း၊ ရာမမင်းနှင့်ရုပ်တရား၊ယသော်ဝဲဃာဘုရားကန်တော့ ခန်း၊ ဘိက္ခုနီမ၊ သားရှင်ပြု ဝတ္ထု၊ အကြောင်း၊ ဘုရားရှိခိုးအမျိုးမျိုး၊ တရားပဒေသာအမျိုးမျိုးကာလုဒါယီအမတ်၊ ဇိနတ္ထပကာသဏီကျမ်း၊ ဘုရားနှင့်ဒိဋ္ဌိတန်ခိုးပြိုင်ခန်း၊ စသည်တို့ကိုရေးသားခဲ့ပါသည်။ ၎င်းအပြင်

(၁) ၁၈၅၉ ရန်ကုန်ဆရာတော်၊

(၂) ၁၈၆၇ ဦးလာဘကဝိ (နဲ့စဗိုလ်)၊

(၃) ၁၈၈၂ ဦးဥာဏ၊

(၄) ၁၈၈၆ ဦးနဲ့ဒုံး၊

(၅) ၁၈၉၂ ဦးကုသလ၊

(၆) ၁၈၉၅ ဦးအောင်ပွင့်ဖေ့၊

(၇) ၁၉၀၀ ဦးသီလ၊

(၈) ၁၉၂၀ ဦးဥတ္တမ၊

(၉) ဦးဇောတိက၊

(၁၀) ကိုရင်ရွှေပန်းသာ၊

(၁၁) ဦးဝိလာသာ၊

(၁၂) ဦးသီဟတေဇ၊

(၁၃) ဦးပရမ၊

(၁၄) ဆရာပိုင်ပေါက်၊ တို့ကလည်း ဗုဒ္ဓဘာသာစာပေကျမ်းအမျိုးမျိုးကိုရေးသားခဲ့လေသည်။

သုတေသီတချို့က ပိုးကရင်လူမျိုးတို့၏ စာပေဖြစ်ပေါ်တိုးတက်မှုအရပ်ရပ်ကို မှတ်တမ်းတင် သုတေသနပြုပြီး ကရင် စာပေသမိုင်းဟူ၍ ဖော်ပြခဲ့ကြသည်။ ထိုစာပေသမိုင်းကို မ ဆလ သုတေသီတို့က ခေတ်(၃) ခေတ်ဖြင့်ခွဲခြားထားသည်။ ရှေးပဝေဏီမှစ၍ ၁၈၃၆ ခုနှစ်အထိကာလ ကိုပဌမခေတ် ၁၈၃၇ ခုနှစ်မှ ၁၈၆၄ ခု နှစ်အထိကာလကို ဒုတိယခေတ်၊ ၁၉၆၄ ခုနှစ်မှစ၍ တတိယခေတ်ဟု သတ်မှတ်ကြသည်။

ကရင်လူမျိုးများ အာဂုဏ်ဆောင်ခဲ့သော ပို့၊ ကဗျာ၊ လင်္ကာ၊ တေးသီချင်းများ၊ ဒွန္ဒာရီ များ၊ စကားပုံ၊ စကား ထာ၊ ပဟေဠိ၊ စကားလိမ်စကားဝှက်နှင့် စကားပရိယာယ်များသည်၊ အများအပြားဖြစ် ထွန်းခဲ့သည် မိရိုးဖလာ ဘာသာစကား ယဉ်ကျေးမှုတို့သည်၊ ပြင်ပယဉ်ကျေးမှု များနှင့် ထိတွေ့ပြောင်းလဲပြီးတိုးတက်ဖြစ်ပေါ်မှုများပင်ရှိသည်။

တောင်ပေါ် မြေပြန့် ကရင်လူမျိုး အပေါင်းတို့သည်၊ .မိရိုးဖလာ၊ ဘာသာစကား ယဉ်ကျေးမှုများကိုအမြတ်တနိုးသိမ်းထားတတ်ကြပြီး မပျောက်မပျက်အောင် မိဘ ဘိုးဘွားများက ကြိပ်မတ် သွန်သင်ညွှန်ပြတတ်သောအစဉ်အလာရှိခဲ့လေသည်။ ငယ်ရွယ်သူတို့သည်အခန်းအနားများတွင် အပြိုင်အဆိုင်သီချင်းသီဆိုကြပြီးနိုင်သူကို ချီးကျူးဂုဏ်ပြုတတ်ကြလေသည်။ ဤအစဉ်အလာကြောင့် ကရင့် ရိုးရာယဉ်ကျေးမှုများသည်၊ စာပေဖြင့်ရေးသားမှတ်တမ်းတင်ခြင်း မပြုနိုင်ခဲ့သော်လည်း တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိဘဲ ရှင်သန်လျက် ပင်ရှိလေသည်။

ထို့ကြောင့်ကရင်စာပေ ပဌမခေတ်ကို ရှေး ကရင်စာပေဟုလည်း ဖော်ပြထားသည်။ ၁၈၃၇ ခုနှစ် ကရင်ဘာသာစကားစာပေများ ပေါ်ပေါက်လာသောအခါ ထိုစာပေများကို လင်္ကာဖြင့် ရေးသားကြသောကြောင့် ပဌမခေတ်ကို လင်္ကာခေတ်ဟုခေါ်ဆိုကြလေသည်။

## ကရင်ခရစ်ယာန်စာပေ

၁၈၂၈ခုနှစ်၊ ကရင်လူမျိုး "ကိုသာဖြူ" နှစ်ခြင်း မင်္ဂလာခံယူပြီး ခရစ်ယာန်ဘာသာဝင်တဦး ဖြစ်လာပြီး နောက်ပိုင်း၌ တောင်ပေါ် မြေပြန့် တို့မှ ကရင်အမျိုးသားများသည် ခရစ်ယာန်ဘာသာသို့ အများအပြား ကူးပြောင်း လာကြလေသည်။ ခရစ်ယာန်ဘာသာပြန့်ပွါးစေရေးနှင့်အခြေ ခိုင်မာစေရေးအတွက်၊ ၁၈၃၀ ခုနှစ်မှ စတင်ပြီး ပိုးကရင်နှင့် စကောကရင် စာရေးသားနည်းကို စတင်တီထွင်အသုံးပြုခဲ့သည်။ ၁၈၃၆ ခုနှစ်တွင် မျက်နှာ ဖြူလူမျိုး မင်းကြီး **(Blownwell)** ဆိုသူက၊ ပဌမအကြိမ် ကရင် အက္ခရာစာလုံးများကို ခဲစာလုံးအဖြစ် တည်ထွင်ပြီး ပုံနှိပ်စက် ပုံနှိပ်စက်တွင် စတင်အသုံးပြု ဆောင်ရွက်ခဲ့သည်။ ၁၈၃၇ ခုနှစ်တွင် ခရစ်ယာန်သာသနာပြု ဆရာဒေါက်တာ မေဆင်က "တာယောတရားလဲကစယ်ဒေါ်နို" တောင်ပေါ်မှ ဓမ္မဒေသနာကျမ်းစာအုပ်ကို စကော ကရင်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေလေသည်။ ထို့နောက် ၁၈၄၁ခုနှစ်တွင် ထားဝယ်မြို့မှနေပြီး အင်္ဂလိပ်နှင့်စကော ကရင် နှစ်ဘာသာဖြင့် ကရင်အမျိုးသား သတင်းစာတစောင်ကို ထုတ်ဝေသည်။ သတင်းစာ၏ အမည်မှာ ကရင်ဘာသာဖြင့် " ဆာတူဝေါ " **(Morning Star)** ဖြစ်၍ ဗမာလိုမှာ "မိုးသောက်ကြယ်" ဖြစ်သည်။ ၁၈၄၆ ခုနှစ် ဘန်းနက် ရေးသားသော ကရင် အင်္ဂလိပ် ဝေါဟာရကျောင်းသုံးစာအုပ်ကိုထုတ်ဝေခဲ့သည် ၁၈၄၉ ခုနှစ် မေလရက်စွဲဖြင့် ဘန်းနက် အမှာစာရေးပြီး ဒေါက်တာ ဂျိုနသန်ဝိတ်၏ အမည်ဖြင့်စကောကရင် အင်္ဂလိပ်အဘိဓါန် စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေသည်။ ၁၈၄၃ ခုနှစ်တွင် ဒေါက်တာ မေဆန်သည် သမ္မာကျမ်းစာကို စကောကရင်ဘာသာဖြင့် ရေးသားပြီးစီးသည်။ ပိုး ကရင် ခရာဇ်ယန်

ဘာသာရေး စာပေများကို ဦးဆောင်ပြု စုသူများမှာ အမေရိကန်နှစ်ခြင်းသာသနာပြုဒေါက်တာ ဂုဗိတ်၊ ဒေါက်တာမေဆန်၊ ဒီအယ်ဘရေတန်နှင့် အီးအက်စ်ဘူးလက်တို့ဖြစ်သည်။ ၁၈၃၈ ခုနှစ်တွင် ပိုးကရင်ဘာသာဖြင့် ခရစ်ယာန်ကျမ်းစာ များကို၊ စတင် ပုံနှိပ်သည်။ ၁၈၄၇ခုနှစ် ဘူးလတ်ပြုစုသော၊စယောဟန်ကျမ်းနှင့် တမန်တော်ဝတ္ထုတို့ကို ပိုးကရင်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေသည်။ ၁၈၅၁ ခုနှစ် ဒေါက်တာ မေဆန်က ပိုးကရင်သဒ္ဒါကျမ်းကို ပြုစုခဲ့လေသည်။ ၁၈၈၄ ခုနှစ်တွင်မူ ဒေါက်တာဘရေတန်သည်၊ ကရင်လူမျိုး ဦးကွန်လောက်နှင့်ဦးမြတ် သာ တို့၏အကူအညီဖြင့် သမ္မာကျမ်း စာတစ်ခုလုံးကို ပိုးကရင်ဘာသာသို့ ပြန်ဆိုပြီးစီးခဲ့သည်။ ဒေါက်တာဂျိုနသန် ဝိတ်သည် **"Thusurus of karen knowledge "** စာအုပ်ကို စကောကရင် ဘာသာနှင့် အင်္ဂလိပ် ဘာသာ နှစ်ရပ် ကိုတွဲပြီး ပဌမတွဲမှ စတုတ္ထတွဲအထိ ပြု စုခဲ့သည်။ ပဌမတွဲကို ၁၉၁၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေလေသည်။

၁၉၁၂ ခုနှစ်ပဌမဆုံးသောပိုးကရင်သတင်းစာကိုဆရာထွန်းအောင် (မန်းဂျိမ်းစ်ထွန်းအောင်ဘခင်)ကအယ်ဒီတာလုပ်ပြီး ထုတ်ဝေသည်။ ထိုသတင်းစာကို "မြန်မာနိုင်ငံလုံး ဆိုင်ရာကရင်ခရစ်ယာန် အသင်းချုပ်"ကပိုင်ဆိုင်လေသည်။ ပိုး ကရင် သတင်းစာသည်သက်တမ်းတာရှည်ခြင်း မရှိဘဲ ၁၉၁၈ ခုနှစ်တွင် ရပ်စဲသွားခဲ့သည်။ထိုသတင်းစာ၏ အမည်မှာ "ထန်လေ့ရာ"အင်္ဂလိပ်ဘာသာဖြင့် **(Forward)** ဖြစ်ပြီးမြန်မာလိုရှေ့သို့တက်ဖြစ်သည်။

ပဌမအကြိမ်ရပ်စဲခဲ့ပြီးနောက် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခဲ့သည်။ အယ်ဒီတာများမှာ ဆရာထွန်းအောင်နှင့် မန်းဘရွှေတို့ဖြစ်သည်။ သတင်းစာ၏ အမည်မှာ **(Forward)** ဖြစ်လေသည်။ ကရင်လို "လေးလရာ"ဟု အမည်ပြောင်းထားသည်။ ဗမာလိုမှာ ရှေ့သို့သွားဖြစ်သည်။

၁၈၈၁ ခုနှစ် ဒေါက်တာဝီးသံ ပြာ ခေါင်းဆောင်သည့် ပဌမဆုံးသော ကရင် အမျိုးသား အသင်းကို စတင်တည်ထောင်ခဲ့သည်။ ထို့နောက် အသင်းပိုင် သတင်း စာတစောင်ကို လည်းထုတ်ဝေခဲ့သည်။ ထိုသတင်းစာ၏အမည်မှာ**(Fairplay)**ဖြစ်သည်။ ဒေါကလုပိုင် သတင်းစာတွင် အမျိုးသားရေးကိစ္စများကိုပါ ထည့်သွင်းရေးသားလာခဲ့သည်။ ထို့နောက် ပိုးကရင်၊ စကော ကရင် ဘာသာတို့ဖြင့်ရေးသားသော "ထော့မဲပါ" အမည်ရှိ "ဝက်စွယ်ရှင်"စာစောင် တခု၊"စောဒါမေ" ထုတ်ဝေသော စကောကရင် ဘာသာဖြင့် "တိုင်"အမည်ရှိ "တိုင်း"သတင်းစာသည် ဒုတိယကမ္ဘာစစ် ဖြစ်ကာနီး (၂) နှစ်အလိုတွင် ရပ်စဲသွားသည်။ ပုသိမ်မြို့မှနေ၍ မန်းစံဘဆိုသူကလည်း ပိုးကရင်မဂ္ဂဇင်း တစောင်ကိုထုတ်ဝေခဲ့သည်။

ဒုတိယကမ္ဘာစစ် မတိုင် မီသတင်းစာ မဂ္ဂဇင်းစာစောင်အမျိုးမျိုးတို့သည်၊ အများအားဖြင့်သာသနာအဖွဲ့နှင့်သာသနာဆရာများကသာအယ်ဒီတာ လုပ်၍ သာသနာပြန့်ပွါးရေးကိုရည်ရွယ်ပြီး ထုတ်ဝေသော စာစောင်များသာ ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းထုတ်ဝေသောစာစောင်များမှာ ဘာသာရေး သက်သက်ချည်း မဟုတ်ဘဲ ကမ္ဘာ့အရေးလူမှုရေးပညာရေး ကိစ္စရပ်များကိုပါထည့်သွင်း ဖေါ်ပြလေသည်။ အချို့ စာစောင်များတွင် ဝတ္ထုဆောင်းပါး ကဗျာ၊သုတပဒေသာ အခန်းများကို ပင်ထည့်သွင်းခဲ့လေသည်။

၁၉၅၁ ခုနှစ်တွင် ဆရာဖီးထိုနှင့် မတ်ရွှေဇံ တို့နှစ်ဦးပေါင်းပြီး "လဲဆူးညား"အမည်ရှိသော စာစောင်ကို ထုတ်ဝေသည်၊ အင်္ဂလိပ်ဘာသာဖြင့် (Goforward )ဖြစ်သည်။ အယ်ဒီတာမှာ 'ပက်ထရစ်ဒူ'ဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ပဌမဆုံးသော ကရင်သတင်း စာ "မိုးသောက်ကြယ်" ပြန်ထွက်လာသည်။ ဆရာဖိုးငယ်နှင့် ဆရာပန်းမြေတို့က အယ်ဒီတာလုပ်သည်။ ထို့နောက်( The Light )ခေါ်ကရင် ဘာသာဖြင့်"တာကပေါ"မြန်မာ ဘာသာဖြင့် အလင်းရောင်သတင်းစာကိုဆရာ "လောဒါထွေး"အယ်ဒီတာလုပ်သည် ကရင်လူငယ်များ အားကစားအသင်းပိုင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ကာနီးတွင် ရပ်စဲသွားသော "ပိုးကရင်သတင်းစာ" ကို အမွေဆက်ခံသည့် သတင်းစာတစ်စောင်ကို ၁၉၅၆ခုနှစ်တွင် ထုတ်ဝေသည်။အယ်ဒီတာမှာမန်းဖုန်းမြ ဖြစ်သည်။ကရင်အမျိုးသမီး'အက်ဒစ်ဖြူ'ကအယ်ဒီတာလုပ်သော **"The Home"** မဂ္ဂဇင်း တစောင်ကို လည်းရေးသားထုတ်ဝေခဲ့သည်။

ဒုတိယကမ္ဘာစစ် နောက်ပိုင်း **( K.N.U )**မှ သုဝဏ္ဏတိုင်းသတင်း စာကို"ဗိုလ်ချုပ်စိုင်းကော"က အယ်ဒီတာလုပ်ပြီးထုတ်ဝေခဲ့သည်။ ကရင်လူငယ်အဖွဲ့ချုပ်ကလည်း တိုင်းရင်းသား စာစောင်ကို ရေးသားထုတ် ဝေသည်။ ထို့နောက်ပြည်တွင်းစစ်ကာလ ၁၉၄၉ ခုနှစ်နောက်ပိုင်း ကရင်ပြည်နယ် အစိုးရ (ကော်သူးလေဦးစီးအဖွဲ့မှ)ထုတ်ဝေသော၊"သူမနစာစောင်" "ကရင်ပြည်နယ် နှစ်ပတ်လည်မဂ္ဂဇင်း""ကော်သူးလေစာစောင်" **ရန်ကုန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအသင်း** (စကောကရင်၊ ပိုးကရင်၊ မြန်မာ၊ အင်္ဂလိပ် ) ဘာသာ"ကရင်ရှေ့ဆောင်ဂျာနယ်"စသည်တို့ဖြစ်သည်။

အထက်ဖေါ်ပြပါကရင်အမျိုးသား စာနယ်ဇင်းများအပြင် ကရင်အမျိုးသား စာရေးဆရာ အများအပြားရေးသားသော စာပေ အများအပြားလည်းရှိလေသည်။ ဆရာဦးအောင်လှရေးသားသော ကရင်ရာဇဝင် ကရင်ဘုန်းတော်ကြီးဦးပညာရေးသားသော

ကရင်ရာဇဝင်၊ မန်းထွန်းရင် ရေးသားသောကရင်ရာဇဝင်စာအုပ်များ၊ သရာဘူမှ ခေါ် ဘိုးတော် ဦး ရေးသားသော ကရင် ဖါးစည်အကြောင်း၊ ဆရာကြီးစောလွန်းရွှေ ရေးသားသော ကရင်နှစ်သစ်ကူးပွဲတော်အကြောင်း၊ ဒေါက်တာတီးသံပြာ ရေးသားသော ကရင်တို့၏ ရိုးရာဓလေ့များ အကြောင်း၊ ဦးဖိုးလင်းတေးနှင့် ဆရာကြီးမို့လို့ စောတောက် ဆရာ ဘထွန်း တို့ရေးသားသော စကော့ကရင်တို့အတွက် ကျောင်းသုံးစာအုပ်အမျိုးမျိုး (မူလတန်းမှအထက်တန်းအထိ) စကောကရင်နှင့် ပိုးကရင် အဘိဓါန်များလည်းပါဝင်သည်။ ဆရာသာနေအေး ၊ ဆရာအာရ်မောင်ချစ်နှင့် ဆရာဦးဖိုးလင်းတေးတို့ ရေးသားသောမူလတန်းမှ အလယ်တန်းအထိ ပိုးကရင်ကျောင်းသုံးစာအုပ်များအသီးသီးပါဝင်လေသည်။

ဎင်းပြင် ဆရာကြီး ဂျိသက်ကြီး၏ နက္ခတ်ပညာစာအုပ်ဆရာကြီးစမ် ၏ ကိုယ်ကျင့်တရားပညာစာအုပ် ဆရာဝိတ်တူနှင့် ဆရာဂျိသက်ကြီး၏ ကျမ္မာခြင်းစာအုပ်၊ ဆရာစလပ်(စ်)၏ မွေးမြူရေးစံနစ်၊မစ္စက်ဂွန်နသန်၏ ပုံပြင်များ၊ ဆရာဟားရပ်၏ ကရင်ပုံပြင်များ၊ ဒေါက်တာတီးသံပြာရေးသားခဲ့သော ၊ ကရင်အမျိုးသားမူလအစနှင့် ရည်ရွယ်ချက်၊ ကရင်အမျိုးသားများ၏ ဒုက္ခ၊ ကရင့်ဘဝနှင့်တိုးတတ်မှု၊ ခရီးသွားညွှန့်သည်၊ ဆရာကလွဲထူးဒီ၏ နော်ဖဲထူးပုံပြင် ဆရာဖိုးသဲမောင်အူး၏၊ စောသန်းကျော်နှင့် ထီးတလက်၊ စောမေဘာယ်တီက ခြေရာလိုက်လုနေခြင်း ပဒိုဘထူးတင်ဖော် ဉသြဝှက်ပုံပြင်များ ဖြစ်လေ သည်။

## ကရင်တမျိုးသားရေးပြဿနာ

ကရင့်လူမျိုးတို့သည် မြန်မာပြည်တွင်ရှေးမစွကပင် နေထိုင်သော တိုင်းရင်းသား လူမျိုးတမျိုးဖြစ်ခဲ့သည်။ ရှေးခေတ်မြန်မာပြည်တွင် တိုင်းတပါးသားတို့၏ ကျူးကျော်စစ် ပဒေသရာဇ် အချင်းချင်း အပြန်ပြန်အလှန်လှန်ကျူးကျော်နယ်ချဲ့စစ်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွါးခဲ့သည်။ ကရင်လူမျိုးများသည်ကြိမ်ဖန်များစွာဖြစ်ခဲ့သော စစ်ကိုရှောင်ရှားရင်း အကွဲကွဲ အပြားပြားဖြစ်ခဲ့ရသည်။ မြန်မာပြည်အရပ်ရပ် သည်လည်း မြေရှင်ပဒေသရာဇ်အုပ်စိုး သော တိုင်းနိုင်ငံငယ်များ အစိတ်စိတ် ကွဲပြားတည်ရှိနေရာ ထိုပဒေသရာဇ် အုပ်ချုပ်ရေးအသီးသီးအောက်သို့ ရောက်နေရသော ကရင်များသည်ဎင်း၊ ပဒေသရာဇ်အုပ်ချုပ်ရေးမှကင်းလွတ်ရန် ပြေးလွှားရင်း တောတောင်အရပ်ရပ်၌ ပြန့်နှံ့နေထိုင်ကြသော ကရင်များသည်ဎင်း သီးခြားအုပ်စုများဖြစ်လာပြီး စကားအားဖြင့်လည်း ကွဲပြားလာခဲ့လေသည်။ ကာလကြာသော် သီးခြားမျိုးနွယ်အုပ်စုများအဖြစ် အသိအမှတ်ပြုခံခဲ့ရသည် အထိဖြစ်ခဲ့ရသည်။ ထိုမျိုးနွယ်စုများကို တခုတည်းသော ဘာသာစကား တခုအဖြစ် ပြန်လည်ဖွဲ့စည်းရန်ကားမဖြစ် နိုင်တော့ချေ၊ကရင်ဟု မိမိဘာသာ သတ်မှတ်နိုင်သော်လည်း အချင်းချင်းပြောဆို ဆက်ဆံရာ၌ နားလည်နိုင်ခြင်း မရှိတော့ပေ။ ဤသည်မှာ စစ်ကြောင့် အတိုင်းအဆမရှိသော ဆုံးရှုံးနစ်နာမှု တရပ်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကရင်အမျိုးသားများ အချင်းချင်းထဲတွင် တစုတစည်းတည်းသောလက္ခဏာဆောင်နိုင်မည့် နည်းနာများကိုရှာဖွေရန် အထူးပင်လိုအပ်နေပါသည်။ ကရင်မျိုးနွယ်စုများအတွင်းတွင် လက်ခံ ကျင့်သုံးနိုင်သော အလားအလာရှိပါသလား။ ?, နေထိုင် သော နေရာဒေသအားဖြင့်ဎင်း ဘာသာစကားအားဖြင့်ဎင်း စာပေရေးသား မှုတွင်သော်ဎင်း အကွဲကွဲအပြားပြား ဖြစ်နေပေသည်။ရေရှည်အမျိုးသားစည်းလုံးညီညွတ်မှုနှင့်ထိမ်းသိမ်းနိုင်ရမည်ဟူသော အချက်ကိုမျိုးနွယ်စုအားလုံးက နားလည်သဘောပေါက် ရန် ပဌမအဆင့်အနေဖြင့်ကြိုးပမ်းရမှာဖြစ်ပြီး ဒုတိယခြေလှမ်းမှာ သဘာဝတရားနှင့်လူ့အခွင့်အရေးကို ချိုးဖေါက်ရာမကျသော နည်းနာကိုရှာဖွေရန်ကြိုး ပမ်းရပေမည်။ ဉပမာအားဖြင့် သဘာဝတရားနှင့် ဝတ်ပြုကိုးကွယ်မှုသည် လူသားအားလုံးအတွက် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပေရာအမျိုးသားစည်းလုံးညီညွတ်ရေးအတွက် တခုတည်းသောဘာသာ သာသနာတော်တွင်စုစည်းရန်မှာ သဘာဝကျမည်မဟုတ် ပေ။ လူ့အခွင့်အရေးကို ချိုးဖေါက်ရာလည်းကျပေမည်။ ထို့ကြောင့်မျိုးနွယ်စုအသီးသီးအတွက် တခုတည်းသော စာပေရေးသားမှုစံနစ်သည် အမျိုးသားစည်းလုံးညီညွတ်မှု၊ တည်တံ့မှုအတွက် အလားအလာအရှိဆုံး နည်းနာတရပ်ဖြစ်ပါသည်။ ဤအချက်ကို သာသနာနှစ်ရပ်စလုံးကလက်ခံနိုင်ရန် ကြိုးပမ်းသင့်ပေသည်။ အမျိုးသားတန်း တူမှုသည်အဓိကကျသည်ဟု လက်ခံယုံကြည်သည်နှင့် တခုတည်းသော စာပေကို လက်ခံနိုင်ရမည်ဖြစ်သည်။အကွဲကွဲအ ပြားပြားဖြစ်နေသော စာရေးသားသောနည်းစံနစ်များပေါ်တွင် အခြေခံသော အကြောင်းအရာများ မှာကား ပမာဏအားဖြင့်သေးငယ်မည်မဟုတ်ပေ။ သို့သော်မျက်မှောက်ခေတ်စာပေ တီထွင်မှုစံနစ်နှင့် အသုံးပြုမှုများတွင် စက်မှုသိပ္ပံခေတ်တွင် မြန်ဆန်ပြီးမြောက်မည်သာဖြစ်ပေမည်။ သို့ရာတွင် ပဓါနကျသော သုတေသနပြုချက်များနှင့် ကျယ်ကျယ် ပြန့်ပြန့်နှီးနှော မှုများမှာလည်း အထူးပင်လိုအပ်လှပါသည်။ ဤလုပ်ငန်းစဉ်ကို အမျိုးသားရေးပြဿနာတရပ်အဖြစ် သဘောပေါက်သင့်လှပေ သည်။

# ပြည်တွင်းစစ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးကြိုးပမ်းမှု

## ကရင့်တော်လှန်ရေးသမိုင်းမှတ်စု ဆရာကြီးစကောလေယ်တော

## ရန်သူ၏တွေ့ဆုံဆွေးနွေးရန်ကမ်းလှမ်းချက်များ

ကရင့်တော်လှန်ရေးနှစ်(၃၀) ကျော်အတွင်း၊ ရန်သူက ပြည်တွင်းစစ်ငြိမ်းချမ်းရေး၊ တွေ့ဆုံဆွေးနွေးရေး၊(၃) ကြိမ်တိတိရှိခဲ့ပါသည်။

**(၁) ၁၉၄၉–ခုနှစ်၊ အင်းစိန်တိုက်ပွဲကာလ ဦးနုမှ တွေ့ဆုံဆွေးနွေးခြင်း။**

**(၂) ၁၉၆၀–ခုနှစ်၊ နေဝင်းအိမ်စောင့်အစိုးရလက်ထက်၊ တွေ့ဆုံဆွေးနွေးခြင်း။**

**(၃) ၁၉၆၃–ခုနှစ်၊ နေဝင်းအစိုးရက တွေ့ဆုံခြင်းတို့ဖြစ်သည်။**

### (၁) ၁၉၄၉–ခုနှစ်၊ ဧပြီလ၊ ဦးနုက အင်းစိန်တိုက်ပွဲကာလ တွေ့ဆုံဆွေးနွေးခြင်း။

အင်းစိန် တိုက်ပွဲကာလရန်သူသည်၊ အကြပ်အတည်း ဆိုက်နေသည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်နှင့် မြောက် ပိုင်းတပ်များကိုပြန်လည်မှာယူရသည်။ ထိုတပ်များသည်၊ ရန်ကုန်သို့အခက်အခဲအမျိုးမျိုးရင်ဆိုင်ပြီး ပြန်လာကြရသည်။ စိတ်ဓါတ် လည်း အလွန် ကျဆင်းနေ သည်။ ကရင့်တော်လှန်ရေး ဘက်တွင် လည်း အခက်အခဲတချို့ရှိသည်။ ရိက္ခာဆန်ရှိသော်လည်း အခြားစားစရာများနှင့် ခဲယမ်းမီးကျောက်များ မလုံမလောက်နှင့် ရင်ဆိုင်နေကြရသည်။ က



စစ်အာဏာရှင်များနှင့်မ ဒ ည တ ကိုယ်စားလှယ်များညစာစားပွဲ

ရင့် တပ်ရင်း(၁)နှင့် တပ်ရင်း (၂)လည်း အချိန်မှီရောက်မလာပါ။။.

၁၉၄၉–ခုနှစ်၊ ဧပြီလ(၄) ရက်နေ့တွင်၊ အပစ်အခတ်ရပ်စဲရေးအတွက်၊ ဦးနုက စောဘဦးကြီးအား မိမိ နှင့်လာရောက်တွေ့ဆုံရန်စာတစောင်ရေးလိုက်သည်။ ၎င်း၏စာကို ပိုမိုခိုင် မာလေးနက်စေရန်အတွက်၊ နိုင်ငံခြားမှ သံတမန် (၃)ဦး၏ ထောက်ခံချက်လည်းပါ သည်။ ၎င်းသံတမန်(၃)ဦးမှာ

(၁) အင်္ဂလိပ်သံအမတ်၊ ( Mr. Broker ).

(၂) အိန္ဒိယသံအမတ်၊ (Dr. RAUF ).

(၃) ပါကစ္စတန်သံအမတ်၊ ( Mr. DND ALI )

အင်္ဂလိပ် ရေးပြန် အသင်းချုပ်၊ ဘီးရှေ့(West) တို့ပါဝင် သည်။ မိမိတို့ ဘက်မှလည်း အခက်အခဲရှိနေချိန်ဖြစ်သဖြင့် ဦးနုထံမှစာရ လျှင်ရခြင်း၊ နောက်တရက်၊ ဧပြီလ(၅)ရက်နေ့တွင်၊ စောဘဦးကြီးနှင့် အဖွဲ့ သွားရောက်တွေ့ဆုံသည်။ စောဘဦးကြီးနှင့် အတူ မန်းဂျိမ်း(စ်)ထွန်းအောင်၊ စောဘဲလေတို့ ပါဝင်သည်။ တွေ့ဆုံပွဲတွင်ဦးနုနှင့်အတူဗိုလ်နေဝင်း၊ ဗိုလ်ခင်မောင်လေး၊ ဦးချန်ထွန်းတို့ပါဝင်ကြသည်။

ဦးနုက ကရင် အမျိုးသားများနှင့် ပါတ်သက်ပြီး ဆာဘဦး၏ "ကို့မစ်ရှင်"က စီစဉ်ပြီးဖြစ်



ဆွေးနွေးပွဲရလာဒ်ကို စောင့်မျှော်နေသော လူမျိုးစုကိုစားလှယ်များ

သည်။ အပစ်အခတ်ရပ်စဲပြီး ကရင်များက ၎င်းတို့၏ လက်နက်များအား ပေးအပ်ရန်သာလိုတော့သည်။
များအား စာ ရင်းများ ကိုသာပေး အပ်ရန်ဖြစ်သည်။ ဆွေးနွေး ပြီးနောက် နှစ်ဘက်စလုံးက အပစ်အ ခတ်ရပ်စဲပြီး ဖ ဆ ပ လ မှတောင်း ဆိုချက်အတိုင်း လုပ်ဆောင်ရန်သဘော တူခဲ့ကြလေသည်။

စောဘဦးကြီးနှင့်အဖွဲ့ အင်းစိန် မပြန်ရောက်သောအခါ ကျန်ခေါင်းဆောင်များက လက်နက်ချခြင်းသာဖြစ်သဖြင့် သဘောတူချက်ကိုလကမခံကြပေ။

နောက်တနေ့တွင် မန်းဘဇန်နှင့် ကိုယ်စားလှယ်တဖွဲ့ ဦးနုနှင့်တွေ့ဆုံရန် ရန်ကုန်သို့ထွက်ခွါသွားသည်။ မန်းဘဇန်က ဦးနုအား ကရင်အမျိုးသားများ၏ အဓိကလိုအပ်ချက်မှာ၊ ကရင်ပြည်သာဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခရပ်စဲစဉ်၊ ကရင်ပြည်ရယူရေး ကိစ္စကိုသာ ဆွေးနွေးကြရန်၊ တင်ပြရာ ဖ ဆ ပ လ ခေါင်းဆောင်များကလက်မခံဘဲ ပဋ္ဌမ သဘောတူညီချက် အပေါ်၌သာ ရပ်တည်ဆွေးနွေးလေသည်။

ဆွေးနွေးပြီးခေါင်းဆောင်များ အင်းစိန်သို့ ပြန်လာသောအခါ၊ မန်းကျိမ်း(စ်)ထွန်းအောင်မှာ ရန်ကုန်တွင် ကျန်ခဲ့သည်။

စောဘဦးကြီးနှင့် ဦးနုတို့၏ သဘောတူညီချက်ကို၊ ခေါင်းဆောင်အများစုက၊ သဘောမတူသောကြောင့် စောဟန်တာသာမွေးနှင့် စောမောင်စိန်တို့သည်၊ ဖ ဆ ပ လ အစိုးရထံ၊ စာတစောင်ရေးလိုက်သည်။ ထိုစာမှာ သဘောတူညီချက်ကိုလုံးဝလက်မခံနိုင်ဟု ရေးသားပြီး လက်မှတ်ရေးထိုးထားလေသည်။ ဤသို့ဖြင့်ဆွေးနွေးပွဲ သဘောတူညီချက်မရတော့ဘဲ ပျက်သွားလေသည်။

## (၂) ၁၉၆၀–ခုနှစ်၊ နေဝင်းတပ်မတော်ခေတ်စိုးရလက်ထက်၊ တွေ့ဆုံဆွေးနွေးခြင်း။

၁၉၆၀–ခုနှစ်၊ ဦးနုသည်၊ နေဝင်းကိုအာဏာထိုးအပ်လိုက်ပြီးနောက်၊ ၁၉၆၀–ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၊ ဗိုလ်မှူးချုပ်အောင်ကြီးသည်၊ ကေအဲန်ယူ ပါတီသို့စာတစောင်ရေးပြီး ညီညွတ်ရေးအတွက်၊ တွေ့ဆုံဆွေးနွေးရန်ကမ်းလှမ်းလေသည်။ စာမှာလျှို့ဝှက် ဆက်သွယ်ခြင်းဖြစ်သော်လည်း၊ ကေအဲန်ယူ ပါတီ ခေါင်းဆောင်များက၊ သွားရောက် တွေ့ဆုံလေသည်။ ကေအဲန်ယူပါတီဘက်မှ၊ ဗိုလ်ချုပ်ကော်ထူး၊ ဆရာစကောလယ်တောပဒိုဖိုးသောတို့အား ကိုယ်စားလှယ် အဖြစ်စေလွှတ်ခဲ့သည်။ နေဝင်း ဘက်မှ၊ အောင်ကြီး၊ မောင်မောင်၊ အောင်ရွှေတို့အပြင် ဘဖြူ၊ စံကြည်၊ စိန်လွင်တို့ပါ ဝင်ကြသည်။

ဆွေးနွေးပွဲတွင် အောင်ကြီးက ပြည်တွင်းစစ် မှာရှည်ကြာပြီဖြစ်၍ပြည်သူလူထုတရပ်လုံး၊ ဒုက္ခအမျိုးမျိုး နှင့် ကြုံတွေ့နေကြရသည်။ ထို့ကြောင့်တပူးတပေါင်းတည်းပြန်လည်လုပ်ဆောင်ကြရန်ဆွေးနွေးလေသည်။ ကရင်အမျိုးသားများနှင့် ပတ်သက်၍မူ၊ ၎င်းတို့စီစဉ် မည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေသည်၊အရပ်သားအုပ်ချုပ်ရေးမဟုတ်စစ်အုပ်ချုပ်ရေးဖြစ်သောကြောင့်၊ကရင်အမျိုးသားများအတွက် အခွင့်အရေးကောင်းကြောင်း၊ ကရင် လက်နက်ကိုင်အဖွဲ့အစည်းများက မိမိတို့နှင့် ပြန်လည်ပူးပေါင်းရေးကိုမျှော်လင့်ကြောင်း ဆွေးနွေးလေသည်။

ကေအဲန်ယူ ပါတီ ခေါင်းဆောင် များကလည်း၊ မိမိတို့အနေနှင့် ကရင်ပြည်ကိုသာရလိုကြောင်း၊ ကရင်ပြည်ကိစ္စနှင့်ပါတ်သက်၍၊ မည်သို့ သဘောထားသည်ကိုမေးရာအောင်ကြီးက ၊ကရင်ပြည်မှာ သတ်မှတ် ပြီးဖြစ် သည်။ ယခုတင်ပြသော ကရင်ပြည်မှာ၊ မည်သို့သောကရင်ပြည် ဖြစ်သနည်းကို သိလိုကြောင်းပြန်မေးလေသည်။ ပါတီခေါင်း

ဆောင်များက၊ မိမိတို့လိုချင်သော ကရင် ပြည်မှာ၊ ကိုယ်ပိုင်ပြဌာန်းခွင့် ရှိသော ကရင်ပြည်ဖြစ်သည်။

အိမ်စောင့်အစိုးရက၊ မိမိတို့သဘောပေါက်ကြောင်း၊ သို့သော် ၎င်းကိစ္စသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရဖြစ်၍ မိမိတို့ ကျော်လွန်၍ မရပါ။ထို့ကြောင့် မိမိတို့နှင့် သာပြန်လည်ပူးပေါင်းပြီးလုပ်ရန်၊ မိမိတို့က အတတ်နိုင်ဆုံး၊ ကူညီမည်။ သည့်ထက်ကျော်လွန်၍မူ မိမိတို့ကမစဉ်းစားနိုင်ပါ။ အခြားကိစ္စများ ရှိပါသေးလားဟု မေးရာ ပါတီခေါင်းဆောင် များက၊လက်နက်ကိုင်တပ်ဖွဲ့နှင့် ပတ်သက်၍၊ မည်သို့သဘောထားသည်ကို ပြန်မေးပါသည်။ ၎င်းကိစ္စကို မိမိတို့စဉ်းစားထားသည်။ စီစဉ်ထားသည်။ကရင်တပ်ဖွဲ့များသည်၊ နှစ်ပေါင်းများစွာကတည်းက၊ ကြိုးစားတိုက်ခိုက်ကြသည်၊ နာခံမှုရှိသည်။ သို့သော်ရာဇဝတ် ကျူးလွန်သူများကို မိမိတို့က လက်မခံနိုင်ပါ။ ကရင်တပ်ဖွဲ့များကို၊ မိမိတို့တပ် ဖွဲ့တွင် လက်ခံပြီး၊ **(S P R)** ကဲ့သို့ သတ်မှတ်မည်။ အရည်အ ချင်းမှီသူများအား **(Kare Rifle)**ကဲ့သို့ ဖွဲ့စည်းမည်ကရင်တပ်ဖွဲ့များ လက်နက်ကိုင်ဆောင်ခွင့် ရှိစေရမည်။ ခေါင်းဆောင် တာဝန်ရှိသူများက၊ လက်နက်စာရင်းများကိုသာ ပေးအပ်ရန်ဖြစ်သည်။ ဒီမိုကရေစီ အခွင့် အရေးနှင့် ပါတ်သက်၍၊ အပြည့်အဝရှိစေရ မည်ကိုတာဝန်ယူသည်။ (၄) ကြိမ်မြောက်တွေ့ဆုံပြီး နောက်အကြောင်းမထူး တော့သည့်အတွက်၊ ပါတီခေါင်းဆောင်များက၊ မိမိ တို့အနေနှင့်တိုင်းပြည်ရရေးအတွက်ကိုသာ တာဝန်ပေး ခြင်းခံရသည်။ ယခု ကိစ္စများကိုဌာနချုပ်သို့ ပြန်လည်တင်ပြပြီးမှ၊ ပြန်လည်တွေ့ဆုံရန်တင်ပြခဲ့ရာ၊ သဘောတူချက်ရသဖြင့်ပြန်လာခဲ့ကြ လေ သည်။

## (၃) ၁၉၆၃–ခုနှစ်၊ နေဝင်းစစ်တစိုးရနှင့် တွေ့ဆုံဆွေးနွေးခြင်း၊၊

၁၉၆၂–ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင်၊ နေဝင်းစစ်တပ်မှ၊ အာဏာသိမ်းပြီးနောက်၊ ၁၉၆၃–ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့တွင်၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက်၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအားလုံး၊ လာရောက်ပြီးတွေ့ဆုံဆွေးနွေးရန်၊ နေဝင်းစစ်အစိုးရကကမ်းလှမ်းခဲ့လေသည်။ လာရောက်တွေ့ဆုံဆွေးနွေးသောအဖွဲ့အစည်းအားလုံးအား လုံခြုံရေးအတွက်တာဝန်ယူကြောင်း၊ အာမခံကျေညာခဲ့သည်။

နေဝင်းအစိုးရနှင့် သွားရောက်တွေ့ဆုံသော လက်နက်ကိုင် အဖွဲ့အစည်း များမှာ–

**၁။ အလံနီကွန်မြူနစ်ပါတီ။**

သခင်စိုးခေါင်းဆောင်ပြီး တွေ့ဆုံရာ၊ ရိုးသားမှုမရှိခြင်း၊ အခွင့်အရေးပိုယူသည် ဟု နေဝင်းမှသတ်မှတ်ပြီး၊ ဆွေးနွေးပွဲကို ရပ်စဲလိုက်သည်။

**၂။ရခိုင်ကွန်မြူနစ်ပါတီ။**

ကျော်ဇံရွှေဦးဆောင်ပြီး တွေ့ဆုံရာ၊ အထက်ပါအတိုင်း သဘောထားပြီး၊ ဆွေးနွေးပွဲ ရပ်စဲလိုက်သည်။

**၃။ ရှမ်းအဖွဲ့။**

(S S I A) ရှမ်းပြည်ကို တောင်းသဖြင့်၊ ဆွေးနွေးပွဲရပ်စဲလိုက်သည်။

**၄။ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့။**

**(K.I.A.)**မန္တလေးတွင်တွေ့ဆုံသည်။ လွတ်လပ်သော ကချင် ပြည်တောင်း သဖြင့်၊ ဆွေးနွေးပွဲရပ်စဲ လိုက်



သုံးပါတီကိုယ်စားလှယ်များနှင့် စစ်အာဏာရှင်များ ဆွေးနွေးနေကြစဉ်

သည်။

**၅။ဗမာပြည်ကွန်မြူနစ်ပါတီ။**

ပထာမကိုယ်စားလှယ် အဖွဲ့တွင် ရဲဘော် ဌေးဦးဆောင်သည်။ မ ဒ မ ည အနေနှင့် ပြန်လည်တွေ့ဆုံသော အခါ၊ရန်သူမှ ဆွေးနွေးပွဲကိုရပ်စဲလိုက်သည်။

**၆။ချင်းအမျိုးသားအဖွဲ့။**

ဗ က ပ အဖွဲ့ခွဲ၊ ဗ က ပ ကဲ့သို့ ရပ်စဲသွားသည်။

**၇။ကေအဲန်ယူပါတီ။**

**၈။ကရင်နီတိုးတက်ရေးပါတီ။**

**၉။မွန်ပြည်သစ်ပါတီ။**

အမျိုးသား(၃)ပါတီမှာ၊ စောဘဦးကြီး ဦးဆောင်သွားသည့်အတိုင်း၊ တောင်းဆိုချက် တမျိုးတည်းဖြစ်သည်။ ထို့နောက် မ ဒ ည တ အနေနှင့် ပြန်လည်ဆွေးနွေးရာ၊ မ ဒ ည တ ကဲ့သို့၊ ဆွေးနွေးပွဲရပ်စဲသွားသည်။

**၁၀။ကေအာရ်စီ။**

မှူဆိုးကော်ကဆာမှ၊ ဦးဆောင်သည်။ (၃)လခွဲ ဆွေးနွေးပြီးနောက် နားလည်မှုရသည်။ ၁၉၆၄–ခုနှစ်၊ မတ်လတွင်၊မှူဆိုးလက်နက်ချပြီး၊ နေဝင်းနှင့်ပူးပေါင်း သွားလေသည်။

ကေအဲန်ယူပါတီမှ၊ ပထာမကိုယ်စားလှယ်အဖြစ်ဗိုလ်ကျင်ဖေအား ဦးဆောင်စေပြီး၊ သွားရောက်တွေ့ဆုံရာ နေဝင်းစစ်အစိုးရက၊ ကောင်းစွာကြိုဆိုသည်။ ကိုယ်စားလှယ်စစ်တို့၊ တွေ့ဆုံရန်၊ နေဝင်းကတောင်းဆိုရာ၊ အောက်ပါကိုယ်စားလှယ်များကို၊ ရွေးချယ်စေ လွှတ်ခဲ့သည်။ ကေအဲန်ယူ အဖွဲ့မှ မန်းဘဇန်၊ စကောလယ်တော၊ ဗိုလ်ကျင်ဖေ၊ ဗိုလ်သန်းအောင်။ ကရင်နီအဖွဲ့မှ၊ ဗိုလ်မောရယ်၊ ဗိုလ်စံလင်း။ မွန်အဖွဲ့မှ၊ နိုင်ရွှေကျင်၊ နိုင်တင်၊ နိုင်တက်ထွန်း တို့ ဖြစ်သည်။

အမျိုးသား (၃)ဖွဲ့ကိုယ်စားလှယ်များသည်၊ ရန်ကုန်မြို့ သမတအိမ်တော်တွင်၊ ကြိုတင်တွေ့ဆုံဆွေးနွေးသည်။ ထိုဆွေးနွေးပွဲတွင်၊နေဝင်းဖက်မှ၊ နေဝင်း၊ စောမြင့်၊ စန်းယု၊ လှဟန်၊ ကျော်စိုး၊ သောင်းဒန်၊ သောင်းတင်၊ ချစ်ခင်တို့ ပါဝင် သည်။ နောက်ဆုံး ၂၊ ၁၀၊ ၆၃၊ရက်နေ့ တွင်မူ၊ နေဝင်း၊ စောမြင့်၊ လှဟန်၊ ကျော်စိုး၊ သောင်းဒင်၊ ချစ်ခင်တို့ပါဝင်သည်။

အမျိုးသား(၃)ပါတီ၊ တွေ့ဆုံဆွေးနွေးပွဲတွင်၊ တောင်းဆိုချက်များကို တင်ပြပြီးနောက်၊ ဆက်လက်ပြီး၊ အပစ်အခတ်ရပ်စဲရေးအတွက်၊ မ ဒ ည တ အနေနှင့် တွေ့ဆုံဆွေးနွေးသည်။ ပါဝင်သောအဖွဲ့များမှာ–

၁။ ကေအဲန်ယူပါတီ၊ မန်းဘဇန်၊စကောလယ်တော၊ ဗိုလ်ကျင်ဖေ။

၂။ ကရင်နီ တိုးတက်ရေးပါတီ၊ ဗိုလ်မောရယ်။

၃။ မွန်ပြည် သစ်ပါတီ၊ နိုင်ရွှေကျင်၊ နိုင်ထင်၊ နိုင်တက်ထွန်း၊

၄။ ဗ က ပ သခင်ဇင်၊ သွင်တင်ထွန်း၊ ရဲဘော်ဌေး၊ ဗိုလ်ဇေယျ၊ ဗိုလ်အောင်ကြီး၊ ဗိုလ်စိုးအောင်၊ ဗိုလ်ပု၊

၅။ ချင်းအဖွဲ့၊ ဆလိုင်းစံအောင်၊ ဆလိုင်းသာဦးတို့ဖြစ်သည်။

မ ဒ ည တ အဖွဲ့အနေနှင့် တွေ့ဆုံဆွေးနွေးစဉ်ကာလ တပြည်လုံးအတိုင်းအတာနှင့် အပစ်အထတ်ရပ်စဲထား ရန်တင်ပြရာ၊ နေဝင်းစစ်အစိုးရမှ၊ လက်မခံဘဲ ၎င်းနှင့်တွေ့ဆုံဆွေးနွေးနေသောအဖွဲ့နှင့်သာအပစ်အခတ်ရပ်စဲမည် ဖြစ်ပြီး၊ အခြားဒေသများကို၊ တာဝန်မယူဟုပြန်လည်ပြောကြားခဲ့သည်။

အမျိုးသား(၃)ပါတီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်၊ စစ်အစိုးရသည်၊ "တည်မြဲ"ခေါင်းဆောင်များကို ဖမ်းလိုက်လေသည်။

ဆွေးနွေးပွဲကာလ "ပြည်သူ့လူထုက" "ပြည်သူ့ကော်မီတီ" နှင့် အမျိုးသားပေါင်းစုံကော်မီတီဖွဲ့စည်းပြီး၊ နေ



စစ်အာနာရှင်နှင့် မ ဒ ည တ ကိုယ်စားလှယ်တို့ ဆွေးနွေးနေပုံ

ဝင်းစစ်အုပ်ချုပ်ရေး၊ ဆန့်ကျင် ဆန္ဒပြပွဲကြီးကို၊ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ထိုဆန္ဒပြပွဲတွင်၊ (၆) ခရိုင်မှ၊ လူထုအမြောက်အများပါဝင်ကြသည်။

(၄)ကြိမ်မြောက်တွေ့ဆုံပြီးနောက်၊ တိုးတက်မှုမရှိခဲ့ပေ။ (၅)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲတွင်၊ နေဝင်းစစ်အစိုးရမှ အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။

(၁)တော်လှန်ရေး လက်နက်ကိုင်အဖွဲ့ဝင်အားလုံး၊ စစ်အစိုးရကသတ်မှတ်ထားသောနေရာတွင်၊လာရောက်စုစည်းနေထိုင်ရန်၊ ၎င်းတို့ကို၊ နေရာထိုင်ခင်း၊ စားရေးသောက်ရေးနှင့် လုံခြုံရေးကို တာဝန်ယူမည်။

(၂) တွေ့ဆုံဆွေးနွေးစဉ်ကာလ တော်လှန်ရေးအဖွဲ့အစည်းများက စည်းရုံးရေးလုပ်ငန်းများမလုပ်ရ။

(၃) တွေ့ဆုံဆွေးနွေးစဉ်ကာလ၊ တော်လှန်ရေးအဖွဲ့အစည်းများသည်၊ အုပ်ချုပ်ရေးလုပ်ငန်းများမလုပ်ရ။

(၄) အပြင်ထွက်လိုပါကခွင့်တောင်းရမည်။

(၅) လက်နက်ကိုင်တက်ဖွဲ့ဝင်အားလုံးစခန်း၏ စည်းမျဉ်း၊ စည်းကမ်းများ ကိုလိုက်နာရမည်။

ဤတောင်းဆိုချက်များသည်၊ လက်နက်ချရသော၊ အဓိပ္ပါယ်ပင်ဖြစ်သည်။

၆–ကြိမ်မြောက် ဆွေးနွေးပွဲဖြစ်သော၊ ၁၉၆၃–ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့ညနေဖက်တွင်၊ ရန်သူက မ ဒ ည တ သည်ရိုးသားသော သဘောနှင့် လာရောက်ဆွေးနွေးခြင်းမဟုတ်သောကြောင့် ဆက်လက်ဆွေးနွေး၍လည်း၊ အကျိုးမရှိတော့ပါ။ ထို့ကြောင့်ဆွေးနွေးပွဲကိုရပ်စဲလိုက်ကြောင်း ပြတ်ပြတ်သားသားပြောကြားလေသည်။

မ ဒ ည တ ကိုယ်စားလှယ်များက၊ ထိုဆုံးဖြတ်ချက်များကို၊ ပြန်လည်စဉ်းစားရန်၊ ညှိနှိုင်းရေးရသည်အထိ ဆက်လက်ဆွေးနွေးရန်၊ တောင်းပန်လေသည်။ နေဝင်းစစ်အစိုးရက၊ သူ၏ သဘောထားကို ပြင်ဆင်ခြင်းမပြုတော့ပေ။

တွေ့ဆုံဆွေးနွေးပွဲသည် ည (၉)နာရီတိတိအချိန်တွင်၊ပျက်သွားလေသည်။ နောက်တနေ့ မ ဒ ည တ ကိုယ်စားလှယ် အသီးသီး မိမိတို့ဌာနချုပ်ရှိရာ ဒေသများစီသို့ အသီးသီးပြန်သွားကြ လေသည်။

စစ်အစိုးရသည်၊ (၃)ရက်အတွင်း လိုက်လံတိုက်ခိုက်ခြင်းမပြုပါဟု ဂတိပေးထားသော်လည်း၊ (၂)ရက်မြောက်သောနေ့တွင်၊**မ ဒ ည တ ခေါင်းဆောင်များနောက်သို့ နေရာအနှံ့လိုက်လံတိုက်ခိုက်ကြလေသည်။** သို့သော် ခေါင်းဆောင်များအားလုံးမိမိတို့ဒေသအသီးသီးသို့ ပြန်ရောက်ကြပြီ ဖြစ်သဖြင့်၊ မမှီလိုက်တော့ပါ။



ပြည်တွင်ငြိမ်းချမ်းရေးမျှော်လင့်ချက်ကြီး ကုန်ဆုံးပြီးနောက်
နှစ်ပေါင်း(၃၀)ကျော်ပြည်တွင်းစစ်မီးကြီးဆက်လက်တောက်လောင်ခဲ့ရသည်။


နှင့်
ရွှေစာအုပ်
၃၂

# အရှိမတွေ့ရနှင့်ရွှေစာအုပ်



လေးတောခိုတွင်သီတင်းသုံးနေသော“ဖုးကျိုက်”ညွှန့်ကြေ

## စာရေးသူ၏အမှာစာ

တလါခုန်းဘာသာ ဂိုဏ်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ လေ့လာလိုသော ဆန္ဒသည် နှစ် အနည်းငယ်ပင်ကြာခဲ့ပါသည်။ ၁၉၉၃–ခုနှစ်တွင် ကျွန်ုပ်၏ ဆန္ဒ ပြီးမြောက်စေရန် အခြေအနေတရပ်နှင့် ကြုံကြိုက်ခဲ့ရပါသည်။ တလါခုန်းဘာသာဂိုဏ်း ဥက္ကဋ္ဌ မောင်အေးမင်နှင့် အမှတ်မထင် တွေ့ဆုံသိကျွမ်းခြင်း။ ၁၉၉၃–ခုနှစ် ဇန္နဝါရီလ (၁၂) ရက်နေ့ ဒူးပလာယာခရိုင် အဇင်းကျေးရွာတွင်ကျင်းပသော နှစ်သစ်ကူးကိုတက်ရောက်ရန် ဖိတ်ကြားခံ ရခြင်းသည် အဓိကဖြစ်ပါသည်။

မောင်အေးမင်း၏ ဖိတ်ကြားချက်အရ နှစ်သစ်ကူးနေ့အပြီး လေးတောခိုကျေးရွာသို့ ဇန္နဝါရီလ (၁၃) ရက်နေ့တွင် ရောက်ပြီး (၁၅)ရက်နေ့ ပြန်လည်ထွက်ခွါခဲ့ပါသည်။ အချိန်တို အတွင်း ဖုးကျိုက်မောင်ညွှန့်ကြေ “တဝါးဘူ” တို့နှင့်၎င်း ဦးအောင်သိန်းတင် အပါအဝင်နာယက အချို့နှင့်၎င်း ဥက္ကဋ္ဌမောင်အေးမင် အပါအဝင် ကျေး ရွာလူကြီး အဖွဲ့တို့နှင့်၎င်း ရင်းနီးစွာ စကားစမြည် ပြောခဲ့ရပါသည်။ ထို့နောက် “တလါခုန်း” ဘာသာ ဂိုဏ်းအတွက် စာအုပ်တအုပ်ထုတ်ပေးရန် ဂတိပြုခဲ့ပါသည်။ သို့သော် ကျနော်အနေနှင့် တလာခုန်းနှင့် ပတ်သက်၍ပြည့်စုံစွာ မသိသေး သည်ကို အမှန်ဝန်ခံ ရမည်ဖြစ်ပါသည်။

ယခုတင်ပြသည့်“ဆောင်းပါး”သည် တလါခုန်းနှင့် ပတ်သက်၍ ကျွန်ုပ်တွေ့မြင်ခဲ့သမျှ ယေဘုယျအားဖြင့်တင်ပြပြီး နေရာအနှံ့ လေ့လာပြီး အသေးစိတ် အခြေအနေ အချို့ကို သီးခြား ဖော်ပြမည်ဖြစ်ပါသည်။

ကျွန်တော်၏ စေတနာမှာ ဤသို့သော ကရင်လူ အဖွဲ့အစည်း တခုကို စနစ်တကျနားလည်သဘောပေါက်ပြီး ၎င်းတို့၏ အတိတ်၊ ပစ္စုပ္ပန် အနာဂါတ်ရေး တို့ကိုခွဲခြမ်းစိတ်ဖြာနိုင်စေရန်ဖြစ်ပါသည်။ ဆောင်းပါးဖြစ်မြောက်ရေးအတွက် မောင်အေးမင် လေးတောခို ဥက္ကဋ္ဌနှင့် ကျေးရွာသူ၊ ကျေးရွာသားအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ မှတ်တမ်းတင်အပ်ပါသည်။

## အရှိမတွေ့ရနှင့် ရွှေစာအုပ်

ခရစ်ယာန်သာသနာနှင့် ဗုဒ္ဓဘာသာ သာသနာ လွှမ်းမိုးခဲ့သော ကရင်လူအဖွဲ့ အစည်းအတွင်း ထိုသာသနာနှစ်ရပ်လုံးနှင့် တူသယောင်ရှိသော အယူဝါဒ တခုကို အခြေခံပြီး၊ မိမိတို့၏ ရှေးကျသော မိရိုးဖလာ နှင့် ယဉ်ကျေးမှုအစဉ်အလာကို တည်တန့်နိုင်မြဲ အောင်ထိမ်းသိမ်းထားနိုင်သည့်“တလာခုန်း” ဘာသာ ဂိုဏ်းဝင်များသည် နေရာအနှံ့အပြား နေထိုင်ဆဲရှိသည်။

“တလာခုန်း”ဟူသော“ဝေါဟာရသည် စင်စစ်ကရင်စကားမဟုတ်ဟု သုတေသီအချို့ကယူဆကြသည်။ မွန် ဝေါဟာရ မွန်စကား ဖြစ်သည်။ မူလအ သံထွက်မှာ “တလကူ” ဖြစ်သည်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုဌာနချုပ်မှ ထုတ်ဝေသော “ကရင်ပြည်နယ်မှတ်တမ်း” စာအုပ်တွင်“ တလကူ (သို့)တလာခုန်း”၏ အဓိပ္ပါယ်မှာ “တရားနှင့်ပြည့်စုံသောသူ” ဟူ၍ ဖော်ပြထားသည်။ ကရင်လူမျိုးများနှင့် တလာခုန်း ဘာသာဝင်များ နေ့စဉ်ခေါ်ဝေါ် သုံးစွဲနေသော်လည်း “ဝေါဟာရ”၏အဓိပ္ပါယ်ကိုမူ ရှင်းပြနိုင်သူ အလွန်နည်းပါသည်။“တလကူ (သို့) တလာခုန်း” အယူဝါဒ အတွင်း ပူဇော်ပသမှုဆိုင်ရာ “ဝေါဟာရ”အများ အပြားမှာ မွန်စကားနှင့် မွန်အခေါ်အဝေါ်များ သာဖြစ်သဖြင့် ကရင့်လူ့အဖွဲ့အစည်းနှင့် မွန်နိုင်ငံတော်တို့၏ ဆက်သွယ်မှုအရပ်ရပ်သည် သမိုင်းရေးရာအရ အလွန်အရေးပါ ခဲ့သည်ဟု

ကောက်ချက်ချနိုင်ပါသည်။

တလာခုန်း" ဂိုဏ်းသည် မည်သည့်ခေတ်တွင် စတင်ခဲ့ခြင်းနှင့် ပတ်သက်၍မူ သမိုင်းသုတေသီများအတွင်း ကွဲလွဲချက်များရှိနိုင်ပါသည်။ အင်ဒ့်(စ်)ပီ၊ဟိုဗီမာရ်၏"ကရင်ဘုရင်ရှာဖွေရာတွင်" ဟူသော စာအုပ်၌ အောက်ပါအတိုင်း ရေးသားထားသည်။

သီဟိုဠ် စတန်း၏ရည်ညွှန်းချက်အရ ဆိုလျှင် ထိုလှုပ်ရှားမှုသည် ၁၈၅၀ ခုနှစ်မတိုင်မီ ကာလကတည်းက မြန်မာပြည် ၊ မော်လမြိုင်ခရိုင်ရှိ ၊ ကျေးရွာတရွာမှ စတင်ခဲ့သည်။ မူလတည် ထောင်ခဲ့သူမှာ"ခေါင်ယူ" ဖြစ်ပြီးသူသည် မွန်ဘုန်းကြီးကျောင်းရှိ ကရင် ဘုန်းတော်ကြီးတဦးနှင့် အခိုင်အမာဆက် သွယ်မှုရှိသဖြင့်ဗုဒ္ဓဘာသာအယူဝါဒကို ကြည်ညိုသူတဦး ဖြစ်သည်။ ထိုဂိုဏ်းခေါင်းဆောင် များကို "ဖူးကျိုက်"ဟုခေါ်သည်။ ထိုဝါဒကို ဆက်ခံသူများသည် ဆံထုံးထားပြီး အဝါရောင်သင်္ကန်းကို ဝတ်ဆင်ခြင်းသားသတ်လွှတ်စားခြင်းတရား ထိုင်ခြင်းများကို ပြုလုပ်ကြသည်။ သို့သော် ထိုဂိုဏ်း၏ မူလလှုပ်ရှားမှုနှင့် ပါတ်သက်၍ (၁၉၀၁) ခုနှစ်အိန္ဒိယအစိုးရသန်းခေါင်စာရင်းဌာန၏ ဖော်ပြချက်နှင့် ကွဲလွဲနေပါသည်။ ကော့ကရိတ်မြို့နယ် ဒု–ခရိုင်အရာရှိက ထိုဂိုဏ်းသည်(၁၇၅၀)လောက်ကစတင်ခဲ့သည်။ ထိုင်း နိုင်ငံ အနောက်ဖက်မှ မူလစတင်ခဲ့ပြီး ပထမ"ဖူးကျိုက်"ပျံလွန်တော်မူ ပြီးနောက် ပိုးကရင် နှင့် စကောကရင်ဟူ၍ အုပ်စုနှစ်ခုကွဲသွားခဲ့သည်။ စကောကရင်အုပ်စုမှာ မော်လမြိုင်အရှေ့ဘက်သို့ ပြောင်းရွှေ့သွားပြီး ပိုးကရင်အုပ်စုမှာ ထိုင်းနိုင်ငံအနောက်ဖက်တွင်ကျန်ခဲ့ကြသည်ဟု ဖေါ်ပြထားသည်။ ဒေါက်တာ ရေး နယ်ဒီနတ်၏ သုတသနစာတမ်းဖြစ်သော"ထိုင်း–ကရင် ဆက်ဆံရေး" အစပိုင်းမှ (၁၉၂၃)ခုနှစ်ထိ စာတမ်းတွင်အောက်ပါအတိုင်းရေးထားသည်။

"တာလခုန်း"ဂိုဏ်းနှင့်အလားတူဂိုဏ်း များသည် (၁၇၅၃)ခု နှစ် ပဲခူးကို တိုက်ခိုက်သိမ်းပိုက်ခဲ့သော အလောင်းဘုရား၏ ဖိအား ပေးမှုကြောင့် ဖြစ်ပေါ်လာရ သည်ဟု ဖေါ်ပြထားသည်။ ဆက်လက်ပြီး (၁၉)ရာစုတွင် ကရင်လူမျိုး များသည် မြန် မာတို့၏ အုပ်ချုပ်မှုကို တွန်းလှန်ရန်နှင့်အလောင်းဘုရားကဲ့သို့ "စကြာဝဒေးမင်း" ဖြစ်လိုသော ဂိုဏ်းများတူထောင်ကြသည်ဟုဖေါ်ပြခဲ့သည်။

အင်ဒ့်(စ်)ပီ ဟို ဗီ မာ ရ် က (၁၉၀၁) ခုနှစ် သန်းခေါင်စာရင်းအရ ပထမ "ဖူးကျိုက်" ခေါ် "ခေါင်းယူ" သည် မင်းလောင်းအဖြစ် မျှော်မှန်းချက် သို့ရည်ညွှန်းသော အယူအဆကို အုပ်မြစ်ချခဲ့၍ အထက်အာဏာပိုင်များ၏ဖမ်းစီးရန် ခြိမ်းခြောက်မှုကို အနည်းဆုံး (၂) ကြိမ်မျှ ခံခဲ့ရသည်။ အကြောင်းမှာ ကရင်များ သူပုန် ထရန် လှုံ့ဆော်မှုကြောင့်ဖြစ်သည်။"ခေါင်းယူ"သေဆုံးပြီး နောက်ပိုင်း အကွဲကွဲ အပြားပြားဖြစ်သွားကြသည်။ သို့သော် မကြာမီ ကျရောက်မည့်ကာလများ၏ ရွှေဘုံသာခေတ်သို့ မျှော်မှန်းသောအယူဝါဒသည် ထင်ရှားနေခဲ့ပြီးဖြစ်သည်။ ရွှေဘုံသာခေတ်နှင့် နောက်ပွင့်မည့်အရိမတ္တေယျဘုရား စသည်တို့သည်"တလာခုန်း"ဘာသာ ဂိုဏ်းဝင်တို့အား "ရွှေစာအုပ်"ကိုပြန်လည်ပေးအပ်ခြင်းဖြင့်စတင်လိမ့်မည်ဟူ၍ယုံကြည်နေကြကြောင်းဖော်ပြထားသည်။ သို့သော်ဒေါက်တာရေးနယ်ဒီရီနတ်ကသူ၏ လေ့လာချက်ကိုဖော်ပြရာတွင် "သီအိုဒိုစတန်းသည်မြေပြန့်ကိုအခြေခံသော"ကရင်များ၏ ဘာသာရေးဂိုဏ်း လှုပ်ရှားမှုကဖော်ပြ ထားခြင်းဖြစ်သည်။ သို့သော် အလောင်းဘုရားခေတ် မတိုင်မှီ "တလာခုန်း"ကဲ့ သို့သော ဂိုဏ်းများ ပေါ်ထွန်းနေပြီး ဖြစ်သည် ဆို ခြင်း ကို ယုံ ကြည် ရန် လုံ လောက်သော အချက်အလက် မရှိသေးပါ။ ဥပမာအားဖြင့် (၁၇၅၃) အလောင်း ဘုရား မတိုင်မှီ (၉)နှစ် ကာလ အ တွင်း ကရင်လူမျိုး (၁၅၀)ခန့်တို့သည် ပဲခူးမြို့ကို "မွန်" ဘုရင်ထံမှ တညတာသိမ်းပိုက်ခဲ့ သည်။ ထိုသိမ်းပိုက်ခဲ့သော ကရင်များသည် "တာလခုန်း" ဂိုဏ်းဝင်များ ဖြစ်သည်ကိုမူ အထောက်အထားပြစရာ မရှိပါဟူ၍ ဖော်ပြထားသည်။

"တလာခုန်း"ဘာသာဂိုဏ်း၏ မူလစတင်ပေါ်ပေါက်သော ခေတ်ကာလကို သာမကစတင်သော ဒေသကိုပင်သုတေသီအချင်းချင်း ကွဲလွဲချက်များ ရှိကြသည်။ သို့သော် သမိုင်းရေးရာ ဒုံးသပ်ချက်နှင့် ပတ်သက်၍ ကွဲလွဲချက်ဆိုသည်မှာ ထုံးစံတရပ်ဖြစ်သည်။ တိကျသော အထောက် အထားများရှားပါးခြင်း၊ (သို့)မရှိခြင်းသည်လည်း အ



"ဘုချော်ရော့"သီးနှံများဖြင့် ပူဇော်သောပွဲတော်ကို မေလတွင်ကျင်းပနေစဉ်

ခြေခံအကြောင်းတရပ်ဖြစ်သည်။

"တလာခုန်း"ဘာသာဂိုဏ်း သည် ကောဇာသက္ကရာဇ် (၁၁၁၁)ခုနှစ် (အေဒီ – ၁၇၄၉)ခုနှစ် ဟောင်းသရေချောင်းနှင့် ကျိုင်း မြစ်တို့ဆုံရာ ချောင်းဝတွင် ကရင်ဘုန်းတော် ကြီး "ဖူးတာမိုက်" ကျောင်းဆောက်ပြီး သာ သနာပြုသော ကာလတွင် ပေါ်ပေါက်နေပြီး ဖြစ်သည်။ "ဖူးတာမိုက်" သည် "ဖူးကျိုက်" ၏ တပည့်များဖြစ်သော "တဝါးဘူ" များကို မိမိ ၏ (ကိုရင်)များနှင့် တန်းတူသဘော ထားခဲ့ သည်။ "တဝါးဘူ" များသည် "ဖူးတာမိုက်" ကျောင်းသင်္ကန်းထဲတွင် ကိုရင်များနှင့် အတူ တကွပညာသင်ကြားခဲ့ကြောင်း "ဘူခို" များမှ အဆင့်ဆင့် မှတ်သားထားခဲ့၍ သိရသည်။ သို့သော်ထိုဂိုဏ်းများမည်သည့်ခုနှစ်တွင် ပေါ် ပေါက်ခဲ့သည်ကိုမူ အတိအကျ ပြောပြနိုင် ရန်ခဲယဉ်းပါသည်။ တိုင်းရေးပြည်ရာ အလွန် ရှုပ်ထွေးသော ကာလဟု ပြောနိုင်ပါသည်။ အလောင်းဘုရား နန်းမတက်မီကာလ ယိုးဒ ယားနှင့် တရုတ်တို့က မြန်မာများအား ကျူး ကျော်တိုက်ခိုက်ခဲ့ခြင်းများ ရှိခဲ့သည်။ မြန်မာ မင်းအုပ်ချုပ်ရေးများပြိုကွဲခြင်း မွန် လူမျိုးများ က မြန်မာတို့၏ နယ်ချဲ့ခြင်းကို တော်လှန် ကြခြင်း၊ ကသည်း၊ ဟုန်းဇော်ဘွားများ တိုက် ခိုက်လာခြင်း စသည့်သမိုင်းဖြစ် ရပ်များ နှင့် ဆက်စပ်နေပါသည်။

ထူးခြားသော ဖြစ်ရပ်တခုမှာ ဟံသာဝတီ (ပဲခူး)တွင် သက္ကရာဇ် (၁၁၁၂) ခု နှစ် (၁၇၅၀) ဟံသာဝတီမြို့ဝန် "မောင်သာ အောင်" သည် ကသည်း၊ စစ်တပ်ကြီး စစ် ကိုင်းရောက်သည်ဟု ကြားလျှင်ကြားခြင်း ဟံသာဝတီရှိ မွန်အကြီးအကဲတို့နှင့် တိုင် ပင်ပြီး ပုန်ကန်သည်။ ထိုနောက်သံလျင်ကို တိုက်ခိုက်ရန် မွန်တပ်ကို စေလွှတ်ရာတွင် မွန်အမှုထမ်းများကို ယုံကြည်မှုမရှိဘဲသား မယားများကို တန်ဆာခံချုပ်နှောင်ထားရာ မွန် အမှုထမ်းများအမျက်ထွက်ပြီးဟံသာဝတီ သို့ပြန်လာကာ "မောင်သာအောင်" ကို သတ်လေသည်။ ထို့နောက်အင်းဝမှ ရောက် လာသော "ဗိုလ်ချုပ်မင်းခေါင်" နှင့် တပ်မှူး များအား ၎င်းတို့အလိုမတူဘဲ "မောင်သာ အောင်" ပုန်ကန်ကြောင်း လျှောက်ထားရာ မောင်သာအောင်၏ သားမယား တို့ကိုပါ ကွပ်မျက် လိုက်လေသည်။ ထို့နောက် "မင်းရဲ အောင်နိုင်" ကို ဟံသာဝတီတွင် မြို့ဝန်ခန့် ထားပြီး အင်းဝသို့ပြန်ခဲ့သည်။ "မင်းရဲအောင် နိုင်" သည်အုပ်ချုပ်မှု ပြင်းထန်သဖြင့် မွန်လူ မျိုးများက လုပ်ကြံပြီးအဝိုင်း ကရင်ရွာ ကွေ့ ကရင် တို့က မင်းလောင်း ဟု သမုတ်သော် "မောင်သော်လှ" ဆိုသူကို "သမိန်ထော" အမည်ဖြင့် မင်း မြှောက်ကြသည်။ နောက် "ဆင်ကျားရှင်" အမည်ခံခဲ့သည်။ "ဆင် ကြားရှင်သမိန်ထော" သည် စစ်တောင်းသို့ သွားပြီး ဆင်ဖမ်းလျက်နှင့် သာအချိန်ကုန်ရာ ရဟန်းလူထွက် "နဲကို" ကို ဟံသာဝတီတွင် ထီးနန်းတင်ကြပြန်သည်။ ထို့နောက် "နဲကို" ကိုနန်းချပြန်ပြီး အမတ်ကြီး "ဗညားဒလ" ကို မင်းမြှောက်ပြန်သည်။

ကောဇာသ က္ကရာဇ်(၁၁၀၉) ခုနှစ် (အေဒီ–၁၇၄၇)ကလည်း စဉ့်ကိုင်းအရှေ့ အုပ်ဖိုတောင်ခြေ၌ကွေ့ကရင်များ၏အကြီးအကဲ "ဂုဏ္ဏအိမ်" သည်မတ္တရာ၊ အုတ်ဖို၊ စသော အညာမြစ်ရိုးတလျှောက်ရှိ မွန်လူမျိုး တို့နှင့် ပူးပေါင်းပြီး ပုန်ကန်ကြသည်။ မြန်မာများမှာ ရောဝတီမြစ်အနောက်ဖက်သို့ ကူးပြေးကြ ရ သည်။ အင်းဝမင်းကလည်း "စဉ့်ကိုင်း" ကို တောင်ငူဟု သမုတ်ပြီးလျှင် "သတိုးမင်း ခေါင်" ကို တောင်ငူရာဇာဘွဲ့ပေးပြီး အခိုင်အ မာနေစေလေသည်။ သက္ကရာဇ် (၁၁၁၃)ခုနှစ် (၁၇၅၁)ခုနှစ်တွင်အင်းဝကို မွန်တို့သိမ်းပိုက် လိုက်သည်။ အင်းဝဘုရင် "မဟာဓမ္မရာဇာ အဓိပတိ" ကို ဟံသာဝတီသို့ ခေါ်ဆောင် သွားကြသည်။

အလောင်းဘုရားမင်းမတိုင်မီ "ဆင်ကျားရှင်" သမိန်ထောမင်း သည်၎င်း ဘုန်းကြီးလူထွက် "နဲကို" သည်၎င်း ကွေ့က ရင်အကြီးအကဲ "ဂုဏ္ဏအိမ်" သည်၎င်း ကရင် လူမျိုးများဖြစ်ပြီး အောက်မြန်မာနိုင်ငံ မြန်မာ မင်းများ၏အုပ်ချုပ်ရေးကို တွန်းလှန်ရန်အခါ အားလျော်စွာ မွန်လူမျိုးများနှင့် ပူးပေါင်းခဲ့ သည်မှာသမိုင်းတွင်အထင်အရှားရှိခဲ့ပါသည်။ ဤအချက်သည် ကရင် လူမျိုးများ တော်လှန် ခဲ့သော နိုင်ငံရေး အခြေအမြစ် တခုအဖြစ် တည်ရှိခဲ့ကြောင်း ထင်ရှားပါသည်။

ထိုနောက်(၁၇၅၃)ခုနှစ်အလောင်း မင်းတရားကြီး နန်းတက်လာပြီးသောအခါ အောက်မြန်မာပြည်တလွှားရှိမွန်တို့နှင့်တကွ လက်အောက်ခံနိုင်ငံအားလုံးကို တိုက်ခိုက် သိမ်းသွင်းအုပ်ချုပ်လိုက်လေသည်။ မွန်နှင့် ကရင်များမှာ အပြင်းအထန်အဖိနှိပ်ခံခဲ့ရခြင်း အိုး၊ အိမ်များစွန့်လွှတ်ထွက်ပြေးရခြင်းတို့အ ပြင်ထိုကာလအတွင်း နိုင်ငံရေးမျှော်လင့်ချက် သည်လည်း ကုန်ဆုံးခဲ့ရလေသည်။ ထို့ပြင် ကရင်လူမျိုးများနေထိုင်ရာ ဒေသကြီးသည် ကုန်းဘောင်ခေတ် ယိုးဒယား၊ မြန်မာ အပြန် အလှန်တိုက်ခိုက်သော စစ်လမ်းကြောင်းကြီး အဖြစ် တည်ရှိခဲ့သောကြောင့် ကရင်များအစု အဖွဲ့ ပြန်ခွဲခံကြရသည်။ ထိုကာလတွင် အစု လိုက်ခွဲထွက်သွားကြရသောကရင်လူအဖွဲ့အ စည်းအတွင်း အမျိုးသားတည်တန့်ခိုင်မြဲရေး မိရိုးဖလာထိမ်းသိမ်းရေးကိစ္စများကို ကိုယ့် နည်းကိုယ့်ဟန်ဖြင့် ကာကွယ်ကြရသည်။ ဤ အချက်အပေါ် သမိုင်းဆရာများက "တလာ ခုန်း" ဂိုဏ်း၊ ဘာသာဝင်ဂိုဏ်းသားများ၊ အစု အခွဲခံ၍ ကွဲခဲ့ကြရသည်ဟု မှတ်ချက်ချသည် မှာ သဘာဝကျပါသည်။(အ မျိုးသား တည်တံ့ ခိုင်မြဲရေးအတွက် တူညီသော အနာဂါတ် မျှော်လင့်ချက်များသည် အလိုအလျောက် ဖြစ်တည်လာခဲ့သည်။ ဤသို့ဖြင့် သီးခြား နိုင် ငံရေး၊ လူမှုရေးရော ထွေး သော အခြေခံ အတွေးအမြင်တရပ်သည် ဗိုမိုခိုင်မာလာပါ သည်။)

မွန်မြန်မာအရေးအခင်းတွင် ကရင် အားလုံး ထွက်ပြေးကြရသည်။ ကရင်များ ရဟန်းပြုခွင့်မရကြပေ။ ကရင်ပွင်းများအား လူထွက်ခိုင်းကြသည်။ ကရင်များမှာမွန်လက် အောက်တွင်နေရသည်။ စသည်ဖြင့် (၁၃၄၆) ခုနှစ်၌ဦးဥတ္တမနှင့် ဦးစန္ဒနတို့ရေးသားခဲ့သော ကရင်စာပေပြန်လည်ဖော်ထုတ်သော ကရင် ရှေ့ခေတ်စာတွင် ဖော်ပြထားပါသည်။ စာအုပ် အမည်မှာ "နိဗ္ဗာန်တရားစာနှင့် စည်းလုံးညီ ညွတ်စွာ ကရင်စာပေပြန်လည်ဖော်ထုတ်ကြ စို့" ဟူ၍ဖြစ်သည်။

ကုန်းဘောင်ခေတ် အလောင်းမင်း တရားမှစ၍ သားစဉ့်မြေးဆက် အဆက်မ ပြတ်ပြည်တွင်း၊ ပြည်ပ စစ်ပွဲကာလအ တွင်း

ကရင်နှင့် မွန်လူမျိုး တို့သည် မြန်မာအုပ်ချုပ်ရေးမှလွတ်မြောက်အောင် ပြေးလွှားကြရသည်မှာ သမိုင်းတွင်အထင်အရှားရှိပါသည်။ (၁၈)ရာစု မော်လမြိုင်မှ ကရင်တစု (လူဦးရေ ၁၀၀ခန့်)ထိုင်းနိုင်ငံထဲသို့ ပြေးဝင်လာပြီး မဏ္ဍဝ(ဆန်ခရာဘူရီ)တွင်အခြေချ ခဲ့သည်ဟု ရေးနယ်ဒီဂျီနတ်ဆက်လက်ဖော်ပြထားသည်။ ထိုသူများသည် မည်သည့် ဘာသာအားကိုးကွယ်သည်ဆိုခြင်းကိုမူဖော်ပြခဲ့ ခြင်းမရှိပေ။

ဆက်လက်ပြီး ဆန်ခရာဘူရီ (သို့) မဏ္ဍဝဒေသ၏ ဘုရင်ခံ"ဖူးဝါးဖိုး"ခေါ် "ဖရာစုဝမ်း" အကြောင်း ရေးသား ဖော်ပြ ရာတွင်(၁၈၇၂)ခုနှစ်အမေရိကန်သာသနာပြုတဦးဖြစ်သော "ထျက်ပင်ကာပင်တာ"ထိုင်းနိုင်ငံအနောက်ဘက် ထိုဒေသသို့ ရောက်ခဲ့စဉ်ကထို"တာလခုန်း"ဂိုဏ်းသည် ခိုင်ခိုင်မာမာ ထူထောင်နှင့်ပြီးဖြစ်ကာ ဆန်ခရာဘူရီရှိ ကရင်လူမျိုးဘုရင်ခံသည် ထိုဘာသာအားကိုင်းရှိုင်းသူတဦးအဖြစ် တွေ့မြင်ရသည်။

ဘုရင်ခံသည်ဗုဒ္ဓဘာသာဝင် တဦးဖြစ်သည်ဟု ဝန်ခံပါသည်။ အမှန်ပင်ကြီးမားသော ဘုန်းတော်ကြီး ကျောင်းတကျောင်းကို ဆောက်လုပ် ထောက်ပံ့ထားလေသည်။ သူ၏သားသည်ထိုကျောင်းတွင်သာမဏေတပါးဖြစ်သည်။ ထိုဒေသရှိလူမျိုးသည် ဗုဒ္ဓတရားတော်အားလိုက်နာရခြင်းကို ဂုဏ်ယူသည်။ သူတို့သည် အရက်သေါက်ခြင်းနှင့် ကြက်၊ ဝက်များ မွေးမြူသတ်ဖြတ်မှုတို့ကို မပြုလုပ်ကြပါ။ သို့သော်ဤအချက်တွင် သတိပြုမိသည်မှာ ထိုင်းနိုင်ငံဖွား ပိုးကရင်များသည် ဗုဒ္ဓတရားတော်ကို ကိုးကွယ်နိုင်လောက်အောင် သဘောပေါက်မှု မရှိပေ။ သူတို့သည်အုပ်ခဲ (သို့)ကျောက်တုံးဖြင့်တည်ဆောက်ထားသော စေတီ (သို့)ရုပ်ထုမရှိပါ။ လက်ရှိလက်ချောင်းသာသာလောက်သာရှိသော ဒါဇင်ဝက်ခန့်သော ရုပ်ထုကလေးများ စုဆောင်းထားသည်ကို တွေ့ခဲ့ရကြောင်းစသည်ဖြင့် ဖော်ပြထားသည်။

အထက်ပါသမိုင်းဆိုင်ရာအချက်အလက်များကို လေ့လာဆန်းစစ်ခြင်း အားဖြင့် "တလာခုန်း"ဘာသာဂိုဏ်းသည် မြန်မာပြည်၏နိုင်ငံရေးဖြစ်စဉ်အတွင်း အလေါင်းမင်းတရား လက်ထက်မတိုင်မီ မိုအခြေအနေပေါ်တွင် သန္ဓေတည်မွေးဖွားခဲ့ပြီးအလေါင်းဘုရား၏ စစ်ရေး၊ နိုင်ငံရေးဖိအားကြောင့် ထိုင်းနိုင်ငံသို့ရောက်ခဲ့ရကာ အခြေခိုင်မာခဲ့သည်ကို ယေဘူယျ မှတ်ချက်ချရမည် ဖြစ်သည်။

"တာလခုန်း"ဘာသာ ဂိုဏ်း ကို မည်သူက စတင်တည်ထောင်သည်ကို မျက်မှောက်ဂိုဏ်းဝင်အချင်းချင်း တကျောင်းတဂါထာတမျှ၊ တပုဒ်ဆန်းဆိုသကဲ့သို့ ပြောတတ်ကြသော်လည်း အခြေခံအားဖြင့် တူညီသည့်အချက် (၂)ချက်ကို မှတ်သား တွေ့ရှိရ သည်။ ပထမအချက်မှာ ဖူးကျိုက်ကျော်ဝေ (သို့ ) ဖူးကျိုက်ကျော်ယုံနှင့် တပြည့်တပန်းများ ရှာသားများသည် မြန်မာဘုရင်၏ တပ်မတော်မှ လိုက်လံ သတ်ဖြတ်ခြင်းကို နည်းမျိုးစုံဖြင့် ရှောင်ရှားရင်း သပြူချောင်းဖျား မဏ္ဍတော၊ မဏ္ဍဝနှင့် ပုံခေါ်လေခိုခလေခိုဆု တောင်းပိုင်းဒေသများတွင် အဆင့်ဆင့်ခိုလှုံပြီး ထီမော်ရွာ (ထိုင်းပြည်အနောက်ပိုင်း)သို့ ရောက်လာသောအချက်ပင်ဖြစ်သည်။ ဒုတိယအချက်မှာ "ဖူးကျိုက်" နှင့် တပည့်သားမြေးများသည် ပြေးလွှားရာတွင်လုံခြုံရေးအတွက် အန္တရာယ်ရှိသော ကြက်၊ဝက်စသည့် သားကောင်များအားစွန့်ပစ်ခြင်း အလေ့အထကို စတင်ရာမှ ကြက်၊ ဝက်တို့ဖြင့်နတ်စားလေ့ရှိသော မိရိုးဖလာကို လုံးဝစွန့်လွှတ်လိုက်ခြင်းဖြစ်သည်။

သမိုင်းသုတေသီဖြစ်သော သီ အိုဒ်ိ စတန်၏ လေ့လာချက်တွင် ပထမဆုံး သော "ဖူးကျိုက်"ကို "ဖူးကျိုက်ခေါင်ယုံ" ခေါ် "ဖူးကျိုက်ကျော်ယုံ"ဟု ဖော်ပြထားသော်လည်းမျက်မှောက်"တာလခုန်း"ဂိုဏ်းဝင်များက ဖူးကျိုက်ကျော်ယုံ မတိုင်မီ"ဖူးကျိုက်ကျော်ဝေ" အကြောင်း ကို ပြောပြတတ်ကြသည်။ ဖူးကျိုက်ကျော်ဝေ ၏အကြောင်းအရာမှာ ဒဏ္ဍာရီဆန်ပြီးဘုရားငယ်တပါးအဖြစ် ပုံဖော်ထားသည်။ "ဖူးကျိုက်ကျော်ဝေ"သည် မိမိယုံကြည်ချက်နှင့် မိမိ အပေါ်ယုံကြည်သူများအတွက် မီးထဲသို့ခုန်ဆင်းပြသည်ဟု ဖော်ပြတတ်ကြသည်။ "ဖူးကျိုက်ကျော်ယုံ"နှင့် ပါတ်သက်၍ လေ့လာရာတွင် "ဖူးကျိုက်ကျော်ယုံ"သည် မြန်မာတပ်များ၏လိုက်လံတိုက်ခိုက်မှုကိုရှောင်ရှားရင်း တနေရာပြီးတနေရာရွှေ့ပြောင်းခဲ့ရကြောင်း ထိုရွှေ့ပြောင်းသောနေရာဒေသများတွင် ဝတ်ပြုခြင်း ကိစ္စများ ကိုအဆက်မပြတ် ဆောင်ရွက်ခဲ့ကြောင်း နောက်ဆုံး ထီမော်ရွာ သို့ရောက်လာသည်။ ရန်သူသည် ဖူးကျိုက် သတင်းသုံးသောနေရာအထိရောက်လာပြီး ခေါင်းဖြတ်ယူသွားကြောင်းဟု ဖော်ပြကြသည်။

ဖူးကျိုက် အစဉ်အဆက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။ (၁)ဖူးကျော်ဝေ (၂)ဖူးကျော်ယုံ (၃)ဖူးစက်ဘတ် (၄)ဖူးခက်လျှံ (၅)ဖူးသုတ်ကျ (၆)ဖူးကေခေါ်(၇)ဖူးသုတ်လျှပရယ် (၈) ဖူးတိမော် (၁၉၃၉–၁၉၆၇) (၉) ဖူးကြားလုံးရွှေ (၁၀) ဖူးနဲညွှန့် တို့ဖြစ်သည်။

"ဖူးကျိုက်စက်ဘတ်"နှင့်ပတ်သက်ပြီးပြောပြရာတွင် အလွန်ထူးဆန်းသောလူငယ်တဦးအကြောင်းမှ စတင်ခဲ့သည်။ ရွာသားတဦးနွားပျောက်၍ လိုက်ရှာရာ၌ ထိုလူငယ်နှင့်ဆုံသည်။ လူငယ်၏နှစ်သိမ့်မှုဖြင့် နွားလည်းမကြာမီပြန်တွေ့သည်။ ထို့နောက်လူငယ်ကတရားဝတ်ပြုနေထိုင်နိုင်ရန်အိမ်တလုံးကိုထိုရွာသားအား ဆောက်ခိုင်းသည်။ ရွာသားများကလည်း လိုလားစွာ ဆောက်ပေးခဲ့သည်။ ထိုအချိန်မှစပြီး "တာလခုန်း"ဖူးကျိုက်များသည် ပြေးလွှားရခြင်း မရှိတော့ဘဲ အတည်တကျ ကိုးကွယ်နေထိုင်ကြရသည်ဟု သိရသည်။ ၎င်းနောက် ဖူးကျိုက် အစဉ်အဆက် ဖြစ်သောအမှတ် (၄)၊(၅)၊(၆)နှင့်ပတ်သက်၍ မျက်မှောက်ဘာသာဝင်များ ကိုယ်တိုင် ပြောပြနိုင်ခြင်းမရှိပေ။ သို့သော်ဆန်ခရဘူရီဘုရင်ခံဖရာစုဝမ်လက်ထက် ဆက်ခံသော "ဖူးကျိုက်သုတ်ကျပရယ်"နှင့် ပတ်သက်၍မူ ပြောပြစရာ အချို့ရှိခဲ့သည်။ အမှတ် (၇)ဖူးကျိုက်သုတ်ကျ ပရယ်သည် တနေ့တွင် ၎င်း၏ တပည့်သားမြေးများကိုခေါ်ပြီး တွေ့ဆုံသည်။ တကာများနှင့် တပည့်သားမြေးများအား ချည်ထည်ပစ္စည်းများနှင့် ဥစ္စာပစ္စည်းများကိုစုဆောင်းထားကြရန် နှိုးဆော်သည်။ မိမိကိုယ်တိုင်လည်း ထင်းများရိက္ခာ များကိုစုဆောင်းသည်။ မိမိမရှိသည့်နောက်တွင် အခက်အခဲရှိမည်ဖြစ် ကြောင်းသတိပေးခဲ့သည်။ "ဖူးကျိုက်သုတ်လျှပရယ်" သေပြီး (၃)နှစ်

ဒုတိယ ကမ္ဘာ စစ်ဖြစ်လေသည်။

## "ဖူးကျိုက်ထိမော်နှင့် ပြုပြင်ပြောင်းလဲမှုများ"

"ဖူးကျိုက်ထိမော်"ခေတ်သည် ဒုတိယကမ္ဘာစစ်နှင့် နောက်ပိုင်းကာလဖြစ်၍ ကိုယ်တိုင် ပါဝင်ပတ်သက်သူ အများအပြား အသက်ရှင် လျက်ရှိကြသေးသည်။ "ဖူးကျိုက်ထိမော်"သည် "တလာခုန်း" အဆက်ဆက်အထူးအခြားဆုံးနှင့် သူ၏လက်ထက် "တလာခုန်း" ဘာသာဂိုဏ်းနှင့်ဆက်စပ်နေသော အဖြစ်အပျက် ပြောင်းလဲမှု အများအပြားပေါ်ပေါက်လာခဲ့သည်။ ဖူးကျိုက်(၁၀)ပါးအနက် ဖူးကျိုက်ထိမော်သည် ထိုင်းနိုင်ငံနယ်စပ်ရှိ ထိမော်ရွာဇာတိဖြစ်ပြီးသူ မှလွဲ၍ ကျန်သောဖူးကျိုက်အားလုံး၏ဇာတိ ဒေသများမှာ မြန်မာနယ်အတွင်းမှဖြစ် သည်။ သူသည်တဦးတည်းသောထိုင်းနိုင်ငံသားဖူးကျိုက်ဖြစ်သည်။သူ၏လူအမည်မှာ"ဖူးရွှေဖေါက်ထိုက်"ဖြစ်သည်။

"ဖူးကျိုက်ထိမော်" (ဖူးရွှေဖေါက်ထိုက်)ကို (၇)ကြိမ်မြောက် ဖူးကျိုက်သုတ်ထျပရယ်ကရွေးချယ်ပေးခဲ့သည်။ ဤသည်မှာအစဉ်အလာ တရပ်ဖြစ်သည်။ ဖူးကျိုက်ထိမော် ကိုယ်တိုင်အစဉ်အလာအချို့ကိုချိုးဖေါက်ခဲ့သည်။ ဤအချက်များကို ပြုပြင်ပြောင်းလဲမှုရပ်ယူ၍ လဲယူဆနိုင်ပါသည်။ ၎င်း တို့မှာ–

(၁) ဖူးကျိုက်ကိုယ်တိုင် အိမ်ထောင်သားမွေး ခြင်း

(၂) အမျိုးသွီးများကျောင်း သင်္ကန်းသို့တက် ရောက်ပြီးဝတ်ပြုကိုးကွယ်နိုင်ခြင်း

(၃) စာပေများသင်ကြားခြင်း စသည်တို့ဖြစ်သည်။

(၄) ၎င်းပြင်သူ၏လက်ထက် နှစ်ပေါင်းများစွာတည်ရှိခဲ့သော"ပူအေးဝါး"နှင့် ပြန်လည်ဆုံခြင်း၊ ဆင်စွယ်များလှူဒါန်းလာခြင်း၊ ဗမာပြည်အတွင်းမှ နန်းသုံးဝတ်စုံများမှာယူခြင်း ဘာသာဝင်များ ပါဝင်သောလက်နက်ကိုင်တိုက်ခိုက်မှု ဖြစ်ပွားခြင်းတို့ ဖြစ်သည်။ သို့သော် (၁၉၆၇)ခုနှစ် သူအားကရင်အမျိုးသား လွတ်မြောက်ရေး လက်နက်ကိုင် အဖွဲ့ အစည်းမှ သူအားလာရောက်တွေ့ပြီး နောက်ပိုင်း သူ၏ ပြုပြင်ပြောင်းလဲမှု တချို့လည်းရပ်ဆိုင်းသွားပါသည်။

ဖူးကျိုက်ထိမော်ခေတ် (၁၉၆၇)ခုနှစ်ကော့ကရိတ်မြို့နယ်ကျိုက်ဒုံကျေးရွာ ဘုရားတောင်ရှိ အမှတ်(၉၇)ခြေမြန်တပ်ရင်းစခန်းကိုဘာသာဝင်များ ဝင်ရောက်တိုက်ခိုက်ရခြင်းနှင့်ပတ်သက်၍အယူအဆ(၂)မျိုးရှိခဲ့ပါသည်။ပထမအယူအဆမှာဖူးကျိုက်ထိမော်သည်"ပူအေးဝါး"နှင့် တွေ့ဆုံခဲ့ရာတွင် ဘာသာဝင်များမျှော်မှန်းခဲ့သော "ရွှေပြည်ရွာ"နှင့်လူအခွင့်အရေးအရပ်ရပ်ကိုတောင်းခံခဲ့ရာ"ပူအေးဝါး"က အခွင့်အရေးများရ ယူလိုလျှင်တိုက်ယူရမည်ဟုပြော ကြားခဲ့သည်ဟုဆို၏။"ဖူးကျိုက်ထိမော်"အနေဖြင့် ပူအေးဝါးထံမှဘာသာဝင်များတလျှောက်လုံးမျှော်မှန်းခဲ့သောအခွင့်အရေးများလည်းမျှော်မှန်းချက်၊ မျှော်လင့်ချက်မရှိသည့်အဆုံး တိုက်ခိုက်ခြင်း ကိစ္စကိုရွေးချယ်ခဲ့ကြောင်းကိုပေါ်လွင်စေပါသည်။ ဤကိစ္စသည် ဖူးကျိုက်ကိုယ်တိုင်" မင်းလောင်းဖြစ်လာရန် မျှော်လင့် ချက်နှင့် လည်းဆက် စပ်နေမည် ဟူ၍ထင်မှတ်စရာ ရှိပါသည်။ ဒုတိယ အယူအဆမှာ ခြေလျင်တပ်ရင်း(၉၇)သည်ဘုရားတောင်တွင် အခြေချလာသောကြောင့် ထိုဒေသရှိ"ဘာသာဝင်"များနှင့် ဒေသခံပြည်သူ များအားထိခိုက်စော်ကားမှုများ တစုံတရာရှိမည်ဖြစ်သည်။ ထို့အပြင် ထိုဒေသကိုကရင်အမျိုးသားလွတ်မြောက်ရေး လက်နက်ကိုင်အင်အားစုများ အတွက်လည်း အဟန့် အတားတခုဖြစ်နေသည်။ ထို့ကြောင့်ဂိုဏ်းဝင်များသည် ထိုတပ်ကိုတိုက်ခိုက်နှင့်ထုတ်ရန်စိတ်ဆန္ဒပြင်းပြလျက် "ဖူးကျိုက်"ကိုတင်ပြကြသည်။ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များက လည်းတွန်းအားပေးခဲ့သည်ဆို၏။ "ဖူးကျိုက်ထိမော်သည်ဤကိစ္စကို (၂)ကြိမ်တိတ်ငြင်းဆိုခဲ့သည် ဟုဆို၏။ နောက်ဆုံး မိမိတပည့်သားမြေးများက မိမိ အား"ညှိုငြင်" လာသဖြင့်"သင်တို့လုပ်လိုလျှင် သင်တို့ကိုယ်တိုင်ကြည့်ရှုစီစဉ်ကြ"ဟုမတတ်သာ၍ပြောကြားခဲ့သည်။ ထို နေ့မတိုင်မီ အမှတ်(၇) ကရင် အမျိုးသားတပ်မတော်အဖွဲ့ ဝင်များလေတောခိုတွင် လာရောက်စုစည်းပြီး ဆေးစီရင်ကြသည်။ ထိုသို့ ဆေးစီရင်ရာတွင် ဖူးကျိုက်ထိမော် ကိုယ်တိုင်ပါ၊ မပါကိုမူ ပြောဆိုကြခြင်းမရှိပေ။ သွားရောက်တိုက်ခိုက်သည့်အဖွဲ့တွင် "လေးတောခို"ရှိဘာသာဝင်များလုံးဝမပါဟုသိရသည်။ကျိုက်ဒုံ အနီးအနားရှိဘာသာဝင်များနှင့်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ ဝင်များပါဝင်သည်။ ၎င်းတို့သည် "လေးတောခို"မှစတင်ချီတက်ပြီးကျိုက်ဒုံ အနီးမိတန်ကျေးရွာ တွင်တရက်နားသည်။ ထိုနောက် တပ်စခန်းသို့ ဇာရေးပြီး ချိန်းဆို တိုက်ခိုက်ကြသည်။ တနှစ် အတွင်း၌ပင် (၂)ကြိမ် တိုက်ခိုက်ရာနှစ်ဖက်စလုံးအထိ အခိုက်များပြားသည်ဟုဆို၏။

## ဖူးကျိုက်ထိမော်၏နောက်ဆုံးခရီး

"ဖူးကျိုက်ထိမော်"ကိုလာရောက်ဖမ်းဆီးခြင်းသည် သူ၏ပြုပြင်ပြောင်းလဲရေးကိစ္စများနှင့် ပတ်သက်လိမ့်မည်ဟုယူဆကြသည်။ သူအား(၁၉၆၇)ခုနှစ် ကုန်ပိုင်းလောက်တွင် ဖြစ်သည်။ ထိုသို့ ဖမ်းဆီးခြင်းနှင့်ပတ်သက်၍"ဖူးကျိုက်"အနီးအနားတွင်ရှိသော "လေးတောခို" ရွာသားများ အနေဖြင့် အတိ အကျ မပြောပြနိုင် သော်လည်း "ဖူးကျိုက်ထိမော်"က မိမိမကြာမီခရီးသွားရမည်ကို ဘာသာဝင်တိုင်းအမှတ်ရကြ လေသည်။

ပြင်ပမှ ပြောပြချက်အရ "ဖူးကျိုက်" ၏ အတွင်းရေးကိစ္စများနှင့် ရောထွေးနေ သည်။ အထူးသဖြင့် အမျိုးသွီးကိစ္စကိုအဓိ ကဖေါ်ပြကြသည်။ ပထမဆုံးဇနီးသေဆုံးမှု၊ ဒုတိယဇနီး၏ ခင်ပွန်းသေဆုံး မှုများနှင့် ဆက် စပ်နေသည်။

(၁၉၆၅–၆၆) အတွင်း တိုက်ခိုက်မှု များတွင် မိမိ ဘက်မှ လည်း ထိခိုက်မှု များ ပြားသည့်အချက် အပေါ်အထင်အမြင်လွဲ မှားစရာဖြစ်ပြီး အရေးယူခြင်းခံရသည်ဟု "လေးတောခို" အဖွဲ့ဝင်တချို့က ယူဆကြသည်။ ဤကိစ္စသည် "ဖူးကျိုက်" ကိုယ်တိုင် ကခရီးသွားရ

မည်ဟူသောပြောပြချက်နှင့် တိုက်ဆိုင်နေသဖြင့် ထိုဒေသ ဘာသာဝင်များအတွက်၊ ပိုမိုထူးခြားမှုမရှိခဲ့ပေ။

## ဖူးကျိုက်ဒုံရင်း (ဖူးကျိုက်ကြာလုံးရွှေ) နှင့်ပူဒေးဝါး

ကရင့်လူ့အဖွဲ့အစည်းအတွင်း နေထိုင်ရာဒေသ ပြောဆိုသောဘာသာစကား မိရိုးဖလာနှင့် ကိုးကွယ်ယုံကြည်မှု ဆိုင်ရာများတွင် အမျိုးအမျိုးကွဲပြားနေသော်လည်း "ပူဒေးဝါး"ထံမှ ရွှေစာအုပ်ကို ပြန်လည်လက်ခံရမည်ဟူသောပုံပြင်နှင့် ပါတ်သက်၍မူ အခြေခံတထပ်တည်းယုံကြည်နေကြသည်မှာ သုတေသီများအဖို့စဉ်းစားဘွယ်ရာဖြစ်သည်။ ခေတ်သစ်သမိုင်းဆရာအချို့ကမူ ပူဒေးဝါးနှင့် ရွှေစာအုပ်မှာ ဘာသာရေးနှင့် ့အမျိုးသားရေးသိမ်းသွင်းစည်းရုံးနိုင်ရေးအတွက် အင်္ဂလိပ် ခရစ်ယာန်သာသနာပြုများ၏ ဖန်တီးထွင်မှုတရပ်ဟုယူဆကြသည်။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှု ကျယ်ပြန့်ထွန်းကား နေခြင်းနှင့် ခရစ်ယာန်သာသနာ ကျယ်ကျယ်ပြန့် ပြန့် သာသနာမပြုနိုင်မီက ကရင်လူမျိုးများ၏ ပုံပြင်နှင့် တေးသွားများအတွင်းကောင်းကင်ဘုံ မှ ဘုရား သခင်ဟူသောဝေါဟာရ စကားနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်း စသည်တို့သည်၊ အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ တွေးခေါ်ပုံနှင့် အခြေခံအားဖြင့်ကွာခြားနေပါသည်။ ဆက်လက်ပြီး ထိုဘာသာဝင်တို့၏ တဘောင်တေးသွားများသည် မျက်မှောက်ခေတ်၌ ဝီဝီပြင်ပြင်တည်မြဲလျက်ရှိနေပါသည်။

(၁၉၆၈)ခုနှစ်တွင် ဖူးကျိုက် ဒုံရင်း (ခေါ်) ဖူးကျိုက်ကြာလုံးရွှေသည်၊"လေးတော ခို"တွင် လာရောက်ကျောင်းထိုင်ခဲ့သည်။ (၁၉၆၉)ခုနှစ်တွင် အင်္ဂလိပ်သာသနာပြု ဆရာတဦးဖြစ်သူ အယ်လင်ယူဘင်နှင့် မိသားစုများ လာရောက်လေ့လာခဲ့ရာ ထိုသာသနာပြုဆရာ အယ်လင်ယူဘင်က"တလာခုန်း"ဘာသာဝင်များစောင့် မျှော်နေသော"ရွှေစာအုပ်" မှာ "သမ္မာကျမ်း"စာအုပ်ဖြစ်ကြောင်း ရှင်းလင်းပြခဲ့သည်။ သို့သော်ဖူးကျိုက်ကြာလုံးရွှေက မဟုတ်ကြောင်းငြင်းပါယ်ရင်း နှစ်ဘက်တင်းမာခဲ့ကြသည်ဆိုဟုသည်။ ဤကိစ္စ၌ကိုယ်တိုင်စေ့စပ်ပေးရသော "လေးတောခို"ကျေးရွာဥက္ကဋ္ဌဖြစ်သူ"စောအေးမင်"က အောက်ပါအတိုင်းရှင်းလင်း ပြပါသည်။

ကျွန်ုပ်ကျောင်းသို့ရောက်သောအချိန်တွင် နှစ်ဘက်အခြေအတင်ဆွေးနွေးမှုကြီးပြီးဆုံးလုချိန်ဖြစ်သည်။ ဆရာအယ်လင်ယူဘင်နှင့်တကွပရိသတ်များတိတ်ဆိတ်နေစဉ်ကျွန်ုပ်က ထိုင်းဘာသာစကားဖြင့် နီးစပ်သူတဦးအားနှုတ်ဆက်လိုက်သည်။ ကျွန်ုပ်ထိုင်းစကားပြောတတ်သဖြင့် ဆရာအယ်လင်ယူဘင်က ကျွန်ုပ်ထံသို့ မျက်နှာမှုပြီးချဉ်းကပ်လာသည်။ သူလည်း ထိုင်းဘာသာ စကားကို ကောင်းမွန်စွာပြောတတ်ပါသည်။ သူကကျွန်ုပ်အား ပြောပြသည်မှာ အကိုကြီးက ရေတွင်းထဲကျနေပါသည်။ "အကိုကြီးအား ကယ်တင်လိုပါသည်။ သို့သော် အကိုကြီးကလက်မခံ ပါ"ဟူ၍ပြောပြပါသည်။ ကျွန်ုပ်က အဘက်ဘက်မှမျှော်တွေးပြီး "သင်တို့၏အပြန်အလှန် စကားများပြတ်တောက်သွားခဲ့ပြီလား"ဟုမေးရာ ဆရာအယ်လင်ယူဘင်က"ဤသို့မယူဆသေးပါ"ဟု ဖြေပါသည်။ ထိုအခါ ကျွန်ုပ်က "ရေတွင်းထဲကျနေသောအကိုကြီးကို ညီငယ် ကကယ်တင်နိုင်ဘို့အတွက် စိတ်ရှည်ရှည်ထားပြီး လက်ရှည်ရှည်ကမ်းပါ။ အကိုကြီးကလည်း လက်ကိုပြန်ကမ်းပါ။ ကမ်းသောလက်နှစ်ဘက်ချိတ်ဆက်နိုင်ဖို့ နှစ်ဘက်အချိန်ယူစေချင် ပါသည်။" ဟုပြောကြားလိုက်ရာ နှစ်ဘက်စိတ်သက်သာရာရ သွားသည်ဟု "လေးတောခို" ကျေးရွာ ဥက္ကဋ္ဌ စောအေးမင်းကပြောပြခဲ့သည်။

၁၉၈၆–ခုနှစ်၊ အယ်လင်ယူဘင်၊ တတိယအကြိမ် လာရောက်ပြီး နောက်ပိုင်း "လေးတောခို"တွင် ခရစ်ယာန်သာသနာပြုနိုင်သော အခြေအနေမှာ အမှန်ပင်ပေါ် ပေါက်လာခဲ့ပေသည်။ ဖူးကျိုက်ဒုံရင်း (ခေါ်) ဖူးကျိုက်ကြာလုံးရွှေနှင့် ဖူးကျိုက်ထိမော်တို့သည်၊ ဝါအရမတိမ်းမယိမ်းရှိသည်။ ဖူးကျိုက်ဒုံရင်းမှာ ဖါးအံ ဒုံရင်းတွင် သာသနာပြုနေထိုင်သည်။ ဖူးကျိုက် ဒုံရင်းမရောက်မီ ၁၉၆၇–တွင်"လေးတောခို"၌ ထိုင်းကွန်မြူနစ်များ အခြေခံဒေသတည်ဆောက်သောကာလဖြစ်သည်။ ဖူးကျိုက်ထိမော် ရုတ်တရက်ထွက်ခွါသွားသော ကာလနှင့် ဖူးကျိုက် ဒုံရင်း မရောက်မီ ကာလစပ်ကြားသည်၊ တလာခုန်းဘာသာဝင်များ "လေးတောခို"တွင် ဖရိုဖရဲဖြစ်နေချိန်ဖြစ်သည်။ "တလာပေါ်"ခေါ်သော သေတ္တာတွင်းမှ ကရင်ရှေးဟောင်းစာပေများ မိုးရေကြောင့် လုံးဝပျက်ဆီးယိုယွင်းသွားသည်ဟုသိရသည်။ ဘာသာဝင်အများအပြား ထိုင်းကွန်မြူနစ်ပါတီ၏ ကျေးလက်တည်ဆောက်ရေးနှင့် ဆင်းရဲသားဝါဒ သဘောတရားလှုပ်ရှားမှုများကို နှစ်သက်ကြသည်။ ဆင်းရဲမှုလွတ်မြောက်ရေးဝေါဟာရများအတွင်း သူတို့အတွက် မျှော်လင့်ချက်တစုံတရာကို ရှာဖွေနိုင်မည်ဟု ယုံကြည်လာကြသည်။ နောက်ပိုင်းတွင် ကွန်မြူနစ်များ၏ ကျေးလက်လှုပ်ရှားမှုများသည်၊ သူတို့ဒေသများတွင် တစုံတရာအကျိုးရှိခဲ့သည်ဟု သူတို့ကိုယ်တိုင်ဝန်ခံခဲ့ကြသည်။ ကျန်းမာရေးနှင့် ဆေးဝါးကုသမှုကြောင့် လည်ပင်းကြီးရောဂါများပျောက်ကင်းကုန်ခြင်း အကျင့်စာရိတ္တပြုပြင်ရေးအတွင်း ဘိန်းစားမှုများ လုံးဝပျောက်ကွယ်ခြင်းတို့ ဖြစ်ကြသည်။ ဖူးကျိုက်ဒုံရင်း လေးတောခိုရောက်ကာစတွင် ကွန်မြူနစ်များ အတွက် ကသိကအောက်ဖြစ်စရာနှင့် ကြုံကြရသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်ပြဿနာကြီးများမူမပေါ် ပေါက်ခဲ့ချေ။

၁၉၈၀ခုနှစ်၊ အောက်တိုဘာလတွင် ထိုင်းနှင့် မြန်မာနယ်စပ်အနီး ကေအဲန်ယူ ဒူးပလာယာခရိုင်၊ အမှတ်(၆)တပ်မဟာနယ်မြေမှ ချေမှုန်းရေးစခန်းဖြစ်သော"ကျော်ခွစခန်း"ကို၊ "တလာခုန်း"ဘာသာဂိုဏ်းမှ "ဘူခို"ဖြစ်သူကိုယ်တိုင် ဦးဆောင် တိုက်ခိုက်ခဲ့ပြီး သေနပ်

(၂၃)လက်ကို ယူဆောင်သွားကြသည်။ ထိုတိုက်ခိုက်မှုမဖြစ်ခင် နယ်စပ်အနီးကျေးရွာ အချို့မှ“တလာခုန်း”ရွာ ဘာသာဝင်ကိုဏ်းများက ကေအဲန်ယူ အုပ်ချုပ်ရေးနှင့်ပါတ်သက်၍ ပြစ်တင်ဝေဖန်မှု ကိစ္စများ မကြာခဏပေါ် ပေါက်နေခဲ့သည်။ ထိုအချိန်တွင် ဒူးပလာယာခရိုင် အခြေခံဒေသတည်ဆောက်ရေး စီမံကိန်းတရပ်ကို ၁၉၇၇-၇၈တွင်၊ ဆုံးဖြတ်ချက်ချခဲ့သည်။ ပဌမဦးစွာ ကျေးရွာအုပ်စု (၁၂)ခုကို ဖွဲ့စည်းတည်ထောင်ပြီး ကျေးရွာများ ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖေါ် ခဲ့သည်။ အဓိကလုပ်ငန်းစဉ်များမှာ ကျေးရွာတိုင်း ကျောင်းများဖွင့်လှစ်ရေး တနိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ကျေးလက် ကျန်းမာရေး၊ လုံခြုံရေး၊ ဆက်သွယ်ရေးများ၊ (၁၆)နှစ်ပြည့်သူတိုင်း စစ်မှုထမ်းရေးတို့ဖြစ်သည်။ ထိုခရိုင်မှချမှတ်သော၊ အဆိုပါဆုံးဖြတ်ချက်များကို လူထုတရပ်လုံးအားတိကျစွာ လိုက်ပါဆောင်ရွက်ရန်၊ ညွှန်ကြားခဲ့သည်။ ထိုကာလတွင် အခြေခံဒေသ ကျေးရွာအများစုမှာ၊ “တလာခုန်း”ရွာများဖြစ်သည်၊၎င်းနယ်နမိတ်တွင် အခြေခံဒေသတည်ဆောက်ရေးစီမံကိန်းသည် “တလာခုန်း” ဘာသာဝင်များအတွက် ကိုးကွယ်ယုံကြည်မှုနှင့်ထိမ်းသိမ်းရေးလုပ်ငန်းများ ၏လွတ်လပ်မှုကို ထိပါးရာရောက်သည်ဟု ယူ ဆထားကြသည်။ စစ်သားစုဆောင်းရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ သယ်ယူပို့ဆောင်မှုများကို အဓိကအကြောင်းပြုပြီး မိမိတို့နယ်မြေအတွင်း ပုန်ကန်တိုက်ခိုက်မှုကြီး ဖြစ်ပွါးခဲ့ရသည်။ ထိုတိုက်ခိုက်မှုတွင်၊ ထိုင်းကွန်မြူနစ် ပါတီဝင် နယ်မြေအတွင်းမှ တလာခုန်းဘာသာဝင် ဂိုဏ်းသားအချို့ပါဝင်သည်ဟု သိရသည်။ ၎င်းအပြင် ကော့ကရိတ်၊ ကျုံဒိုး၊ စသည့် မ ဆ လ အုပ်ချုပ်သောနယ်မြေမှ၊ ပုဂ္ဂိုလ်အချို့နှင့်လည်း ဆက်စပ်မှုရှိကြောင်း သိရသည်။

ထိုကိစ္စ၌“ဖူးကျိုက် ဒုံရင်း” ပါတ်သက်မှုလုံးဝမရှိကြောင်းသိရသည်။ ကေအဲန်ယူအနေဖြင့် ရန်သူများက လာရောက်ပြီး ပုန်ကန်မှုကို ဖန်တီးသည်ဟု၊ တထစ်ချ ယူဆထားပါသည်။ နောက်ဆုံး၌ ကေအဲန်ယူနှင့် ထိုင်း ကွန်မြူနစ်ပါတီမှ ဒေသဆိုင်ရာ ခေါင်းဆောင်များ အပြန်အလှန်ညှိနှိုင်းဖြေရှင်းနိုင်ခဲ့၍ ချေမှုန်းသွားရသည်။ သိမ်းယူသွားသော လက်နက်(၂၃)လက်နှင့်တကွ ပုန်ကန်သူအချို့ကို ထိုင်း ကွန်မြူနစ်တို့က ကေအဲန်ယူသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် ကရင်အမျိုးသား (၂၀)ကျော် ထိခိုက် ကျဆုံးခဲ့ရသည်။ ဖူးကျိုက်ဒုံရင်းသည်၊ ၁၉၉၀-ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

“ဖူးကျိုက်ဒုံရင်း” ကွယ်လွန်ပြီးနောက်၊ သူ၏“တဝါးဘူ”တဦးဖြစ်သော “ဖူးကျိုက်ကြာလုံးရွှေ”ကို၊ ရွေးချယ်ခဲ့သည်။ “ဖူးကျိုက်ကြာလုံးရွှေ”မှာ၊ အဝါရောင်ဝတ်စုံကို ဝတ်ဆင်ရန်၊ နမိတ်အာရုံမရသေးဟုသိရသည်။ ၎င်းမှာလက်ရှိ လေးတောခိုတွင်၊ ကျောင်းထိုင်လျက်ရှိသည်။ ၁၉၉၂-ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့တွင်၊ မယ်ကြောင်တာရှိ နယ်ခြားပုလိပ်စခန်းစောင့်တခုကို“တလာခုန်း”များဝင်ရောက်တိုက်ခိုက်ရာ၊ ထိုင်းနယ်ခြားစောင့်ပုလိပ် (၅) ဦးနှင့် ကရင်အမျိုးသား(၅)ဦးသေဆုံးခဲ့သည်။ ဤကိစ္စ သည်၊ “မယ်ကြောင်ထာ” တွင် ဖြစ်သော်လည်း၊ လေးတောခိုကို ဦးစွာအမှတ်ရကြသည်။ အဘယ်ကြောင့်ဆိုသော် လေးတောခိုသည်၊ တလာခုန်းဘာသာဝင်များ၏ ဗဟိုဌာနချုပ်ဖြစ်ပြီး နှစ်ပေါင်းများစွာကျော်ကြားခဲ့သောကြောင့်ဖြစ်သည်။ အထက်ပါကိစ္စနှင့် ပါတ်သက်၍၊ လေးတောခိုဥက္ကဋ္ဌ မောင်အေးမင်၏ ပြောပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။ မောင်အေးမင်သည်၊ ကျေးရွာဥက္ကဋ္ဌ တဦးဖြစ်သည်သာမက၊ ဘာသာရေး ခေါင်းဆောင်လည်းဖြစ်သည်။

“မယ်ကြောင်ထာသော ရွာသားတချို့က ကျွန်ုပ်ကိုလာရောက်တိုင်ပင်သည်။ ဤကိစ္စသည် ကျွန်ုပ်နှင့်မပါတ်သက်ပါ။ နယ်ခြားစောင့်ပုလိပ်များ မီးလျှို့သောအရပ်ကို၊ အဓိကအမှုအဖြစ်ပြောကြသည်။ ထိုအရပ်သည်၊ရဟာဝယာဉ်ဆင်းသက်ရန် ရွေးချယ်ထားသော နေရပ်ဖြစ်သည်ကို မပြောပြကြပါ” ဟူ၍ဖြစ်သည်။ ကေ အဲန် ယူ စစ်ဘက် ခေါင်းဆောင်များ၏ သုံးသပ်ချက်မှာ ကေ အဲန် ယူ နယ်မြေအတွင်း အင်အား ကောင်းသော၊ မြေအုပ်စုနှင့်ဆက်စပ်ကြသည်။ ၁၉၈၀-ခုနှစ်၊ အခြေခံဒေသအရေးအခင်းတွင်၊ မော်လမြိုင်၊ ကော့ကရိတ်၊ ကျုံဒိုးမှ ပုဂ္ဂိုလ်အချို့ပုန်ကန်မှုတွင် ပါဝင်ပတ်သက်ကြသည့် သမိုင်းစာအပေါ် အခြေခံပြီး၊ မှတ်ချက်ချနိုင် သည်။

“တလာခုန်း” ဘာသာဝင်များနှင့် ဖြစ်ပွါးခဲ့ကြသောတိုက်ခိုက်မှုများနှင့်ပါတ်သက်၍ နှစ်ဘက်နိုင်ငံမှ တာဝန်ခံများ၊ သုံးသပ် နိုင်ကြပြီဟု ယူဆသည်။

## “တလာခုန်း” ဘာသာဝင်ဂိုဏ်းသည်မည်သည့်ဘာသာတယူဝါဒ ဖြစ်သနည်း

“တလာခုန်း” ဘာသာအယူဝါဒသည်၊ နောက်ပွင့်မည့် အရိမေတ္တေရ ဘုရားကို၊ ရည်စူးပြီးတရားအားထုတ်ကျင့်ကြံသောအယူဝါဒဖြစ်သဖြင့် ဗုဒ္ဓဘာသာနှင့် တူသယောင်ရှိပါသည်။ သီလ(၅)ပါးကို အလေးအနက်ထားပြီး၊ ဘာသာဝင်တိုင်း လိုက်နာကြသည်။ သို့သော် ဗုဒ္ဓဘာသာဝင်များအတွက်မူ၊ အခြေခံကျသော ဝိနည်း၊ သုတ်၊ အဘိဓမ္မာဖြစ်သော ပိဋကတ် (၃) ပုံနှင့် ပတ်သက်၍မည်သည့် အထောက်အထားမျှ မတွေ့ခဲ့ရပေ။

စေတီပုထိုးများကို တည်ထားကိုးကွယ်ခြင်းမရှိ၊ ပူဇော်ပသပွဲများကို တနှစ်လျှင် (၄)ကြိမ် သတ်မှတ်ထားပြီး ထိုနေ့ရက်များတွင်၊“ဖူးကျိုက်”နှင့် “တဝါးဘူ”များသည် ဝါးဖြင့် ပြုလုပ်ထားသော၊ သရုပ်သဏ္ဍာန် (၇) မျိုးကို ရှိခိုးကြသည်၊ ဗုဒ္ဓဘာသာကဲ့သို့၊ (၃) လပါတ်၊ ဝတ်ပြုကိုးကွယ်မှု ပြုကြသည်။ “ဝါတွင်းကာလ”တလ(၄)ကြိမ်၊ တနေ့လျှင် (၂) ကြိမ်၊ ပူဇော် ပသ ကြသည်။ ဗုဒ္ဓ ဘာသာ ဝင်တို့၏ ဝါတွင်းထက်၊ တလစောပြီး ဝါ ထွက်သည်။ “ဖူးကျိုက်”နှင့် “တဝါးဘူ”တို့သည်၊ ပူဇော်ပသမှုပြုရန် အခန်းအနားများကို၊ ပြင်ဆင်ပေး

ကြရသည်။ ဖူးကျိုက်သည်၊ "ပူဇော်ပသပွဲ နေ့များ"တွင်၊ တရားဒေသနာဟောကြားခြင်း မရှိပေ။ ဘာသာဝင်များမှာလည်း၊ တရားနာကြားမှုများကို၊ မပြုလုပ်ကြရပေ။

ဗုဒ္ဓ ဘာသာဝင်များအဖို့ ဘုန်းကြီးကျောင်းသည်၊ သာသနာပြန့်ပွါးရာဌာန ဖြစ်သည်။ သံဃာတော်များသည် ဘုရားသားတော်များဖြစ်ကြပြီး၊ တရားဓမ္မကို ကာကွယ်စောင့်ရှောက်ခြင်း၊ ဟောကြား ပြသခြင်းဖြင့်၊ သာသနာတော် ပြန့်ပွါးရန် တာဝန်ရှိသည်။ ဗုဒ္ဓတရားတော်တွင်၊ အလှူဒါန ပြုခြင်းကို၊ အလေးထား ဟောကြားပြီး သံဃာများသည်၊ ဆွမ်းခံခြင်းအမှုကို ပြုလုပ်ကြရသည်။

"တလာခုန်း" ဘာသာဂိုဏ်း၏ "ဖူးကျိုက်"သည်၊ တရားဒေသနာကို ဟောကြားသည်ထက်၊ ကောင်းကင်ဘုံမှ ဘုရားသခင်နှင့် တိုက်ရိုက် အဆက် အသွယ်ရသော၊ ပရောဖက်နှင့်ပိုမိုဆင်တူပါသည်။ကျောင်းတော်သည်၊ သာသနာပြန့်ပွါးရေးထက်၊ "ပူဇော်ပွဲ"များအတွက် ပြင်ဆင်ပေးရသောဌာနဖြစ်သည်။ ဖူးကျိုက်သည် ကျောင်းတော်မှ လွဲ၍ သွားလာခြင်းမရှိပေ။ ဘာသာဝင်များအား နောက်ပွင့်မည့် အရိမေတ္တေယျဘုရားကို စောင့်မျှော်ကျင့်ကြံမှု အားနမှုနာပြသပေးခြင်း သဘော ဆောင်ပါသည်။ ဘာသာဝင်တိုင်းတောင်းသော ဆုအားလုံးကို ဖူးကျိုက်က "ပြည့်စုံပါပြီး"ဟုဖြေကြားပေးသည်။ ဤသို့ဖြင့် ဖူးကျိုက်သည် ဘာသာဝင်တိုင်းကို ကောင်းကင်ဘုံရှိ ဘုရားသခင်၏ ကိုယ်စားလှယ်အဖြစ် ယူဆစရာရှိသည်။

ဖူးကျိုက်နှင့် တဝါးဘူတို့သည် ဆွမ်းအတွက် အလှူခံခြင်းမပြု၊ ကိုယ်တိုင်စိုက်ပျိုးလုပ်ကိုင် စားသောက်သည်။ တဝါးဘူတို့သည် မိဘအိမ်သို့ပြန်သော်လည်း အိမ်ပေါ်သို့တက်သည်မရှိ နေ့တာညတာ လှည့်ပတ်အိပ်စက်ခွင့်မရှိချေ။ သံဃာများသည် ဝိနည်းဘောင်အရ နေလွဲ ညစာကို မစားရပေ။ တဝါးဘူနှင့် ဖူးကျိုက် တို့သည် နေ့ကြီးရက်ကြီး တို့မှလွဲ၍ တနေ့ (၂) ကြိမ်သာစားသောက်နိုင်သည်။ "ပူဇော်ပွဲ" များအတွက် "တဝါးဘူ"တို့သည် ပြင်ဆင်ကြရာတွင် အချီးကျု တာဝန်ယူ ဆောင်ရွက်ရသည်။ ထိုသို့ အချီးကျုတာဝန်ယူရာတွင် ဖူးကျိုက် လည်း အချီးကျု ခွဲတန်းဖြင့် ဆောင်ရွက်ရသည်။ ဥပမာ- ဝါးဖြင့်စေတီရုပ်များကိုတာ်ဆောက်ကြရသည်။

ဝါတွင်း(၃)လတွင် ဖူးကျိုက်သည် တဦးတည်း ဦးပုဒ်ဝင်ရသည်။ ထိုကာလတွင် အစာကို ညပိုင်းမှသာစား၍ရသည်။ အကယ်၍ "တဝါးဘူ" တဦးဦးက သူနှင့်အတူ ဦးပုဒ်ကို လာစောင့်ပါက ငှက်ပျော၊ အုန်း စသည်တို့ကို နေ့လည်တွင်စားနိုင်သည်။ အကယ်၍ သူတဦးတည်းသာ ဦးပုဒ်ဝင်ရလျှင် လုံးဝစားခွင့်မရှိပေ။ ဖူးကျိုက်နှင့်တကွ ဘာသာဝင်အားလုံးတို့သည်၊ သားသတ်လွှတ်စားသည်ဆိုသော်လည်း တောကောင်သားအချို့ကိုမူ စားသောက်နိုင်၍ ကြက်နှင့် ဝက်တို့ကိုမူ လုံးဝရှောင်ကျဉ်ကြရသည်။ သို့ရာတွင်ငါးများကိုစားနိုင်သည်။ ဖွဲ့သား၊ မျောက်သားများကို တခါတရံစားကြသည်။ စည်းကမ်းချက် (၁၉)ချက်ပါသော၊ စာအုပ်ငယ် တအုပ်ကို ၂၅၃၆ခု၊ (၁၉၉၃)ခု၊ ဩဂုတ်လ (၃၀) ရက်နေ့စွဲဖြင့်၊ ထုတ်ပြန်ထားသည်ကို တွေ့ရ ပါသည်။ "တလကူသွန်သင်ချက်များ"ဟူ၍ တိုက်ရိုက်အမိပွါယ် သက်ရောက်သော၊ စာအုပ် ငယ်ဖြစ်သည်။ ကျေးရွာပေါင်း (၁၆)ရွာ၌ ရှိ သော၊ ဘာသာဝင်များ စုစည်းပြီး၊ မိမိတို့၏ "တလာခုန်း" ဘာသာမှ အစဉ်အလာများကို၊ တိတိကျကျ ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြသည်။ သို့သော် "တလာခုန်း"ဘာသာဂိုဏ်းသည်၊ ဘာသာဝင်တိုင်းအား၊ အတင်းအကြပ်ဝင်ရောက်စေခြင်းကို၊ အားမပေးချေ။ စိတ်ကြေနပ်နှစ်သိမ့်စွာ (တလာခုန်းဘာသာတရားကို၊ ယုံကြည်သက်ဝင်စွာ)ဝင်ရောက်ပြီး၊ ကြေနပ်နှစ်သိမ့်စွာ၊ ပြောင်းလဲခြင်းကို အလေးအနက် ထားကြလေသည်။ အသင်းဝင် ရောက်ခြင်း၊ အသင်းမှထွက်ခွါခြင်း၊ အသင်းသားအဖြစ်မှ ရပ်စဲခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊ ရှောင်ရန်နှင့် လိုက်နာစောင့်ရှောက်ရမည့် စည်းကမ်းများကို၊ တိကျစွာရေးသားထားပါသည်။ စည်းကမ်း ဖေါက်ဖျက်ခြင်းများကို ဒဏ်ပေးရာတွင်၊ ဝတ်ပြုဘွယ်ရာများဖြင့်၊ ခွင့်ပြုပြေပျောက်စေပါသည်။

လုံးဝ ခွင့်မလွှတ်နိုင်သော အပြစ်ဒဏ်များမှာ၊ သူများမယားကို ပစ်မှားကျူးလွန်ခြင်းပင် ဖြစ်သည်။

စည်းကမ်းချက်များတွင်၊ အခါကြီးရက်ကြီးများကို သတ်မှတ်ပေးပြီး အမျိုးသား၊ အမျိုးသမီးများ၏၊ ဝတ်စားဆင်ယင်မှုကိုတိကျစွာ ပြဋ္ဌာန်းပေးထားလေသည်။

## ပူဇော်ပသပွဲများ

"လေးဘောခို"ရှိ "တလာခုန်း" ဂိုဏ်းဝင်များသည်၊ ပူဇော်ပသပွဲများကို၊ တနှစ်လျှင်၊ (၄)ကြိမ်သတ်မှတ်ပြီး ကျင်းပကြသည်။ ထိုပွဲများမှာ (၁) ဘူအတား၊ (၂)ဘူချောရော၊ (၃) ဘူတကူနု၊ ဘူတကုထွက်၊ (၄)ဘူဥကြာတို့ဖြစ်သည်။

၁။ ဘူးအတား၊ မတ်လတွင်ကျင်းပသည်။ တပေါင်းလပြည့်နေ့တွင် ကျရောက်သည်။

၂။ ဘူချောရော၊ ဧပြီလတွင်ကျင်းပသည်။ တန်ခူးလပြည့်နေ့တွင် ကျရောက်သည်။

၃။ ဘူတကူနု၊ ဇွန်လတွင် ကျင်းပသည်။ နယုန်လဆန်းတွင် ကျရောက်သည်။

-ဘူတကုထွက်၊စက်တင်ဘာလတွင်ကျင်းပသည် တော်သလင်းလဆန်းတွင် ကျ ရောက်သည်။

၄။ ဘူဥကြာ၊ တို့ပင်ဖြစ်သည်။

ပူဇော်ပသပွဲများကို၊ "ဖူးကျိုက်"၏ ကျောင်း၊ သင်္ကန်းထဲတွင် ဖူးကျိုက်နှင့်၊ "တဝါးဘူ"များ၊ ပြုပြင်ထားသော၊ သာသနာနှင့် သက်ဆိုင်သည့်၊ သရုပ် သဏ္ဌာန် (၇)မျိုးကို၊ အစဉ်လိုက်၊ ရှစ်ခိုး ပူဇော် ပသ ကြရသည်။ ပူဇော်ပသ ခြင်းကို၊ "ဘူခို"ခေါ် အကြီးအကဲက၊ ဦးဆောင်ပေးရသည်။ "ဘူခို"သည် သာမာန်အရပ်သားဖြစ်သည်။ ထိုတာဝန်ကို၊ မျိုးရိုး စဉ်ဆက် ဆက်ခံဆောင်ရွက်ရသူ တဦးဖြစ်သည်။

'ပူဇော်ပွဲ' ကာလတွင် အောက်ပါ (၇) မျိုးကို၊ အစဉ်လိုက်အတိုင်း၊ သွားရောက် ကိုးကွယ်ကြသည်။

၁။ တလအဲမု (ခေါ်) တမု၊

၂။ ဘု၊

၃။ ထလက်၊

၄။ ထမုဒဲခို၊

၅။ ကဆောမဲ၊

၆။ တလါပေါ်၊

၇။ ဒူလယ်သဝေါ။

အထက်ပါ၊ သရုပ်သဏ္ဍာန်(၇)မျိုးကို၊ ဘာသာ ဥက္ကဋ္ဌ မောင်အေးမင်းက၊အောက်ပါ အတိုင်း၊ အဓိပ္ပါယ်ရှင်းလင်းပြောပြသည်။

## (၁) တလအဲမု (ခေါ်) တမု

ထိုနေရာတွင်၊ အိမ်သဏ္ဍာန်နှင့်တူသော၊ အဆောက်အဦ ငယ်တခုကို ဆောက်ထားသည်။ ပေ ၂၀-ခန့်ရှည်သော၊ ဝါးအတော်များများကို၊ အဆောက်အဦငယ်၏ရှေ့တွင်၊ ဆိုက်ထူထားသည်။ ထိုဝါး၏ ထိပ်ပိုင်းတွင်၊ အမျိုးမျိုးသော၊ အရုပ်ငယ်များကို ပြုလုပ်တပ်ဆင်ထားသည်။ အများအားဖြင့်၊ ထီးနှင့်ငှင်း၊ စေတီနှင့်ငှင်း၊ တူသည်။ ထို "တမု"၏အဓိပ္ပါယ်မှာ၊ လူပြည်သို့ ရောက်လာသော ဘုရားများသည်၊ ကောင်းကင်ဘုံမှ၊ ဘုရားသခင်၏ လူ့ဇာတိ ပကတိ အသွင်သဏ္ဍာန်များသာဖြစ်ကြသည်။ ထိုဘုရားများကို ပူဇော်ထိုက်သူတို့၊ ပူဇော်ခြင်းဖြစ်၍ မြတ်သော ပူဇော်ခြင်း ဖြစ်သည်ဟု၊ လူတိုင်းသည်၊ ထိုပူဇော်ခြင်းများကို၊ ပဌမဦးဆုံး ရှစ်ခိုးကြရသည်။

## (၂) ဘု(ခေါ်)ကောင်းကင်ဘုံ၊

"ဘု"ဟူသော၊ "ကောင်းကင်ဘုံ" သက်ကယ်မိုးထားသော၊ ဝါးအဆောက်အဦကို ဆောက်လုပ်ထားသည်။ ထို'ဘု'(ခေါ်) အဆောက်အဦမှာတခါးမဝင်ပေါက်တခုမှလွဲ၍ပြူတင်းများ ဖေါက်ထားခြင်းမရှိပေ။ "ဖူးကျိုက်"သည်၊ နေ့အခါတွင်၊ ကျောင်းသင်္ကန်း၌ နေထိုင်၍၊ ညပိုင်းတွင်၊ "ဘု"ထဲတွင် ပြန်အိပ်သည်။

'ဘု'အဆောက်အဦသည်၊ ထာဝရဘုရားသခင်၏ တည်နေရာ ကောင်းကင်ဘုံကို၊ သဏ္ဍာန်လုပ် သရုပ်ပြခြင်းဖြစ်သည်။ ထိုကောင်းကင်ဘုံသည်၊ ဘုရားများ၏ ဆင်းသက်လာရာ၊ မူလဌာနတခုဖြစ်သည်။ ထိုဘု(ခေါ်) အဆောက်အဦကို ဒုတိယ ရှစ်ခိုးကြရသည်။

## (၃) ထလက်၊

"ထလက်"ခေါ်သော နေရာတွင်၊ လက်ဝါးကပ်တိုင်ခဲ့သို့သော၊ ကြက်ခြေခတ်သဏ္ဍာန်၊ ဝါးဖြင့်၊ ဆောက်ထားပြီး ငါးပေ၊ ခြောက်ပေ၊ ရှည်သော၊ ဝါးတိုင်ပေါ်တွင်၊ အရုပ်ငယ်များပြုလုပ်ထားသည်။ ဤ"ထလက်"ကို တတိယအကြိမ်ရှစ်ခိုးရသည်။

## (၄) တစုဲခို၊ (အမိုးပြုလုပ်ထားသည်၊)

ဘုရား၊ တရား၊ သံဃာ၊ ရတနာကို၊ ရည်စူးပြီး ဆောက်လုပ်ထားသည်ဟု အဆိုရှိသည်။ ဤသည်ကို စတုတ္ထအကြိမ်ရှစ်ခိုးသည်။

## (၅) ဆင်ဆွယ်နှင့်ရုပ်ပွါးတော်များ၊

ဆင်ဆွယ်နှင့်တကွ၊ ရုပ်ပွါးတော်ကို၊ ပဉ္စမမြောက်၊ ရှစ်ခိုးရသည်။

## (၆) တလါပေါ်၊

တလါပေါ်မှာ ပိဋကတ်သုံးပုံ ဟု အဆိုရှိသော စာပေများကို၊ သေတ္တာတလုံးတွင် ထည့်ပြီး၊ ထိုသေတ္တာနှင့်စာကို၊ ဆဋ္ဌမအကြိမ်မြောက်အဖြစ် ရှစ်ခိုးခြင်းဖြစ်သည်။

## (၇) ဒူလယ်သဝေါ(ခေါ်) အရိယာထို၊

"ဘူ"(ခေါ်) ကောင်းကင် ဘုံ သဏ္ဍာန်ပြုလုပ်သော၊ အဆောက်အဦ ဆီသို့ တံတား (ဝါးသို့မဟုတ် အုန်းပင်သို့မဟုတ် သစ်ပင်)ဖြင့်၊ ဆက်သွယ်ပြုလုပ်ထားသည်။ ထိုတံတားကို နှစ်ပိုင်းပြုလုပ်ထားပြီး၊ အဆက်ဖြတ်ထားသည်။ အရိယာတို့၏ ကောင်းသောကျင့်စဉ်ဖြင့်သာလျှင်၊ ကောင်းကင်ဘုံခေါ် မြတ်သောနေရာသို့ရောက်မည်ကို ညွှန်ပြခြင်းဖြစ်ပေသည်။ အရိယာထိုကို နောက်ဆုံးအကြိမ် ရှစ်ခိုးကြရသည်။

အထက်ပါ သရုပ်သဏ္ဍာန် (၇)မျိုးကို သတ်မှတ်ထားသော၊ ပူဇော်ပွဲနေ့များတွင် သွားရောက်ရှစ်ခိုးကြရသည်။

## လေးတောခို၊

လေးတောခိုဆိုသည်မှာ၊ ကရင်ဘာသာစကား"လေးတြော့"မှပြောင်းလဲလာ၍ စီးဆင်းလာသောချောင်းတွင်၊ ကျောက်ကမ်းပါးရံများ၊ ဖြစ်ပေါ်နေပြီး၊ ချောင်းတလျှောက်၊ ရေတံခွန်ကြီးငယ်များကို၊ ဖြစ်ပေါ်နေစေပါသည်။ ဤချောင်း၊ ကမ်းပါးရံ၏၊ အထက်ကုန်းပြင် မြင့်တွင်၊ တည်ဆောက်ထားသဖြင့်၊ လေးတြော့ခို(ခေါ်)လေးတောခိုဟု အမည်တည်တံ့ခဲ့ပါသည်။

လေးတောခိုရွာကို မည်သည့် ခုနှစ်မှစတင်ပြီး တည်ဆောက်ခဲ့သည်ကို ဘာသာဝင်တိုင်း ပြောပြနိုင်ရန်၊ ခဲယဉ်းပါသည်။ ဘိုးဘွားစဉ်ဆက်၊ နေလာခဲ့သည်ဟု၊ ယေဘူယျမှတ်သားကြသည်။ လေးတောခို ဖြစ်ပေါ်လာပုံမှာ၊ "တလာခုန်း"ဘာသာဂိုဏ်း၏ စတင်ဖြစ်ပေါ်လာခြင်းနှင့် ဆက်စပ်နေပါသည်။ "ဖူးကျိုက်ကျော်ယို"အား 'ဗမာစစ်သားများ'က

## ပူဇော်ပသပွဲများနှင့် ရိုးရာအခန်းအနားများ



“တလအဲမှု”ခေါ် ထမု ပထမနေရာထား၍ ရှိခိုးသည်။



“ဘုံး”ကျောင်းသင်္ကန်းဆောင်သင်္ဂြိုဟ်ကို ဒုတိယနေရာထား၍ ရှိခိုးသည်။



“ထလက်”ခေါ် လက်ဝါးကပ်တိုင်သင်္ဂြိုဟ်ကို တတိယနေရာထား၍ ရှိခိုးသည်

# ပူဇော်ပသပွဲများနှင့်ရိုးရာအခန်းအနားများ



"ထမုဒ်နို" ခေါ် ထမုကိုဝါးမိုးဖြင့်
စတုတ္တနေရာထား၍ ရှိခိုးသည်။



"ကဆောမဲ" ခေါ် ဆင်စွယ်ကို
ပဉ္စမနေရာထား၍ ရှိခိုးသည်။



"တလာပေါ်" ခေါ်
ပိဋကတ်(၃)ပုံထားရှိသောသေတ္တာကို
ဆဋ္ဌမနေရာထား၍ ရှိခိုးသည်။

# ပူဇော်ပသပွဲများနှင့် မိုးရာအခန်းအနားများ

“ဒူသပေါ” ခေါ် ဖူးကျိုက်နေထိုင်ရာ
ကျောင်းသင်္ဃန်းအား ကောင်းကင်ဘုံအဖြစ်သတ်၍
နောက်ဆုံး သင်္ဂြိုဟ်အကြိမ် ရှိစိုးသည်။





“တလာခူန်း” ဘာသာဝင်ဖြစ်သောလည်း
မိုးရာနတ်ကို ရည်စူးပြီး ပူဇော်ပသနေစဉ်

“သိုးနံ့ပူဇော်ပွဲ



# ရှင်ဇော်ပသပွဲများနှင့်မိုးရာအခန်းအနားများ



ဆွမ်းတော်တင်ရန် "ထမု" ကို
ဤသို့ပြုလုပ်ထားသည်

"အဝါးဘူ" များနှင့် ပသဆောင်
(ထိုပသဆောင်တွင် ဆင်စွယ်နှင့်
တလဖေါ် (သို့)ပိဋကတ် သုံးပုံ ကိုထားသည်)





"ဒူဝေနတ်" ကိုးကွယ်ပြီး သတိုးသွီး
ဖခင်ကိုယ်တိုင်ဦးစီးပြီး
မင်္ဂလာအခန်းအနားသို့
ပြန်လည်ပို့ဆောင်ပုံ

# မိုးရာဝတ်စားဆင်ယင်မှု



သာသနာပြု ဆရာ မစ္စ(စ်)တာ နှစ်ကဆင်(နောက်တန်းပထမ)နှင့် တလာခုန်းဘာသာဝင်များ



းတောနိုရွာ ဥက္ကဋ္ဌ (အလယ်လူ)နှင့် တလာခုန်း အကြီးအကဲများ



"လေးတောနို"ရွာရှိ တလာခုန်းဘာသာဝတ်စုံဝင်လူငယ်များ

## ရိုးရာဝတ်စားဆင်ယင်မှု



"လေးကြော့"ခေါ် ကျောက်ကမ္ဘားများကို အကြောင်းပြု၍ လေးတောခိုဟုအမည်တွင်ခဲ့သည်



"တလခုန်း"ဘာသာဝင်ဂုဏ်း နာယကများနှင့် စာရေးသူ



"တလားခုန်း"စည်းကမ်းချက်များကို အသက်ထက်ဆုံးစောင့်ရှောက်လာသော

ပုဂ္ဂိုလ်များ

# ရိုးရာဝတ်စားဆင်ယင်မှု



"တလာခူန်း"ရွာများသည် ဆင်များကို သယ်ပိုးရန်အတွက် အဓိကထားသည်သာမက အလေးအမြတ်ထိမ်းသမ်းစောက်ရှောက်ကြသည်။



"တလာခုန်း"အိမ်ထောင်သည်အမျိုးသမီး



"တလာခုန်း"ဘာသာဝင်လှပျိုဖြူများ

လိုက်လံဖမ်းဆီးခြင်းကြောင့် ထွက်ပြေးလာရာ၊ လေးတောခိုနှင့် မယ်ကြောင်ထာ ဒေသတွင်၊ ရန်သူများမှ ဖမ်းမိသဖြင့် ၎င်း၏ခေါင်းကိုဖြတ်၍ ယူသွားကြသည်ဟု ပြောပြကြသည်။ သူနှင့်အတူ "တဝါးဘူ"အချို့လည်းပါလာပြီး လေးတောခိုရွာကို ဆက်လက်ပြီး တည်ဆောက်နေထိုင်သည်ဟု ယူဆရသည်။ လေးတောခိုသည်၊ "တလာခုန်း"ဘာသာ ဂိုဏ်းအား ထိုင်းနိုင်ငံတွင် စတင်ခဲ့သည်မှစ၍ အံချက်အခြာ ဗဟိုအဖြစ်တည်ရှိလာခဲ့ဟန်ရှိသည်။ ပထဝီဝင်အနေအထားနှင့်လည်း သက်ဆိုင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင်၊ ဖူးကျိုက်"အဆက်ဆက်" "လေးတောခို"၌သာ ဆက်ခံဆောင်ရွက်သွားကြသည်။ နယ်စပ်ဒေသဖြစ်ပြီး ဘာသာရေးအရ၊ ပူဇော်ပွဲနေ့များတွင် နယ်စပ်အနီး့အပြားမြန်မာပြည်တွင်းမှ ဘာသာဝင်များက၊ သွားရောက်ပူးပေါင်းပြီးဆောင်ရွက်ကြသည်။

## တလာခုန်းဘာသာဂိုဏ်း၏ အခြေအနေ။

"လေးတောခို"ကို ဗဟိုပြုသော၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ "တလာခုန်း" ဘာသာဂိုဏ်း၊ အရေအတွက်မှာ၊ ၁၉၉၂-ခုနှစ်၊ တလာခုန်းဘာသာ၊ ဥက္ကဋ္ဌ မောင်မေင် ၏ မှတ်တမ်းအရ၊ ယောကျ်ား၊ မိန်းမ၊ လူဦး ရေ (၄၉၃၆)ယောက် ရှိသည်။

ထိုင်းနိုင်ငံတွင်၊ လေးတောခို၊ ကေဝေါ်ထ၊ မော်ခွဖြစ်ပြီး မြန်မာနိုင်ငံတွင် ဖါးအံခရိုင်တွင် ဒုံရင်းနယ်မှ ထိုကာကို၊ လေးတိုင်ရွာ သစ်တို့ဖြစ်သည်။ နယ်စပ်အနီးမှ ရွာများမှာ ကွီးခလယ်၊ မက်သရောထ၊ မဲ့နော်နထ၊ လေးတရို၊ ထိဖိုးဃေါ၊ မယ်သရောခီး၊ လှကဒါ၊ မယ်ကု၊ ထိလယ်ဆော့ ရွာများပါဝင်သည်။

"တလာခုန်း"ဘာသာဂိုဏ်းသည် ယခင်က ဘာသာဝင်ဦးရေ တိုးတက်များပြားသည်။ တနေရာမှတနေရာသို့ ရွှေ့ပြောင်းရခြင်း စိတ်ပျက်ပြီးအလိုအလျောက် ထွက်လာခြင်းကြောင့် ဘာသာဝင်များ တဆထက်တဆ၊ နဲ့ပါးသွားသည်။ အခြားဘာသာဂိုဏ်းသို့ ကူးပြောင်းခြင်းများလည်းရှိသည်။ အများမှာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည်။ (၁၉၈၀) ခုနှစ် (ကေအဲန်ယူ)နှင့် ဖြစ်ပွါးခဲ့သော လက်နက်ကိုင် တိုက်ခိုက်မှုတွင် ထိုဒေသအတွင်း ဆက်လက်နေထိုင်သော ဘာသာဝင်အချို့ ဂိုဏ်းမှ ထွက်ပြီး သာမာန်နေထိုင်သွားကြသည်။ လက်ရှိလေးတောခိုကျေးရွာသည် အိမ်ခြေ(၁၂၇) လုံး ရှိပြီး ခလေးလူကြီး စုစုပေါင်း (၅၉၉) ယောက်ရှိသည်။

ဘာသာရေးဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအတွက် အဖွဲ့ဝင်(၁၂)ဦးကို ရွေး ချယ်ထားသည်။ နာယက(၆) ဦး ကိုတင်မြှောက်ထားသည်။ ဘာသာရေး ဆိုင်ရာ ကိစ္စများကို ဖြေရှင်းရန်ဖြစ်သည်။ "တလာခုန်း" ဘာသာဂိုဏ်းသည် မည်သည်ကျေးလက် ဖွံ့ဖြိုးရေးနှင့်ကယ်ဆယ်ရေးကိစ္စများကိုမှ ပြုလုပ်စရာမလိုအပ်ပေ။ထိုကိစ္စသည်တနေ့တွင်"ပူဒေးဝါ"က အပြီးအပြင်မိလာရောက်ပြီးဆောင်ရွက်ပေးရမည်။ မိမိတို့အတွက်ကျတခုတည်းသော ကျင့်စဉ်ကိုသာ စွဲစွဲမြဲမြဲ စုတ်ကိုင်ထားရမည်ဟု တထစ်ချ ခံယူထားသည်။

၁၉၉၃-ခုနှစ်တွင် 'ထိုင်း' အစိုးရမှ ကျောင်းများဖွင့်လှစ်ရန် စီစဉ်သော်လည်း ပညာရေးသင်ကြားမှု အားမပေးခဲ့ပေ။ မရိုးဖလာ ထုံးတမ်းများကို ဖျက်ဆီးခြင်းဖြစ်သည်ဟု သတ်မှတ်ထားသည်။ စာပေကိစ္စအားသင်ကြားတတ်မြောက်ရန် မလိုအပ်ခြင်းသည် "ပူဒေးဝါ" ထံမှ"ရွှေစာအုပ်"ကို စောင့်မျှော်ခြင်းကြောင့်ဖြစ်သည်။ "တလာခုန်း"ဘာသာဝင်များ သည်ဝတ်ပြုခြင်းတခုတည်းကိုသာ ဆုတ်ကိုင်ရမည်။ ကျန်သောကိစ္စများကို "ပူဒေးဝါ" တို့က သာ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးမြစ်များကို သွေးသောက်ခြင်း သွေးလိမ်းခြင်းဖြင့် ပျောက်ကင်းစေသည်။ သို့သော် ၁၉၉၂-ခုနှစ် တနှစ်တည်း ခလေးလူငယ် (၃၀)မျှသေဆုံးခဲ့သည်။ ယခင်က လည်ပင်းကြီးရောဂါ အဖြစ်များသည်။ တခါတရံ ဒေသတခုလုံး ပါးချိတ်ရောင်ရောဂါ ဖြစ်ပွားနေသည်ကို တွေ့ရသည်။

သာမန် လူမှုရေး စည်းကမ်းဖေါက်ဖျက်မှုကိစ္စကို ဖွဲ့စည်းထားသော ကျေးရွာ လူကြီးအဖွဲ့က ကြေအေးရေးစနစ်ဖြင့် ဆုံးမသွန်သင်မှုဖြင့် ပြေငြိမ်းစေခဲ့သည်။ ကျန်သော ရာဇဝတ်မှုများကို ထိုင်းဒေသအုပ်ချုပ်ရေးက အရေးယူ ဆောင်ရွက်ကြသည်။ သို့သော် ပြဿနာအား နည်းပါးကြသည်။ လယ်ယာတောင်ယာနှင့် ကြံသကာရည်များ ပြုလုပ်ရောင်းချခြင်းဖြင့်၊ အသက်မွေးဝမ်းကြောင်းပြုသည်။ ဖက်ထိုးခြင်း များကိုလည်း ပြုလုပ်ကြသည်။ ကြက်နှင့်ဝက် သတ္တဝါများကိုမွေးမြူခြင်းမပြုရပေ။ ကုန်စုံဆိုင်ကလေးများကို ဖွင့်လှစ်ရောင်းချသူအချို့ရှိသည်။ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်ကြသည်။ မိရိုးဖလာ ထိမ်းသိမ်းမှုတွင်၊ ပဋိပက္ခမရှိကြ ဒေသအသီးသီးမှ မိရိုးဖလာများ လေးတောခိုသို့ရောက်လာခြင်း အတွက်လည်းကန့်သတ်ချက်မထား လွတ်လပ်စွာ ထိမ်းသိမ်းပိုင်ခွင့်ရှိသည်။ ဥပမာအားဖြင့် မင်္ဂလာအခန်းနားတခု၌ သတိုးသမီးသည် ဖါးအံဒေသမှ ဖြစ်ပြီး ဒူဝေ နတ်ကိုယုံကြည်ခဲ့ရာ သူ၏ မင်္ဂလာပွဲ၌ မင်္ဂလာအခန်းအနားမစမီ ဒူဝေနတ် ကို သဏ္ဍာန်လုပ်ကိုး ကွယ်သည်။

ထိုကြောင့် တလာခုန်း ဘာသာဂိုဏ်းသည် မိရိုးဖလာ အစဉ်အလာကို ထိမ်းသိမ်းခြင်းသည်၊ ပိုမိုအဓိက ကျသကဲ့သို့ ယူဆနိုင်ရာဖြစ်နေပါသည်။ ကျေးရွာအတွင်း တဦးနှင့်တဦးခိုက်ရန်မှုနှင့် အချင်းချင်း ပြဿနာမရှိသဖြင့်အစဉ်အေးချမ်း၍ နေပေသည်။

# တလာခုန်းဝိုက်းမှထုတ်ပြန်ထားသောစည်းကမ်းချက်များ



"ဖူးကျိုက်"နှင့်ဘာသာရေးအကြီးအကဲများ ( နောက်တန်း ဝဲမှယာ၊ဒုတိယလူမှာ ၁၉၆၆ ခုနှစ် ဘုရားတောင်တိုက်ပွဲတွင် တလာခုန်း စစ်ဦးစီးချုပ် အဖြစ် ပါဝင်တိုက်ခိုက်ခဲ့သူ ဦးပန်းတိမ် )

၂၅၃၆ လါခူးအ.သီ ၃၀

လ၊ပတလးအံးသံး ဘၣ်လ၊ဘၣ်တက့၊ ပီးထံၣ်လိၣ်သးလ၊လၢ်လ၊ထး ယိၤကိၢ် ဒိးပယိၤကိၢ် ထံၣ်လိၣ်သးဖဲဘၣ်အခါသဝိ ၁၆ ဖျၢၣ် ကဲထိၣ်လ၊တၢ်ယုယိၣ်လိၤပလိၣ် လ၊ကဟံးဃၢ်ဖိၣ်ကျπထိၣ်က့၊ ပတၢ်ဒုၣ်တၢ်ထုလ၊ပတလးအံးသံးအကလုၢ်ကထါအိၣ်ပၢ်အသိးလ၊လ၊ၦဲၤၦဲၤ လိၤ. ပမ့ၢ်တုၢ်လိၣ်လိၤပသးလ၊ပကမၤတၢ်ဘၣ်လ၊ပတလးအံးသံး အတၢ်ကလုၢ်ဟ့ၣ်လိၤဝဲအသိးနၣ်, ပကဘၣ်ဟံးဃၢ်လ၊လ၊ၦဲၤၦဲၤလ၊ပသး ပှၤကိးနိၢ်အဂၤဒဲးတက့ၢ်. လ၊ပတလးအံးသံးအတၢ်ဘၣ်အံၤ မ့မ့လ၊တၢ်မုၢ်သ့ၣ်မံသးမးလိၤ. ဟ့ၣ်လိၤဝဲအစွဲးသ့, နုၢ်လိၤအိၣ်လ၊ တလးအံးသံးအကရၢ်ပှၤအံၤ တအိၣ်လ၊တၢ်မၤ ဆ့ၣ်ဘၣ် အိၣ်လ၊ကစၢ်တၢ်ပၢ်လိၤသးလိၤ. ဟ့ၣ်နုၢ်လိၤဝဲသ့လိၤ.

၁. ပှၤလ၊ကနုၢ်လိၤဆ့တလးအံးသံးအကရၢပှၤတဂၤဂၤၦဲၤတၢ်ဒုၣ်တၢ်ထု အိၣ်, အံၤကဘၣ်သ့ၣ်ညါဆိဝဲလ၊အထံအဆးအဆိလိၤ. မ့ၢ်လ၊ၦဲၤလ၊တၢ်သး အိၣ်မးပှဲအိၤ သ့လ၊အဂ့ၢ်အကျိၤလိၤ. ဒ့ၢ်လိၤဝဲလံ. မ့ၢ်အိၣ်ဒိးအတၢ်ကမၣ်ၦဲၤလ၊ပှၤကစံၣ်ညီၣ်အိၤဒိး, တကတိၤအါဘၣ်ဝဲဘၣ် သ့ၣ်ညါဘၣ်ဝဲလံ. တၢ်ကလုၢ်အိၣ်အသိးနူၣ်လိၤ

၂. လ၊အမ့ၢ်စံၣ်ထိၣ်လ၊ကရၢ်ချၢတခီနူၣ်, မ့ၢ်လ၊မၤဝဲအိၣ်ဝဲဘျဲ လ၊မ့ၢ်လ၊အတၢ်ကမၣ်အိၣ်, မ့ၢ်ဂ့ၤဂ့ၤ ကဘၣ်စံၣ်ထိၣ်ဝဲလ၊ တၢ်မုၢ်သ့ၣ်မံသးလိၤ. မ့ၢ်ဝဲပှၤတဂၤလ၊အတၢ်ကမၣ်မ့အိၣ်တ့၊ လ၊ဘၣ်စံၣ်ထိၣ်နူၣ် တမ့ၢ်လ၊ပှၤတ့ နၢ်အိၤဘၣ်. မ့ၢ်လ၊တလးအံးသံး တၢ်ဘၣ်တၢ်ဘါအံၤမၤဘျဲလံ. အိၣ် ဒိးတၢ်ဒုၣ် တၢ်ထု, ဒိးဘၣ်ဖှိၣ် ဘၣ်ယၢ်ဒိး, ယမၤတကဲလ၊ဘၣ်. ယကဟးထိၣ်လ၊အဈ ဒ်းအဝဲကဘၣ်တဲဘၣ်ခိၣ်နၢ်တဖၣ်လ၊, ဖိၣ်တၢ်မၤ လ၊ အ ဂ့ၤတခီဒိးကဟ့ၣ်ဘၣ်ဝဲလိၤ. ဝံၤလံ. လ၊တၢ်ၦၢ်ကၢ်တိ ဒိးတၢ်အဲၣ်တၢ်ကွံလ၊ကျဲအဂ့ၤတဘိကဘၣ်တဲဂ့ၤဝဲလိၤ.

၃. တၢ်သံကွၢ်အိၣ်စးကဘၣ်အိၣ်ဒ်အံၤ

၁. နဟဲက့ၤနုၢ်ဘၣ်အံၤ

လ၊နအိၣ်တၢ်ချၢအခါနူၣ်,မ့ၢ်နဘျၣ်ဘၣ်မါ,ဘျၣ်ဘၣ်ဝၤစ့ၢ်ဧါ.

မ့ၢ်ဘျၣ်ဘၣ်မါဘျၣ်ဘၣ်ဝၤတခီနူၣ်,ကဘၣ်တ့လိၤသးတမူး ဂ ဖျၢၣ်ယိၣ်မံးသ၊ဟ့ၢ်သ၊ထါအပီးယၢ်ကထိ (၅၀၀၀) လ၊ဘၣ်အဂီၢ်နူၣ်,တဝါဘ့တဂၤ ပနဲတ၊ၣ်သ၊ပိၢ်တဘိ ဝံၤမးလဲၤ ဘါဘၣ်တၢ်လ၊တၢ်နွံတိၤနူၣ်သ့လိၤ.

၄. ပှၤကညီလ၊အိၣ်လ၊ကရၢ်ပှၤလံ, မ့ၢ်မၤကမၣ်ဘၣ်ဝဲတၢ်ဒ်အံၤ အသိးနူၣ်, ကဘၣ်တၢ်ဝိဟးထိၣ်အိၤသ၊နံၣ်တ့ၤအပှဲၤထိၣ်. ဒိးအသးမ့အဲၣ်ဒိး လ၊ကဟဲက့ၤကဒါလ၊ကရၢ်ပှၤနူၣ် ကဘၣ်ဟဲက့ၤယ့လိၤက့ၤအးသးတ့၊ လ၊အပှဲၤ ထိၣ်သ၊ဘျိလ၊တၢ်အၢၣ်လိၤအိလိၤအလိၢ်လ၊သးပှၢ်မဲၣ်ညါနူၣ်, ပတ့ၢ်လိၣ်နၢ်အိၤသ့လိၤ. မ့ၢ်ဒ်နူၣ်လိၤ. မ့ၢ်ဝံၤကဘၣ်တ့လိၤအသးတမူး ဂ ဖျၢၣ် ယိၣ်မံးသ၊ဟ့ၢ်သ၊ထါအပီးယၢ်ကထိ (၅၀၀၀) လ၊ဘၣ်အဂီၢ် တဝါဘၣ်တဂၤ, ပနဲတ၊ၣ်သ၊ပိၢ်တဘိမ့ၢ်ဝံၤမး လဲၤဘါတၢ်လ၊ဘၣ်ကသ့မ့တနၢ်ဒ်တဝါ ဘၣ်တဂၤဒိးပနဲတ၊ၣ်တဘိဘၣ်နူၣ်, တနၢ်ဘါယုၢ်တၢ်ဒိးပှၤဂၤဒံး ဘၣ်.သ့ဒၣ်ထဲအိၣ်ဂ့ၤအဖိအလံၤလိၤ. ထဲအိၣ်သကိးသကိးစိၤလိၤ. လ၊ပတလးအံးသံးအ ဒုၣ်အံၤတၢ်အဲၣ်ဘ၊အဲၣ်ပၢ်အံၤ, ပၢ်ဝဲ မ့ၢ်အမူးသံလိၤ (တၢ်မူးအဒိၣ်ကတၢ်)

၅. ပှၤလ၊အသ့ဘျကဘၣ်တၢ်သံကွၢ်အိၣ်စးအိၤဒ်အံၤ, နကဟဲက့ၤလ၊က ရၢ်ပှၤအံၤ နတၢ်ဆိကမိၣ်အိၣ်ဒ်လဲၣ်. မ့ၢ်န ကဲ့ၤစံၣ်ပှၤနဒုၣ်နကမၣ်ဧါ လီးစπနၤတအိၣ်ဘၣ်. မ့ၢ်နဟဲက့ၤယုတၢ်လိၢ်တၢ်ကျဲဧါ. ဖဲအံၤတၢ်လိၢ်တအိၣ်ဘၣ်မ့ၢ်နလိၣ်ဘၣ်ကဲတၢ်ခိၣ်တၢ်နၢ်ဧါ. ပမၤစπတသ့ဘၣ်မ့ၢ်နစံၣ်တၢ်ကိတၢ်ခဲလ၊နဂိၢ်ဧါ. မၤစπနၤတသ့ဘၣ်. နမ့ၢ်လိၣ်ဘၣ်လ၊တၢ်အဲၣ်တၢ်ကွံ,တၢ်တိတၢ်လိၤတၢ်ဘၣ်တၢ်ဘါလ၊အ ခုၣ်အကဘၣ်ဒ့ အိၣ်လိၤ. ဒိးပတ့ၢ်လိၣ်နၤသ့လိၤ.

# တလာခုန်းဂိုဏ်းမှထုတ်ပြန်ထားသောစည်းကမ်းချက်များ

၅. လၢမုၢ်ကနီၤဖိၣ်သၣ်ဖှါ လါသၢဘ့ၣ်တဘျီကဘၣ်တၢ်သံကွၢ်သိၣ်စး, တနံၤပာ်တၢ်အဲၣ်တ့ၤလၢတနံၣ်ဘၣ်. မ့ၢ်ပာ်ခူသူၣ်ဘၣ်တၢ်အဲၣ် တကးကး မ့ၣ်အိၣ်ဖျါထိၣ်လၢပှၤဃှၢ်အနၢ်နၣ်,ကဘၣ်တၢ်ကီးစးအီၤတ ထံၣ်ဃီဃီလီၤ. မ့ၢ်အါလီၤ ဝဲလၢမၤနူၣ်,ပှၤကတ့အီၤတထံၣ်ဃီဃီ လီၤ. မ့ၢ်တဲဝဲလၢတမၤဘၣ် ပှၤခံဂၤနူၣ်တနံၤပာ်တၢ်အဲၣ်ခံဘျီတဘျီ တသ့လၢဘၣ်လီၤ. မ့ၢ်ပာ်တၢ်အဲၣ်ဒီး, မ့အိၣ်ဖျါလၢတကုၢ်ပှၤနူၣ်,

ကဘၣ်တၢ်ပိၤဟးအီၤတထံၣ်ဃီဃီတအိၣ်ဘၣ်ဝဲလၢၤဘၣ်. ကဘၣ်ဟးအိၣ်ဝဲလၢဃှၢ်ပှၤတ့ၤလၢဝၢ်ထွဲး, ဒီးဟဲက့ၤဝဲသ့လီၤ. မ့ၢ်အိၣ်ဒီးအပှၤအသးနူၣ်,ဝၢ်ထွဲးနါက့,ဟဲက့ၤဝဲတသ့ဘၣ်. ကဘၣ်အိၣ်ဝဲတ့ၤအဖိအိၣ်ဖျဲၣ်လီၤ. မ့ၢ်အိၣ်ဖျါထိၣ်လၢတကုၢ်ပှၤနူၣ်, ပာ်ဝဲမ့ၢ်အကမၣ်ထိၣ်လီၤ.တၢ်တ့လီၤသးဒ်သိးသိးလီၤ ဟဲက့ၤမ့ၢ်တ့ၤ,တ့လီၤသးတမုးခံဖျာၣ်ဖဲဘါတၢ်အခါဖိနံ့ဆံ,ပနံနံ့ ဆံလီၤ.

၇. တၢ်တ့ဖိမုၣ်ပှိဖိခွါ,ကဘၣ်အိၣ်ဒီးတလိၣ်အိသွံ့,တပာ်ဝံၤဘၣ်ဖဲပှၤ ခံဂၤအတၢ်ထံၣ်ဒၣ်ဝဲဘၣ်ကဘၣ်အိၣ်ဝဲလၢပှၤမံၤပှၤ ပှၢ်တၢ်ဘၣ်တ့အီၤလၢအ ဂ့ၢ်အဝီလီၤ.

၈. ပှၤမုၣ်ဒိးဖွါခံဂၤအိၣ်ဃုာ်ဆီးဃုာ်လံ, ကဲထိၣ်လၢတၢ်သွံၣ်တ လိၣ်ညၣ်တပှလံဒီး, မ့ၢ်ကဲက့ၤသးလၢတၢ်လီၤဖှၢ်လီၤဖးနူၣ်, ကဘၣ်ဟးထိၣ်ဝဲလၢကရၢချ့လီၤ. မ့ၢ်အိၣ်ဒံးဖဲကရၢပှၤအံၤ, တၢ်နၢ်မါနၢ်ဝၤလၢအသီတသ့လၢၤဘၣ်. မ့အိၣ်ဒံးဖဲကရၢ်အပှၤအံၤ, ကဘၣ်လၢၥ်ဒီးပနံတၢၣ်တ ဘိ လၢအစိၤတပၢ်လီၤ. မုၣ်မ့ၢ်ဂ့ၤဖွါမ့ဂ့ၤဟ့ၣ်ဝဲတၢ်ကမၣ်ဒံးသိးသိးလီၤ

၉. လၢပှၤအိၣ်ဖျဲၣ်ဖိအဂီၢ်ဒ်အံၤ,ကဘၣ်တ့လီၤဝဲဒီးအလီၢ်လၢတမ့ၢ်အး ပှၤဘၣ်. မ့ၢ်အိၣ်ဖျဲၣ်ဖိလၢအးပှၤနူၣ်, တနၢ်လဲၤဘၣ်လၢဘ့ၣ်အလီၢ်ဘၣ် ပာ်ခွါနူၣ်,ကဘၣ်တၢ်အိၣ်အီၤတ့ၤလၢသၢသီတ့ၤလၢလွံၢ်သီအဒ့တဲာ်ဝံၤ, ပာ်မုၣ်ကဘၣ်တၢ်အိၣ်အီၤတ့ၤလၢနွံသီဝံၤ,ကဘၣ်ဟ့ၣ်လီၤက့ၤအံမဲာ် လၢလဲၤကွၢ်အီၤနူၣ် ဖိဆံၣ်ထံတဃီထံဝံၤလံဒီးတၢ်ဖိဆံးသ့ၣ်တဖၣ်, ပာ်ဝဲပှၤလံ. ကဘၣ်အိၣ်ဝဲဒ်တၢ်ကလုၢ်အံၤကီးနီၢ်ဂၤလီၤ. ပာ် ဝဲလၢအလိၣ်ဖးဒိၣ်လီၤ. တၢ်ဖိဆံးအံၤ, ကီးဝဲအမံၤ,တၢ်တနာ်လီၤ.

၁၀. ပှၤကညီလၢအိၣ်ကမၣ်ဘၣ်ထီးညၣ်မ့ၢ်ဂ့ၤ, ဆီညၣ်မ့ၢ်ဂ့ၤ, လၢပှၤတ့အိၣ် ဖိအိၣ်,ဒီးအိၣ်ကမၣ်ဘၣ်နူၣ်,ကဘၣ်က့ၤ တ့လီၤက့ၤအသး,ကဘၣ် လၢၥ်တမုးခံဖျာၣ်ဖဲဘါတၢ်အခါဖိနံ့ဆံ, ပနံနံ့ဆံတၢ်အိၣ်တၢ်အီကလိ လၢပကအိၣ်အီၤနူၣ်, ကဘၣ်အိၣ်ဒီးတၢ်သံကွၢ်အိၣ်စးလၢသ့တ သ့လၢပကသီအီၤအဂီၢ်လီၤ.

၁၁. ပှၤလၢအိၣ်ဘၣ်အီဘၣ်, ကူဘၣ်သိးဘၣ်တဖၣ်နူၣ်,ကဘၣ်တ့လီၤအသ တမုးခံဖျာၣ်ဘါတၢ်ခါဖိနံ့ဆံပနံနံ့ဆံဝံၤလၢဘ့ၣ်အဂီၢ်,ကလဲၤဘါ တၢ်နူၣ်, ဖိတကထိ,ပနံတကထိ, တၢ်အံၤတဖၣ် မၤဝဲမ့တနၢ်ဘၣ်နူၣ် တလဲၤဘါတၢ်ဘၣ်တၢ်ကမၣ်အဝဲအံၤ, တဘျီတ့ၤလၢသၢဘျီလီၤ. တ့လီၤသးသ့ ၁-၃ လၢအမဲာ်ညါအဂီၢ်, တအိၣ်လၢၤဘၣ်.

၁၂. တၢ်ကမၣ်အဝဲအံၤမ့မ့ၢ်လၢကဲတဝါဘ့ၣ်စံၣ်လီဟဲက့ၤ အိၣ်လၢ သဝီပှၤ မၤကမၣ်အသးနူၤတ့လီၤအသးလၢၥ်တမုး ၈ ဖျာၣ်ဖဲဘါတၢ်အ ခါလၢၥ်ဖိနံ့ဆံပနံနံ့ဆံ လၢဘ့ၣ်အဂီၢ်ဖိတကထိပနံတကထိ



တလာခုန်းလူပျိုများ

# တလာခုန်းဂိုဏ်းမှထုတ်ပြန်ထားသောစည်းကမ်းချက်များ



တလာခုန်းလူငယ်အမျိုးသားနှင့်အမျိုးသမီး

၁၃. တါကှတါသိးလာပတလးအံးသံးအဒှ်အထာအံ၊အိဲ်ဒ်အံ၊ ပှ၊ဖုပှါတနှါဖာခိဲ်ဖာဲ်လှံ့ါနှ၊ဲ်ဘာဲ်. အတနှါကှဘာဲ်သိးဘာဲ်ဝဲလာ တါအကံဲ်ယှကိ့တဲ်သးဒ်.သိးဒိးခိးအမါသိးဘာဲ် ပိဲ်ခ့ါတနှါသိး ဘာဲ်ဆုဖုဲ်စုဘာဲ် လာအမုဲ်တခိ, ဒိဲ်ဂှ၊ဆံးဂှ၊တနှါသိးဘာဲ် ဝဲဆုပိဲ်ခ့ါဘာဲ်. မုဲ်ပှါလာအိဲ်ဒိးဝ၊လံနှ့ဲ်, တနှါဖာဲ်ခိဲ်ဖာဲ်လှံ့ါနှ၊ဲ် ဘာဲ်.မုဲ်ဂှ၊ခ့ါဂှ၊ဒ်သိးသိးလိ၊.ကဘာဲ်ကှသိးဝဲနံဲ်မိါကံဲ် ဆုမိါအှ လိ၊. နံဲ်နှ့ဲ်,ကဘာဲ်အိဲ်သာဆဲးအတိ၊ ၂ ဘိလိ၊. လာပှ၊ပိဲ်မုဲ်တုလာအ ဒိဲ်ကဘာဲ်သိးဝဲဆုဝါကိးအဂၢလိ၊. မုဲ်ကနိ၊နှ့ဲ်,ဆုဝါတမံ၊လိ၊. အလှ့ါဂၢတနှါဘာဲ်.

၁၄. လာတလးအံးသံးအတါအိဲ်တါဆိးအပှ၊အံ၊ တနှါအိဲ်ဘာဲ်လာတါ အှဲ်လိဲ်ဆိးကုလာ,အကဲထိဲ်အကိအခဲတု၊လာကဲထိဲ်တါဟးဂိ၊လာတါ အိဲ်ဆှဲ်အိဲ်ချဘာဲ်ကဘာဲ်အိဲ်ဝဲလာတါအဲဲ်တါကွ့တါယှတါဖိးတါ မုါတါဝဒိလိ၊

၁၅. လါဖဲနုဲ်လိ၊တကုဲ်,တပှဲ၊ထိဲ်ဒ်းတနံ့ဘာဲ်နှ့ဲ်တနှါမ၊သိဲ်မ၊ သဲဘာဲ်ကျိဖိ၊ဝဲ်ဖိ၊, အဟှဘာဲ်လာပဖုအတါလိါဘာဲ်. ဒှဲ်ဝဲအနုဲ်လိ၊နံ့သိ (၁၄ သိ). အစံဲ်ထိဲ်နံ့သိဒ်သိးသိးလိ၊.

၁၆. တါလိဲ်ကွဲစုလာတါအိဲ်တါအိတနှါမ၊ဘာဲ်နိတမံ၊ဘာဲ် တါကလုါပှဲ၊အအိဲ်ဝဲအံ၊ မုါမ၊ကမဲ်ဘာဲ်တဂၢဂၢ, ပှဲ၊လာပှ၊ကစံဲ်ညိဲ် အိ၊ဒိးကဘာဲ်တှါလိဲ်ဝဲလိ၊. ပှ၊ကညိလာစံဲ်ညိတါတဂၢနှ့ဲ်,ကဘာဲ် ကွ့်မ၊ဝဲမဲအကြ၊ဒိးအတါကမဲ်လိ၊. လာအခါဖဲစံဲ်ညိဲ်တါနှ့ဲ်တနှါမ၊ဘာဲ် ဝဲဖဲအကစါသးဘာဲ်. ကဘာဲ်ဟှဲ်ပှ၊လာအဘာဲ်တါစံဲ်ညိဲ်တဂၢနှ့ဲ်လာ တါမုါတါတိ, ကဘာဲ်တါသှဲ်ညါအိ၊လာအဂ့ါအကျိ၊လာအဘာဲ်,အမုါအတိ, လာအသးတဟးဂိ၊ဘာဲ်အသိးလိ၊

၁၇. လာပတလးအံးသံးအတါပဲ်ဒိဲ်ပဲ်ထိအတါနဲ်အိဲ်, အိဲ်ဝဲဒ်အံ၊· ပှ၊မုါဟဲစိဲ်အိဘာဲ်သံးဒိးစိဲ်ဘာဲ်ထိးညဲ်ဆိညဲ် ဒိးပံ၊စိ၊ညါဖိတမံ၊ လာပတလးအံ၊သံးအိဲ်ဝဲ,တါဒှဲ်တါထုလာဟဲဝဲအစိ၊စိ၊ယဲ်ယဲ်လံ. မုါအိဲ်ထိဲ်လာတါတဘာဲ်တမုါတါဆူးတါဆါ,မုါအိဲ်ထိဲ်တမံ၊ဂှ၊တမိ့ဂှ၊ အိဲ်ဒိးတါတုလိ၊ဖှိလိ၊သးတဘှိဘှိ,ဒှဲ်ဝဲသာနံ၊သာနုလာတ လဲ၊ဘာဲ်ပှ၊အိဲ်ဒိးပှ၊တဟဲဘာဲ်လာပအိဲ်ဘာဲ်.တဘှိဘှိတနံ၊ဒိးတနု၊.တ ဘှိဘှိတနု၊ဂိါတါလာပတလးအံးသံးအံ၊တါအိဲ်တါဆိးတါဒှဲ်တါထုဒိးတါ အိဲ်တါအိတါကှတါသိ၊ လာဲ်ဒိးတါဘှဲ်တါဘါလိ၊ဆိဒိးပုါဝဲါလာအဂၢခဲ လာဲ်တကုါလိ၊. ပသးဖှါလာအတလာကွံဲ်တဖဲ်နှ့ဲ်တဲပလိါပှ၊ဒ်အံ၊, တါလာပှ၊ကလိ၊ဂဲ်ပသးရှဲ်နှ့ဲ်အါတကုါလာကကဲဒိးတါလိ၊. မာပလိါသး ·တကုါ.

၁၈. လာပတလးအံးသံးအတါဘှဲ်အံ၊အိဲ်ဝဲလါတဘှဲ်နှ့ဲ်အိဲ် ၄ ဘှိ, တနံ၊နှ့ဲ်ခံဘှိ,လါ ၃ ဘှဲ်အဘှိကိးဝဲအမံ၊ (၁)ဘာဲ်အှးစါဒ့ဲ်မုဲ်အှ (၂) ဘှဲ်အတါ (၃)ဘှဲ်တကုါနုဲ် ဘှဲ်ဝိါထွဲး အ တါဘှဲ်နှ့ဲ်,ကဘာဲ် လာဲ်ဝဲဒိးသှဲ်ဒိးဝဲ်ကိးအ·ဘှဲ်တကုါလိ၊. တဘှဲ်ဘှဲ်နှ့ဲ်, ကဘာဲ်လာဲ်သှဲ်ဖးဒိဲ်တခိဲ်လာကတုတါဘှဲ်ဂိါလိ၊. သှဲ်လာအမိ့ကပှ့ဲ် လိ၊. ဘာဲ်ဆဲလာယိး,ကဘာဲ်လိဲ်ဝဲတနံ့ဲ်နှ့ဲ်ယိးတစှ၊နှ့ဲ်အကံလိ၄၀ ဘာဲ်.

၁၉. ဖဲလဲ၊ဘှဲ်လဲ၊ဘါအခါနှ့ဲ် ပိဲ်ခ့ါနှ့ဲ်ဒိဲ်မုါဂှ၊ဆံးမုါဂှ၊ကဘာဲ် သိးဝဲဆုပှိါကိးနိဲ်ဂၢတကုါလိ၊လာအဂှ၊တခိလိ၊ .လာပဖုတလးအံးသံး အတါဘှဲ်အံ၊, ဘာဲ်ဝဲကစါယှ၊တါဟှဲ်လာအခိဲ်ထံးဟဲသးလိ၊စၢ၊ လိ၊သဲ့ဲ်ဝဲတတိ၊ဘာဲ်တတိ၊,တနှါလိ၊မါဘာဲ်ဘာဲ်. မုါလိ၊မါတခိနှ့ဲ်, အမှအဒါကအိဲ်လာပဘာဲ်တှါလိ၊. တါကလုါအာဲ်လိ၊အိဲ်ဒ်းနှ့ဲ်လာကစါယှ၊ တါအာဲ်လိ၊လိ၊.



တလာခုန်းလုံမပျိုများ

# မန်းဘခိုင် နှင့် ကရင့်တော်လှန်ရေး

## ဖူးကီးဒို

### အခန်း(၂)

### အပိုင်း(၁)

### ဥက္ကဋ္ဌကြီးမန်းဘခိုင်နှင့် ကေအဲန်ဒီအို



**K.N.D.O.**ဖြစ်ပေါ်လာရသည့်အကြောင်းကို၊ ၎င်းကိုယ်တိုင် ပါဝင်ဦးဆောင်ခဲ့သည့်အလျှောက် (ရသ) မပျက်စေလိုသဖြင့်၊ဥက္ကဋ္ဌကြီးမန်းဘခိုင် ကိုယ်တိုင် အသံသွင်းခဲ့သည့် တိတ်ခွေမှ တိုက်ရိုက်ကူးယူဖော်ပြထားပါသည်။

အုပ်ချုပ်ပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့၊ တိုင်းပြည်ပြုလွှတ်တော်ကိုယ်စားလှယ်တွေကို ကြည့်မယ်ဆိုရင် အမတ်ဦးရေ (၂၁၀) ရှိတဲ့ အထဲမှာ ကရင် အမတ်က (၂၄) ယောက်ရတယ်။ ကျန်တာက တောင်တန်းဒေသနဲ့ ပြည်မကိုယ်စားလှယ်တွေ အချိုးပါဝင်တယ်။ ဗမာအမတ်ကသုံးပုံနှစ်ပုံရှိတယ်။

တိုင်းပြည်အုပ်ချုပ်ပုံ အခြေခံဥပဒေအရဆိုရင်၊ကျွန်တော်တို့လိုချင်တဲ့ ကရင်ပြည်ဟာ ဘယ်တော့မှ မရနိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ ဒီကရင်ပြည်ကိစ္စဟာ တိုင်းပြည်ပြုလွှတ်တော်မှာရှိတဲ့အမတ်ဦးရေရဲ့ သုံးပုံနှစ်ပုံ ထောက်ခံမှုရမှာဖြစ်တယ်။ ဒီတော့ ဘယ်နည်းနဲ့မှမရနိုင်ဘူး။ ဗမာတွေက တော့ အပြတ်အသတ် ကန့်ကွက်မှာဘဲ လူမျိုးစု အချင်းချင်းကလည်း ဗမာက စည်းရုံးထားတော့ လက်ခံချင်မှ လက်ခံမယ်။ ဒီတော့ ကရင်ပြည် အရေးဟာ ပါလီမာန်နည်းနဲ့ မရနိုင်ဘူးဆိုတာ တွေ့လာတယ်။ အဲဒီမှာဆက်လက် တိုက်ပွဲဝင်တာပေါ့။ တိုင်းပြည်အုပ်ချုပ်ပုံအခြေခံဥပဒေကို(၁၉၄၇)ခုနှစ်အကုန်လောက်မှာရေးဆွဲပြဋ္ဌာန်းပြီးဖြစ်တယ်။ ပြီးတော့ ဗြိတိသျှရော၊( ဖ ဆ ပ လ ) ကပါ အတည်ပြုလိုက်တယ်။ အတည်ပြုပြီးတော့ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ (၄)ရက် နေ့ကို လွတ်လပ်ရေးနေ့လို့ သတ်မှတ်လိုက်တယ်။ လွတ်လပ်ရေးနေ့လို့ သတ်မှတ်လိုက်တဲ့အခါ ကရင်တွေ ဘာလုပ်လာသလဲဆိုရင်၊ငါတို့တော့ဗမာကျွန်ဖြစ်ပြီ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ

ဗမာတွေရဲ့ ကျွန် ခံရတော့မယ်။ ဒါကြောင့် အနိမ့်မခံတော့ဘူး၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မယ်။

ငါတို့ ဘာ လုပ် ကြမ လဲ လို့ **K .N.U** .အဖွဲ့ အစည်းက စဉ်းစားကြတယ်။ဒီလိုဆိုရင် တို့ ၁၉၄၈ ခုနှစ်၊ ဖေဝါရီလ(၅)ရက်နေ့ဟာ တို့ကရင်တွေရဲ့ လွတ်လပ်တဲ့လူမျိုးတစ်မျိုးအဖြစ် ခံယူကြောင်း ကြေငြာချက်ထုတ်ပြီး ဆန္ဒပြကြမယ်။ အဲဒီနေ့မှာ ကရင်တစ်မျိုးသားလုံးဆန္ဒပြကြတယ်။

တိုက်ပွဲဟာ တော်တော်ကျယ်ပြန့်သွားတယ်။ကရင်တိုက်ပွဲတွေ ကျယ်ပြန့်လာတော့ ဖ ဆ ပ လ ဟာ၊ ဆာဘဦးခေါင်းဆောင်တဲ့လူမျိုးစုအရေးနဲ့ပါတ်သက်ပြီး၊ စုံစမ်းရေးကော်မရှင် ဖွဲ့လာတယ်။ ဒီအဖွဲ့ ဖွဲ့လာတော့**K.N.U.** က ကရင်တမျိုးသားလုံးကိုစည်းရုံးလှုံ့ဆော်ပြီးတပြည်လုံး အတိုင်းအတာရှိတဲ့၊ ကရင်လူထုဆန္ဒပြပွဲကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့မှာကျင်းပတယ်။ အဲဒီဆန္ဒပြပွဲမှာ–

၁။ ကရင်ပြည် ချက်ချင်းပေး၊
၂။ ကရင်တစ်ကျပ်၊ ဗမာတစ်ကျပ် ချက်ချင်းပြု၊
၃။ လူမျိုးရေးအဓိကရုဏ်း အလိုမရှိ၊
၄။ ပြည်တွင်းစစ်အလိုမရှိ။ ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ဆန္ဒပြကြတယ်။

❑ အမျိုးသားလွတ်မြောက်ရေး၊
❑ ဒီမိုကရေစီရေး၊
❑ လူမျိုးစုံသွေးစည်းချစ်ကြည်ရေးနဲ့၊
❑ ငြိမ်းချမ်းရေး အဓိပ္ပါယ်ဆောင်တဲ့၊ အကြမ်းမဖက်တဲ့နည်းနဲ့ ငြိမ်းချမ်း စွာ စည်းကမ်းတကျ၊ အသံတိတ် ဆန္ဒပြကြတယ်။

ဒီဆန္ဒပြပွဲဟာ အတော် ကြီးကျယ်၊ကျယ်ပြန့်ပြီး၊ တစ်မျိုးသားလုံးအုံကြွနေတော့ ဖ ဆ ပ လ အစိုးရက၊ဆန့်ကျင်ဘို့ တန်ပြန်လှုပ်ရှားမှုတွေ လုပ်လာတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ကရင့်ရေးရာဌာန တစ်ခုဖွဲ့တယ်။ အဲဒီ ကရင်ရေးရာဝန်ကြီးအဖြစ် စံဖိုးသင်ကို ခန့်တယ်။ ကရင်တွေနေထိုင်တဲ့ခရိုင်တွေ၊ မြို့တွေမှာ ကရင်ရေးအရာရှိတွေခန့်တယ်။

ဖ ဆ ပ လ က ၊ ဒီကရင်ရေးအရာရှိတွေကိုဆင့်ခေါ်ပြီး၊ ကရင်လူထုဆန္ဒပြပွဲကို ဆန့်ကျင်တဲ့၊ အစည်းအဝေးတစ်ရပ်ကို ၁၉၄၈ ခုနှစ်၊ မတ်လ–(၃) ရက်နေ့မှာကျင်းပတယ်။ ဒီလိုနှစ်ဖွဲ့က စည်းဝေး ကျင်းပနေတော့ ဖ ဆ ပ လ က၊ **K.N.U.**ခေါင်းဆောင်တွေကို ခေါ်ယူ တွေ့ဆုံတယ်။

■ ဖ ဆ ပ လ ဘက်မှာ'ဦးနု'က ခေါင်း ဆောင်ပြီး၊
○ ဗိုလ်လကျာ၊
○ ဗိုလ်ဖိုးကွန်း၊
○ ဦးကျော်ငြိမ်း ၊
တို့တက်ရောက်တယ်။

■ **K.N.U.** ဘက်မှ၊
○ စောဘဦးကြီး၊
○ စောသာဒင်၊
○ စောဘလေ၊
○ သရာသာထို၊
○ မန်းကျိမ်းစိတ်ထွန်းအောင်
တို့တက်ရောက်သည်။ ဒီလိုတွေ့ဆုံရာမှာ ဦးနု ကဘာပြောသလဲဆိုတော့၊–

"ကျွန်တော်တို့ ကရင်နဲ့ ဗမာ လူမျိုးရေး အဓိကရုဏ်းဖြစ်တယ်ဆိုရင် ဥသျှစ်သီးနှစ်လုံးထုသလိုဘဲ။ ထုတဲ့အလုံးလဲကွဲမယ်။ ခံရတဲ့အလုံးလဲကွဲမယ်။ ဒါတွေမဖြစ်သင့်ဘူး၊ ခင်ဗျားတို့ ကရင်ပြည်လိုချင်ရင် ဥပဒေအတွင်းမှာဝင်ပါ။ ဥပဒေကြောင်းအရ ခင်ဗျားတို့တောင်းဆိုပါ"လို့ပြောလာတယ်။

လွှတ်တော်မှာ ဥပဒေကြောင်းအရ ဘယ်နည်းနဲ့မှ ကရင်ပြည်တောင်းလို့မရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲထားကတည်းက၊ ဗမာအများစုဖြစ်နေလို့ဘဲ။ ဒီအချိန်ကအမတ်ဖြစ်နေတဲ့ ဗမာတွေဟာ၊လူမျိုးစုံသွေးစည်းချစ်ကြည်ရေးစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ် မရှိကြလို့ဘဲ။

ဒီတော့ ဥက္ကဋ္ဌကြီး စောဘဦးကြီးကပြန်တင်တယ်။ ကျွန်တော်တို့ ဥပဒေပြု လွှတ်တော်မှာတော့ ကရင်ပြည်မရနိုင်ဘူး။ ဒါကြောင့် သီးသန့် အထူး ဆောင်ရွက်ပေးဘို့ပြောရင်းနဲ့ ပဋိပက္ခပိုဖြစ်လာတယ်။ ဒီတော့ ဝန်ကြီးချုပ် ဦးနု ကဘာပြောလဲဆိုတော့

"ခင်ဗျားတို့ကရင်ပြည် လိုချင်ရင်တိုက်ယူပေါ့ဗျာ။ ဒါဘဲကျွန်တော်တို့ တတ်နိုင်တယ်။"လို့ပြောပြီး စည်းဝေးပွဲရပ်သွားတယ်။

ဦးနုပြောလိုက်တဲ့ ကရင်ပြည် လိုချင်ရင် တိုက်ယူဆိုတဲ့ စကား အရ ဗမာကတော့ ကရင်ပြည်ကိုမပေးဘူး။ ချချင် ချ ဆိုတဲ့ သဘောဘဲ။ ဒီတော့ **K.N.U.**ခေါင်းဆောင်တွေ အစည်း အဝေးပြန်ထိုင်ပြီး ညီလာခံကိုယ်စားလှယ်တွေက ကရင်ပြည် တိုက်ယူမယ်ဆိုပြီး တိုက်ဘို့ဆုံး ဖြတ်လိုက်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြောင်းအရ၊ ကရင်ပြည် ဘယ်နည်းနဲ့မှမရနိုင်ဘူး။ ဗ က ပ ၊ ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်တွေ၊ သူတို့ခါးပိုက်ဆောင် တပ်တွေဖွဲ့ထားကြတယ်။ တနေ့ပဋိပက္ခတွေ အမြင့် ဆုံးအဆင့် ရောက်လာနိုင်တယ်လို့ တွက်ထားတယ်။ ကရင် အမျိုးသား လွတ်လပ်ရေး၊ ကရင်အမျိုးသားတည်တံ့ရေး၊ ကရင်အမျိုးသားများရဲ့ အသက်နဲ့ စည်းစိမ် ဥစ္စာများ ကာကွယ်ရန်၊ **K.N.U.**ခေါင်းဆောင်သည့် ညီလာခံမှ အတည်ပြုသည့် လက်နက်ကိုင်တပ် ရှိနေရမည်ဟု (၁၉၄၇)မှာ ကျင်းပသည့် ညီလာခံမှ အတည်ပြု ဆုံးဖြတ်သည်။

ထို့ကြောင့်K.N.D.O.(Karen National Defence Organization) ကို ၁၉၄၇ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့မှာ အောင်မြင်စွာ ဖွဲ့စည်းလိုက်တယ်။

လက်နက်ပုန်းတွေကို အရေးပေါ် အသုံးပြုဘို့အတွက်၊ ဒုတိယကမ္ဘာစစ်အတွင်း တပ်ဆင်ထားတဲ့ သေနပ်တွေနဲ့ ဒီတပ်ဖွဲ့ကို လက်နက်တပ်ဆင်တယ်။ ဒီတပ်ဖွဲ့ကို ဗဟိုနဲ့ခရိုင်အလိုက်ဖွဲ့ စည်းတယ်။

★ဗဟိုမှာ

(၁)မန်းဘဇန် စစ်ဦးစီးဗိုလ်ချုပ်၊

(၂)စောဟန်တာသာမြွေး စစ်ဆင်ရေးမှူး၊

(၃)စောစန်းကေး စစ်ဆင်ရေးမှူး၊

(၄)စကောမောလေး လေ့ကျင့်ရေးမှူး၊

ဒီလို K.N.D.O. တပ်ဖွဲ့ကို ကျေးရွာတွေမှ ၁ အခြေခံပြီး ဖွဲ့စည်းတယ်။ အဲဒီနောက် ခရိုင်တာဝန်ခံတွေကို ရွေးကောက်တင်မြှောက်တယ်။

ခရိုင် တာဝန်ခံတွေကတော့–

၁။ ဆရာစံထွန်း ပုသိမ်၊

၂။ ဗိုလ်ဆော့ ဟသ်ာတ၊

၃။ စောဘကျော် မြောင်းမြ၊

၄။ ထီးကစာ(ထွန်းလှအောင်) မအူပင်၊

၅။ ဆရာဇမောင် ဖျာပုံ၊

၆။ ဗိုလ်အောင်ဝင်း ဟံသာဝတီ၊

၇။ ဗိုလ်ရွှေပြား သာယာဝတီ၊

၈။ စကောမောလေး အင်းစိန်၊

၉။ စောဝင်းမောင် ရန်ကုန်၊

၁၀။ စအောင်စိန် ညောင်လေးပင်၊

၁၁။ စောမီးဒရာ တောင်ငူ၊

၁၂။ ဗိုလ်မောင်ညွန့် သထုံ၊

၁၃။ ဗိုလ်စံမောင် ဖါးအံ၊

၁၄။ စောတကယ် မော်လမြိုင်၊

၁၅။ နဲလ်ဆင်ကဲ ဘိတ်၊ထားဝယ်၊

၁၆။ ဗိုလ်စန်ဝင်း မေမြို့၊

၁၇။ စောဝီးဒါ တောင်ကြီး၊

၁၈။ စောဝေလ်ထေ ဖါပွန်၊

၁၉။ ဗိုလ်ပန်းကိုင် ပြည်၊

၂၀။ ထောပလို ကရင်နီပြည်၊

အထက်ပါ ခေါင်းဆောင်များဖြင့် ဖွဲ့စည်းစဉ် လက်နက်ကိုင်တပ်သားတစ်သောင်းကျော်ရှိသည်။ စစ်တပ်ထဲ၌ရှိသော ကရင်လက်နက်ကိုင်တပ်ရင်းများ၊ အမြောက်တပ်၊ ဆက်သွယ်ရေးတပ်၊ အခြားတပ်ဆွယ်များနှင့် ဖွဲ့စည်းသည်။ လေတပ်၊ ရေတပ်များ မပါဝင်သေးပေ။

ဥက္ကဋ္ဌကြီး မန်းဘဇန်မှ ဆက်လက်ပြောဆိုရာတွင် <u>ဦးနုက ကရင်ပြည် လိုချင်ရင်တိုက်ယူဆိုတော့</u>ကရင်ပြည်ရယူဘို့ အခြားနည်းလမ်းမရှိတော့ဘူး။တဘက်ကလည်း–

- ကရင်ပြည်ရယူရေး၊
- ကရင် အမျိုးသား အကျိုးစီးပွါးများကာကွယ်ရေး၊
- ကရင် အမျိုးသားတည်တံ့ရေးအတွက် .K.N.U. ရဲ့ ခေါင်းဆောင်မှုအောက်တွင်ရှိသည်။ K.N.D.O. တပ်များသည်လည်း၊ တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ကရင် လူထုသည်လည်း တက်ကြွနေကြသည်။ ၁၉၄၈ခုနှစ် ဖေဖေါ်ဝါရီလ (၁၁)ရက်နေ့တွင် K.N.D.O စည်းရုံး လှုတ်ရှားမှုသည်၊ အထွဋ်အထိပ်ရောက်ပြီး အခြားရွေးစရာလမ်းမရှိတော့သဖြင့်

(၁၉၄၉)ခုနှစ်၊ဇန်နဝါရီလ(၃၁)ရက်နေ့မှာ မြင့်မြတ်တရားတဲ့ လက်နက်ကိုင် တိုက်ပွဲကြီး စတင် ဖြစ်ပေါ်လာတော့တယ်။

ပြဿနာတစ်ရပ်အား ပြည်ထောင်စုညီအကိုခြင်းဖြစ်ပွါးတဲ့ ပြဿနာအား၊ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေနွေးသောနည်း၊ စိတ်ရှည်၍ အပြန်အလှန်နားလည်မှုရှိစွာဖြင့်၊ ပြည်ထောင်စုစိတ်ဓါတ်နှင့် လူ့အခွင့်အရေး အပြည့်အဝရှိစွာဖြင့်၊ စာနာထောက်ထားသော စိတ်ဓါတ်များဖြင့် ဖြေရှင်းပါက ထုသောဥသျှစ်သီးနှင့် ခံရသော ဥသျှစ်သီးပါကွဲကြမည်မဟုတ်ပေ။ သေကျေမီးလောင်ပျက်ဆီးကြမည်မဟုတ်ပေ။ ဖွံ့ဖြိုးမှုအနည်းဆုံးတိုင်းပြည်ဖြစ်လိမ့်မည် မဟုတ်ပေ။ အရိုးတောင်လိုပုံ၊ မျက်ရည်အိုင်ထွန်း၊ သွေးပင်လယ်ဝေကြမည်မဟုတ်ပေ။ စိတ်ရှည် လက်ရှည်စာနာစိတ်ဖြင့် ပြဿနာများကိုဖြေရှင်းပါက ပြည်တွင်းစစ်နှစ်ပေါင်း (၄၀)ကျော်ခဲ့မည် မဟုတ်ပေ။

လူလူခြင်း သွေးစုတ်မှု ရှိလျှင် လူမျိုးချင်း ကျွန်ပြုမှုရှိလျှင်၊ စစ်သည်ရှိနေဦးမည်။ လူသားများသေကြေကြဦးမည်။ ထို့ကြောင့် ပြည်ထောင်စု အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊လူမျိုးစုံသွေးစည်းချစ်ကြည်ရေး၊နိုင်ငံတော်သာယာဝပြောရေးအတွက်၊ အင်းစိန်တိုက်ပွဲမှ စတင်လောင်ကျွမ်းခဲ့သော ဤပြည်တွင်းစစ်မီးကို ဝိုင်းဝန်း ငြိမ်းသတ်ကြပါရန် ပန်ကြားအပ်ပါသည်။

## ၁၉၉၃ခုနှစ် ကေအဲန်ဒီအို စစ်ဦးစီးဌာနချုပ်နှင့် တပ်ရင်းများ

၁။ ဗိုလ်မှူးချုပ် ကျော်သောင်း၊ ကေအဲန်ဒီအို ဗိုလ်ချုပ်၊ ဦးစီးချုပ်၊

၂။ ဗိုလ်မှူးကြီး ထူးထူးလေး၊ ဒုတိယ ဦးစီးချုပ်၊

၃။ ဒုတိယဗိုလ်မှူးကြီးဆာဘလယ်မူး၊ ၊ စစ်ရေးချုပ်၊

၄။ ဗိုလ်မှူး ဂျိုးပလာဘော၊ စစ်ဦးစီးမှူး(စစ်ထောက်ချုပ်)၊

★★

## ကေအဲန်ဒီအိုတပ်ရင်းများ

၁။ ဒုတိယဗိုလ်မှူးကြီး မောင်ဝါး၊
တပ်ရင်း(၁)၊ ရင်းမှူး ဖါပွန်ခရိုင်။
၂။ ဒုတိယဗိုလ်မှူးကြီး ယွာဟာစ်
တပ်ရင်း(၂)၊ ရင်းမှူး သထုံခရိုင်။
၃။ ဒုတိယဗိုလ်မှူးကြီးအယ်ကလူ၊
တပ်ရင်း(၃)၊ ရင်းမှူး၊
ညောင်လေးပင်ခရိုင်။
၄။ ဒုတိယဗိုလ်မှူးကြီး ငယ်ဒူး
တပ်ရင်း(၄)၊ ရင်းမှူး၊
တောင်ငူခရိုင်။
၅။ ဒုတိယဗိုလ်မှူးကြီး ဆဲထီ၊
တပ်ရင်း(၅)၊ ရင်းမှူး ဖါးအံခရိုင်။
၆။ ဒုတိယဗိုလ်မှူးကြီး ကျော်ဖေ
တပ်ရင်း(၆)၊ ရင်းမှူး၊
ဒူးပလာယာခရိုင်။
၇။ ဒု-ဗိုလ်မှူးကြီး မန်းဘော်ဒွင်ဖန်၊
တပ်ရင်း(၇)၊ ရင်းမှူး၊
ဘိတ်၊ထားဝယ်ခရိုင်။

## အပိုင်း (၂)
## ညွှန့်ကြီးမန်းဘဇန်နှင့် အင်းစိန်တိုက်ပွဲ

ကရင့် တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲ မဖြစ်မီက **K.N.U.**ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များမှာ စောဘဦးကြီး၊ စောပု၊ ဆရာသာထို၊ မန်းဂျိမ်းထွန်းအောင်၊ မန်းဘခင်၊ မန်းဘဇန်၊ စောသာဒင်၊ စောဟန်တာသာမွေး၊ စောဆိုင်းကေ၊ စောအောင်ဝင်း စကောမောလေး၊ ဦးဖဲ၊ စောဘယ်လီ၊ မစ္စလူနီ တို့ဖြစ်ပေသည်။ ယင်းဗဟိုအလုပ်အမှုဆောင်များမှာ ကရင့်လက်နက်ကိုင်တိုက်ပွဲစတင်ဖြစ်ပေါ်လာသောအခါ တကွဲတပြားစီဖြစ်သွားသည်။ စောဘဦးကြီး၊ မန်းဂျိမ်းထွန်းအောင်၊ မန်းသာဇန်၊ စောစိုင်းကေ၊ စကောမောလေး၊ ဦးဖဲ၊ စောဘယ်လီတို့မှာအင်းစိန်မြို့တွင် ရှိနေကြသည်။ဆရာသာထိုသည် အလုံ စမ်းချောင်းတွင်ရှိနေပြီး အဖမ်းခံရသည်။ စောသာဒင်သည်လည်း မော်လမြိုင်မြို့တွင်၊ စောဖိုးချစ်နှင့်အတူ အဖမ်းခံရသည် စောဟန်တာသာမွေးသည် မအူပင်မြို့ တွင်ရှိ နေသည်။ စောပုသည် မြောင်းမြတွင် ရှိနေပြီး (ဖ ဆ ပ လ) အစိုး ရနှင့် ဇေ့စပ်ရေးလုပ်ပြီး၊ ပူးပေါင်းသွားသည်။

ကရင့်လက်နက်ကိုင် တိုက်ပွဲဖြစ်လာသောအခါ၊အပြင်းထန်ဆုံးတိုက်ပွဲများတွင်၊ အင်းစိန်တိုက်ပွဲ နှင့် ညောင်လေးပင်တိုက်ပွဲတို့ဖြစ်သည်။အင်းစိန်မြို့နှင့် ညောင်လေးပင်မြို့ကို သိမ်းယူနိုင်ခဲ့သည်။ အင်းစိန်တိုက်ပွဲမဖြစ်မီ အင်းစိန်၊ သမိုင်း၊ ကြို့ကုန်း ဘက်တွင် ပူးပေါင်းလာ သော၊ **K.N.D.O.** များနှင့် ဗိုလ်ကြီးသာအေးကျော်ဦးစီးသော **U.M.P** တပ်ဖွဲ့တို့၏အင်အားမှာနှစ်ရာကျော်ရှိသည်။

ထိုအချိန်က အင်းစိန်မြို့ နှင့် သမိုင်းလမ်းဆုံတွင် ဖ ဆ ပ လ တပ်ဖွဲ့များ နှစ်ထောင်ကျော်ခန့် ချထားသည်။ ၎င်းတို့သည် အင်းစိန် နှင့် သမိုင်းတို့ရှိ ကရင်များ၏ လက်နက်ကို သိမ်းယူရန် အတွက် တပ်ချထားခြင်း ဖြစ်သည်။ မင်္ဂလာဒုံဘက်တွင်၊ ဗမာ့တပ်မတော်အမြောက်တပ်၊ ဗိုလ်မှူးအောင်စိန်ဦးစီးသော ကရင်လက် နက်ကိုင်တပ်ခွဲ နှစ်ခွဲရှိသည်။ ထို့အပြင် ဗမာ့ တပ်မတော်အချက်ပြ ဆက်သွယ်ရေးဌာနမှ ကရင်တပ်သားများလည်းရှိသည်။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ မတိုင်မီ ရိက္ခာထုတ်ယူရန်အတွက် ကရင့် ရိုင်ဖယ် တပ်ရင်း(၂)မှ တပ်စုတစ်စုသည်၊ သမိုင်းရပ်ကွက်သို့ရောက်ရှိလာခဲ့သည်။

၁၉၄၉ ခုနှစ်၊ဇန်နဝါရီလ(၃၁) ရက်နေ့ နံနက်(၆)နာရီအချိန်တွင်၊ သမိုင်းလမ်းဆုံ မှ(ဖ ဆ ပ လ) တပ် သည်၊ သမိုင်း ခဝဲခြံကို စတင်တိုက်ခိုက်တော့သည်။ ထိုအချိန်မှ စတင်ပြီး အင်းစိန်တိုက်ပွဲဖြစ်လာသည်။ ထို့နောက်တိုက်ခိုက် လာသော ရန်သူ ကို ခဝဲ ခြံမှ **K.N.D.O.**တပ်များမှ ခုခံတိုက်ခိုက်ရာရန်သူများအထိနာပြီးပြန်လည်ဆုတ်ခွါသွားရသည်။ ရန်သူမှ သမိုင်း၊ အင်းစိန်ရပ်ကွက်များကို၊တိုက်ခိုက်လာသည် ဟု သတင်းရသောအခါ မင်္ဂလာဒုံ ရှိ ဗိုလ်မှူးအောင်စိန် ဦးစီးသောအမြောက်တပ်တစ်တပ်လုံးအင်းစိန်မြို့သို့ ရောက်ရှိလာပြီး **K.N.D.O.**တပ်များနှင့် ပူးပေါင်းတိုက်ပွဲဝင်သည်။ ထိုနေ့ ညတွင် ယင်းအမြောက်တပ် **K.N.D.O.**တပ်များနှင့်ပေါင်း၍ မင်္ဂလာဒုံရှိ လက်နက်တိုက်များကို သွားရောက်ဖေါက်ယူကြသည်။ လက်နက်နှင့် ခဲယမ်းမီးကျောက်အတော်များများရရှိသည်။ ၎င်းတပ်နှင့်အတူ မင်္ဂလာဒုံ အချက်ပြ ဆက်သွယ်ရေးတပ်မှ ကရင်တပ်မှူး ၊ တပ်သား

များလည်း အမြောက်တပ်နှင့် အတူပူး ပေါင်းပြီး အင်းစိန်သို့ ပြန်လာကြသည်။ ရန်သူမှ ခဝဲခြံသို့ လာရောက်၍တိုက် ခိုက်သဖြင့် ခဝဲခြံနှင့် သမိုင်းရှိအရပ်သူ အရပ် သား များသည် အင်းစိန် သို့ ပြောင်း ရွှေ့ လာကြသည်။ အင်းစိန်ကို မဝိုက်မှီ ရန်ကုန်တက္ကသိုလ်မှ ကျောင်း သူ ကျောင်းသားများသည် အင်းစိန်သို့ ပြောင်းရွှေ့လာကြသည်။ မင်္ဂလာဒုံကို တိုက်ခိုက် စီးနင်းပြီး သိမ်းယူ ရရှိသော လက်နက်များကို၊ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ၊ အင်းစိန်ရှိ ကျမ်းစာ ကျောင်းသားများ နှင့် အရပ်သူ အရပ် သားများကို တပ်ဆင်ပေးသည်။ ထိုအ ချိန်တွင် အင်းစိန် ကရင်လက်နက်ကိုင် အင်အား တစ်ထောင် နီးပါးမျှ ရှိလာ သည်။

အင်းစိန်သို့သမိုင်းမှ အရပ် သူ အရပ်သားများ ပြောင်းရွှေ့လာခြင်း နှင့် အင်းစိန်ရှိ ကရင်ရပ်ကွက်များတွင်လူဦး ရေများပြားလာခြင်းကြောင့် ရိက္ခာ အ ခက်အခဲနှင့်ကြုံတွေ့လာရသည်။ ရိက္ခာ ရနိုင်ရေးမှာ အင်းစိန်မြို့ကို သိမ်းယူနိုင်မှ ရနိုင်ပေမည်။ အင်းစိန်မြို့ တွင်လည်း ရန်သူ လက်နက်ကိုင် အင်အား နှစ် ထောင်ရှိသည်။ ၎င်းတို့သည် အင်းစိန်ရှိ ကရင်များကို တိုက်ခိုက်ရန် ဖြစ်သည်။ ရိက္ခာရရှိရန်အတွက်၊ အင်းစိန်ကိုတိုက် ခိုက်သိမ်းယူရန် စီစဉ် ရတော့သည်။ ဖေဖော်ဝါရီလ (၁)ရက်နေ့ ၊နံနက် (၅) နာရီ မှ စတင် တိုက်ခိုက်ရန် စီစဉ်ပြီး နောက်၊ အင်းစိန်ရှိ ခေါင်းဆောင်များ၊ တရားဟော ဆရာများ၊ လူကြီးများ သည်၊စုဝေး ဆုတောင်းပွဲ ပြုလုပ်သည်။ (၁)ရက်နေ့နံနက်(၅)နာရီတွင်အစီအစဉ် အရ အမြောက် တပ်သား များသည်၊ ဗိုလ်မှူး အောင်စိန်ဦးစီး၍ ရန်သူခါး လယ်ကို ဖြတ်ဝင်လာချိန် ရန်သူတပ် နောက်ကျောမှနေ၍ စတင်တိုက်ခိုက် သည်။

တချိန်တည်းတွင် အင်းစိန်ရှိ အခြားလက်နက်ကိုင်တပ်များက ရန်သူ အားထိပ်တိုက် အလစ်အငိုက်ဖြင့် ညှပ် ပူး ညှပ်ပိတ် အတိုက်ခံရသော ရန်သူ များမှာ ထွက်ပြေး သူပြေး၊ သေကျေ ဒါဏ်ရာရသူရ ဖြင့် ချေမှုန်းခြင်း ခံရ သည်။ အင်းစိန်ဈေးကြီး မှာလည်း မီး လောင်သွားသည်။ နံနက် (၈)နာရီချိန် တွင် ရန်သူများရှင်းသွားပြီး တိုက်ပွဲပြီး ဆုံးသွားသည်။ အင်းစိန်မြို့ ကိုလည်း သိမ်းယူ ရရှိလိုက်သည်။ အင်းစိန်မြို့ကို သိမ်းယူရရှိလိုက်သဖြင့် အင်းစိန်ကမ်း နားတွင်ရှိသော ဆန်စက် (၈) လုံးနှင့် ဆန်ဂိုဒေါင် (၁၀)လုံးကိုလည်း သိမ်းယူ နိုင်ခဲ့သည်။ ဆန်ဂိုဒေါင် (၁၀)လုံးတွင် ဆန်အိတ် (၅)သောင်းကျော်နှင့် ဘိုကိတ် ပဲများရှိသည်။ ယင်းဆန်ဂိုဒေါင်များ ရ ရှိ လိုက်သဖြင့် အင်းစိန်ရှိ လက်နက် ကိုင်များနှင့် အရပ်သူ အရပ်သား များ လည်း လအတော်များများ သုံးစွဲနိုင်ခဲ့ သည်။ ရိက္ခာများ များစွာရလိုက်သည်။ ရန်သူများကို ခုခံတိုက်ခိုက်ရန်အတွက်၊ အင်းစိန်မြို့ကို ကျွန်ုပ်တို့ရလိုက်သည်နှင့် တပြိုင်နက် ရန်ကုန်မြို့သည် ဝိုင်းထား ခြင်းခံရသော မြို့ဖြစ်လာသည်။

တချိန်က တွံတေးမြို့အားကျွန် တော်တို့ တပ်များက သိမ်းယူထား သည်။ ယခုလည်းအင်းစိန်မြို့ကိုသိမ်းယူ ရရှိ လိုက်သဖြင့် ရန်ကုန်မြို့နှင့် ဆက် သွယ်လျှက် ရှိသော ကုန်းလမ်း၊ ရေ လမ်းများ ပြတ်တောက် သွားသည်။ ဖ ဆ ပ လ အစိုးရမှာလည်း ပြင်ပနှင့် အဆက်အသွယ် ပြတ်တောက် သွားသ ဖြင့် (၇) မိုင်ပါတ်လည်အစိုးရဟူ၍ ခေါ် ဆိုခြင်း ခံလာရသည်။ ရန်သူများမှ အင်းစိန်ကို တိုက်ခိုက်လာသည်နှင့် တ ပါတ်လောက်အကြာတွင် သထုံဘက်မှ ဗိုလ်မောင်ညွန့် ဦးစီးသော လက်နက် ကိုင်တပ်သားနှစ်ရာခန့် ပူးပေါင်းထား သည့် ကရင်နှင့် မွန်လက်နက်ကိုင်တပ် များစစ်ကူအဖြစ် အင်းစိန်မြို့ သို့ရောက် ရှိ လာသည်။ အင်းစိန်မြို့တွင် ကရင် လက်နက်ကိုင်အင်အား တစ်ထောင့်ငါး ရာကျော်ခန့်ရှိလာသည်။

ကျွန်ုပ်တို့သည် အင်းစိန် စစ် မျက်နှာတွင် ၁၉၄၉ခု၊ဇန်နဝါရီလ (၃၁) ရက်နေ့မှ မေလ (၂၁)ရက်နေ့ အထိ ရက်ပေါင်း (၁၁၁)ရက်ကြာမျှ ခုခံတိုက် ခိုက်ခဲ့သည်။ ယင်းကာလများတွင် ရန် သူဘက်မှလည်း နယ်မှစစ်ကူများခေါ် ယူကာ အင်းစိန်မြို့ကို တိုက်ခိုက် သိမ်း ယူသည်။ တိုက်ပွဲကြီးငယ်များ နေ့စဉ် လိုပင် ဖြစ်ပွါးလျှက်ရှိသည်။ ရန်သူများ မှာ ချင်း သနက တပ်ရင်း(၁)၊ ဘားမား ရိုင်ဖယ် တပ်ရင်း (၅)အပြင် **U.M.P.** တပ်များ၊ လဝီးတပ်များ **(LEVY)**၊ ရန် ကုန် တက္ကသိုလ် အပျော်တမ်းတပ်များ စသည်တို့ဖြင့်၎င်း၊ တိုက်လေယဉ်များ၊ စစ်ရေယဉ်များ၊ သံချပ်ကာ ယန္တယား တပ်များ အမြောက် တပ်များတို့ ဖြင့် တိုက်ခိုက်သည်။ ကျွန်ုပ်တို့သည် အင်း စိန်တွင် ရက်ပေါင်း (၁၁၁) ရက်ကြာ ခုခံ တိုက်ခိုက်ပြီးနောက် ဆုတ်ခွါပေး လိုက်သည်။ အင်းစန်တိုက်ပွဲတွင် ရန် သူဘက်မှ သေဆုံးသူနှင့် ဒါဏ်ရာရသူ ပေါင်းငါးထောင်ကျော်ရှိသည်။ကျွန်ုပ်တို့ ဘက်မှ သေဆုံးသူ လက်နက်ကိုင်နှင့် အရပ်သား စုစုပေါင်း တရာ့ရှစ်ဆယ် ခန့် နှင့် ဒါဏ်ရာ ရသူပေါင်း ရှစ်ရာ ကျော်ရှိ သည်။

## အင်းစိန်တိုက်ပွဲမှကြုံတွေ့ ရသောအတွေ့ အကြုံများ

အင်းစိန်တိုက်ပွဲမှ ကြုံတွေ့ရ သောအတွေ့ အကြုံများမှာ အောက်ပါ အတိုင်းဖြစ်သည်။

အစပိုင်းတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထက်အဆမတန်အင်အားကြီးသော ရန်သူများကို တိုက်ခိုက်ရသည်။ ရန်သူ၏အင်အားမှာ ကျွန်ုပ်တို့၏လက်နက်ကိုင် အင်အားများကို ချေမှုန်း ပစ်နိုင်သည့် အင်အားဖြစ်ပေသည်။ ကျွန်ုပ်တို့၏ယုံကြည်မှုအရ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ရှိပေသည်။ အင်းစိန်တိုက်ပွဲသည်ရန်သူမှထိုးစစ်ဖြစ်ဖြစ်ပြီး ကျွန်ုပ်တို့မှခံစစ်ဖြစ်နေသည်။ ကျွန်ုပ်တို့မှာ အဝိုင်းခံထားရသည်။ ရန်သူအဖို့မှာ လွယ်ကူစွာဖြင့် စစ်ကူများရိက္ခာနှင့် ခဲယမ်းမီး ကျောက်များ၊ သယ်ယူပို့ဆောင်နိုင်သည်။ တိုက်ခိုက်လာသော ရန်သူများကို အကျအဆုံးများစွာဖြင့် ကျွန်ုပ်တို့မှ ခုခံ တိုက်ခိုက်နိုင်သည်။ တိုက်ပွဲတိုင်းတွင်ရန်သူဘက်မှ ကျည်ဆံ အမြောက်အ များသုံးစွဲပြီး တိုက်ခိုက်သည်။ကျွန်ုပ်တို့ ဘက်မှ ကျည်ဆံ အနည်းငယ်လောက်သာလျှင် အသုံးပြုနိုင်သည်။

တိုက်ပွဲများ မှာ အနီးကပ်တိုက်ပွဲ ဖြစ်သည်။ စစ်ရေးအရ ကြည့်ပါက ကျွန်ုပ်တို့ဘက်မှ ရန်သူကိုအထိနာစွာဖြင့် တိုက်နိုင်သည်။ အကယ်၍သာ ရန်သူမှ အင်းစိန်မြို့ကို ပြန်လည်တိုက်ခိုက်သိမ်းယူ သွားနိုင်ပါက အင်းစိန် မြို့ရှိ ကရင်များ၏ ကံကြမ္မာမှာမပြောပလောက်အောင် ဆိုးရွားပေမည်။ ဘုရားသခင်သည် တဖက်မှ ကျွန်ုပ်တို့ဘက်တွင်ရှိနေသဖြင့် ဆိုးရွားသော ကံကြမ္မာ မကျရောက်ခဲ့ပေ။ အင်းစိန်ကို စတိုက်ပြီးနောက် ကရင်အမြောက်တပ်သားများသည်၊ စစ်ကူအဖြစ် ရရှိလာသည်။ အကယ်၍သာ ယင်းတပ်များ အချိန်မှီ ရောက်မလာပါက ကရင်များ၏ အခြေအနေသည် အဆိုးဘက်သို့ တမျိုး တမည် ပြောင်းလဲ သွားမည်ဖြစ်သည်။

ရန်သူများတိုက်ခိုက်မှုကြောင့် သမိုင်း ကြို့ကုန်း ဘက်မှအရပ်သူ၊အရပ်သား အားလုံးသည်၊ အင်းစိန် ဘက်သို့ ပြောင်း ရွှေ့လာသည်။ ကြီးမားသော ရိက္ခာ အခက်အခဲနှင့် ကြုံတွေ့ရပြီး အခြေအနေ တစ်မျိုး ပြောင်းလဲသွားနိုင်သည်။ ရန်သူများ၏ ထင်သလိုပြုကျင့်ခြင်းခံရပေမည်။ အင်းစိန်မြို့ကို သိမ်းယူရရှိပြီး ရိက္ခာများ လုံလောက်စွာ ရရှိလာသဖြင့် ရက်ပေါင်း (၁၁၁)ရက်ကြာမျှ ရန်သူများကို ခုခံတိုက်ခိုက် နိုင်ပြီး ဆိုး ရွားသော အခံခြေအနေများ မကျရောက်ခဲ့ပေ။ ကြာရှည် တိုက်လာရသဖြင့် ခဲယမ်းမီးကျောက်များ ကုန်လုလု အခြေ အနေမျိုး ရောက်ခဲ့ရသည်။

သို့ရာတွင် ဘုရား သခင်၏ ထောက်မ မှုကြောင့် အင်းစိန်မြို့တွင်းတွင် ရှာဖွေတူးဖော်ရာ နှစ်လ နီးပါးမျှ ပြန်လည် တိုက်ခိုက်နိုင်သည့် ကျည်ဆံများ တူးဖော်ရရှိခဲ့သည်။ ယင်း ကျည်ဆံများကို အင်းစိန်ရှိကုလားတစ်ဦး၏ သတင်း ပေးမှုကြောင့် ရရှိခြင်းဖြစ်သည်။ ယင်းကျည်ဆံများရရှိပြီး အင်းစိန်တိုက်ပွဲ ဖြစ်ချိန်တွင် အင်းစိန်မြို့ကိုသိမ်းယူရရှိလိုက်သဖြင့် အင်းစိန်မြို့တွင်၊ ကရင်ဆရာဝန်များ၊ ကရင် ဆေးကျောင်းသားများရှိနေရုံမျှမက အင်းစိန်မြို့ရှိ ဆေးရုံနှင့်တကွ လက်နက်ကရိယာများ၊ဆေးဝါးများ အလုံအလောက် ရရှိခဲ့သည်။

ကျွန်ုပ်တို့သည် လက်နက်များ ရရှိလိုက်သဖြင့် ကာကွယ်ရေး လက်နက် ကိုင်တပ်များ စံနစ်တကျဖွဲ့စည်းပေးနိုင်ခဲ့သည်။ သေနပ်ကိုင်တပ်၊ ဆေးတပ်ဖွဲ့ အချက်ပြဆက်သွယ်ရေးတပ်ဖွဲ့၊ ထောက်လှမ်းရေးတပ်ဖွဲ့၊ ရိက္ခာ တပ်ဖွဲ့၊ သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့ စသည်ဖြင့် စံနစ်တကျ အစီအစဉ်များ ပြုလုပ်ပေးနိုင်ခဲ့သည်။ အင်းစိန်တိုက်ပွဲ ဦးစီးသူအဖြစ် ဗိုလ်မှူး အောင်စိန်ကို တာဝန်ပေးထားရာမှ ပြဿနာများဖြစ်ပေါ်လာ၍ ဗိုလ်မှူး အောင်စိန်၏ နေရာတွင် ကျွန်ုပ်မှယူပြီး တိုက်ပွဲကို ဆက်လက်ဆင်နွဲသည်။ ရက်ပေါင်း (၁၁၁) ရက်ကာလအတွင်း အကြပ်အတည်း များစွာကိုလည်း တွေ့ခဲ့ရသည်။ တိုက်ပွဲမှာ တိုက်ပွဲရှည်ဖြစ်ပြီး ရက်ကြာလာသည်နှင့်အမျှ လက်နက်ကိုင် များသည် စိတ်ဓါတ်ကျလာကာ အချို့မှာ မိမိတပ်စွဲသည့်နေရာကိုစွန့်၍ အင်းစိန်မှထွက်ခွါရန် ပြုလုပ်လာသည်။

၎င်းတို့ စိတ်ဓါတ်မြှင့်တင်ရေးနှင့် တာဝန်ပြန်လည်ယူကြရန်အတွက် ကျွန်တော်၊ စောဘဦး ကြီး၊ ဗိုလ်မှူး မောင်ကလေး တို့မှ ၎င်းတို့နှင့်တွေ့ဆုံဆွေးနွေးပြီး ထိန်းသိမ်း ပေး ခဲ့ ရပေသည်။ အရပ်သူ၊ အရပ်သားများအတွင်းတွင်လည်း စည်းကမ်း ဖေါက်ဖျက်မှု၊ အကျင့်ပျက်ပြားမှုနှင့် အချင်းချင်းမသင့်မြတ်မှုများ ရှိနေသဖြင့် ၎င်းပြဿနာများကိုလည်း ဖြေရှင်းပေးရပြန်သည်။ ရှေ့တန်းရဲဘော်နှင့် နောက်တန်းရဲဘော်များဟု ရှိနေရာတွင် ၎င်းတို့ အကြားတွင်လည်း စိတ်ဝမ်းကွဲမှုများရှိနေသဖြင့် ယင်းပြဿနာများကို ဖြေရှင်းပေးရပြန်သည်။ အင်းစိန်တိုက်ပွဲသည် ကျွန်ုပ်တို့အ ဖို့ ကြီးမားသော အတွေ့ အကြုံများကို ရရှိစေသည်။ တော်လှန် ရေးဒါဏ်ကို ခံနိုင်ရည်ရှိလာသည်။ ပြဿ နာများ မည်သို့ ဖြေရှင်းပေးရမည်ကို အတွေ့အကြုံ လာသည်။ ရက်ပေါင်း (၁၁၁) ကြာမျှ တပ်နှင့် လူထု များကို ထိန်းသိမ်းပေးနိုင်သည့် အရည်အချင်းများလည်းရရှိလာသည်။ အင်းစိန်တိုက်ပွဲမှ အခက် အခဲပေါင်း များစွာသည် တော်လှန်ရေးကို ဆက်လက်ရှေ့ဆောင်ပေးရန် အရည်အချင်းနှင့် အတွေ့ အကြုံများ များစွာ ရရှိလာစေသည်။

( အထက်ပါအချက်များသည် ဥက္ကဋ္ဌ

# အပိုင်း(၃)

## ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့်ဘာသာရေး

ဥက္ကဋ္ဌကြီး မန်းဘဇန် သည်၊ ခရစ်ယာန် မိဘနှစ်ပါးမှ သန့်စင်ဖွါးမြင် လာသော ခရစ်ယန် တစ်ယောက် ဖြစ်ပေရာ၊ ခရစ်တော်ကို အသက်ဝင်ယုံကြည် ကိုးကွယ်သူ ဖြစ်သည်။ ၎င်း၏ အသက်တာ တလျှောက်လုံး၊ ထာဝရ ဘုရားသခင်ကို ဦးထိပ်ပန်ဆင်ပြီး၊ အလုပ်၏လမ်းညွှန်အဖြစ် ရှေ့ဆောင်လမ်း ပြအဖြစ်ခံယူသည်။ ၎င်းအသက်တာနှင့်တော်လှန်ရေးလမ်းကြောင်းတလျှောက် သခင် ခရစ်တော်၏ တရားတော်မြွက်အတိုင်းလိုက်လျှောက်ခဲ့သည်။

ရန်သူစစ်သုံ့ပန်းတွေအပေါ်ထားရှိရမည့် သုံ့ပန်းပေါ်လစီကို၊ သခင် ခရစ်တော်၏ရန်သူ့အပေါ်အမြင်များဖြစ်သည့်၊ ရှင်မသဲခရစ်ဝင် အခန်းကြီး(၅) အခန်းငယ် (၄၃း၄၅)မှာ---

- ☐ (သင်တို့၏ ရန်သူကို ချစ်ကြ လော့)
- ☐ (သင်တို့ကို ကြိမ်ဆဲသော သူတို့ကို မေတ္တာပို့လော့)
- ☐ (သင်တို့အားမုန်းသူတို့ကို ကျေးဇူးပြုကြလော့) ဟူ၍ ဖော်ပြဖွင့် ဆိုခဲ့ပြီး၊

တော်လှန်ရေးဆိုတာ မိမိအတွက်ရယူခြင်းမဟုတ်၊ အမျိုးသား ပြည်သူများအတွက်ပေးဆပ်ခြင်းဖြစ်တယ်ဆိုသည့်၊ ဥက္ကဋ္ဌကြီးမန်းဘဇန်၏ ဒဿနသည် ခရစ်တော်၏ တမန်တော်မြွက်ဖြစ်သည့် ရှင်လုကာခရစ်ဝင် အခန်းကြီး(၁၄)အခန်းငယ် (၁၃)မှ ဆင်းသက်လာပါသည်။

သင်သည် အောင်ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသော သူများကို ဖိတ်ခေါ်လော့ဟု ဖော်ပြထားသည်။ ကျွန်တော်တို့ ကရင်အမျိုးသားများသည် လူလူခြင်းဖိနှိပ်သည့်၊လူမျိုးချင်းကျွန်ပြုမှုမဟာလူမျိုးကြီးဝါဒီများ၏ ကျွန်ပြုနှိပ်စက်သွေးစုတ်မှုကြောင့် ဆင်းရဲမွဲပြာကျ နေကြသည်။ သူတို့၏ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရာတွင် ကိုယ်ကျိုးကိုမကြည့်ရန် ကျွန်တော်တို့ကို ဆုံးမသြဝါဒ ပေးခဲ့သည်။

ခရစ်တော်၏လူသားဝါဒဆိုင်ရာ သဘောတရားများကို ပေးခဲ့သည်။ ကျွန်တော်တို့ညီအကိုမောင်နှမတွေကို ဘာသာရေးဆိုင်ရာဓမ္မအမွေအဖြစ် ဆာလံကျမ်း (၂၃-၂၇)နှင့် (၉၁)တို့ကို နှုတ်ငုံအာဂုဏ်ဆောင် ထားရန်ပေးခဲ့သည်။ ဤကျမ်းချက်များလက်ကိုင်ခဲ့သဖြင့် တိုက်ပွဲတိုင်းဘေးမသီရန် မခဘဲအောင်ပွဲအလီလီ ရခဲ့ပါသည်။ ဘာသာတရားနဲ့ ပါတ်သက်၍ ကျွန်တော့အဘိုးမန်းစိန်ပွင့်ကလည်း သူ့မသေခင်အဖေ့ကို စာတစ်စောင်ရေးပေးခဲ့သည်။ ထိုစာထဲတွင်-

<u>ငါ့သားအခု မင်းတို့လုပ်နေတဲ့ တော်လှန်ရေးလုပ်ဟာမှန်တယ်။ ဒါအောင်ရမယ်။ မင်းတခုနားလည်ရမှာကမင်း အလုပ်လုပ်တဲ့အခါမှာ ဘုရားသခင်ကို မမေ့နဲ့၊ ဘုရားသခင်ကို ဦးထိပ်ထားပြီးတော့ မင်းလုပ်သွားမယ်ဆိုရင်အောင်မြင်မယ်</u> ဆိုသည့် စာတစ်စောင်ရေး ပေးခဲ့သည်။ တဆက်တည်းတွင် ဒုတိယလမ်းစဉ်ချတော့ မာက္ခ(စ်)ဝါဒရေ သောက်မြစ်သုံးသွယ်ကို လေ့လာသည်။ ထိုရေသောင်မြစ်သုံးသွယ်တွင် အနုပတိလောမရှစ်ဝါဒ၊ ရာဇဝင်ရေးရုပ်ဝါဒနှင့် အဘိဓမ္မာရေးရုပ်ဝါဒ ဟူ၍ရှိသည်။ ထိုအထဲတွင် အဘိဓမ္မာရေးရုပ်ဝါဒကို လက်မခံခဲ့ပေ။ ဆိုလိုသည်မှာ၎င်း ကိုယ်တိုင် အသံသွင်းခဲ့သည့်တိတ်ခွေထဲ၌ ဘာသာရေးနှင့် ပါတ်သက်၍ (ဘုရားမရှိဘူးဖန်ဆင်းတာမရှိဘူးဆိုတာ ကျွန်တော်လက်မခံဘူး၊ ကျွန်တော်ကိုယ်တိုင် ဘုရားယုံကြည်တယ် )ဟု ပြောကြားခဲ့သည်။ အကယ်၍ ဥက္ကဋ္ဌကြီး မန်းဘဇန်သည် ဘုရားတရားမရှိ ဘုရား မယုံကြည်ဘဲ မက္ခ(စ်)ဝါဒ၏ အဘိဓမ္မာရေး ရုပ်ဝါဒကိုသာလက်ခံခဲ့လျှင် တော်လှန်သည့် ကရင် မျိုးချစ်တယောက်အနေနှင့် **(K. N.U)** အစည်းအရုံးတွင် ဝင်ရောက်လုပ်ကိုင်ခြင်းမရှိဘဲ အဘိဓမ္မာရေး ရုပ်ဝါဒကို လက်ခံသော အလုပ်သမားပါတီဝင်ကွန်မြူနစ်တယောက် ဖြစ်နေမည် ဖြစ် သည်။

၎င်းချမှတ်ခဲ့သည့်ဒုတိယလမ်းစဉ်၏ လုပ်ငန်းများတွင် ဘာသာရေးနှင့် ပါတ်သက်၍၊ လူတိုင်း၊ လူမျိုးတိုင်း ၊ မိမိကြိုက်နှစ်သက်သောဘာသာကို၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်လုပ်ဆောင်ခွင့်ရှိသည်ဟုဖော်ပြသည်။ သို့သော် မိမိတို့ကို တခုပြောခဲ့သည်။ **(Demomination)**အသင်းအကွဲတွေများလာသဖြင့် ဘာသာတွေ အမျိုးမျိုးကွဲနေသည်။ ရန်သူမှ ဘာသာရေးကို ခုတုံးလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်နိုင်သည်။ ထို့ကြောင့် သတိထားရန် ပညာပေး ရှေ့ ဆောင်ခဲ့သည်။

ကျွန်တော်နှင့် နောက်ဆုံးမခွဲခွါမီ ကျနော်ရှေ့တန်းသွားခါနီး ကျွန်တော်ဦးသုံးကြိမ်ဦး ချကန်တော့ချိန်တွင် ကျွန်တော့ဦးခေါင်းကိုကိုင်၍ ဆုတောင်းပေးပါသည်။ကျွန်တော့ကို ဘုရားသခင်ဆောင်မပါစေ၊ ဘေးဥပါတ်အန္တရာယ်ကင်းဝေးပါစေ၊ လုပ်ငန်းများ အောင်မြင်စေရန် စုတောင်းပေးပါသည်။ ဥက္ကဋ္ဌ ကြီးမန်းဘဇန်သည် ဘုရားတရားကိုယုံကြည်သော တော်လှန်သည့် ကရင်မျိုးချစ်တဦးဖြစ်ကြောင်း တသက်လုံးခံယူ သွားမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌကြီးမန်းဘဇန်**
**သခင်ခရစ်တော်၏ခြေတော်ရင်းတွင်**
**ထာဝရ ငြိမ်းချမ်းစွာ အနားယူနိုင် ပါ**
**စေဟု ဆန္ဒပြုအပ်ပါသည်။**

## အပိုင်း(၄)

## ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့် တစ်ပေါင်းစု

တော်လှန်ရေး တစ်ရပ်အောင်ပွဲခံဖို့၊ ပါတီ၊ တပ်မတော်၊ တပ်ပေါင်းစုဆိုတဲ့ (အမြှုတေ) သုံးလုံးရှိရမယ်။ ဒါမှအောင်ပွဲခံမယ်ဆိုတဲ့ သဘောတရား။ ရန်သူရဲ့ ရန်သူဟာမိတ်ဆွေဖြစ်တယ်။*(The enemy of my enemy is my friend)* ဆိုသည့်သဘောတရားတွေကို ဥက္ကဋ္ဌကြီး မန်းဘဇန်သက်ရှိထင်ရှားစဉ် နိုင်ငံရေးသင်တန်းတွေမှာပဲဖြစ်ဖြစ်၊ ရဲဘော်တွေနဲ့ဆွေးနွေးပွဲမှာ ပဲဖြစ်ဖြစ်ချမှတ်ပို့ ချခဲ့ပါတယ်။ ဤသဘောတရားခံယူမှု အခြေခံအပေါ်မှာ ၁၉၄၇ခုနှစ် ဧပြီလ ၂၃-၂၄ ရက် (K.N.U) ညီလာခံဆုံးဖြတ်ချက်အရ၊ (K.N.U)အရေးပေါ်ညီလာခံတွင်တိုင်းရင်းသားလူမျိုးစုများကို၊စည်းရုံးရမည်ဟုဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ဆောင်ရွက်ရာတွင် ကချင်၊ ကရင်နီ၊ ပအိုဝ်၊ မွန်၊ သျှမ်းတို့ကိုစည်းရုံးခဲ့သည်။ ကချင်လူမျိုးစုများအနေဖြင့် အစိုးရအမှုထမ်းများဖြစ်သော ကချင် ရိုင်ဖယ်တပ်မှူးများကို စည်းရုံးခဲ့သည်။ ကချင် ရိုင်ဖယ် အမှတ် (၁)တပ်မှူး ဗိုလ်မှူးကြီးနော်လားမှာ ကရင့်အမျိုးသားလှုပ်ရှားမှုကို တက်ကြွစွာထောက်ခံအားပေးသော ဗိုလ်မှူးဖြစ်သည်။

ကချင်ခေါင်းဆောင်များ ထဲမှဒူးဝါးဇော်လွန်းဆိုသည့် ပုဂ္ဂိုလ်ကိုလည်းစည်းရုံးနိုင်ခဲ့သည်။ဗိုလ်ကြီးနော်လားမှာ ကရင်အမျိုးသားလှုပ်ရှားမှုကို ထောက်ခံအားပေးသဖြင့် ၎င်းတပ်မှ ရွှေပြောင်းခြင်းခံခဲ့ ရသည်။ ပအိုဝ်းအမျိုးသားများနှင့် ပါတ်သက်၍ ပအိုဝ်းဦးလှဖေ၏ ဦးဆောင်မှုဖြင့် ပအိုဝ်းတစ်မျိုးသားလုံးကို စည်းရုံးနိုင်ခဲ့သည်။ မွန်တမျိုးသားလုံးကိုလည်း မွန်အမျိုးသားခေါင်းဆောင်များဖြစ်သောနိုင်လှမောင်၊နိုင်ဘလွင်(နိုင်ရွှေကျင်)တို့၏ဦး ဆောင်မှုဖြင့်စည်းရုံးနိုင်ခဲ့သည်။ ကရင်နီ တစ်မျိုးသားလုံးကိုလည်းကရင်နီခေါင်းဆောင် စော်ဘွားစောရွှေ၏ ဦးစီးမှုဖြင့် စည်းရုံးနိုင်ခဲ့သည်၊ သျှမ်း အမျိုးသား များအတွက်စည်းရုံးရန်တောင်ကြီးမြို့၏ အရေးပိုင် စောကျော်အံ့ကိုလည်းစည်းရုံးနိုင်ခဲ့သည်။၎င်းတို့ကိုစည်းရုံးပြီး လူမျိုးစုတစ်ဦးအဖြစ် ဖွဲ့စည်းလုဆဲဆဲတွင်၊ ကရင်တော်လှန်ရေးဖြစ် ပေါ်လာသည့်အတွက် ယင်းတစ်ဦးကို ဖွဲ့စည်းခြင်းမပြုနိုင်ခဲ့ပေ။

သို့ရာတွင် ကရင့်တော်လှန်ရေးဖြစ်ပေါ်လာသည်နှင့် တကြိမ်တည်းတွင် ကရင်နီ၊ ပအိုဝ့်၊ မွန် အမျိုးသားများသည် ကရင်အမျိုးသားများကဲ့သို့ပင်မိမိတို့အမျိုးသားလွတ်မြောက်ရေးအတွက်လက်နက်စွဲကိုင် တော်လှန်လာကြသည်။ ကချင်အမျိုးသားထဲမှ ကချင်တပ်ရင်း (၂) ဗိုလ်ကြီး နော်ဆိုင်းဦးစီးသော ကချင် လက်နက်ကိုင်တပ်များက တောခိုကြပြီး ကရင့်တော်လှန်ရေးနှင့် ပူးပေါင်းကာ တော်လှန်လာကြသည်။ သျှမ်းပြည်တွင်လည်း၊ စောကျော်အံ့၏ အကူအညီဖြင့် ကရင့်လက်နက်ကိုင်တော်လှန်ရေးသမားများက သျှမ်းပြည်၏မြို့တော် ဖြစ်သော တောင်ကြီးမြို့ကို တိုက်ခိုက် သိမ်းယူနိုင်ခဲ့သည်။ ကရင့်တော်လှန်ရေး ဖြစ်ပေါ်လာသောအခါ (ဖ၊ဆ၊ပ၊လ) အစိုးရနှင့် လက်တွဲ၍ တာဝန် ထမ်းဆောင်နေကြသော သျှမ်း ခေါင်းဆောင် စော်ဘွားများ ကချင်ခေါင်းဆောင် ဒူးဝါးများကလည်း ကရင့်တော်လှန်ရေးကိုမဆန့်ကျင်ကြဘဲ စာနာထောက်ထား ကြသည်။ တဆက်တည်း အင်းစိန်တိုက် ပွဲကနေဆုတ်လာစဉ် ပြည်မြို့၌ ရှိသော ဗ က ပ ၊ အလံနီနှင့် ပြည်သူ့ရဲဘော် သုံးပါတီ၊ ပြည်သူ့ဒီမိုကရေစီတစ်ပေါင်းစုဌာနချုပ်ကို(K.N.U) ကိုယ်စား လှယ် ဗိုလ်မှူးမောင်လေးကိုစေလွှတ်ပြီး တစ်ပေါင်းစုဖွဲ့ရန် ကမ်းလှမ်းသည်။ ကမ်းလှမ်းချက်ကို လက်မခံဘဲ စောဘဦးကြီးသည် နယ်ချဲ့လက်ကိုင်ဒုတ်၊ (K.N.U)သည် နယ်ချဲ့ နောက်လိုက်ခွေး၊ (lackey)ဟုစွတ်စွဲကာ ၎င်းကမ်းလှမ်းမှုပျက်သွားပြီး တစ်ပေါင်းစုဖွဲ့ စည်းရေး မအောင်မြင်ခဲ့ပေ။ သို့သော် စိတ်ရှည်စွာဖြင့် ဘုံရန်သူကို ဆန့်ကျင်တိုက်ခိုက်နိုင်ရန် တစ်ပေါင်းစုလို အစ်သည်ဆိုသည့် သဘောတရားကို လက်ကိုင်ထားပြီး၊ ဥက္ကဋ္ဌကြီး မန်းဘဇန် သက်ရှိထင်ရှားရှိစဉ် ၎င်းကိုယ်တိုင်ဦးစီးရှေ့ဆောင်ပါဝင်ခဲ့သောတစ်ပေါင်းစုများကို ဖော်ပြလိုက်သည်။

### (၁) ဇင် ဇန် သဘောတူညီချက်။

၁၉၅၂ ခုနှစ် ၊ မေလ၊ မြစ်ဝကျွန်းပေါ်တိုင်း၊ ပုသိမ်ခရိုင်၊ သာပေါင်း မြို့နယ်၊ အနန်းကုန်းရွာတွင် လက်မှတ်ရေးထိုးသည်။

**(K.N.U)**ကရင်အမျိုးသား အစည်းအရုံးဘက်မှ၊

(၁)မန်းဘဇန်၊

(၂)စောမောင်တိုး၊

(၃)စောသန်း၊

(၄)ဗိုလ်မှူးချစ်တင်၊**(K.P.L.A.)**

တပ်ရင်း(၂)တပ်ရင်းမှူး။ (ကျဆုံး)

(ဗ၊က၊ပ)ဗမာပြည်ကွန်မြူနစ်ပါတီဘက်မှ၊

(၁)သခင်ဇင်၊

(၂)ဗိုလ်ရဲထွဋ်၊

(၃)ရဲဘော်တင်ထွဋ်၊

(၄)ရဲဘော်စိုးသန်း၊

### သဘောတူညီချက်များ

၁။တဘက်နှင့်တဘက်အပစ်အခတ်ရပ်စဲရေး။

၂။ဘုံရန်သူကိုပူးပေါင်းတိုက်ခိုက်ရေး။

၃။နိုင်ငံရေး၊ စစ်ရေး၊ ပူးတွဲ ဖွဲ့စည်း ရေး

တို့ ဖြစ်သည်။

## (၂) (ဒ လ ည တ) ဒီမိုကရက်တစ် လူမျိုးစုများ ညီညွတ်ရေးတပ်ဦး။

## {D.N.U.F} Democratic Nationalities United Front.

၁၉၅၆ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် ဖာပွန်မြို့နယ် (K.N.U) ဗဟိုစခန်း၌၊ ဒီမိုကရက်တစ် လူမျိုးစုများ ညီညွတ်ရေးတပ်ဦး (ဒ လ ည တ) ကို ဖွဲ့စည်းခဲ့သည်။ ပါဝင်သော အဖွဲ့အစည်းနှင့် ခေါင်းဆောင်များမှာ

(၁)စောဟန်တာသာမွေး (ကေ အဲန် ယူ )၊
(၂)မန်းဘဇန် (ကေ အဲန် ယူ )၊
(၃)ကော်ကစာထောပလို (ကေ အဲန် ဗီ ဗီ )၊
(၄)ဒေါ်သိန်းမြ (ကေ အဲန် ဗီ ဗီ)၊
(၅)ဗိုလ်ခင် ( ဗီ အဲန် အို )၊
(၆)နိုင်ထွန်းအောင် (မွန်ပြည်သူ့တပ်ဦး)၊
(၇)နိုင်ရွှေကျင် (မွန်ပြည်သူ့တပ်ဦး)၊

### ရည်ရွယ်ချက်

(၁) လက်နက်ကိုင်အင်အားစုများ၊စုပေါင်း၍ တပ်ပေါင်းစုဖွဲ့ရန်။
(၂) လူမျိုးစုံအခွင့်အရေး အပြည့်အဝ ရရှိရန်။
(၃) ကျယ်ပြန့်သော ဒီမိုကရေစီတပ်ပေါင်းစုကြီးဖွဲ့စည်းရန်။

## (၃) (ဓ ဒ ည တ) အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု။

## {N.D.U.F}National Democratic United Front.

၁၉၅၉ခုနှစ်၊ မေလတွင် ဖာပွန်မြို့နယ် (မဲဝိုင်)၌ အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစုကို စတင်ဖွဲ့စည်းသည်။ မွန်ပြည်သစ်ပါတီ၊ ကေအဲန်ယူပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ဖြင့် စတင်ဖွဲ့စည်းသည်။ မကြာမီကရင်နီအမျိုးသားလွတ်မြောက်ရေး ပါတီနှင့်ချင်းဦးစီးအဖွဲ့တို့ ပါဝင်အားဖြည့် ဖွဲ့စည်းလာသည်။

**ကေ အဲန် ယူ ပါတီဘက်မှ–**
(၁) မန်းဘဇန်၊
(၂) ဗိုလ်ချုပ်ကော်ထူး၊ (စောကျော်မြသန်း)

**မွန်ပြည်သစ်ပါတီဘက်မှ–**
(၁)နိုင်ရွှေကျင်၊

**ဗမာပြည်ကွန်မြူနစ်ပါတီဘက်မှ–**
(၁) သခင်ဇင်၊
(၂) သခင်တင်ထွန်း၊
(၃) ဗိုလ်ရဲထင်၊

**ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ**
(၁) ဦးဖိုးကျော်၊ ချင်းဦးစီးအဖွဲ့မှ–
(၁) ဆလိုင်းစံအောင်၊

တစ်ပေါင်းစု ဖွဲ့စည်းနိုင်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုံ ညီအကိုတော်များအကြား နားလည်မှုတစုံတရာရရှိကြပြီး မဟာလူမျိုးကြီးဝါဒ နှင့်ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ အစွဲများကို တိုက်ချက်နိုင်ခဲ့ကြသည်။

## (၄) (ညလတ) ညီညွတ်သောလူမျိုးစုများ တပ်ဦး။

## {U.N.F}United Nationality Front.

၁၉၆၅ ခုနှစ်၊ဩဂုတ်လတွင် တဗီထာစခန်း၌ ညီညွတ်သောလူမျိုးစုများတပ်ဦးကို ဖွဲ့စည်းနိုင်ခဲ့သည်။
(၁) မန်းဘဇန် (ကေ အဲန် ယူ )၊
(၂) စောမော်ရယ် (ကေ အဲန် ဗီ ဗီ)၊
(၃) ဗိုလ်မှူးဆော့တင် (ရှမ်းပြည်စစ်ကောင်စီ)
(Shan State War Council)(S.S.W.C)
(၄) ဦးရွှေအေး (ကေ အဲန် အဲယ် ဗီ )၊
(Kyan New Land Party)
(၅)စန်ခန်ထမ်း၊ (ဇိုမီ ချင်း အမျိုးသားတပ်ဦး)၊

## (၅)လူမျိုးစုများညီညွတ်ရေးတပ်ဦး (လ ည တ)။

## (N.U.F) Nationality United Front.

၁၉၆၇ ခုနှစ်က ကရင်နီ ဗဟိုဂေဂေါ်ပယ်လ်ရွာတွင် လူမျိုးစုများ ညီညွတ်ရေးတပ်ဦး (လ ည တ )ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၎င်းတပ်ဦးတွင်–
(၁)မန်းဘဇန်၊ (ကေ အဲန် ယူ-ပါတီ)၊
(၂)ဗိုလ်ချုပ်ကော်ထူး၊ (ကေ အဲန် ယူ-ပါတီ)၊
(၃)စောမော်ရယ်၊ ( ကေ အဲန် ဗီ ဗီ )၊
(၄)နိုင်ရွှေကျင်၊ (မွန်-ပြည်သစ် ပါတီ)၊
(၅)နိုင်ဆံမိတ်၊ (မွန်-ပြည်သစ် ပါတီ)၊
(၆)ဂျင်ဗီ (ဇိုမီ-ချင်း-အမျိုးသားတပ်ဦး)၊
(၇)ဦးရွှေအေး၊ ( ကေ အဲန် အဲယ် ဗီ )၊

## (၆) (တ ည လ ) တိုင်းရင်းသား လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် လွတ်မြောက်ရေး တပ်ပေါင်းစု။

## (U.N.L.F) Nationaly United liberation Front.

၁၉၇၀ခုနှစ်၊ မေလ၊ ထိုင်းနိုင်ငံ (ဘန်ကောက်မြို့)တနေရာ၌၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ညီညွတ်ရေးနှင့် လွတ်မြောက်ရေး တပ်ပေါင်းစု (တညလ) ကို ဖွဲ့စည်းခဲ့သည်။
အဆိုပါတပ်ပေါင်းစုတွင်
(၁)ဦးနု (နာယက )၊ ပါလီမန်ဒီမိုကရေစီပါတီ၊
(၂)မန်းဘဇန် (ဥ က္က ဋ္ဌ )၊ ကေ အဲန် ယူ ၊
(၃)နိုင်ရွှေကျင် (အတွင်းရေးမှူး)၊ မွန်ပြည်သစ် ပါတီ၊
(၄)ဦးဇာလီမော် (တွဲဘက်–အတွင်းရေးမှူး)၊ ဇီ ဒီ ဇီ၊
(၅)ဦးမန်းတလင်း

(တွဲဘက်–အတွင်းရေးမှူး)
ချင်း ဒီမိုကရေစီ ပါတီ၊

(၆)ဂျင်မီယန်း
(တွဲဘက်–အတွင်းရေးမှူး)၊
သျှမ်းမျိုးချစ် ပါတီ၊

(၇)(တ လ မ ဖ) တော်လှန်သော လူမျိုး ပေါင်းစုံ လွတ်မြောက်ရေး မဟာမိတ်အဖွဲ့။

၁၉၇၂ ခုနှစ်တွင် တော်လှန်သော လူမျိုးပေါင်းစုံ လွတ်မြောက် ရေး မဟာမိတ်အဖွဲ့ (တလမဖ)ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၎င်းမဟာမိတ်အဖွဲ့တွင်–

(၁)မန်းဘဇန် (ကေ အဲန် ယူ )၊
(၂)စောမော်ရယ် (ကေ အဲန် ပီ ပီ)၊
(၃)ခွန်ကြာနု
(ရှမ်းပြည်တိုးတက်ရေး ပါတီ)၊
(၄)ဦးရွှေအေး (ကေ အဲန် အဲယ် ပီ)၊

(၈)(ပ မ ဒ တ) ပြည်နယ်ပေါင်းစု ပြည်ထောင်စု အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု။

(F.N.D.F) Federal National Democratic Front.

၁၉၇၅ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ကေ အဲန် ယူ– ဗဟို ဌာနချုပ် မာနယ်ပလောတွင် (ပမဒတ) ပြည်နယ်ပေါင်းစု ပြည်ထောင်စု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့သည်။

၎င်းတပ်ပေါင်းစုတွင်–

၁။ခိုင်ဘကျော်
(ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ)၊
၂။ခိုင်ရဲခိုင်
(ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ)၊
၃။ခိုင်စိုးနိုင်အောင်
(ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ)၊
၄။ခိုင်မိုးမင်း
(ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ)၊
၅။ဥက္ကဋ္ဌကြီး စောမော်ရယ်
(ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)၊
၆။ဗိုလ်မှူးကြီး ခဖိုး
(ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)၊
၇။ဗိုလ်မှူးကြီး ပလျားရယ်၊
(ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)၊
၈။ရဲဘော် ဝင်းနိုင်
(ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)၊
၉။ဥက္ကဋ္ဌကြီးမန်းဘဇန်(ကေ အဲန် ယူ )
၁၀။ဗိုလ်ချုပ် မြ (ကေ အဲန် ယူ )၊
၁၁။ပဒို သာပြည့် (ကေ အဲန် ယူ )၊
၁၂။ပဒို ဘောယူဖော (ကေ အဲန် ယူ )၊
၁၃။ပဒို ဂေဒွဲဘွား (ကေ အဲန် ယူ )၊
၁၄။ပဒို ဖူးလယ်ဝါး (ကေ အဲန် ယူ )၊
၁၅။ဗိုလ်မှူးကြီးလှထူး (ကေ အဲန် ယူ )၊
၁၆။နိုင်နွန်လာ (မွန် ပြည်သစ် ပါတီ)၊
၁၇။နိုင်ဆွေယာဉ် (မွန် ပြည်သစ်ပါတီ)၊
၁၈။နိုင်တက်ထွန်း (မွန် ပြည်သစ်ပါတီ)၊
၁၉။နိုင်တလမွန် (မွန် ပြည်သစ် ပါတီ)၊
၂၀။ဗိုလ်မှူးကြီး ခွန်လုံဖ
(သျှမ်းပြည် တိုးတက်ရေး ပါတီ)၊
၂၁။ဗိုလ်မှူးကြီး ဆိုင်တန်
(သျှမ်းပြည် တိုးတက်ရေး ပါတီ)၊
၂၂။ခွန်ဇွမ်း
(သျှမ်းပြည် တိုးတက်ရေး ပါတီ)၊

အထက်ပါအဖွဲ့အစည်း များ၊ ပုဂ္ဂိုလ်များဖြင့် (မ ဒ တ) ဖြစ်လာမည့် ပြည်နယ်ပေါင်းစု ပြည်ထောင်စု၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုကို၊ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ တပ်ပေါင်းစုဖြင့်သာအောင်ပွဲခံနိုင်မည်ဟု ဥက္ကဋ္ဌကြီးမန်းဘဇန်တလျှောက်လုံး ခံယူခဲ့ပါသည်။ ဤကဲ့သို့ခံယူသဖြင့်တပ်ပေါင်းစုအား မဖြစ်မနေပါဝင် ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါ ပြည်နယ်ပေါင်းစု ပြည်ထောင်စု အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစုတွင် ဥက္ကဋ္ဌကြီး မန်းဘဇန် တင်ပြချက်များမှာ–

ကရင်အမျိုးသားအစည်းအရုံးနဲ့ ကရင် တမျိုးသားလုံးပါ အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်တိုက်ပွဲ ဝင်ခဲ့ကြတာ (၂၇) နှစ်ရှိပြီးဖြစ်ပါတယ်။ ဤနှစ်များအတွင်းတိုက်ပွဲဝင်လာခဲ့ရာမှ အတွေ့အကြုံပေါင်း မြောက်များစွာရရှိခဲ့ပါတယ်။ ယင်းအတွေ့ အကြုံများမှ တပ်ပေါင်းစုဖွဲ့စည်း၍ တိုက်ပွဲဝင်ရန်လိုအပ်သော အတွေ့အကြုံများလည်း ပါဝင်ပေသည်။ အတွေ့အကြုံများဖလှယ်တဲ့ အနေနဲ့ ယင်း အတွေ့ အကြုံများကို ပြောကြားအပ်ပါတယ်။

ပထမအနေဖြင့် တော်လှန်ရေး အင်အားစုများ နားလည်မှုဖြင့် ပူးပေါင်းတိုက်ပွဲဝင်ခြင်းဖြင့် တော်လှန်ရေးအကျိုးဖြစ်ထွန်းခြင်း၊ နားလည်မှုမရှိ တသီးတခြားစီတိုက်ပွဲဝင်ခြင်းဖြင့် တော်လှန်ရေးအကျိုးပျက်ခဲ့ရတဲ့ အတွေ့အကြုံများကို ပြောကြားလိုပါတယ်။

ကရင့်တော်လှန်ရေးအင်အားစုနဲ့ ဗမာ့တော်လှန်ရေးအင်အားစုများရဲ့ လက်နက်ကိုင်တိုက်ပွဲဟာ မရှေးမနှောင်းမှာဖြစ်ပေါ်လာခဲ့ပါတယ်။ အလွန်ကောင်းမွန်တဲ့ အခြေအနေအောက်မှာ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ သို့သော် ကရင်နဲ့ ဗမာ့ တော်လှန်ရေးအင်အားစုများအတွင်း တဦးနဲ့တဦးနားလည်မှုမရှိကြတဲ့အတွက်ဒီတော်လှန်ရေးအင်အားစုများဟာ တပေါင်းတည်းမရှိဘဲ တသီးတခြားစီ ဖြစ်ပေါ်လာပါတယ်။ အင်အားစု နှစ်ရပ်လုံးက ဘုံရန် သူဖြစ်တဲ့ (ဖ ဆ ပ လ )နဲ့ အဆက်ဆက် သောအစိုးရများကို အပြုတ်တိုက်နိုင်တယ်လို့ခံယူချက်ရှိနေကြတယ်။ ထိုအချိန်က ရန်သူအား တဦးချင်းအနေဖြင့် တိုက်ရင်လည်းပြုတ်ကျသွားနိုင်တဲ့အ ခြေအနေတွေ ရှိပါတယ်။ လက်နက်ကိုင် တော်လှန်ရေးစတင်ပြီး နှစ် အနည်းငယ်အတွင်းမှာပင် ကရင့်တော်လှန်ရေးက နယ်မြေပေါင်းများစွာကို လွတ်မြောက်စေခဲ့တယ်။ ရန်သူ့ဌာနချုပ် ရန်ကုန်ကိုပင် လေးဘက်လေးတန်မှဝိုင်း ပြီးတိုက်ခဲ့ပါတယ်။ ဒီလို ဖြစ်နေချိန်မှာ ဗမာ့တော်လှန်ရေး အင်အားစုများက

ကရင့် တော်လှန်ရေး အင်အားစု များရဲ့ နောက်ကျောက တိုက်ခိုက်လာပါတယ်။ အခြေအနေဖြစ်ပေါ်ပြောင်းလဲလာပါတယ်။ ကရင့်အင်အားစုက ရန်ကုန်မြို့ကို အပြီးအပိုင်တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ ရန်သူအတွက် အကြပ်အတည်းမှ ထွက်ပေါက်ရသွားပါတယ်။ ရန်သူကို တိုက်ခိုက်နေတဲ့ ကရင့်သေနတ်ပြောင်းဝဟာ ဗမာ့တော်လှန်ရေးအင်အားစုများဘက် ပြောင်းသွားပြီး လက်နက်ကိုင်တိုက်ပွဲဖြစ်လာတော့တယ်။ တော်လှန်ရေးအတွက် အလွန်ကောင်းမွန်တဲ့ အခွင့်အရေးတစ်ရပ်ဆုံးရှုံးသွားခဲ့ရပါတယ်။

ကရင့်တော်လှန်ရေးအင်အားစုများနဲ့ ဗမာ့တော်လှန်ရေး အင်အားစု များရဲ့ လက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်လာရခြင်းကို၊ အခွင့်ကောင်းယူပြီး ရန်သူ (ဖ ဆ ပ လ )အစိုးရက နှစ်ဦးစလုံးအား *တန်ပြန်ထိုးစစ်* ဆင်လာပါတယ်။နှစ်ဦးစလုံးမှာ ကြီးမားတဲ့ဆုံးရှုံးမှုကြီးများ ဖြစ်ပေါ်လာပြီး အခြေအနေအတော် ပျက်ဆီးသွားခဲ့ရတယ်။ ဒီလိုအခြေအနေမှာ နှစ်ဦးစလုံး သဘောထားပြောင်းလာကြပြီး နှစ်ဘက်အကြား ဖြစ်ပွါးခဲ့တဲ့ ပဋိပက္ခများကို ပြေလည်မှုရအောင် တွေ့ဆုံဖြေရှင်းခဲ့ကြပါတယ်။ ပြဿနာများ ပြေလည်မှုရသွားပါတယ်။ တဘက်နဲ့တဘက် နားလည်မှုရသွားကြပြီး အတိုက်အခိုက်ရပ်စဲသွားရုံမက ဘုံရန်သူကို ပူးတွဲတိုက်ခိုက်နိုင်ခဲ့ပါတယ်။ ရန်သူထိုးနှက်တိုက်ခိုက်လာခြင်းကို နှစ်ဘက် ပူးတွဲ တိုက်ခိုက်လာခြင်းဖြင့် ရန်သူရဲ့ တန်ပြန်ထိုးစစ်ဆင်ဆင်မှုဟာရိုက်ချိုးခြင်းခံရပြီး တော်လှန်ရေးအခြေအနေပြန်ကောင်း လာခဲ့ပါတယ်။

ဒုတိယအနေဖြင့် တဦးနဲ့တဦး နားလည်မှုမရှိကြလျှင် ပြဿနာဖြစ်စေကာမူ ဖြေရှင်းနိုင်သည့်အချက်ကိုင်း၊ တတိယအနေဖြင့် တော်လှန်ရေး ဆင်နွှဲတဲ့အခါမှာ ပြည်တွင်းထောက်ခံရုံမက နိုင်ငံခြားအားပေးထောက်ခံမှုလိုအပ်ပုံ၊ ကေအဲန်ယူအတွေ့အကြုံအရ အဖွဲ့အစည်းတိုင်းဟာ သီးခြား ကြိုးစားနေခြင်းကို နိုင်ငံခြားက အထင်မကြီး စိတ်ပါဝင်စားမှုနည်းပါးပုံ၊ ထောက်ခံအားပေးမှု လည်းမရှိပုံ၊ နိုင်ငံခြားသားများကလည်း ထောက်ခံ အားပေးမှုရရှိရန် တော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်စွာဖြင့် စုပေါင်းတိုက်ပွဲဝင်သင့်ကြောင်း၊ စတုတ္ထအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြတဲ့ လော၊ ကမ္ဘောဒီးယား၊ တောင်ဗီယက်နမ် နိုင်ငံတို့မှာ မဟာအင်အားကြီး အမေရိကန်သည်ပင်လျှင် ထွက်ပြေးရတယ်။ အရင်းခံအကြောင်းရပ်က စုပေါင်းတိုက်မှုဖြစ်ကြောင်း၊ပဥ္စမအနေဖြင့် တစ်ပေါင်းစုဖြင့် စုပေါင်းတိုက်ခိုက်ပါက အောင်ပွဲခံနိုင်မည်ကို သေချာစွာ သိတယ်။ ကြိုးလည်း ကြိုးစားတယ်။ တစ်ပေါင်းစု ဖြစ်လာတယ်။ သို့သော် ဇိပြင်သောအလုပ် အကောင်အထည်ပေါ်မလာ။

ဒီအကြောင်းရပ်ကို အဟန့်အတားဖြစ်ပေါ်နေခြင်းဟာ မဟာပါတီကြီးစိတ်များ ရှိနေခြင်းကြောင့် ဖြစ်ကြောင်း၊ ဆဋ္ဌမအနေဖြင့် မည်သို့ပင်ဖြစ်စေ အတိတ်ကဖြစ်ရပ်များကို အတွေ့အကြုံ့ သင်္ခန်းစာထုတ်ယူပြီး အဖွဲ့အစည်းအသီးသီးကလည်း တစ်ပေါင်းစုဖြစ်မြောက်ရေးအတွက် စိတ်အားထက်သန်ကြတယ်။ ဤအခြေအနေများအပေါ် မျက်မှောက် အခြေအနေ (၉) ရပ်ကို သုံးသပ်တင်ပြသွားသည်။

(၁) တော်လှန်ရေးဆင်နွှဲရာ၌ ပြည်သူလူထု ထောက်ခံမှုရရှိရေးသည် အောင်ပွဲခံရန် အဓိက အကျဆုံးဖြစ်ကြောင်း ယခုအချိန်သည် လူထုထောက်ခံမှု အများဆုံး ရရှိနေကြောင်း၊

(၂) ရန်သူချိန်နဲ့ နေချိန်အတွင်း ပဋိပက္ခဖြစ်နေပြီး ညီညွတ်မှုမရှိ ဖြစ်နေချိန်၊

(၃) တိုင်းရင်းသား လူမျိုးပေါင်းစုံ နှင့် တိုင်းပြည်တဝှမ်းရှိနေရာတိုင်းလိုလို ရန်သူအား တော်လှန်ရေးအင်အားစုများရဲ့ ဆန့်ကျင်တိုက်ခိုက်မှုကို ခံရနေချိန်။

(၄) ပြည်တွင်းတော်လှန်ရေးအင်အားစုများက ပြင်းထန်စွာ တိုက်ပွဲဝင်လျက် ရှိကြပြီး အောင်ပွဲများဆက်တိုက်ရရှိ လျက်ရှိကြကြောင်း ကိုလိုနီစံနစ် လုံးဝချုပ်ငြိမ်းသွားပြီးဖြစ်ဖြစ်ပြီးနယ်ချဲ့သမားတွေရဲ့ အင်အားဟာ တဖြည်းဖြည်းဆုတ် ယုတ်လျက်ရှိချိန်။

(၅) နယ်ချဲ့သမားများကဖေါက်ပြန်တဲ့ တန်ပြန် တော်လှန်ရေး အစိုးရများ ကို ထောက်ခံချိန်နှင့် တရုပ်နိုင်ငံကဲ့သို့သော ဆိုရှယ်လစ်နိုင်ငံများက မိမိတို့ ဩဇာခံများကိုထောက်ခံအားပေးနေချိန်။

(၆) နယ်ချဲ့နှစ်ကို ပြင်းပြင်း ထန်ထန် ဆန့်ကျင်ကြသော တတိယ ကမ္ဘာ့အုပ်စုဖြစ်ပေါ်လာချိန်။

(၇) မြန်မာ ပြည် မှာ တော်လှန်ရေး လှုပ်ရှားမှု ဖြစ်ပေါ်လာခဲ့တာ (၂၇)နှစ်ရှိပြီးဖြစ်လို့ တော်လှန်ရေး လှုပ်ရှားမှုများဟာ လူမျိုးအလိုက် ဒေသအသီးသီးမှာ ရှိနေ ကြပါတယ်။ ကိုယ့် အဖွဲ့ အစည်း၊ ကိုယ့် လမ်းစဉ်နဲ့တိုက်ပွဲ ဝင်လျက်ရှိကြရာမှာ ရန်သူဟာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေချိန်။

(၈) ရန်သူဟာဒင်းတို့ချုပ်ကိုင်ထားတဲ့ ဗမာ့ တပ်မတော်သာ အဓိက ဖြစ်နေတယ်။ ရန်သူဟာ တော်လှန်ရေး အင်အားစုများကို မချေမှုန်းနိုင်သလို၊ တော်လှန်ရေးလက်နက်ကိုင် အင်အားစုများကလည်း ရန်သူကို အပြတ် မတိုက် နိုင်တဲ့ အခြေအနေမှာရှိနေချိန်။

(၉) ရန်သူဟာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများကို တိုက်ခိုက်နေရသည်သာမက မိမိတို့နယ်မြေအလိုက် လူထုရဲ့တိုက်ခိုက်မှုကိုခံနေရချိန် လူထုကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ (လက်နက်မဲ့)နည်းတွေနဲ့ တိုက်နေချိန်။ လူထုနဲ့ လက်နက်ကိုင် တော်လှန်ရေး အင်အားစုများ အဆက်အစပ်မရှိသေးချိန်။ ဒီလို

အချိန်အခါမျိုးမှာ တစ်ပေါင်းစုနဲ့အောင်ပွဲခံရမှာဖြစ်တယ်။

တော်လှန်ရေး ဖြစ်ပေါ်လာသည့်အကြောင်းရင်းနှင့်ပါတ်သက်၍ ယနေ့လှုပ်ရှားနေကြတဲ့ တော်လှန်ရေးလှုပ်ရှားမှုဟာ စိတ်ဆန္ဒအရ ဖြစ်ပေါ်လာခြင်းမဟုတ်သလို သူတပါးသွေးထိုး လှုံ့ဆော်ပေးမှုကြောင့်လည်းမဟုတ်ပါ။ (ဘဝဖြစ်ပေါ်မှုကြောင့်ငင်း ခေတ်ပြောင်းလာခြင်းကြောင့်ငင်း) ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။ ဦးစွာ ဘဝဖြစ်ပေါ်လာမှု ကြောင့်တော်လှန်ရေးဖြစ်ပေါ်လာတာကိုပြောချင်ပါတယ်။ကျွန်တော်တို့တိုင်းရင်းသားလူမျိုးတွေဟာ လူမျိုးတမျိုးနဲ့တမျိုး ကျွန်ပြုတဲ့ လူလူချင်းသွေးစုတ် အမြတ်ထုတ်တဲ့ မဟာလူမျိုးကြီးဝါဒ၊ နယ်ချဲ့စံနစ်၊ မြေရှင်ပဒေသရာဇ်စံနစ် ဩဇာ လွှမ်းမိုး နေတဲ့၊ ကိုလိုနီ တပိုင်းပဒေသရာဇ် တပိုင်း လူ့အဖွဲ့အစည်း အတွင်းမှာ အသက်ရှင်လှုပ်ရှားလျက် ရှိပါတယ်။ ယင်းဝါဒဆိုး၊ စံနစ်ဆိုးတွေကို မဟာလူမျိုးကြီးဝါဒီ နယ်ချဲ့လက်ဝေခံ ဗမာနေရှင်များဖြစ်ကြတဲ့ အဆက်ဆက်သော အစိုးရများနှင့် နေဝင်းစစ်အာဏာရှင် အစိုးရတို့က ထိမ်းသိမ်းကာကွယ် ပေးကြပါတယ်။ ဖိနှိပ်သွေးစုတ်သူတွေဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူများကို လူမျိုးရေးအရငင်းအတန်းအစားအရငင်း၊ နှစ်ထပ်ကွမ်း ဖိနှိပ်ကြပါတယ်။

တော်လှန်ရေး ဖြစ်လာတဲ့ အခြားအကြောင်း တစ်ခုကတော့ ခေတ်ရဲ့ပြောင်းလဲမှုကြောင့် ဖြစ်ပါတယ်။ ကမ္ဘာတဝှမ်းလုံးမှာ ဖိနှိပ်သွေးစုတ်ချယ်လှယ် တဲ့ လူမှုစံနစ်ကနေ (လွတ်လပ်မှု၊ တန်း တူမှု၊ အချင်းချင်း ညီအကိုသဖွယ်ချစ်ခင် မှု) စတဲ့ လူမှုစံနစ်သို့ပြောင်းလဲသွား ရန်ဖိနှိပ်သွေးစုတ်ခံရသူတိုင်းက တော်လှန်ကြတဲ့ခေတ်ပြောင်းတော်လှန်ရေးကာလကြီးဖြစ်တယ်။

ဒါတွေဟာ တော်လှန်ရေး တရိပ်ရိပ်ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းတွေဖြစ်ပါတယ်။ မြေရှင်ပဒေသရာဇ်စံနစ်ဟာ အင်အားချိနဲ့လာပြီး ယင်းအခြေအနေမှာ အင်္ဂလိပ် နယ်ချဲ့သမားတွေက မြန်မာပြည်ကိုသိမ်းယူပြီး ကိုလိုနီလူမှုစံနစ်ကို ကျင့်သုံးအုပ်ချုပ်လာတယ်။ ကိုလိုနီလူမှုစံနစ်အောက်မှာ ကျွန်တိုင်းရင်းသားလူမျိုးစုံလုပ်သားပြည်သူများဟာ နယ်ချဲ့အရင်းရှင်ဖိနှိပ်ကျွန်ပြုသူတွေကို ဆန့်ကျင်တော်လှန်ကြတယ်။ ယင်းသို့တော်လှန်ရေးကြောင့်၊ နယ်ချဲ့အရင်းရှင်အုပ်စိုးမှုနှင့် ၎င်းတို့ကိုလိုနီအုပ်ချုပ်မှုစံနစ်ချုပ်ငြိမ်းခဲ့ရပါတယ်။ မြန်မာပြည် လွတ်လပ်ရေးရလာပါတယ်။ လွတ်လပ် ရေးရပြီးနောက်တိုင်းပြည်ဟာ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းတိုင်းပြည်ဖြစ်လာပြီး လူမျိုးရေးအရ ဖိနှိပ်ကျွန်ပြုမှုနှင့် လူလူခြင်းဖိနှိပ်သွေးစုတ်မှုတွေ ဆက်လက် ဖြစ်ပေါ်လာပါတယ်။ ယင်းသို့ဖြစ်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးစုတွေရဲ့ နယ်ချဲ့စံနစ်၊ မြေရှင်ပဒေသရာဇ်စံနစ်နဲ့ မဟာလူမျိုးကြီးဝါဒဆန့်ကျင် ရေးတော်လှန်ရေးတွေ ဆက်လက်ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်လို့ သဘောထားတင်ပြခဲ့ပါတယ်။

ရန်သူနဲ့ပါတ်သက်လို့ ဥက္ကဋ္ဌကြီးမန်းဘဇန်၏ သဘောထားမှာ၊

ကျွန်တော်တို့နေဝင်း (မဆလ) အပေါ်မှာ သတ်မှတ်ချက်တူတူ မတူတူ အပြုတ်တိုက်ရမှာဘဲ။ ဒါဟာဘဝပေးတာဝန်ဖြစ်တယ်။သတ်မှတ်မတူတာက ဒုတိယပြဿနာဘဲ။ အဓိကပြဿနာကတော့ နေဝင်းပြုတ်ဘို့ဘဲ။ နေဝင်းမပြုတ်ရင်ကျနော်တို့လွတ်လပ်ပြီး တိုးတက်တဲ့ဘဝသစ် ထူထောင်ဘို့မဖြစ်နိုင်ဘူး။ တနည်းအားဖြင့်ကျနော်တို့လိုလားတဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ကျနော်တို့လူနေမှုအဆင့်အတန်းမြင့်မားလာမှု၊ ဒါတွေဖြစ်မလာနိုင်ဘူး။ ဘယ်လိုဘဲဖြစ်ဖြစ် နေဝင်း အပြုတ်တိုက်ရေးဟာ ကျနော်တို့ရဲ့ဘဝပေးတာဝန်ဘဲ။

တစ်ပေါင်းစုဖွဲ့မယ်ဆိုတာ ကိုယ့်မူရမှဖွဲ့မယ်ဆိုတာသဘာဝမကျဘူး။ကိုယ့်မူရမှဖွဲ့မယ်လို့သဘောထားရင် မမှန်ဘူး။ ကျွန်တော်တို့အမှန်တရားပေါ်မှာ အခြေခံပြီး တစ်ပေါင်းစုတည်ဆောက်သွားရမှာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ တူညီတဲ့အချက်တွေ မြင်ကြတယ်။ ကျွန်တော်တို့ကရင် အမျိုးသားအစည်းအရုံးဟာ နေဝင်းကို တိုက်နေတယ်။ နေဝင်းကိုတိုက်တာကရင် အမျိုးသားတွေအတွက် အကျိုးရှိရမယ်ဆိုတာယုံကြည်တယ်။ တခြားအဖွဲ့အစည်းတွေကလည်း ဒီအတိုင်းဆိုတော့ ဒီအချက်ဟာ သိပ်အရေးကြီးတယ်။ တစ်ပေါင်းစုဖွဲ့လို့ရတယ်။ တဖွဲ့ကနေ နေဝင်းကိုတိုက်ပြီးကျန်တဖွဲ့ကမတိုက်ဘူးဆိုရင်တော့ တစ်ပေါင်းစုဖွဲ့လို့မရဘူးလို့ ဖော်ပြသွားတယ်။

**၁၉၇၅ခုနှစ်၊မေလ(၂၇)ရက်နေ့**

**ပြည်နယ်ပေါင်းစုပြည်ထောင်စု အမျိုးသားဒီမိုကရေစီတစ်ပေါင်းစည်းစုံ စည်းရုံးရေးနှီးနှောဖလှယ်ပွဲတွင် ဥက္ကဋ္ဌကြီးမန်းဘဇန်၏နှီးနှောဖလှယ်ပွဲအဖွင့်မိန့်ခွန်း။**

အဖွဲ့အစည်း အသီးသီးမှ တက်ရောက်လာကြသည့်ချစ်ကြည်လေးစားအပ်ပါသော ကိုယ်စားလှယ်တော်များခင်ဗျား။

အမျိုးသား လွတ်မြောက်ရေးဘဝ တိုးတက်ရေးအတွက် လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင် လျက်ရှိကြတဲ့ ကျွန်တော် တို့ဘဝတူ ညီအကိုတော်တော်လှန်ရေးအင်အားစုများ တစုတည်းညီညွတ်စွာ တိုက်ပွဲဝင်ရန်တောင်းဆိုသော အခြေအနေများအောက်တွင် ကျွန်တော်တို့ညီညွတ်ရေးကိုတည်ဆောက်ရန် အတွက်ယခုကဲ့သို့ ကိုယ်စားလှယ်တော်များ တက်ရောက်ပြီး

ဒီနိုးနော့ဖလှယ်ပွဲကို ကျင်းပနိုင်သည့်အတွက်များစွာဝမ်းမြောက်ပါတယ်။သဘာဝတိ အဖြစ်ရွေးချယ်တင်မြှောက်ခြင်းတာဝန်ပေးခြင်း အတွက်လည်း ကျွန်တော်မှများစွာ ကျေးဇူးတင်ရှိကြောင်းနှင့် ဝမ်းမြောက် ဂုဏ်ယူကြောင်း ကိုပြောကြားအပ်ပါတယ်။

ကျွန်တော်တို့ဟာပြောဆိုတဲ့ဘာသာစကား ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံများမတူညီကြ သော်လည်း သဘာဝအရတူညီတဲ့ညီအကိုတော် များဖြစ်ကြပါတယ်။ ကျွန်တော်တို့အားလုံး ဟာ ဗြိတိသျှနယ်ချဲ့အုပ်စိုးသူများ၏ စိုးမိုးမှုအောက်တွင် တူညီစွာဖြင့် လူမျိုးရေးအရရော၊ နိုင်ငံရေးအရရော၊ ယဉ်ကျေးမှုအရရော၊ ဖိနှိပ်အုပ်ချုပ်မှုခံရပြီး စီးပွါးရေးအရ သွေးစုတ်အမြတ်ထုတ်ခံရပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားပြီးနောက် ကျနော်တို့ဟာအမျိုးသားလွတ်မြောက်ရေး၊ တန်းတူရေးဘဝဖြစ်ပေါ် တိုးတက်ရေးနှင့်ငြိမ်းချမ်းသာယာဝပြောရေးအတွက် ဗြိတိသျှနယ်ချဲ့အုပ်စိုးသူများထံမှတင်ပြ တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြပါတယ်။ တိုက်ပွဲဟာထိရောက်မှုရှိပါတယ်။

ဗြိတိသျှနယ်ချဲ့အုပ်စိုးသူတွေဟာ ကျွန်တော်တို့ တင်ပြတောင်းဆိုမှုကို မလွှဲမရှောင် သာဘဲ အရေးယူဆောင်ရွက်ဖို့ ပြုလုပ်လာရပါတယ်။ ၎င်းတို့က အရေးယူဆောင်ရွက် ရာတွင်ကျွန်တော်တို့နှင့် တိုင်ပင် ၍အရေးယူဆောင်ရွက်ခြင်းမပြုဘဲ ၎င်းတို့ အကျိုးကိုထိမ်းသိမ်း ကာကွယ်ပေးမဲ့ ၎င်း တို့ရဲ့လက်ဝေခံ မဟာဗမာလူမျိုးကြီးဝါဒီ၊ ဗမာခေါင်းဆောင်များနဲ့ တွေ့ဆုံတိုင်ပင် အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဒီမဟာဗမာလူမျိုးကြီးဝါဒီ ခေါင်းဆောင်တွေရဲ့ခံယူချက်မှာ တဘက်ကနယ်ချဲ့သမားတွေရဲ့ အကျိုးစီးပွါးကိုထိမ်းသိမ်းကာကွယ်ပေးပြီးအခြားတဘက်မှာသူတိုက ကျွန်တော်တို့လူမျိုးပေါင်းစုံပြည် တွေကို ဖိနှိပ်အုပ်စိုး ကျွန်ပြုဘို့ ခံယူထားကြပါတယ်။ ကျွန်တော်တို့မွေးရာပါအခွင့်အရေးဖြစ်တဲ့လွတ်လပ်ရေးနှင့်တန်းတူရေးများကိုရိုက်ချိုးပစ်ပြီး ဗြိတိသျှနယ်ချဲ့သမားများ နဲ့ မဟာဗမာဝါဒီတွေဟာ ကျွန်တော်တို့ လူမျိုးပေါင်းစုံပြည်သူတွေ ကိုဆက်လက်ပြီးလူမျိုးရေးနိုင်ငံရေး ယဉ်ကျေးမှုအရဖိနှိပ်တယ်၊စီးပွါးရေးအရ သွေးစုတ်အမြတ်ထုတ်တယ်။ လက်ဝေခံ မဟာဗမာဝါဒီတွေရဲ့ လက်သို့အာဏာလွှဲပြောင်းပေးလိုက်သော အတုအယောင်လွတ်လပ်ရေးကိုပေးလိုက်ပါတယ်။ ယင်းလွတ်လပ်ရေးဟာလူမျိုးပေါင်းစုံပြည်သူတွေကို ကျွန်ပြုသောလွတ်လပ်ရေး ဖြစ်ကြောင်း ကျွန်တော်တို့ကောင်းစွာသိရှိခြင်းကြောင့် ကျွန်တော်တို့ဟာတဦးပြီးတဦးတော်လှန်တိုက်ပွဲဝင်ခဲ့ကြတယ်။ကျွန်တော်တို့ လက်နက်စွဲကိုင်တော်လှန်ခြင်းသည်မှန်ကန်သင့်မြတ်သော၊ တရားသောသဘာဝပေးတာဝန်ကိုဂုဏ်ရှိရှိဖြင့်ထမ်းဆောင်ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ဟာနှစ်ပေါင်းများစွာ ဖိနှိပ်ကျွန်ပြုခြင်းကို ခံခဲ့ရတဲ့အတွက်ဘဝအရ ဆင်းရဲမွဲပြာကျရခြင်း၊ အတွေးအခေါ် အမျှော်အမြင် ကျဉ်းမြောင်းရခြင်း၊ လူမှုရေး အသိနည်းပါးရခြင်း၊ နိုင်ငံရေးအရ အားနည်းခြင်း ရှိနေပါတယ်။ တော်လှန်တိုက်ပွဲကြသော်လည်း တော်လှန်ရေး သဘောတရားနဲ့ အတွေ့အကြုံ မရှိကြဘူး။ ကျွန်တော်တို့တော်လှန်တိုက်ပွဲဝင်ကြသောအခါ ရန်သူမဟာဗမာဝါဒီအစိုးရကိုစစ်ရေးအရ တိုက်ခိုက်နိုင်ခဲ့ခြင်းသာ ရှိခဲ့ပါတယ်။ ကျွန်တော်တို့အတွင်းမှာလည်းတော်လှန်တိုက်ပွဲဝင်ရင်းက တော်လှန်ရေးနဲ့ဆန့်ကျင်သောအကြောင်းရပ်များ ဖြစ်ပေါ်လာပါတယ်။ ၎င်းအပြင်ကျွန်တော်တို့ ဟာကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး၊ တော်လှန်ရေးကိုဆင်နွှဲရပါတယ်။ ယင်းသို့သောအကြောင်းရပ် များကြောင့် ကျွန်တော်တို့ဘဝတူများတစုတစည်းတည်း၊ တိုက်ပွဲဝင်ဘို့ဖြစ်သော်လည်း ယင်းသို့ဖြစ်မလာဘဲ တသီးတခြားစီ တိုက်ပွဲဝင်နေသော အချင်းချင်းကြားမှာ ပဋိပက္ခဖြစ်ပေါ်လာသော အခြေအနေများ ဖြစ်ပေါ်လာခဲ့ရပါတယ်။

ကျွန်တော်တို့ တိုက်ပွဲဝင်ခဲ့တာ (၂၈)နှစ်ရှိခဲ့ပါပြီ။ ကျွန်တော်တို့ စတင်တော်လှန်တိုက်ပွဲဝင်လာစဉ်ကာလနှင့်အခု ကျွန်တော်တို့တော်လှန်ရေးတွေအောင်ပွဲခံဘို့ အခြေအနေတွေဖြစ်ပေါ်လာခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့မှာ တသီးတခြား တိုက်ပွဲဝင် နေရခြင်း၊ ကျွန်တော်တို့အတွင်းမှာပဋိပက္ခတွေရှိနေခြင်းကြောင့်၊တော်လှန်ရေး အောင်ပွဲရဘို့ ပေးအပ်လာတဲ့အခြေအနေတွေကို ဝိုင်ဝိုင်နိုင်နိုင်အသုံးချ၍အောင်ပွဲကိုမယူနိုင်ကြဘဲ တော်လှန်ရေး ရှည်ကြာလာခဲ့ရတယ်။ကျွန်တော်တို့ဟာတစိတ်တသဘောတည်း၊ တက်ညီလက်ညီစံနစ်တကျညီညွတ်စွာဖြင့် တိုက်ပွဲဝင်သွားကြမည် ဆိုလျှင် အောင်ပွဲရဘို့လျှင်မြန်စေ လိမ့်မယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့စည်းလုံး ညီညွတ်မှုဟာကျွန်တော်တို့ရဲ့အောင်ပွဲ၊ ကျွန်တော်တို့ရဲ့လွတ်လပ်တဲ့တန်းတူတဲ့၊ငြိမ်းချမ်းသာယာတဲ့ ဘဝသစ်တည်ဆောက် မှုရဲ့သော့ချက်ဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှု ဆိုရာမှာလည်း၊ ကျွန်တော်တို့အားလုံး ခံယူချက်၊ လုပ်ဆောင်ချက်၊ စည်းကမ်းရှိမှုများအရညီညွတ်ရေးဖြစ်ပါတယ် ။ ကျွန်တော် တို့ဟာယင်း စည်းလုံးညီညွတ်ရေးကိုတည်ဆောက်ဘို့၊ယခုကျွန်တော်တို့ ဤနှီးနှောလှယ်ပွဲဖြင့်စတင်ဆောင်ရွက် နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အသီးသီးမှာ တော်လှန်ရေးနဲ့ပါတ်သက်ပြီး ကိုယ့်အမြင်ကိုယ့်သဘောထားတွေရှိနေကြ ပါတယ်။ ယင်းအမြင်နဲ့သဘောတရားဟာတူညီမှုရှိသကဲ့သို့ မတူညီသောသဘောထားအမြင်များကို၊ အပြန်အလှန်ဆွေးနွေးညှိနှိုင်းသွားခြင်းဖြင့် တူညီမှုအရကြိုးဝမ်း သွားရမှာဖြစ်ပါတယ်။ နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ကိုယ်စားလှယ်တိုင်း မှာ တဦးဦး၏တင်ပြချက်များကိုလေးနက်မှု ရှိ

တဦးဦး၏တင်ပြချက်များကိုလေးနက်မှု ရှိစွာဖြင့်စဉ်းစားပြီး၊မတူညီမှုများကိုတူညီ မှု ရှိ အောင်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားကြပါလို့ ပြောကြားလိုပါတယ်။

ဤအထက်ပါ အချက်အလက်များသည်တစ်ပေါင်းစုနှင့်ပါတ်သက်၍ဥက္ကဋ္ဌကြီးမန်းဘဇန်၏ သဘောထားခံယူချက်များဖြစ်ပါသည်။ ဤကောက်နုတ်ချက်များသည်(မဒတ) အထွေထွေအတွင်းရေးမှူး ခိုင်စိုးနိုင်အောင်ပြုစုသည့်တစ်ပေါင်းစုသမိုင်းစာအုပ်မှတဆင့်ဖော်ပြခြင်းဖြစ်ပါသည်။

## ကရင့်တော်လှန်ရေးနေ့ကြီးရက်ကြီးများ

၁။ ဇန္နဝါရီလ (၂၀)ရက်
ဗိုလ်ချုပ်ကြီးမြဲ မွေးနေ့၊

၂။ ဇန္နဝါရီလ (၃၁)ရက်
ကရင့်တော်လှန်ရေးနေ့၊

၃။ ဖေဖော်ဝါရီလ (၅)ရက် (K.N.U)
ကရင်အမျိုးသားအစည်းအရုံးနေ့၊

၄။ ဖေဖော်ဝါရီလ (၁၁)ရက်
ကရင်အမျိုးသားနေ့၊

၅။ မေလ (၂၃)ရက် (K.Y.O)
ကရင်လူငယ်နေ့၊

၆။ ဇွန်လ (၁၄)ရက်
ကော်သူးလေနေ့၊

၇။ ဇူလိုင်လ (၅)ရက် (K.N.L.A)
ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နေ့၊

၈။ ဇူလိုင်လ (၁၆)ရက် (K.N.D.O)
ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ချုပ်နေ့၊

၉။ ဩဂုတ်လ (၅)ရက် (K.W.O)
ကော်သူးလေ အမျိုးသမီးအစည်းအရုံးနေ့၊

၁၀။ ဩဂုတ်လ (၁၂)ရက်
ကရင်အမျိုးသားအာဇာနည်များနေ့

# အပိုင်း(၅)

## ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့် နှုတ်ဆက်လမ်းခွဲ

ဥက္ကဋ္ဌကြီးမန်းဘဇန် ကိုယ်တိုင် အသံသွင်းထားသော အသံသွင်းကြိုးခွေမှ (ရသနှင့်အဓိပ္ပါယ်)မပျက်စေရန်တိုက်ရိုက်ကူးယူဖော်ပြပါသည်။ (စာရေးသူ)

ဥက္ကဋ္ဌကြီးစောဘဦးကြီး ကျဆုံးသွားတဲ့အခါကျ နော်တို့ကို ကရင်အမျိုးသား တွေကပြောတယ်။ ဥက္ကဋ္ဌကြီး စောဘဦးကြီးနေရာမှာ ခင်ဗျားတို့ နှစ်ယောက်ထဲကတယောက်ယောက်တက်ပြီး တာဝန်ယူဘို့တောင်းဆိုတယ်။ ဒီအခါ ကျွန်တော်က ဟံတာသာမွေးကိုပြောတယ်။ ခင်ဗျားသွားပြီးတော့ ဥက္ကဋ္ဌကြီး စောဘဦးကြီး နေရာမှာ တာဝန်ယူ။ ကျွန်တော်က မြစ်ဝကျွန်းပေါ်မှာနေခဲ့မယ်။ မြစ်ဝကျွန်းပေါ်ကိုဆက်ပြီး ထိန်းဘို့လို သေးတယ်။ အခြေအနေက အဲဒီလိုဖြစ်တယ်။ အခြေအနေဆိုးနေတဲ့အတွက်ကြောင့် ကျွန်တော်ဒီမှာနေခဲ့မယ်။ ခင်ဗျားသွားပါ။ ဒီလိုသဘောတူညီချက်ရတယ် ရတော့ ဟံတာသာမွေးကိုကရင့်တော်လှန်ရေးသမားတွေက ဥက္ကဋ္ဌကြီး စောဘဦးကြီးနေရာကို တာဝန်ယူဘို့ ရွေးကောက်တင်မြှောက်လိုက်တယ်။

ဟံတာသာမွေးဟာ တောင်ငူဘက်ကိုမသွားခင် မြစ်ဝကျွန်းပေါ်ဒေသမှာ နေသေးတယ်။ အဲဒီအခါမှာ တော်လှန်ရေးအခြေအနေအတွက် ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ဆွေးနွေးကြတယ်။ ဘယ်လိုလုပ်ကြမလဲ၊ အခုကျွန်တော်တို့မှာတော့ ကြီးလေးတဲ့တာဝန်ကျနေပြီ၊ တော်လှန်ရေး အခြေအနေဟာ ဆုတ်ယုတ်လာတယ်။ အခြေအနေကလည်းမကောင်းဘူး။ တော်လှန်ရေး အခြေအနေကောင်းဘို့၊ ထိန်းထားဘို့၊ အခြေအနေ ပြန်ကောင်းအောင်လုပ်ဘို့၊ အောင်ပွဲရဘို့ ကျွန်တော်တို့ဘယ်လိုလုပ်မလဲ။ နည်းလမ်းရှာကြစို့၊ ပဌမ ကျွန်တော်တို့ချမှတ်ထားတဲ့၊ CAS(K) CIVIAL AFFAIR SERVICE (KAWT-HOOLAI) အုပ်ချုပ်ရေးမျိုးတော့မဖြစ်ဘူး။ တဗိုလ်တမင်းတွေ ညီညွတ်မှုတွေ ကွဲပြီးတော့၊ အခုလို အခြေအနေဆိုး ဖြစ်ပေါ်လာရတယ်။ ဒါကြောင့် ကျွန်တော်တို့ တခုခုရှာရမယ်။ ကရင့်တော်လှန်ရေး ထွက်ပေါက်ရှာရမယ်။ အဲဒီလို ကျွန်တော်တို့ နှစ်ယောက် လေ့လာသုံးသပ်လို့ရတယ်။

အဲဒီအချိန်မှာဘဲ အကြောင်းတခု ဖြစ်ပေါ်လာတယ်။ ဖြစ်ပေါ်လာတာက၊ ဒီအချိန်မှာ တရုတ်ပြည်မှာ၊ မော်စီတုန်းတို့ တရုတ်ကွန်မြူနစ် တော်လှန်ရေးဟာလည်း အောင်ပွဲခံသွားပြီ သူတို့အောင်ပွဲခံပြီးဘာဖြစ်လာလဲဆိုရင်၊ သူတို့တရုတ်ပြည် တော်လှန်ရေးရဲ့ အဖြစ်အပျက်စာစောင်တွေ၊ သဘောတရားရေးစာစောင်တွေဟာ၊ ကျွန်တော်တို့ ဗမာပြည်ထဲမှာ ပြန့်ပွါးနေတယ်။ လူတွေသိပ်လေ့လာကြတယ်။ နောက်ဘာ ချက်က အလံနီ၊ ဗကပ၊ ပြည်သူ့ရဲဘော်တို့ကလည်း၊ အခြေအနေသုံးသပ်ပြီးတော့၊ သူတို့ဘယ်လိုဆုံးဖြတ်သလဲဆိုရင် ကရင်နဲ့မဟာမိတ်ဖွဲ့ရမယ် ဆိုပြီးဆုံးဖြတ်လိုက်တယ်။ ပဌမတုန်းကတော့သူတို့ဟာ ကျွန်တော်တို့ကရင်တွေကိုနယ်ချဲ့လက်ကိုင်ဒုက်၊ မြေရှင်ပဒေသရာဇ် လက်ကိုင်ဒုတ်၊ ဘဦးကြီးခွေးတွေ အဲဒီလိုသတ်မှတ်တယ်။ အဲဒီတော့သူတို့နဲ့ ကျွန်တော်တို့ဟာ အကြီးအကျယ်တိုက်ကြတယ်။ ၁၉၄၉ခုနှစ် ဇွန်လ၊ အင်းစိန်တိုက်ပွဲကဆုတ်လာပြီး၊ ပြည်မြို့မှာရှိတဲ့ပြည်သူ့ ဒီမိုကရေစီတစ်ပေါင်းစု (P. D.F) People's Democratic Front. ရဲ့ဌာနချုပ်ကို၊ (K.N.U) မှဗိုလ်မှူးမောင်လေးကို ဖဆပလ ဆန့်ကျင်ရေးပူးတွဲတစ်ပေါင်းစုဖွဲ့ဖို့စေလွှတ်လိုက်တ

တယ်။ သို့သော် သခင်သန်းထွန်းက စော ဘဦးကြီးဟာ နယ်ချဲ့လက်ကိုင်ဒုတ်၊ နယ်ချဲ့ နောက်လိုက်တွေဟု စွတ်စွဲထားတယ်။ဒါကို သူတို့ပြောင်းပြီး ခုနကပြောသလို၊ တခြား တော်လှန်ရေးအင်အားစုတွေနဲ့ မဟာမိတ် ဖွဲ့ရမယ်လို့သတ်မှတ်လာတယ်။

အဲဒီတော့ ကျွန်တော်တို့ ကရင့် တော်လှန်ရေးအခြေအနေကောင်းဘို့ ဘယ် လိုလုပ်ရမလဲဆိုပြီး စဉ်းစားလာတဲ့အခါမှာ ခုနပြောတဲ့ တရုတ်ပြည်ရဲ့တော်လှန်ရေးအ တွေ့အကြုံတွေကို လေ့လာဖို့ အကြောင်း ဖြစ်လာတယ်။ လေ့လာရမယ်။ ကျွန်တော် တို့မလေ့လာရင်မဖြစ်ဘူး။ အလုပ်အ ကြောင်း ကိုနားလည်ရမယ်။ တော်လှန်ရေး ရဲ့လုပ်နည်းလုပ်ဟန်တွေကို သိရမယ်။ သိမှ လုပ်လို့ရတယ်ဆိုတော့ ကျွန်တော်တို့လေ့ လာတယ်။ တရုပ်ပြည်တော် လှန်ရေးရဲ့ စာ စောင်တွေဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီ စံနစ် အကြောင်း၊ နောက်တချက်က မော်စီတုန်း ရဲ့ တရုတ်ပြည်တော်လှန်ရေး သဘောတ ရား၊ ဒါတွေကို ကျွန်တော်တို့ကလေ့လာ တယ်။ လေ့လာတဲ့အခါ ကျွန်တော်တို့ တော်တော်အမြင်ကျယ်လာတယ်။ အမှန် တော့ ကျွန်တော်နဲ့ ဟန်တာသာမွေးဖြစ် တယ်။

နောက်ပြီးတော့ တိုးတက်ဖြစ် ပေါ်လာမဲ့ ရဲဘော်တွေကလည်း ဒီစာစောင် တွေကိုလေ့လာတယ်။ လေ့လာတော့ ကျွန် တော်တို့ ဘာတွေတွေ့ လာသလဲဆိုရင် က ရင့်တော်လှန်ရေးကို ဘယ်လိုဆောင်ရွက်ရ မယ်ဆိုတာ မြင်လာတယ်။ တော်လှန်စစ် ဘယ်လိုဆင်နွှဲရ နိုင်ငံရေအရတော်လှန်တဲ့ နိုင်ငံရေးကိုဘယ်လိုဆင်နွှဲရမယ်၊ တော်လှန် တဲ့သဘောတရားတွေ ဟာဘာလဲဆိုတာ ကျွန်တော်တို့တွေ့ရှိလာကြတယ်။ တွေ့ရှိ လာတော့ ဒီဟာမှန်တယ်၊လုပ်ကြည့်မယ်၊ စမ်းသပ်မယ်။

အဲဒီလို လေ့လာမှုကနေ ကျွန် တော်တို့ အတွေးအခေါ်ဝင်ပြီးဆောင်ရွက် ဘို့ စိတ်ဓါတ်ဖြစ်ပေါ်လာတယ်။ တခါ မော်စီတုန်းရဲ့ တရုပ်ပြည်တော်လှန်ရေး တွေးအခေါ်ဟာ၊ ဘယ်ကရလဲဆိုရင် လီနင် ဝါဒက ရတယ်ဆိုတော့ ကျွန်တော် တဆင့် တက်ပြီး မက္က(စ်)၊ လီနင်ဝါဒကိုလေ့လာ တယ်။ လေ့လာတဲ့အခါ ပိုပြီးတော့မြင် လာတယ်။ ကရင်တော်လှန်ရေးဟာတော် တော်ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမဲ့ တော်လှန်ရေးဖြစ်တယ်။ ဒီလိုတွေ့ရတယ်။ အဲဒီတော့ ကျွန်တော်နဲ့ဟန်တာသာမွေး ဟာကျွန်တော်တို့ သဘောတရားတွေ လေ့ လာပြီးပြီ။သဘောတရားလည်း ပေါက်လာ ပြီ၊ ဒါပေမဲ့ သိပ်ပေါက်သေးတာမဟုတ်ဘူး၊ မြင်လာရုံရှိသေးတယ်။ ဒါပေမဲ့ အခြေအနေ တောင်းဆိုတာက၊ ကျွန်တော်တို့ ရဲ့ဒီနေ့ ပြဿနာဟာ ချက်ချင်းကိုင်တွယ်ရမဲ့ပြဿ နာဖြစ်လာတယ်။ ဒီတော့ ဟန်တာသာမွေး ကပြောတယ်။ဘဇန်မင်းလုပ်ကွာ၊လမ်းစဉ် တွေဘာတွေရေးကွာ၊လုပ်ငန်းတွေဘာတွေ ရေးဆွဲ၊နောက်ပြီးအဲဒါတွေကိုစမ်းသပ်ကျင့် သုံးမယ်။ ဖြစ်ရင်ဆက်လုပ်မယ်။ မဖြစ်ရင် အခြေအနေနဲ့ မကိုက်ညီရင်လည်း မလုပ် ဘူး။ ဒီတော့ ကရင့်တော်လှန်ရေးလမ်းစဉ် တို့ လုပ်ငန်းစဉ်တို့ ချမှတ်ဘို့ကြိုးပမ်းရတော့ တယ်။ အဲဒီမှာ တော်လှန်ရေးသဘောမရား အရဆိုရင် ကျွန်တော်တို့တွေ့မြင်လာတာ က၊ ကရင်တော်လှန်ရေးဟာ သီးခြားဖြစ် ပေါ်နေတဲ့ တော်လှန်ရေးမဟုတ်။ ဗမာ ပြည်လူ့အဖွဲ့အစည်းအတွင်းမှာဖြစ်ပေါ်နေ တဲ့တော်လှန်ရေးဖြစ်တယ်။ ဒီတချက် ကျွန် တော်တို့တွေ့လာတယ်။ နောက်တချက်က လည်း ဗမာပြည်လူ့အဖွဲ့အစည်းကလည်း၊ သီးခြားဖြစ်ပေါ်နေတာမဟုတ်ဘဲနဲ့ နိုင်ငံ တကာအခြေအနေနဲ့ ဆက်စပ်ဖြစ်ပေါ်နေ တယ်။ အဲဒီတော့ နိုင်ငံတကာ အခြေအ နေကို လေ့လာရမယ်။ ဗမာပြည်လူ့ အ ဖွဲ့အစည်းဖြစ်စဉ်ကိုလေ့လာရမယ်။

အဲဒီလိုလေ့လာပြီးတဲ့နောက်မှာ ကျွန်တော်တို့ဟာ ကရင်အမျိုးသား အ ကွက် တိုက်နေတဲ့အတွက်ကြောင့် ကရင့် လူ့အဖွဲ့အစည်းဖြစ်ပေါ်လာမှုကို လေ့လာ ရမယ်။ လေ့လာကြည့်တဲ့အခါ ကျွန်တော် တို့ ကရင်တွေ ဘာကြောင့်အဖိနှိပ်ခံရတယ်၊ လာကြောင့်ကျွန်ဖြစ်ရတယ်၊ ဘာကြောင့် ဆင်း ရဲမွဲပြာကျရသလဲဆိုတာကို ကျွန် တော်တို့တွေ့လာတယ်။ဒီကရင်တွေ ဖိနှိပ် ခံရတာက ဗမာပဒေသရာဇ်တွေ ဖိလို့ဖြစ် တယ်။ ဖိရတဲ့အကြောင်းက ဘာကြောင့်လဲ ပြန်လေ့လာလိုက်တဲ့ အခါကျတော့၊ မြေရှင် ပဒေသရာဇ်စံနစ်ကြောင့်ဖြစ်တယ်။ စံနစ် ကိုကျွန်တော်တို့ လေ့လာလို့ရတယ်။ တခါ အင်္ဂလိပ်ခေတ်မှာ ကျွန်တော်တို့ဘယ်လို ဘဝမျိုးနေရသလဲ အင်္ဂလိပ်ကဗမာပြည်ကို ကိုလိုနီစံနစ်အရအုပ်စိုးတယ်။ ဝိုလိုနီစံနစ် ဆိုတာဘာလည်းဆိုတာ ကျွန်တော်တို့ ပြန် လည်လေ့လာလိုက်တဲ့အခါ နယ်ချဲ့စံနစ်က နေဖြစ်ပေါ်နေတယ်။

ဒါကြောင့်နယ်ချဲ့စံနစ်တို့၊မြေရှင် ပဒေသရာဇ်စံနစ်တို့ဟာ၊ ကရင်ကိုအဖိနှိပ် ခံဘဝ၊ ကျွန်ဘဝ၊ဆင်းရဲမွဲပြာကျတဲ့ ဘဝဖြစ် အောင်လုပ်တယ်ဆိုတာ ကျွန်တော်တို့မြင် တွေ့လာရတယ်။ နောက်အချက်က ကရင့် လူ့အဖွဲ့အစည်းဖြစ်စဉ်နဲ့ ဗမာ့လူ့အဖွဲ့အ စည်းဖြစ်စဉ်ဟာ သီးခြားဖြစ်ပေါ်နေတာ မ ဟုတ်ဘူး။ အပြန်အလှန် ဆက်စပ်ဖြစ်ပေါ် ပြီးမှီခိုနေတယ်။ အပြန်အလှန်အကျိုးပြု တယ်။ ဒါတွေကို ကျွန်တော်တို့မြင်လာ တယ်။

မြင်လာတဲ့အခါ နောက်နိုင်ငံတ ကာရဲ့ အခြေအနေကိုလေ့လာတဲ့အခါ ဒုတိ ယကမ္ဘာစစ်ကြီးအပြီးမှာ အခြေနေဘယ်လို ဖြစ်လာလဲဆိုတော့၊ နယ်ချဲ့စံနစ်ရဲ့ အင်အား စုက၊ ဆုတ်ယုတ်ပျက်ပျားလာတယ်။ ကိုလို နီစံနစ်ဟာ ချုပ်ငြိမ်းရဘို့ဖြစ်လာတယ်။ ဘာကြောင့်လည်းဆိုတော့ဒုတိယကမ္ဘာစစ် ကြီးအပြီးမှာကမ္ဘာ့အင်အားကြီး (၆)နိုင်ငံ အနက် အမေရိကန်ကလွဲရင်ကျန်တဲ့ ပြင် သစ်တို့ဗြိတိသျှတို့ ဂျာမဏီတို့ အီတလီတို့

ဟာ စစ်ဒါဏ်ကို အကြီးအကျယ်ခံရပြီး နောက်၊ သူတို့တိုင်းပြည်တွင်းမှာတောင် အလွန်ဆိုးရွားတဲ့ အခြေအနေကိုရောက်နေတယ်။ အဲဒီလိုအခြေအနေဖြစ်တယ်။

ဒုတိယ ကမ္ဘာစစ်ကြီးအပြီးမှာ ဘယ်လိုဖြစ်သလဲဆိုတော့ အရင်ကဖြစ်ပေါ်လာခဲ့တဲ့ ကိုလိုနီတိုင်းပြည်မှာရှိတဲ့ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုတွေဟာလည်း အရှိန်အဟုန်မြင့်မားလာပြီးတော့ အကြီးအကျယ် တိုက်ပွဲဖြစ်ပွါး တယ်။ နောက်တချက်ကလည်း အရင်းရှင်စံနစ်က ဖြစ်ပေါ်လာတဲ့ကမ္ဘာ့အလုပ်သမားလူတန်းစားတွေရဲ့ တိုက်ပွဲကလည်းအင်မတန်မြင့်မားလာတယ်။

ဒီတော့နယ်ချဲ့စံနစ်အင်အားဟာ ဆုတ်ယုတ်ကျဆင်းလာတယ်။နယ်ချဲ့စံနစ်ရှိနေသမျှ ကရင်ဟာဖိနှိပ်ကျွန်ပြုခံနေရတယ်။ မြေရှင်ပဒေသရာဇ်စံနစ်ရှိနေသမျှ ကရင်ဟာသွေးစုတ်အမြတ်ထုတ်ခံနေရပြီး၊ ဆင်းရဲမွဲပြာကျဖြစ်နေမယ်ဆိုတာ ကျွန်တော်တို့မြင်လာကြတယ်။ နောက်တချက်ကလည်း လက်နက်ကိုင်တိုက်ပွဲဆင်နွဲနေပြီးလက်နက်ကိုင်တိုက်ပွဲ ဘယ်လိုတိုက်မလဲ၊ ဘယ်လိုလက်နက်ကိုင်တိုက်ပွဲလဲ၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ ကျွန်တော်တို့ကရင်တွေကိုကြည့်ရင် ကရင့်တော်လှန်ရေးဟာ ရေတိုနဲ့အောင်ပွဲခံရမဲ့တော်လှန်ရေးမဟုတ်ဘူး။ရေရှည်တော်လှန်စစ်ဆင်နွဲရမယ့်တော်လှန်ရေးဖြစ်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ဟာ ရေရှည်စစ်ပွဲအတွက်ဘယ်လိုသေနင်္ဗျူဟာသုံးမလဲ၊ ဒီတော်လှန်ရေးစစ်ပွဲဟာအကြောင်းသုံးရပ်ရှိတယ်။အဆင့်သုံးဆင့်ရှိတယ်။ ပဌမအင်အားမရှိသေးတဲ့အခြေအနေမှာ၊လူထုကိုစည်းရုံးလို့ရတဲ့အခြေအနေမှာ၊ ရန်သူကိုတိုက်တဲ့နေရာမှာ ကိုယ့်အင်အားကိုထိမ်းသိမ်းပြီး ရန်သူကိုချေမှုန်းဘို့ ဒီသေနင်္ဗျူဟာကိုသုံးရမယ်။ အဲဒီလိုသုံးဘို့ ခံစစ်ရှင်စစ်ရေးကိုသုံးရမယ်။

အဲဒီ ခံစစ်ရှင်ဟာဘာလည်း သေနင်္ဗျူဟာခံစစ်၊ နည်းပရိယာယ်အရ ထိုးစစ်ဖြစ်တယ်။ ထိုးစစ်ဆင်နွဲဘို့ ကျွန်တော်တို့ဘာလုပ်ရမလဲ။ ကျယ်ပြန့်စွာလှုပ်ရှားနိုင်မဲ့ ပျောက်ကျားစစ်ကို ဆင်နွဲရမယ်။ အဲဒီပျောက်ကျားစစ်ကိုလည်း ခံစစ်ရှင်အနေနဲ့ တိုက်ရမယ်ဆိုတဲ့ သဘောတရားတွေရလာတယ်။ ကျွန်တော်တို့က ဘာပြန်သတ်မှတ်လည်းဆိုရင် ကရင့်တော်လှန်စစ်ဆိုတာ ရေရှည်တော်လှန်စစ်ဖြစ်တယ်။ လက်ရှိတော်လှန်စစ်ရဲ့ သေနင်္ဗျူဟာကဘာဖြစ်ရ မလဲဆိုတော့ ခံစစ်ရှင်စစ်ရေး သေနင်္ဗျူဟာကျင့်သုံးရမယ်။

ကျင့်သုံးရမဲ့ သေနင်္ဗျူဟာက ပြောက်ကျားစစ်ရေး၊ ခံစစ်ရှင်စစ်ရေးဆိုတာခံစစ်အတွင်းမှာ ထိုးစစ်ကိုအဆက်မပြတ် ဆင်နွဲဘို့ဖြစ်တယ်။ အဲဒီလို ကျွန်တော်တို့ သဘောပေါက်လာတယ်။ ဒါကစစ်ရေးအရမြင်လာတဲ့အမြင်ဖြစ်တယ်။ ကျွန်တော်တို့ အင်အားကလျော့သွားပြီး ရန်သူအင်အားကကြီးနေတယ်။ ရန်သူကထိုးစစ်၊ကျွန်တော်တို့ကခံစစ်၊ ဒီလိုဖြစ်နေတယ်။ အခြေအနေက အဲဒီလို ဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့ ခံစစ်ရှင်စစ်ရေးဆင်နွဲဘို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်တို့ ယုံကြည်တာက ဘုံရန်သူကိုဆန့်ကျင်နေတဲ့၊ အင်အားစုတွေ ပူးပေါင်း တိုက်ခိုက်ရမယ်ဆိုတဲ့ တော်လှန်ရေး သဘောတရားတရပ်ကို မြင်လာပြန်တယ်။

အဲဒီ အမြင်အရဖြစ်ရှိနေတဲ့ အခြေအနေကိုသုံးသပ်လိုက်ရင် ကျွန်တော်တို့ ကရင့်တော်လှန်ရေး အင်အားစုတွေဟာ ဒီနေ့အလံနီ၊ ဗ က ပ၊ ပြည်သူ့ရဲဘော်တို့နဲ့ တိုက်နေတာမမှန်ဘူး။ ဒီအဖွဲ့အစည်းတွေနဲ့ အတိုက်အခိုက်ရပ်စဲပြီးတော့ ဖြစ်နိုင်မဲ့ အခြေအနေကနေစပြီး သူတို့နဲ့ပူးတွဲပြီးတော့ နိုင်ငံရေး၊ စစ်ရေးအရ ဘုံရန်သူကို ပူးတွဲပြီး တိုက်ရမယ် ဆို တာ ကျွန်တော်တို့ မြင်လာတယ်။ နောက် တချက်က ကျွန်တော်တို့ကလည်း ဒီကျဉ်း မြောင်းတဲ့ အမျိုးသားရေးဝါဒကိုခံယူထားတယ်။ ဆိုလိုရင်းက (ဗမာဆိုရင်အသေအလဲမုန်းတယ်၊ ဘယ်ဗမာမှ မကောင်းဘူး) ဆိုပြီး ကျွန်တော်တို့က သဘောထားတယ်။ ဒီကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကို ခံယူထားတယ်။

ဒါပေမဲ့ တော်လှန်ရေးမှာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒဟာ တော်လှန် ရေးကိုအကျိုးမပြုတဲ့အပြင် တော်လှန်ရေးကိုပျက်စေတယ်။ ဒီတော့ဘယ် သဘောတရားကို ခံယူမလဲဆိုတော့ လူမျိုးစုံသွေးစည်းချစ်ကြည်ရေး သဘောတရားကို ခံယူမယ်။ ဒီလူမျိုး စုံသွေးစည်းချစ်ကြည်ရေးဆိုတာ ကကိုယ့်အမျိုးသားကိုချစ်သလို တပါးအမျိုးသားကို မေတ္တာမပျက်ရဘူး။ နောက်တချက်က လူမျိုးတိုင်းလွတ်လပ်မှု၊ တန်းတူမှုရှိရမယ်ဆိုတဲ့ အမျိုးသားရေး ဝါဒကိုခံယူရမယ်။

ဒီတော့ ကျွန်တော်တို့ ဗမာကို ဆန့်ကျင်တိုက်ခိုက်နေတာမမှန်ဘူး။ ကျွန်တော်တို့ တိုက်ခိုက်ရမှာက ဘယ်သူလဲ။ ကျွန်တော်တို့တိုက်ခိုက်နေတာ ဖ ဆ ပ လ အစိုးရ။ ဒါဗမာတွေဘဲ။ ဒါပေမယ်လို့ ဖ ဆ ပ လ အစိုးရကဘာလုပ်လည်းဆိုရင် ဗမာအလုပ်သမား လယ်သမားတွေကို တိုက်ခိုက်နေတယ်ဆိုတော့ ဒီဗမာတွေဟာ ကျွန်တော်တို့နဲ့ ဘဝတူတွေဖြစ်နေတယ်။ အဲဒီတော့ လူမျိုး စုံသွေးစည်းချစ်ကြည်ရေး ဝါဒဆိုတာ ဗမာအလုပ်သမားလယ်သမားတွေနဲ့လည်း ရင်းရင်းနှီးနှီး ပူးပေါင်းပြီးတော့၊ တိုက်ပွဲဝင်ရမယ်ဆိုတာ သိမြင်လာတယ်။ ကျွန်တော်မြင်လာတဲ့အပေါ်မှာ အခြေခံပြီး နောက်ဆုံး ကျွန်တော်တို့ဘယ်လိုနိဂုံးချုပ်လဲဆိုရင် ကရင့်တော်လှန်ရေးဟာ အမျိုးသားလွတ်မြောက်ရေး တော်လှန်ရေး ဖြစ်တယ်။ ကရင့်တော်လှန်ရေးဟာ အဖိနှိပ်ခံဘဝ လွတ်မြောက်ဘို့ တော်လှန်တာဖြစ်တော့ ကရင်တွေဖိနှိပ်ခံရတာ ဘယ်လို့ကြောင့်ဖြစ်လဲဆိုရင် နယ်ချဲ့စံနစ်၊ ပဒေသရာဇ်စံနစ် မဟာလူမျိုးကြီးဝါဒကြောင့် ဖြစ်

တယ်။ ဒီစံနစ်ကိုတိုက်ဖျက်ရမယ်။ ဒီစံနစ်တွေမရှိရင် ကရင်တွေလွတ်မြောက်ရေး ရမယ် ဆိုတာမြင်လာတယ်။

ဖ ဆ ပ လ အစိုးရကို ကျွန်တော်တခါပြန်ပြီးသုံးသပ်လိုက်တဲ့အခါ ဒီ ဖ ဆ ပ လ အစိုးရဟာ နယ်ချဲ့စံနစ်၊ မြေရှင်ပဒေသရာဇ်စံနစ်၊ မဟာလူမျိုးကြီးဝါဒကို ကိုယ်စားပြုနေတဲ့ အစိုးရဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့ တိုက်ရမှာ ကျွန်တော်တို့ရဲ့ အဓိကတိုက်ကွင်းဟာ၊ ဖ ဆ ပ လ အစိုးရဖြစ်တယ်။ ကရင်တွေ ကျွန်ပြုခံရတာက နယ်ချဲ့စံနစ်၊ မြေရှင်ပဒေသရာဇ်စံနစ်နဲ့ မဟာလူမျိုးကြီးဝါဒကြောင့်ဖြစ်တယ်။

ဒီအတွက်ကြောင့်ဒီစံနစ်တွေဟာ ကရင့်တော်လှန်ရေးရဲ့ အဓိကရန်သူဖြစ်တယ်လို့ ကျွန်တော်မြင်လာတယ်။ အဲဒီလို မြင်လာတော့ ရန်သူတွေဖြစ်တဲ့ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး လုပ်ငန်းတွေ လုပ်ရတယ်။ နောက်တခါ မဟာလူမျိုးကြီးဝါဒ ဆန့်ကျင်တဲ့ လုပ်ငန်းတွေလုပ်ရမယ်။ ဒါက ရင့်တော်လှန်ရေးဖြစ်တယ်။ အဲဒီလို အစီအစဉ်ရှိတယ်။ အဲဒီအပေါ်မှာလုပ်ငန်းတွေကို ချမှတ်ရမှာဖြစ်တယ်။

နယ်ချဲ့စံနစ်ကို ဆန့်ကျင်ဘို့ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အရတိုက်ယူရမယ်။ ဒါက ဘာလည်းဆိုရင် အချုပ်အခြာအာဏာ ပိုင်ဆိုင်တဲ့ ကရင်ပြည်ကိုထူထောင်ရမယ်။ အချုပ်အခြာအာဏာပိုင်တဲ့ကရင်ပြည်ဆိုတာ ကရင်တမျိုးသားလုံးမှ တိုင်းပြည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အခွင့်အာဏာရှိတဲ့ ကရင်ပြည်ကို အရတိုက်ယူရမယ်။ ဒါကိုကျွန်တော်တို့မြင်လာတယ်။ အရင်တုန်းက ဒီလိုမဟုတ်ဘူး၊ လုပ်ငန်းပိုင်းဆိုင်ရာမှာ ကရင်ပြည်ကို အရင်ယူရမယ်။

နောက်တချက် ကျွန်တော်တို့ပြန်ကြည့်တော့ အရင်တုန်းက ကျွန်တော်တို့ သီးခြားပြည်နယ်တောင်းထားတယ်။ ကျွန်တော်တို့ဟာဗမာပြည်ရလူ့အဖွဲ့အစည်းထဲမှာဖြစ်ပေါ်နေတဲ့ လူမျိုးတမျိုးဖြစ်တယ်။ ဗမာပြည်နဲ့ ကရင့်ဘဝဖြစ်ပေါ်မှုဟာ အပြန်အလှန်ဆက်စပ်မှီခိုနေတယ်။ ဒီတော့ ဗမာပြည်မှာဖြစ်ပေါ်နေတဲ့လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွါးရေးယဉ်ကျေးမှု၊ လူမှုရေး အပြန်အလှန် ဖြစ်ပေါ်အကျိုးပြုနေတယ်။

ဒီအတွက်ကြောင့် ကရင်သီးခြားပြည်နယ်ဆိုရင်တိုးတက်မှုမရှိဘူး။ ပါတ်ဝန်းကျင်မှာလည်းအင်အားကြီးနိုင်ငံတွေကကြီးပွါးနေတယ်။ အင်အားကလည်းမရှိဘူး။ ဒီတော့ ဘာဖြစ်ရမလဲ။ ကျွန်တော်တို့ ဗမာပြည်ကခွဲထွက်ဘို့မလွယ်ဘူး။ ခွဲထက်ခြင်းဟာ သိပ်ပြီးတော့အကျိုးမရှိဘူး။ ပူးပေါင်းနေခြင်းကတိုးတက်မှုရှိတယ်။ အဲဒါ လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှုအရဖြစ်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ဟာ ကရင်ပြည်ကိုအရယူရမယ်။ ဘယ်လိုပြည်နယ်လဲ။ အခုနက အုပ်ချုပ်ပိုင်ခွင့်၊ တရားစီရင်ပိုင်ခွင့်ရှိတဲ့၊ ကရင်ပြည်ကို ကျွန်တော်တို့ယူမယ်။ ပြီးတော့ဗမာပြည်နဲ့ပေါင်းမယ်။

ပေါင်းတယ်ဆိုတော့ ဘာဖြစ်လာလဲ။ ကျွန်တော်တို့ ဒီလိုဗမာပြည်နဲ့ ပေါင်းလိုက်ရင် ကရင်ပြည်ဟာ သီးခြားပြည်နယ် မဟုတ်ဘဲနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ဖြစ်သွားပြီ။ ဖြစ်ပြီဆိုတော့ ကျွန်တော်တို့ တခါပြန်ကြည့်တာက လူမျိုးရေး အခွင့်အရေး အာမခံချက်ရှိရမယ်။ ဒီအာမခံချက်က ဘာလဲ။ ပြည်ပေါင်းစည်းရေးမှာပြည်ထောင်စု အစိုးရမကောင်းရင် ခွဲထွက်ပိုင်ခွင့်ရှိရမယ်။ ကိုယ့်ဟာကိုယ် သီးခြားထောင်ပိုင်ခွင့်ရှိရမယ်။ ဒီတော့ကျွန်တော်တို့ ဘာလုပ်ရမလဲ။ ဆန္ဒအရပူးပေါင်းတယ်။ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတဲ့ ကရင်ပြည်တည်ဆောက်ရေး၊ နောက်ပြီးတော့ ပြည်နယ်ပေါင်းစု ပြည်ထောင်စုသမ္မတနိုင်ငံ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ကျင့်သုံးရမယ်ဆိုပြီးတော့ကျွန်တော်တို့မြင်လာတယ်။

ဒါလည်း မှန်တယ်။ တဘက်က ဆန္ဒအရပူးပေါင်းရေး၊ ခွဲထွက်လိုကခွဲထွက်ပိုင်ခွင့်ရှိရေးဆိုတဲ့ အာမခံချက်ရှိရမယ်။ ပူးပေါင်းတဲ့နေရာမှာ မျက်စိမှိတ်ပူးပေါင်းပြီးတော့၊ ကျွန်ပြုခံရတာမျိုး တော့မလိုချင်ဘူး။ တန်းတူမှုနဲ့ ဆန္ဒအရပူးပေါင်းရေးကို ကျွန်တော်တို့လိုချင်တယ်။ ကရင်အမျိုးသားရေးနဲ့ ပါတ်သက်ပြီးတော့ ဆန္ဒအရပူးပေါင်းတယ်။ ခွဲထွက်လိုကခွဲထွက်ပိုင်ခွင့်ရှိတဲ့ပြည်နယ်ပေါင်းစုပြည်ထောင်စု သမ္မတနိုင်ငံတည်ဆောက်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးရှိတဲ့ ကရင်ပြည်နယ်ဆိုတာကို လက်ခံထားတယ်။ အဲဒါတချက်တွေ့လာတယ်။

နောက် တချက်ကတော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီအုပ်ချုပ်ရေးကိုလည်းလုပ်ရမယ်။ ဒီမိုကရေစီ အုပ်ချုပ်ရေးဆိုတာက လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားပိုင်ခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းပိုင်ခွင့်၊ လူထုဆန္ဒအရ ရွေးကောက်တင်မြှောက်တဲ့ အစိုးရ ဖွဲ့စည်းရေး၊ တနည်းဆိုရရင်တော့၊ ဒီမိုကရေစီအစိုးရကိုတည်ဆောက်ရမယ်။ အဲဒီ အမျိုးသား ဒီမိုကရေစီအစိုးရ ဆိုတာဘာလဲ။ ကျွန်တော်တို့အမျိုးသား လွတ်မြောက်ရေးနဲ့ကိုက်ညီတဲ့ အလုပ်သမား၊ လယ်သမား၊ မြို့ရှင်ပေါက်စ၊ အမျိုးသားမြို့ရှင်စတဲ့၊ လူတန်းစား(၄)ရပ်ကို ကိုယ်စားပြုတဲ့အစိုးရမျိုးကျွန်တော်တို့ဖွဲ့စည်းရမယ်။

ကျွန်တော်တို့တော်လှန်ရေးဟာ အစိုးရ ဖွဲ့စည်းခြင်းအားဖြင့်၊ ဆိုရှယ်လစ်တော်လှန်ရေးလည်းမဟုတ်ဘူး။ ကျွန်ပြုတဲ့ စံနစ်လည်းမဟုတ်ဘူး။ ကျွန်တော်တို့ဟာ ဘဝဖြစ်ပေါ်တိုးတက်ရေး၊ နယ်ချဲ့ ပဒေသရာဇ်ဆန့်ကျင်ရေး အခြေခံဖြစ်တဲ့ အတွက်ကြောင့်အရင်းရှင်စံနစ်ကလည်း၊ ကျနော်တို့အတွင်းမှာရှိရဦးမယ်။ နောက်တချက်က ဆိုရှယ်လစ်သဘောမျိုးလည်း ကျွန်တော်တို့အတွင်းမှာရှိနေပြီးဒီနှစ်ခု ပေါင်းစပ်ထားတဲ့စံနစ်၊ အမျိုးသားဒီမိုကရေစီစံနစ်၊ အမျိုး

သား ဒီမိုကရေစီအစိုးရကို ကျွန်တော်တို့ တည်ဆောက်ရမယ်။

အစိုးရဟာ အခုနကပြောတဲ့ အလုပ်သမား၊ လယ်သမား၊ ခနရှင်ပေါက်စ၊ အမျိုးသားခနရှင်အကျိုးစီးပွါးကိုကိုယ်စားပြုတဲ့ အမျိုးသားအစိုးရဖြစ်ရမယ်။ ကရင့်အခြေအနေကိုကြည့်ရင်၊ ဒါအကိုက်ညီဆုံးဖြစ်တယ်။ ကရင်ထဲမှာ ကျွန်တော်တို့ပြန်ကြည့်ရင်တကယ်ကျတော့ အလုပ်သမားနဲ့ လယ်သမားဘဲရှိတယ်။ နောက်ပြီးတော့ ခနရှင်ပေါက်စဆိုတာ ခေတ်ပညာတတ်တွေဘဲ။ ကုန်သည်ပွဲစားဆိုတာ အင်မတန်နည်းတယ်။

ခနရှင် လူတန်းစား ဒီဒီလည်း ကျွန်တော်တို့ထဲမှာမရှိဘူး။ အဲဒီတော့ ကျွန်တော်တို့ အခြေအနေက အင် မတန်နိမ့်ကျနေတယ်။ စီးပွါးရေးအခြေအနေကလည်း အင်မတန်ခေတ်နောက်ကျနေတော့ အမျိုးသားဒီမိုကရေစီနဲ့အမျိုးသားဒီမိုကရေစီအစိုးရဖွဲ့စည်းဘို့ဆိုတာအသင့်တော်ဆုံး၊ ဗမာပြည် အခြေအနေပြန်ကြည့်ရင်လည်း ဒီအတိုင်းဘဲဖြစ်တယ်။ အဲဒီတော့ ဒါအမျိုးသားဒီမိုကရေစီအစိုးရတည်ဆောက်ရေးအာမခံချက်၊ နိုင်ငံရေးအရ တော်လှန်ရေးတိုက်ပွဲဝင်နေတဲ့ ကရင်အမျိုးသားတွေအတွက်၊ ဒါနိုင်ငံရေးအာမခံချက်၊ လူမျိုးရေးအာမခံချက်ကျတော့ခုနကပြောတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊တရားစီရင်ပိုင်ခွင့်အပြည့်အဝရှိတဲ့ကိုယ်ပိုင်အုပ်ချုပ်တဲ့ ကရင်ပြည်နယ်နဲ့ နောက်ပြီးတော့ ပြည်နယ်ပေါင်းစု ပြည်ထောင်စုဆန္ဒအရ၊ ကျွန်တော်တို့ ပူးပေါင်းပြီး ခွဲထွက်လိုကခွဲထွက်ပိုင်ခွင့် ရှိတဲ့ပြည်နယ်ပေါင်းစုပြည်ထောင်စုသမတနိုင်ငံတည်ဆောက်ရေး၊ ဒါကရင်အမျိုးသားတွေရဲ့ အမျိုးသားရေး အာမခံချက်။ ခုန အမျိုးသားဒီမိုကရေစီအစိုးရဆိုတာက နိုင်ငံရေးအာမခံချက်၊ ဒါနဲ့မရသေးဘူး။ နိုင်ငံရေးအရလွတ်လပ်ရမယ်။ အမျိုးသားရေးအရလွတ်လပ်ရမယ်။ စီးပွါးရေးအရပြန်ကြည့်ရင် ဒီအပိုင်းဟာ အဓိကသော့ချက်ပြဿနာဘဲ။ ကရင်တွေ ဆင်းရဲမွဲပြာကျနေတာကစီးပွါးရေးကြောင့်ဖြစ်တယ်။ စီးပွါးရေးဟာ ဘယ်လိုကြောင့်မွဲတာလဲ။ ကုန်ထုတ်လုပ်ငန်းတွေမှာဖိနှိပ်မှုနဲ့ သွေးစုတ်အမြတ်ထုတ်မှုတွေရှိနေလို့ မွဲပြာကျနေတာ။ အဲဒီဖိနှိပ်မှုနဲ့ သွေးစုတ် အမြတ်ထုတ်မှုတွေကို ဆန့်ကျင်တိုက်ပစ် ရမယ်။ နောက်ပြီးတော့တိုးတက်ရေးအတွက်ကျွန်တော်တို့က အင်မတန်ခေတ်နောက်ကျနေတဲ့ တိုင်းပြည်တပြည် ဖြစ်တယ်။ ခေတ်နောက်ကျတဲ့ လူမျိုးဖြစ်တယ်။

ခေတ်မှီတိုးတက်ဘို့ဘာလုပ်ရမလဲ။ စက်မှုလက်မှုလုပ်ငန်း၊ စက်မှုအတတ်ပညာ၊ သိပ္ပံပညာတိုးတတ်တဲ့ လူမျိုးတမျိုးဖြစ်ရမယ်။ စီးပွါးရေးနဲ့ပါတ်သက်လာရင် အဲဒီလိုကျွန်တော်တို့ကလုပ်ရမှာဖြစ်တယ်။ နောက်တချက်က ကရင်အမျိုးသားတွေကို ပြန်ကြည့်ရင်ကရင်အမျိုးသားတွေရဲ့အခြေခံစီးပွါးရေးဟာလယ်ယာဘဲ။ ကရင်တွေခံနေရတဲ့ ဒီလယ်ယာစံနစ်က ဘယ်လိုဖြစ်နေလဲဆိုတော့၊ မြေရှင်ပဒေသရာဇ်တွေရဲ့ ကြီးဆိုးမှုကိုခံနေရပြီးသွေးစုတ်မှုကိုခံနေရတယ် ဒီဖိနှိပ်ခံနေရတဲ့၊ အမြတ်ထုတ်ခံနေရတဲ့ အတွက်ကြောင့် ကရင်ဟာတိုးတက်မှုကို မရနိုင်ဘူး။မရနိုင်တဲ့အတွက်ကြောင့်ကျွန်တော်တို့ဘာလုပ်ရမလဲ။ မြေရှင်ပဒေသရာဇ်စံနစ်ကိုတိုက်ဖျက်ပစ်ရမယ်။

လယ်ယာမြေလုပ်ငန်းမှာ မြေရှင်ပဒေသရာဇ်စံနစ်ကို တိုက်ဖျက်ပြီး တော့ လယ်လုပ်သူတိုင်းလယ်ပိုင်ရေး မိမိခွန်အားရှိသလိုထုတ်လုပ်မှုနှင့် အခွင့်အရေးခံစားမှုရှိရမယ်။ နောက်ပြီးတော့ တောင်သူလယ်သမားဘဝတိုးတက်ရေးနဲ့ လယ်ယာလုပ်ငန်းတိုးတက်ရေးကို ဆောင်ရွက်ပေးရမယ် အဲဒါ ဆိုရင်ကိုက်ညီတယ်။ ကရင်တွေကိုယ့်ဟာကိုယ်စိုက်ပျိုးနိုင်မယ်။ ကိုယ်လုပ်သလိုအခွင့်အရေးရမယ်ဆိုရင်စီးပွါးရေးအရ တိုးတက်ဖြစ်ပေါ်လာပြီး ဘဝသာယာလာမယ်။

ဒီတော့ ကျနော်တို့ ကရင့် တော်လှန်ရေးမှာ၊ စီးပွါးရေးနဲ့ ပါတ်သက်လာရင် မြေယာပြုပြင်ရေးလုပ်ငန်း၊ မြေယာတော်လှန်ရေးလုပ်ငန်းကို ကျွန်တော်တို့လုပ်ရမှာဖြစ်တယ်။ အဲဒီမြေယာ တော်လှန်ရေး က တောလယ်လုပ်သူလယ်ပိုင်ရေး၊ ကရင်တွေမှာလယ်မရှိတော့ဘူး။ မြေရှင်ပဒေသရာဇ်တွေက သိမ်းယူထားတဲ့အတွက်ကြောင့် ကရင်တွေဟာ ဆင်းရဲမွဲပြာကျနေတာ ဖြစ်တယ်။

ဥပမာဆိုရင် လယ်လုပ်သူ ကရင် ရာခိုင်နှုန်းတရာမှာ ၇၅ ရာခိုင်နှုန်းဟာ မြေယာမဲ့လယ်သမားတွေ ဖြစ်နေတယ်။ အဲဒီတော့ ကရင်တွေဘယ်လို တိုးတက်နိုင်မလဲ။ ကရင်တွေဟာ မြေယာပိုင်ဆိုင်မှုနဲ့ မိမိတို့ခွန်အားရှိသလို ထုတ်လုပ်ပိုင်ခွင့်ရှိရမယ်။ အဲဒီ မြေယာစံနစ်ကို ပြုပြင်တာနဲ့ တချိန်တည်းမှာ ကျွန်တော်တို့က စက်မှုလုပ်ငန်း တိုးတက်ဖြစ်ပေါ်လာအောင် တစတစလုပ်ရမယ်။ ထူထောင်ရမယ်။

အမျိုးသား စက်မှုလုပ်ငန်း တစတစဖြစ်ပေါ်လာအောင်လုပ်ရမယ်။ အဲဒီလို တိုးတက်ဖြစ်ပေါ်လာအောင်လုပ်ဘို့ ကျွန်တော်တို့မှာ ဘာအတတ်ပညာမှလည်း မတတ်သေးဘူး။ ငွေအရင်းအနှီးလည်း မရှိသေးဘူး။ ကျွန်တော်တို့က တိုးတက်တဲ့ နိုင်ငံတွေနဲ့ ကျွန်တော်တို့ဆက်ဆံရမယ်။ အဲဒီမှာ အပြန်အလှန်တန်းတူရေးဖြစ်တဲ့ အပြန်အလှန် အကျိုးပြုရေးအပေါ်မှာ အခြေခံပြီးတော့ အဲဒီတိုင်းပြည်တွေနဲ့ ဆက်ဆံမယ်။ ပြီးတော့ အတတ်ပညာယူရမယ်။ သူတို့ဆီက ငွေအရင်းအနှီးယူရမယ်။

ကျွန်တော်တို့ ကတော့ သူတို့လိုအပ်တဲ့ ကုန်ကြမ်း တွေထုတ်ပေးရမယ်။ နောက် စက်မှုလုပ်ငန်းတည်ထောင်ပြီး ကုန်ကြမ်းပစ္စည်းတွေ ထုတ်လုပ်ရမယ်။ စီးပွါးရေးလုပ်ငန်းမှာ ကျွန်တော် အဲဒီလိုလုပ်မှ ဖြစ်မယ်လို့မြင်တယ်။ နောက်ပြီးတော့လဲ

ကရင်တွေက ဘာသာရေးအယူအဆလည်း ရှိတယ်။ တဖက်က ကွန်မြူနစ်ဝါဒဆိုတာ ကြီးထွားလာတာနဲ့ ဘာသာမရှိဘူးဆိုတော့ ကရင်တွေကသိပ်မကြိုက်ဘူး။ ဒီတော့ အာမခံချက်ရှိရမယ်။ ဖ ဆ ပ လ ကလည်း ဘာသာရေးကို ခုတုံးလုပ်တယ်။ ဉပမာဆိုရရင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်ပြီး အခြား ခရစ်ယာန်နဲ့ မူဆလင်တို့ကို ဖိနှိပ်တယ်။ အဲဒီတော့မဖြစ်ဘူး။ ဘာသာရေးအရ လွတ်လပ်ခွင့်ရှိရမယ်။ ဘာသာတိုင်းလွတ်လပ်ရမယ်။

လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်ရှိရမယ်။ ကိုးကွယ်ပိုင်ခွင့်ရှိရမယ်။ နောက်တချက်က ကျွန်တော်တို့မှာ ကရင်အမျိုးသားဘဝတည်တံ့ရေးနှင့် ဘဝတိုးတက်ဖြစ်ပေါ်ရေးကိုလုပ်ဘို့ဟာ ကရင်အမျိုးသား လုံခြုံရေး ရှိရမယ်။ ကရင့် လက်နက်ကိုင်တပ်ဖွဲ့ရှိရမယ်။ လက်နက်ကိုင်တပ်ဖွဲ့ဘာကြောင့်ရှိရမလဲဆိုရင်၊ အမျိုးသားအကျိုးကို ကိုယ်စားပြုတဲ့ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်ရမယ်။ အဲဒါကို ကျွန်တော်မြင်လာတယ်။

နောက် နိုင်ငံခြားဆက်ဆံရေးနဲ့ ပါတ်သက်ပြီးဘာဖြစ်လာလဲဆိုတော့ ဘက်မလိုက်၊ ကြားနေတို့ဆိုတာ ဖြစ်လာတယ်။ အင်အားကြီး နိုင်ငံတွေရဲ့ ကြီးဆိုးဗိုလ်ကျရေးကို ဆန့်ကျင်မှာဖြစ်တဲ့ အတွက်ကြောင့် နောက်ဆုံး နိုင်ငံခြားရေးနဲ့ ပါတ်သက်ပြီး ကိုယ့်တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာပိုင်မှုကို ထိန်းသိမ်းပြီး၊ စံနစ်ခြင်းမတူတဲ့နိုင်ငံများ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး နိုင်ငံခြားရေးဝါဒကို ကျင့်သုံးရမယ်။ အဲဒီလို ကျွန်တော်မြင်လာတယ်။

အဲဒီ လိုမြင်လာတော့ ဟန်တာသာမွေးက ကျွန်တော့်ကို ရေးဆွဲဘို့တာဝန်ပေးတယ်။ ကျွန်တော်က အဲဒီအတွေး အခေါ်၊ ခံယူချက်တွေနဲ့ ကရင့်တော်လှန်ရေးက ကျင့်သုံးရမဲ့စံနစ် အမျိုးသား ဒီမိုကရေစီစံနစ်ဖြစ်တယ်။ အတွေးအခေါ်မှာ (ဖိနှိပ်မှု၊ သွေးစုတ်မှုကို ပြတ်ပြတ်သားသားဆန့်ကျင်တဲ့အတွေးအခေါ်) ရှိရမယ်။

တကယ်ကျတော့ ကျွန်တော့် အတွေးအခေါ်ဟာ မက်ခ်(စ်)၊ လီနင်၊ မော်စီတုန်း တို့ရဲ့သဘောတရားက နေဖြစ်ပေါ်လာတဲ့၊ အတွေးအခေါ်ဖြစ်တယ်။ ကျွန်တော်ဒီသဘောတရားတွေကို အကုန်လက်မခံဘူး။ ကရင့်တော်လှန်ရေးနှင့် ကိုက်ညီတဲ့သဘောတရားတွေကို လက်ခံတယ်။ မကိုက်ညီတာတွေကိုတော့ လက်မခံဘူး။ ကျွန်တော်တို့အတွက် မကိုက်ညီတာနဲ့၊ ကျွန်တော်တို့လက်မခံဘူး။ ဘာလဲဆိုရင် မက်ခ်(စ်)ဝါဒမှာ ရေသောက်မြစ်သုံးသွယ် ရှိတယ်။

အဲဒီရေသောက်မြစ် သုံးသွယ်ထဲမှာအဘိဓမ္မာရေးရာဝါဒ၊ အနုပတိလောမရုပ်ဝါဒတို့၊ ရာဇဝင်ရေးရုပ်ဝါဒတို့ဆိုတာ တော်လှန်ရေးအတွက် အတော်တန်ဘိုးရှိတယ်။တော်လှန်ရေးအတွက်ဘယ်လိုတိုက်ရမလဲဆိုတဲ့ နည်းတွေရလာတယ်။ ဒါပေမဲ့ အဘိဓမ္မာခန်းမှာ မက်ခ်(စ်)ဝါဒကတော့ ဘုရားမရှိဘူး။ ဖန်ဆင်းတာမရှိဘူး။ အဲဒီလိုဆိုတော့ ကျွန်တော်လက်မခံဘူး။ ကျွန်တော်ကိုယ်တိုင်က ဘုရားကိုယုံကြည်တယ်။

ဒါက အတိအကျဘဲ၊ နောက်တချက်က ကျွန်တော်ကိုယ်တိုင်ယုံကြည်သလို ကျွန်တော်တို့ ကရင် အမျိုးသား တွေကလည်း ဘာသာရေး အထူးယုံကြည်တယ်။ ဘုရားမရှိဘူးဆိုတာ အတိအကျပြောလို့ မရဘူး။ တနေ့မှာတော့ ဘုရားရှိတယ် မရှိဘူးဆိုတာ အဖြေထွက်လာမယ်။ တကယ်လို့ကမ္ဘာကြီးက သိပ်ပြီးတော့တိုးတက် ဖြစ်ပေါ်လာရင် ကျွန်တော်တို့ ဘုရားရှိလား၊ မရှိလားဆိုတာသိလာရမယ်။ ကျွန်တော့် အတွေးအခေါ်ရှိတယ်။ ဒါက မက်ခ်(စ်)ဝါဒမှာ ရုပ်ဝါဒအဘိဓမ္မာကိုတော့ကျွန်တော်လက်မခံဘူး။ အနုပတိလောမရုပ်ဝါဒကို လက်ခံတယ်။

လူ့ဘဝဖြစ်စဉ်နဲ့ အနုပတိလောမရုပ်ဝါဒကတော့ အင်မတန်ကောင်းတယ်။ ဒါက မှန်ကန်တဲ့သမိုင်းရေးဖြစ်တယ်။ ကမ္ဘာ့လူ့ အဖွဲ့အစည်းဖြစ်ပေါ်မှု၊ အဲဒါကိုကျွန်တော် တို့လက်ခံတယ်။ ကျွန်တော်တို့ချမှတ်တာ၊ ကျွန်တော်တို့စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဖြစ်ပေါ်ချက်တွေကတော့၊ အတော်လက်ဝဲဝါဒကျတယ်။

ကွန်မြူနစ် သဘောတရားက ရရှိလာတဲ့ အတွေးအခေါ်လုပ်ငန်းတွေ၊ ခံယူချက်တွေဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်ခုနကပြောသလို၊ ဒီရုပ်ဝါဒ ဘိဓမ္မာကိုတော့ လက်မခံဘူး။ ကျွန်တော် အဲဒါကို ရေးဆွဲတယ်။ ခုနကပြောသလို ကျွန်တော်တို့ နယ်ချဲ့ ပဒေသရာဇ်စံနစ်၊ မဟာလူမျိုးကြီး ဝါဒကိုဆန့်ကျင်ရမယ်။ ဖ ဆ ပ လ အစိုးရက အဲ့ဒီနယ်ချဲ့ စံနစ်၊ ပဒေသရာဇ်စံနစ် မဟာလူမျိုးကြီးဝါဒကို ကိုယ်စားပြုတဲ့အစိုးရဖြစ်တယ်။ဒါအပြတ်တိုက်ဖျက်ရမယ်။

နောက်ပြီးတော့ အမျိုးသားဒီမိုကရေစီ အစိုးရတည်ဆောက်ရမယ်။ ဒါမှ နိုင်ငံရေးအရ ကရင်တွေလွတ်လပ်ရေး ရမယ်။ ပြီးတော့ ကရင်ပြည်ဆိုတဲ့ သီးခြားပြည်နယ်ဆိုတာကတော့ အခုလက်ရှိအခြေအနေမှာမကိုက်ညီဘူး။ ကရင့်လူ့အဖွဲ့အစည်းကလည်း၊ ဗမာပြည်လူ့အဖွဲ့အစည်း အတွင်းမှာဖြစ်ပေါ်နေပြီးအပြန်အလှန်အကျိုးပြုဖြစ်ပေါ်နေတဲ့ အတွက်ကြောင့် အဲဒါကို ကျွန်တော်တို့ ဗမာပြည်နဲ့ ပေါင်းစည်းဖွဲ့စည်းတဲ့ပြည်ဖြစ်ရမယ်။ အဲ့ဒီလိုပေါင်းစည်းရင်လည်း ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်ရမယ်။

ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုတာ ဗမာပြည်နဲ့ ပေါင်းရင် ဖ ဆ ပ လ ဖွဲ့တဲ့ ပြည်နယ်မျိုးမဟုတ်ဘဲနဲ့ ပြည်နယ်ပေါင်းစု ပြည်ထောင်စု ဆန္ဒအရပူးပေါင်းတယ်။ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတဲ့ ပြည်ထောင်စု ဖွဲ့စည်းရေးကိုယ်ပိုင် အုပ်ချုပ်ရေးပြည်လို့ ခံယူတယ်။ ခုနကျွန်တော့် ဦးနှောက်ထဲပေါ်လာတာတွေကို ရေးချတယ်။ ရေးချလိုက်တော့ ဘာတွေလည်းဆိုရင်၊ ကျင့်သုံးရမဲ့စံနစ်က အမျိုးသားဒီမိုကရေစီစံနစ်၊ ဆန့်

ကျင့်ရမှာက နယ်ချဲ့စံနစ်၊ ပဒေသရာဇ်စံနစ်၊ မဟာလူမျိုးကြီးဝါဒကိုဆန့်ကျင်ရမယ်။

စီးပွါးရေးနဲ့ နိုင်ငံရေးအရဆိုရင်ခုန ကျွန်တော်ပြောသလို အမျိုးသားဒီမိုကရေစီအစိုးရ ဖွဲ့စည်းရေး နောက်ပြည်ထောင်စုဖွဲ့စည်းရေးဖြစ်တယ်။ လူမျိုးရေးနဲ့ပါတ်သက်လို့ အတွေးအခေါ် ဖြစ်ပေါ်လာတာတွေကိုရေးဆွဲချမှတ်ပြီးကျင့်သုံးရမယ့်စံနစ်၊ လမ်းစဉ်လုပ်ငန်းစဉ် ဒါတွေကိုရေးတယ်။ ဒါတွေကို ဘယ်လိုလုပ်အကောင်အထည်ဖေါ်မလဲ။ ဒါက ပြဿနာဖြစ်လာတယ်။

ဒါကို ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲဆိုရင်ခုနက သဘောတရားရေးတွေအရဆိုရင် နိုင်ငံရေးရှေ့ဆောင်ပါတီတရပ်ရှိရမယ်။ နောက်ပြီးတော့ ကျွန်တော်တို့ စည်းရုံးထားတဲ့ လူထုတွေတရပ်လုံးကို ကျယ်ပြန့်စွာစည်းရုံးထားးတဲ့ အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု ရှိရမယ်။ နောက်တချက်က.ဒီတော်လှန်ရေးကို အကာအကွယ်ပြုမဲ့ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရှိရမယ်။

ပါတီ၊ တပ်ပေါင်းစု၊ တပ်မတော်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ရမယ်ဆိုတာဖြစ်တယ်။ ဆိုလိုတာက ကျွန်တော်တို့ ခုန လိုစံနစ်တို့ လမ်းစဉ်တို့ လုပ်ငန်းစဉ်တို့ ချပြီးတော့ဒီဟာတွေ အကောင်အထည်ဖေါ်ရေးအတွက် ခုနကပါတီဖွဲ့ဘို့ တပ်ပေါင်းစုဖွဲ့ဘို့၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖွဲ့ဘို့ ဆိုပြီးတော့ရေးဆွဲချမှတ်တယ်။ အဲဒါချမှတ်ပြီး တော့ ဟန်တာသာမွေးကို ကျွန်တော် ပြောတယ်။ ဒီလိုလုပ်မယ်။ ဒါပေမဲ့တခုတော့ရှိတယ်။ အင်မတန်ကြီးကျယ်တဲ့ လုပ်ငန်းဖြစ်တယ်။

ကျွန်တော်ဒါကိုလုပ်နိုင်ပါ့မလား၊ စဉ်းစားရမှာဘဲ။ ကျွန်တော်တို့ကရင့်တော်လှန်ရေးကလည်း၊ နိုင်ငံရေးအရနယ်တယ် တော်လှန်ရေး အတွေ့အကြုံက လည်းနည်းတယ်။ အယူသီးမှုတွေကလည်းရှိတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ကဗမာမုန်းတီးရေး၊ လမ်းစဉ်မှာ ပြထားတာက လူမျိုးစုံသွေးစည်းချစ်ကြည်ရေး၊ အဲဒီတော့ တော်တော်ကိုဝွကျတယ်။ လမ်းစဉ်ချမှတ်တာ ဘယ်ကရတဲ့အတွေးအခေါ်သဘောတရားလည်းဆိုရင်မက္ကစ်(စ်)ဝါဒ၊လီနင်ဝါဒ ၊မော်စီတုန်း သဘောတရားအရရရှိလာတဲ့သဘောတရား၊ လမ်းစဉ်နဲ့ လုပ်ငန်းစဉ်တို့ဖြစ်တယ်။ ဒါဆိုသူများကကွန်မြူနစ်လို့ပြောမယ်။

ကွန်မြူနစ် လုပ်ငန်းတွေဆိုတော့ ကရင်လည်း ကွန်မြူနစ်ကို သိပ်ကြောက်တယ်။ ကွန်မြူနစ်ဆိုရင် ဘုရားမရှိ ဘူးဆိုပြီးတော့လန့်ဖြန့်တယ်။ အဲဒီမှာကျွန်တော် တို့ အကြပ်အတည်းတွေ့ရတယ်။ ဗမာနဲ့ ကျွန်တော်တို့က ခင်ခင်မင်မင်ဆက်ဆံရမယ်ဆိုတာကလည်း တော်တော့ကိုလုပ်ရဦးမယ်။ ကျွန်တော်တို့ ကရင် အမျိုးသားတွေကလည်း ကျဉ်းမြောင်းတဲ့ အမျိုးသားရေး စိတ်ဓါတ်ရှိနေတယ်။ လုပ်ငန်းအတွက်အများကြီးအခက်အခဲရှိတယ်။

ဒါပေမဲ့လို့တခုရှိတယ်။ ဒါလိုမှ မဟုတ်ရင်လည်း ကျွန်တော်တို့ ကရင် အမျိုးသားလွတ်မြောက်ရေး မရနိုင်ဘူး။ ဒီဟာက သိပ္ပံနည်းကျတဲ့ လမ်းစဉ်တွေ ချမှတ်ထားတာဖြစ်တယ်။ သေချာတွေးခေါ် လေ့လာပြီးချမှတ်ထားတာဖြစ်တယ်။ အဲဒီတော့ လုပ်ရမှာဘဲ။အကြပ်အတည်းတော့ရင်ဆိုင်ရမှာဘဲ။

ဒါပေမဲ့ ဒီနေ့ကျွန်တော်တို့မလုပ်ရင် နောက်သူများလုပ်လာလိမ့်မယ်။ ဒီတော့ ဒါလုပ်ရမယ်။

ဟန်တာသာမွေးကကဲစမ်းကြည့်ပေ့ါ၊ မဖြစ်ရင်လည်း မဖြစ်ဘူး၊ ဖြစ်ရင်လည်း ဖြစ်သလိုဆက်လုပ်မယ်။ ဒီလိုဆိုရင်ကောင်းပြီဆိုပြီးတော့၊ ဒုတိယလမ်းစဉ်လို့နာမည်ပေးလိုက်တယ်။

ကရင့်တော်လှန်ရေးလမ်းစဉ်(ဒုတိယလမ်းစဉ်) လို့အမည်ပေးလိုက်တယ်။ ၁၉၄၉ ခုနှစ်က လက်နက်ကိုင်တော်လှန်ရေးစတော့ (ကရင်ပြည်ရရှိရေးနဲ့ ကရင်အမျိုးသားလွတ်မြောက်ရေး) လောက်သာ သိခဲ့ကြတယ်။ လမ်းစဉ်လုပ်ငန်းစဉ်တွေ တိတိကျကျချမှတ်ထားခြင်းမရှိခဲ့ဘူး။

နိုင်ငံရေးနဲ့စစ်ရေးအရ ဘယ်လိုတိုက် မလဲ၊ နိုင်ငံတကာထောက်ခံအားပေးမှုဘယ်လိုယူမလဲ။ ဘုံရန်သူကိုဆန့်ကျင်ဘို့ဘာတွေလုပ်မလဲ။ တော်လှန်ရေးတရပ်ရဲ ရန်သူ၊ မိတ်ဆွေစတာတွေ မရှိခဲ့လို့ အစီအစဉ်ရှိရှိ မတိုက်ခဲ့ကြလို့ အောင်ပွဲတွေလက်လွတ်ဆုံးရှုံးခဲ့ကြတယ်။

ဤသမိုင်းစာကို အမိအရဆုပ်ကိုင်ပြီး ကရင်ပြည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

## အပိုင်း(၄)

## ဦးထွန်းကြီး ဝန်ဘာမန်နှင့် တွေ့ဆုံဆွေးနွေးခဲ့

အမျိုးသားဒီမိုကရေစီတော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲ ဆင်နွဲလျက်ရှိသော၊ ကျွန်တော်တို့သည် ဖေါက်ပြန်သောအုပ်စိုးသူအတန်းအစားများနှင့်သုံးကြိမ်တိုင်တိုင်စားပွဲဝိုင်းတိုက်ပွဲ၊တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခဲ့ဘူးသည်။ ပဌမဆုံးအကြိမ်ဦးနုခေါင်းဆောင်သော ဖ ဆ ပ လ နှင့် ၁၉၄၉ ခုနှစ်ဧပြီလ(၆)ရက်နေ့တွင်တကြိမ်၊၁၉၆၀ ခုနှစ်၊ဖေဖေါ်ဝါရီလတွင် ဗိုလ်နေဝင်းခေါင်းဆောင်သည့်အိမ်စောင့်အစိုးရနှင့် ဒုတိယအကြိမ်၊ ထို့နောက်၁၉၆၃ခုနှစ် ၊ဇူလိုင်လ (၅) ရက်နေ့တွင် ဗိုလ်နေဝင်းခေါင်းဆောင်သော မ ဆ လ စစ်အာဏာရှင်အစိုးရနှင့်တကြိမ် ဆွေးနွေးပွဲများသို့တက်ရောက်ကြပါသည်။

ဤသို့တွေ့ဆုံဆွေးနွေးခြင်းသည် အကြောင်းမဲ့ မဟုတ်ပေ။ရေရှည်စစ်ဆင်

နွဲခြင်းဖြင့် အကျိုးရှိသည့်နိုင်ငံဟူ၍ မရှိခဲ့ဘူးသေးပေ။ စစ်၏ဆိုးရွားသော အန္တရာယ်များကို သေသေချာချာသိရှိသူသာလျှင်၊ စစ်ကို အကျိုးရှိ စွာ ဆက်လက်တိုက်ခိုက်သည့်နည်းကို သေသေချာချာသိနိုင်၏။ မတိုက်ခိုက်ရဘဲ ရန်သူ၏ ခုခံမှုကို ရိုက်ချိုးနိုင်ခြင်းသည် ၊အကောင်းဆုံးဖြစ်၏။ စစ်ဆိုသည်မှာ ၊အနုနည်းဖြင့် ဆောင်ရွက်ရန် မရသောကြောင့် အခြားနည်းကိုသုံးရသော နိုင်ငံရေးဖြစ်သည်ဟု စစ်အတတ်ပညာ စာအုပ်များဖြစ်သော၊

- Roots of Strategy
- The way to win war (သို့မဟုတ်)
- Strategy -An Indirect Approch (သို့မဟုတ်)
- Decisive war of History

စစ်ပညာစာအုပ်များမှ

- သေနင်္ဂဗျူဟာနှင့် ဗျူဟာစကွမျိုးစသည့် ဆွန်ဇူး၊ကကော့ဇ်ဇ်၊B.Liddle Hard လက်ဝဲသုန္ဒရအမတ်ကြီး စသည့် စစ်ပညာပါရဂူများမှ ပညာပေးရှေ့ဆောင်ထားသည့်အတိုင်းလိုအပ်သလိုတိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသား ဒီမိုကရေစီ ရေး အတွက် စစ်အာဏာရှင်များနှင့် ဖြစ်ပွါးသော ပဋိပက္ခမှာ လက်နက်ကိုင်တိုက်ပွဲမှတပါး ၊အခြားရွေးချယ်စရာလမ်း မရှိတော့သဖြင့် ဆင်နွှဲနေရခြင်းဖြစ်သည်။ တကြိုးသတ်မဟုတ်သော (သားသက်လွတ် စားသည့်ကျား သတ္တဝါဟူ၍ တကောင်မျှမရှိ) သို့သော် တခုသော တိုက်ပွဲပုံစံအရတွေ့ဆုံဆွေးနွေးသင့်သည့် တိုက်ပွဲမျိုး၌ တွေ့ဆုံဆွေးနွေးရမည်ဖြစ်သည်။

လက်နက်ကိုင်တိုက်ပွဲကာလတလျှောက်လုံး တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့သော ဉက္ကဋ္ဌကြီးမန်းဘဇန်ကိုယ်တိုင် အသံသွင်းယူထားသည့် တိတ်ခွေမှ (ရသ) မပျက်စေခြင်းအလို့ငှာ မူရင်းအတိုင်းဖေါ်ပြအပ်ပါသည်။

အင်းစိန်တိုက်ပွဲ(၁၁၁)ရက် အတွင်း တိုက်ပွဲပြင်းထန်နေတဲ့အချိန်မှာနိုင်ငံရေးပြဿနာတခုဖြစ်လာတယ်။ ဖြစ်လာရတဲ့ အကြောင်းကတော့ကရင်ကိုတိုက်ဘို့ ကွန်မြူနစ်တွေနဲ့စေ့စပ်ရာမှာ စေ့စပ်ပွဲပျက်သွားတော့၊ ကျွန်တော်တို့ကရင်ဘက်ကို လှည့်လာတယ်။ လှည့်ပုံလှည့်နည်းက–

ကရင်တွေကိုစည်းရုံးပေးဘို့ရန်ကုန်မှာရှိနေတဲ့ အင်္ဂလိပ်သံအမတ်ကြီး Mr.Boker (မစ္စတာဘိုကာ)၊ အိန္ဒိယသံအမတ်ကြီး Dr .Rauf (ဒေါက်တာရဝ်ဖ်)၊ ပါကစ္စတန်သံအမတ်ကြီး Mr.M. D.Ali (မစ္စတာအာလီ)၊ တို့အပြင် ခရစ်ယာန် အင်္ဂလီကန်ဂိုဏ်းချုပ်ကြီး၊ Bishop West (ဘိရှော့ဝက်စ်)၊ဆာစံစီဖိုးသမီးမစ္စဘမောင်ချိန်တို့ကိုချဉ်းကပ်ပြီးကျွန်တော်တို့နဲ့ လာကမ်းလှမ်းတယ်။ ဉက္ကဋ္ဌကြီးစောဘဦးကြီးဆီ ဦးနုက စာရေးတယ်။ စာပါအကြောင်းအရာကတော့–

ခင်ဗျားတို့နဲ့ ကျွန်တော်တို့နဲ့ တိုက်နေကြတာမကောင်းပါဘူး။ တိုင်းပြည်လည်းမီးလောင်ကုန်ပြီ၊ ကရင်ရော ဗမာလူထုပါ သေကြေကြတဲ့အတွက် ပြဿနာတွေကို ကျွန်တော်တို့တွေ့ဆုံဆွေးနွေးမယ်။ ဖြေရှင်းမယ်ဆိုပြီးတော့ ကမ်းလှမ်းလိုက်တယ်။

စောဘဦးကြီးကဒါကိုလက်ခံပြီး ၁၉၄၉ခုနှစ်၊ဧပြီလ(၆)ရက်နေ့မှာသွားတွေ့တယ်။ဒီအချိန်မှာ ကျွန်တော်တို့မှာအားနည်း ချက်ရှိတယ်။ဒီအားနည်းချက်က –တွေ့ဆုံဆွေးနွေးရေးအတွက်ပြင်ဆင်မှုမရှိဘူး၊

ဘာတွေတောင်းဆိုမယ်၊ဘာတွေလုပ်မယ်၊

ဘာတွေစီစဉ်မယ်ဆိုတာမရှိဘူး၊ ဉက္ကဋ္ဌကြီးစောဘဦးကြီးကို လွှတ်လိုက်တယ်။ ဉက္ကဋ္ဌကြီးနဲ့အတူ မန်းဂျိမ်းစ်ထွန်းအောင်၊စောဘဲလေနဲ့ဘိရှော့ဝက်စ်လဲ ပါတယ်။

တွေ့ဆုံဆွေးနွေးရာမှာ ဖ ဆ ပ လ အစိုးရဘက်မှ ကျင်လည်စွာ နည်းပရိယာယ်များ ကျင့်သုံးနိုင်ခြင်းကြောင့်လည်းကောင်း၊ ဗြိတိသျှ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘိရှော့ဝက်စ်၊ ဆာစံစီဖိုးသမီး မစ္စကလာရာဘဲင်ဘမောင်ချိန်တို့ရဲ့ ဆွဲဆောင် ဖိအားပေးမှုကြောင့်၎င်း၊ တွေ့ဆုံစေ့စပ်ရေးမှာ လက်နက်ချရေးသို့ ရောက်ရှိသွားတယ်။ K.N.U.ဉက္ကဋ္ဌကြီး စောဘဦးကြီး အား ဖ ဆ ပ လ ဘက်မှတင်ပြလာတဲ့ လက်နက်ချရေးအစီအစဉ်ကို သဘောတူလက်မှတ်ရေးထိုးလိုက်တယ်။ဒီအစီအစဉ်မှာအင်းစိန်ရှိ K.N.D.O. တပ်များရှိ လက်နက်ကြီးများကိုပေးအပ်ရန်၊ လက်နက်ချပြီးနောက် စောဘဦးပြည်နယ်စုံစမ်းရေး ကော်မရှင်တွင် ကရင်ပြည်အရေးကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်တယ်။ လက်နက်ချပွဲကို ဧပြီလ(၈)ရက်၊ သမိုင်းဦးသော့ ပုဂံစတ်တွင်ပြုလုပ်ရန်ဖြစ်တယ်ဟုဖေါ်ပြသည်။

ပြန်ရောက်တော့အင်းစိန်မှာရှိတဲ့ ကျွန်တော်တို့ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းက ခေါင်းဆောင်တွေကိုခေါ်ပြီး ဆွေးနွေးတယ်။ ဒီစာဟာ လက်နက်ချတဲ့ သဘောမျိုးဖြစ်နေတယ်။ဒီတော့ကျွန်တော်တို့ လက်မခံနိုင်ဘူး။ လက်မခံနိုင်တော့ ပြဿနာပေါ်နေပြီ။ ဒီတော့ဘယ်လိုလုပ်မလဲ။ဒါကိုဖျက်ရမယ်။ မဖျက်ရင်ကျွန်တော်တို့မှာတာဝန်သိပ်ကြီးနေတယ်။

ဉက္ကဋ္ဌကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားတော့၊ လုပ်ရမှာဖြစ်တယ်။ ဒီတော့ မလုပ်နိုင်အောင်ဖျက်ရမယ်။ စဉ်းစားကြတယ်။ ဉက္ကဋ္ဌကြီးက အကြံပေးတယ်။ ငါကK.N.U.ဉက္ကဋ္ဌအနေနဲ့ လက်မှတ်ထိုးလိုက်ပြီ၊ ဒါပေမဲ့ မတရားအသင်းကြေငြာထားတာက K.N.D.O.လက်နက်ကိုင်တိုက်နေတာက K.N.D.O.

ဒီတော့ K.N.D.O.အနေနဲ့ဆွေးနွေးပေါ့။

ဘဇန်က K.N.D.O.ကိုတာဝန်ယူထားတော့ဘဇန်သွားဆွေးနွေးပေါ့လို့ ဥက္ကဋ္ဌကြီးစောဘဦးကြီးကအကြံပေးတယ်။ ဒီအစည်းအဝေးကနေ ကျွန်တော့်ကို လွှတ်တယ်။ကျွန်တော့ကိုလွှတ်တော့၊ ဒါကိုပျက်အောင်ဖျက်ရတယ်။ ဒါကိုလက်မခံနိုင်ဘူး။ ဒါဟာလက်နက်ချရေး။ ဒါနဲ့ ကျွန်တော် နောက်တနေ့ ၁၉၄၉ခုနှစ် မေလ(၅)ရက်နေ့မှာ လိုက်သွားတယ်။

နှစ်ဘက်ဆွေးနွေးရန်စီစဉ်သည်။ မဆွေးနွေးမီ ဆာဘဦးအိမ်တွင် ၎င်းနှင့်ဦးစွာတွေ့ဆုံပေးသည်။ ဆာဘဦးနှင့် တွေ့ဆုံရာတွင် ကျွန်တော်မှ ဆာဘဦးအား အန်ကယ်လ်ခင်ဗျား ကျွန်တော်တို့ခေါင်းဆောင်တွေ လာရောက်ဆွေးနွေးခြင်းဟာ လက်နက်ချဘို့မဟုတ်ဘူး။နှစ်ဦးနှစ်ဘက် အချင်းဖြစ်ပွါးနေတဲ့ ပဋိပက္ခကို ပြေလည်အောင် ဖြေရှင်းပြီး နှစ်ဦးနှစ်ဘက် အပစ်အခတ်ရပ်စဲဘို့ဖြစ်ပါတယ်။ စစ်ဖြစ်တဲ့ အကြောင်းရင်းကတော့-

ကရင်အမျိုးသားများရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တဲ့ ကရင်ပြည်အရေးကြောင့်ဖြစ်ပါတယ်။ ကရင်ပြည်အရေးနဲ့ပါတ်သက်ပြီး K.N.U. က တင်ပြထားပြီး ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲမှာ K.N.U.က တင်ပြထားတဲ့ ကရင်ပြည် အရေးကို လက်ခံတယ်ဆိုရင်ပြဿနာပြေလည်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ခေါင်းဆောင်တွေ လက်ခံခဲ့တဲ့ လက်နက်ချရေး အစီအစဉ်ကို လက်မခံနိုင်ကြောင်း ကျွန်တော်မှ အတိအကျပြောပါတယ်။ဆာဘဦးက-

အန်ကယ်လ်ဘာမျှ မပြောလိုပါဘူး၊ အန်ကယ့်သဘောထားကို ပြောရရင် အန်ကယ် လည်ပင်းပြတ်သွားမယ်။ မှားတယ်၊ မှန်တယ်ဆိုတာ မပြောချင်ဘူးလို့ ကျွန်တော့ကိုပြန်ပြောပြတယ်။

ဆာဘဦးကြီးက ကျွန်တော့ သဘောထားကို ဗ ဆ ပ လ ဝန်ကြီးချုပ်ဦးနုထံ တယ်လီဖုန်းနဲ့အကြောင်းကြားလိုက်တော့ ဗ ဆ ပ လ နိုင်ငံခြားရေးဝန်ကြီးဦးဧမောင်ကို ကျွန်တော်နဲ့ ဆွေးနွေးဘို့ စေလွှတ်လိုက်တယ်။

ဦးဧမောင်ရောက်လာတော့ ၎င်းမှ-

ခင်ဗျားတို့ခေါင်းဆောင်ကြီး စောဘဦးကြီး လက်ခံထားတာကို ခင်ဗျားတို့ လက်မခံရင် ကျွန်တော်တို့ဘက်ကတိုက်ရမှာ ဘဲလို့ခြိမ်းခြောက်လာတဲ့ သဘောနဲ့ ပြောလာတယ်။ ဦးဧမောင် ဘုကျကျပြောလိုက်တော့ ကျွန်တော်ဒေါသဖြစ်လာပြီး-

ဒီမှာဦးဧမောင်၊ ကျွန်တော်တို့ ခေါင်းဆောင်တွေ လာရောက်ပြီး ဆွေးနွေးတာဟာ လက်နက်ချဘို့ မဟုတ်ဘူးဗျ၊ ပြဿ နာရပ်တွေကိုပြေလည်အောင်ဖြေရှင်း
ပြီးငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ဘို့ဖြစ်တယ်။

တွေ့ဆုံဆွေးနွေးရေးရာမှာ ကျွန် တော်တို့ခေါင်းဆောင်တွေကို လက်နက်ချ ခိုင်းတာဟာ မတရားတဲ့ လုပ်ဆောင်မှု ဖြစ် တယ်။ ခင်ဗျားကိုကျွန်တော်တခုဘဲပြော မယ်။ လက်နက်ချရေးကို ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး။ လက်နက် မချရင် ခင်ဗျားတို့ ကပြန်တိုက်မယ်ဆိုတာ ကျွန်တော်တို့အတွက်မဆန်းပါဘူးဗျ။ကျွန်တော်တို့ခုတိုက်နေတာ သွေးတောင် မပူသေးဘူးလို့ ဘုကျကျပြန်ပြောလိုက်တယ်။

ဦးဧမောင်နဲ့စကားပြောပြီး ဗ ဆ ပ လ အစိုးရကိုယ်စားလှယ်နဲ့ ဆွေးနွေးပွဲပြန်လုပ်တယ်။ ဗ ဆ ပ လ အစိုးရကိုယ်စားလှယ်အဖွဲ့မှာ-

၁။ ဦးနု၊
၂။ ဗိုလ်လကျာ်၊
၃။ ဗိုလ်နေဝင်း၊
၄။ ဗိုလ်ခင်မောင်လေး၊
၅။ စောကြာဒိုးတက်ရောက်ကြတယ်။

ဒီဆွေးနွေးပွဲမှာဦးနုကကျွန်တော့်ကို မန်းဘဇန်၊ ခင်ဗျားတို့ဥက္ကဋ္ဌကြီး စောဘဦးကြီးက လက်မှတ်ထိုးပြီးပြီ။ ခင်ဗျားတို့ ဘယ်ဖျက်လို့ ကောင်းမလဲလို့ ပြောလာတယ်။

ဥက္ကဋ္ဌကြီး လက်မှတ် ထိုးထားတာကို လက်ခံရမယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ဥက္ကဋ္ဌကြီးလက်မှတ်ထိုးထားတာက ၊ကျွန်တော်တို့အညွှန်ခံရတာအရှုံးပေးရတာဘဲ။ ကျွန်တော်တို့လိုလားချက်တွေကို စွန့်လွှတ်လိုက်တာနဲ့အတူတူလဲ။ငြိမ်းချမ်းရေးကိုလိုချင်ရင်လွယ်ပါတယ်။ကျွန်တော်တို့လိုချင်တဲ့ ကရင်ပြည်ကို ခင်ဗျားတို့ဖြေရှင်းပေးနိုင်ရင်ပြီးတာဘဲလို့ပြောတော့၊ ဦးနုကခင်ဗျား တခုစဉ်းစားပါ။ခင်ဗျားတို့ဥက္ကဋ္ဌကြီးရဲ့ ဂုဏ်သိက္ခာကို ထိမ်းသိမ်းပါဦးတဲ့။ ကျွန်တော်က-

ဥက္ကဋ္ဌကြီးကို လေးစားတယ်။ ဒါပေမဲ့ ခင်ဗျားတို့လိမ်တာတော့ မကောင်းဘူးဗျာ။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးက သူ့စေတနာအရ ခင်ဗျားတို့ဆီလာတယ်၊ ငြိမ်းချမ်းရေး လိုလားတယ်။ ကောင်းတာ ဖြစ်ချင်ပါတယ်။ ခင်ဗျားတို့က လှည့်ပြီးလက်နက်ချခိုင်းတော့ မကောင်းဘူးဗျာ။ ဒါကိုကျွန်တော်တို့ လက်မခံနိုင်ဘူး။ ဒါပေမဲ့ တခုရှိတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တွေနဲ့ ပြန်ဆွေးနွေးပြီး အကြောင်းပြန်မယ် လို့ ဆွေးနွေးပြီး အင်းစိန်ကို ပြန်လာတယ်။

ဒီကျတော့ ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပြီးလက်မခံနိုင်ကြောင်း စောဟန်တာသာမွေးနဲ့အင်းစိန်စစ်မြေပြင်စစ်မြေပြင် စစ်ဆင်ရေးမှူး ဗိုလ်မှူးအောင်စိန်တို့ လက်မှတ်ရေးထိုးပြီးပြန်ကြားလိုက်တယ်။ တွေ့ဆုံဆွေးနွေးပွဲ မအောင်မြင်ဘဲ ပျက်ပြားသွားပြီး အင်းစိန်တိုက်ပွဲ ဆက်ဖြစ်တယ်။ ကျွန်တော်တို့သင်္ခန်းစာယူဘို့ရှိတယ်။

**ကျွန်တော်တို့ မှာနိုင်ငံရေးနုတယ်။**

ကျွန်တော်တို့ ခေါင်းဆောင်ကြီး

စောဘဦးကြီးကို အကြီးအကျယ်လေးစားတယ်။

ဘာတွေဆွေးနွေးမယ်၊ ဘာလုပ်မယ်ဆိုတဲ့ (Mandate) မပေးလိုက်ဘူး။ ဟိုရောက်တော့ ဥက္ကဋ္ဌကြီးကို ဟိုကစည်းရုံး၊ ဒီကစည်းရုံးဆိုတော့ လည်သွားတယ်။ ကျွန်တော့ကိုယ်တောင် စည်းရုံးသေးတယ်။ ဗ ဆ ပ လ နဲ့မဆွေးနွေးခင် အိန္ဒိယသံအမတ်ကြီးမစ္စတာရေဲ့နဲ့ မစ္စစ်ဘမောင်ချိန်တို့ကစည်းရုံးတယ်။

မစ္စစ်ဘမောင်ချိန်က မန်းဘဇန်-စဉ်းစားပါကွာ၊ ခင်ဗျားတို့လက်နက်အပ်ပြီး ကရင်ပြည်နယ် အရေးဆက်လုပ်ပါတဲ့။

ဟာ ဒါတော့မဖြစ်နိုင်ဘူး၊ ခင်ဗျားကိုကရင်အချင်းချင်းမို့ ကျွန်တော်တခု ပြောမယ်။ ကျွန်တော်တို့လိုချင်တဲ့ ကရင်ပြည်ကို သူတို့ ဘယ်နည်းနဲ့မှပေးမှာမဟုတ်ဘူး။ ကရင်ပြည်ရဘို့ဟာ လက်နက်ကိုင်တိုက်ပွဲမှတပါးအခြားနည်းမရှိတော့ဘူး။ဒါကြောင့် ကနေ်တော်တို့တိုက် ရမှာဘဲဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်းပြန်ပြော လိုက်တယ်။ ထိုနေရာ၌ ပဉ္စမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားတော့တယ်။

## ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ

၁၉၆၀ ခုနှစ်၊ ဗိုလ်နေဝင်း အိမ်စောင့် အစိုးရလက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊ လျှို့ဝှက်ကမ်းလှမ်းလာသည်။လျှို့ဝှက်တွေ့ဆုံဆွေးနွေးပွဲကို.K.N.U.ပါတီမှလက်ခံပြီးကိုယ်စားလှယ်အဖွဲ့ကိုရွေးချယ်လိုက်သည်။ ထိုကိုယ်စားလှယ်အဖွဲ့တွင်---

၁။ ဗိုလ်ချုပ်ကော်ထူး

(ဗိုလ်ချုပ်ကျော်မြသန်း)၊

၂။ စကောလယ်တော၊

၃။ ပဒို ဖိုးညော၊

၄။ ဗိုလ်ကျင်ဖေ၊

၅။ ဗိုလ်မြစိန် တို့ဖြစ်သည်။

၁၉၆၀ ခုနှစ်ဖေဖော်ဝါရီလတွင် ဗိုလ်နေဝင်း အိမ်စောင့်အစိုးရနှင့် လျှို့ဝှက်တွေ့ဆုံဆွေးနွေးကြသည်။ တွေ့ဆုံဆွေးနွေးမည့် ဗိုလ်နေဝင်း အိမ်စောင့်အစိုးရမှ-

၁။ ဗိုလ်အောင်ကြီး၊

၂။ ဗိုလ်မောင်မောင်၊

၃။ ဗိုလ်မောင်ရွှေတို့ဖြစ်ကြပြီး၊ ဗိုလ်ဘဖြူ၊ ဗိုလ်စံကြည်၊ ဗိုလ်မောင်လွင် တို့လေ့လာသူအဖြစ် တက်ရောက်ကြသည်။ နှစ်ဘက်တွေ့ဆုံဆွေးနွေးပွဲတွင် K.N.U.ဘက်မှ-

တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကရင်ပြည်ပေးရန်တောင်းဆိုသည်။ ကရင်ပြည်အရေးနှင့် ပါတ်သက်၍ လွှတ်တော်အတွင်း၌ပင် ဆက်လက်တောင်းဆိုတိုက်ပွဲဝင်ရန် (ဓါတ်ပြားဟောင်းကြီးပြန် ဖွင့်ပြသည်။)

ကရင့်လက်နက်ကိုင်တပ်မတော်ထားရှိရေးနှင့် ပါတ်သက်၍ လက်နက်ကိုင်တပ်များ လက်နက်ကိုင်ထားပြီး၊ ခေါင်းဆောင်များမှလက်နက်ချသည့်သဘောမျိုး၊ လက်နက်အနည်းငယ်အပ်ရန် တောင်းဆိုသည်။ ကရင်ပြည်အရေးနှင့် ကရင့်လက်နက်ကိုင်ထားရှိရေးတို့အတွက် (၄)ကြိမ်တိုင်ဆွေးနွေးသော်လည်း မအောင်မြင်ဘဲ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားပြန်သည်။

## တတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ ၁၉၆၃ ခုနှစ်၊ ဇွန်လ(၁၀)ရက်

ဗိုလ်နေဝင်း တော်လှန်ရေးကောင်စီမှ ၁၉၆၃ ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့တွင်တွေ့ဆုံဆွေးနွေးရန်ကမ်းလှမ်းချက်ကို K.N.U.မှနှင့် ကရင်နီခေါင်းဆောင်ကြီးများဆွေးနွေး သဘောတူညီမှုရယူပြီး ပဉ္စမကိုယ်စားလှယ် အဖွဲ့အားရွေးချယ်စေလွှတ်လိုက်သည်။ အဆိုပါပဉ္စမကိုယ်စားလှယ်အဖွဲ့ဝင်များမှာ-

၁။ ဗိုလ်ကျင်ဖေ၊

(အဖွဲ့ခေါင်းဆောင်)၊

၂။ မန်းလုံးမောင်၊

၃။ ဗိုလ်ထွန်းဝေ၊

၄။ ဗိုလ်မျိုးသွေးတို့ဖြစ်သည်။

ပဉ္စမ (၃)ပါတီကိုယ် စားလှယ်အဖွဲ့ဝင်များ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးများ အတွက် ကြိုတင်ညှိနှိုင်းမှုများပြုလုပ်ပြီးပန်လာကြသည်။ ၎င်းတို့ပြန်ရောက်ပြီး (၃)ပါတီ အာဏာပိုင်ကိုယ်စားလှယ် အဖွဲ့ဝင်များကို ရွေးချယ်လိုက်သည်။

**K.N.U.**ပါတီမှ-

၁။ မန်းဘဇန်၊

၂။ စကောလယ်တော၊

၃။ ဗိုလ်ကျင်ဖေ၊

၄။ ဗိုလ်သန်းအောင်၊

ကရင်အမျိုးသား တိုးတက်ရေးပါတီကိုယ်စားလှယ် အဖွဲ့ဝင်များမှာ-

၁။ စောမော်ရယ်၊

၂။ ဗိုလ်စံလင်း၊

မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ-

၁။ နိုင်ရွှေကျင်၊

၂။ နိုင်ထင်၊

၃။ နိုင်တက်ထွန်း၊ တို့ဖြစ်သည်။

ပါတီအလိုက်ကိုယ်စားလှယ်များရွေးချယ်ပြီးနောက် (၃)ပါတီ၊ အာဏာပိုင်ကိုယ်စားလှယ်များကိုရွေးချယ်ပါသည်။

၁။ မန်းဘဇန်

ဥက္ကဋ္ဌ၊

၂။ နိုင်ရွှေကျင်

ဒုတိယဥက္ကဋ္ဌ၊

၃။ စောမော်ရယ်

ဒုတိယဥက္ကဋ္ဌ၊

၄။ စကောလယ်တော

အတွင်းရေးမှူး၊

၅။ ဗိုလ်ကျင်ဖေ

ကိုယ်စားလှယ်အဖွဲ့ဝင်၊

၆။ ဗိုလ်သန်းအောင်
ကိုယ်စားလှယ် အဖွဲ့ဝင်၊
၇။ ဗိုလ်စံလင်း
ကိုယ်စားလှယ် အဖွဲ့ဝင်၊
၈။ နိုင်ထင်
ကိုယ်စားလှယ် အဖွဲ့ဝင်၊
၉။ နိုင်တက်ထွန်း
ကိုယ်စားလှယ် အဖွဲ့ဝင်၊
၁၀။ ဗိုလ်ဝါစိန်(ဒု-ဗိုလ်ချုပ်ကြီးတာမလာဘော)

ရုံးအဖွဲ့မှူးနှင့် ရုံးအဖွဲ့ဝင်များကို ရွေးချယ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် ၁၉၆၃ခုနှစ်၊စက်တဘ်ာလ (၂၈) ရက်နေ့တွင်စတင်ထွက်ခွါပြီး၊စက်တဘ်ာလ (၃၀) ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိကြသည်။

ရန်ကုန်မြို့သို့ရောက်ရှိပြီး၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ(၂)ရက်နေ့တွင် တော်လှန်ရေးကောင်စီနှင့်စတင်ဆွေးနွေးသည်။ တော်လှန်ရေးကောင်စီဘက်မှ-

၁။ ဗိုလ်နေဝင်း၊
၂။ ဗိုလ်စောမြင့်၊
၃။ ဗိုလ်ကျော်စိုး၊
၄။ ဗိုလ်လှဟန်၊
၅။ ဗိုလ်သောင်းဒန်၊
၆။ ဗိုလ်ချစ်ခင်တို့ တက်ရောက်ကြသည်။

ထိုအချိန်တွင် (တစ်ပေါင်းစုနှင့်သာအောင်ပွဲခံမည်) ဆိုသည်ခံယူချက်ဖြင့် ၎င်းသီးခြားဆွေးနွေးခြင်းထက် စုပေါင်းဆွေးနွေးခြင်းက ရန်သူကိုစုစုစည်းစည်း တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်ဟူသည့် ခံယူချက်ဖြင့် ၎င်း၊ ရန်ကုန်မြို့သို့ဦးစွာရောက်နှင့်နေသော ဗမာပြည် ကွန်မြူနစ်ပါတီ (ဗ က ပ)၊ချင်းဦးစီးအဖွဲ့ တို့ဖြင့် အမျိုးသားဒီမိုကရေစီတစ်ပေါင်းစု (မ ဒ ည တ)နှင့် ဆွေးနွေးရန် သဘောတူကြသည်။

(ဗ က ပ)ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ-
၁။ သခင်ဇင်
၂။ သခင်တင်ထွန်း၊
၃။ ရဲဘော်ဌေး၊
၄။ ဗိုလ်ဇေယျ၊
၅။ ဗိုလ်အောင်ကြီး၊
၆။ ဗိုလ်စိုးမောင်၊
၇။ ဗိုလ်ပု တို့ဖြစ်ကြသည်။

ချင်းဦးစီးကိုယ်စားလှယ်အဖွဲ့ဝင်များမှာ-
၁။ စလိုင်းစံအောင်၊
၂။ စလိုင်းသာထူး တို့ဖြစ်သည်။

တော်လှန်ရေးကောင်စီအဖွဲ့နှင့် ဆွေးနွေးမည့်(မ ဒ ည တ)ကိုယ်စားလှယ်အဖွဲ့တွင်-
၁။ မန်းဘဇန် ဥက္ကဋ္ဌ၊
၂။ သခင်တင်ထွန်း အတွင်းရေးမှူး တို့မှအဓိက တာဝန်ယူဆွေးနွေးကြသည်။

ဆွေးနွေးပွဲများတွင်တော်လှန်ရေးကောင်စီမှ တောင်းဆိုချက်များမှာ-
၁။ စစ်တစ်မှ ထားသောနေရာတွင်နေ ရမည်၊လုံခြုံရေးနှင့် စားသောက်ရေးတို့ကိုတာဝန်ယူမည်။
၂။ စည်းရုံးရေးလုပ်ငန်း ဘာတခုမှမလုပ်ရ။
၃။ အုပ်ချုပ်ရေးနှင့် အခွန်တော်ကြီးကြပ် ရေးများမလုပ်ရ။
၄။ သွားလိုသည့်အရပ်များသို့ တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့်သာ သွားဘာခွင့်ပြုသည်။
၅။ . သတ်မှတ်ထားသော နေရာတွင် နေသောသူတိုင်း ချမှတ်ထားသောဥပဒေများကို၊တိတိကျကျ လိုက်နာလုပ်ဆောင်ရမည်ဟု တဖက်သတ်တောင်းဆိုလာသည်။

အထက်ပါတောင်း ဆိုချက်များသည်၊လက်နက်ချရေးတဖက်သတ်တောင်းဆိုလာသဖြင့် (၆)ကြိမ်တိုင်တိုင်ဆွေးနွေးပြီး၊ ၁၉၆၃ ခုနှစ်၊နိုဝင်ဘာလ (၁၄) ရက်နေ့တွင် တတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲပျက် သွားတော့သည်။

သားသတ်လွှတ်စားသည့် ကျားသတ္တဝါမရှိသလို၊ တိုင်းရင်းသား လူမျိုးစုပြည်သူများ၏ မွေးရာပါ လူ့မှုအခွင့်အရေးအား၊ သနားသောအားဖြင့် ပေးရိုးထုံးစံမရှိခဲ့ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက်၎င်း၊ ဒီမိုကရေစီအခွင့်အရေးအတွက်၎င်း၊
- စစ်မြေပြင်၌ဖြစ်စေ၊
- စားပွဲဝိုင်း၌ဖြစ်စေ၊ သင်းကွဲတိုက်ခိုက်ခြင်း၊ တွေ့ဆုံခြင်းဖြင့်ဖြေရှင်းနိုင်မည်မဟုတ်။တစ်ပေါင်းစုဖြင့်တိုက်ခိုက်ခြင်း၊ တွေ့ဆုံခြင်းဖြင့်သာ၊ သားစားသတ္တဝါကိုသတ်ရမည်ဖြစ်သည်။